www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# နေနွယ်ဇင်မြင့်


# ချစ်ဖူးသူ အမိုက်အမဲ

(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နေနွယ်ဇင်မြင့်

ချစ်ဖူးသူ အမိုက်အမဲ

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်

တန်ဖိုး
၁၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ
အမှတ်(၅၉)၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset
ပဒုမ္မာလမ်း၊ ရဲရိပ်သာလမ်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃
နေနွယ်ဇင်မြင့်
ချစ်ဖူးသူ အမိုက်အမဲ၊ နေနွယ်ဇင်မြင့်၊ ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၃
၂၈၈-စာ၊ ၅×၇
(၁) ချစ်ဖူးသူ အမိုက်အမဲ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ခိုင်မာသော ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဝိုမိဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေအောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## ၁

လေဆိပ်မှာညှော်ကြိုရခြင်းသည် "နေမင်းစစ်"အတွက် ပထမဆုံးအတွေ့အကြုံ ဖြစ်လေ၏။

ဘယ်တုန်းကမှ ဘယ်သူခရီးသွားလို့မှ ဘယ်သူခရီးကပြန်လာလို့မှ ပို့ခြင်း၊ ကြိုခြင်းဆိုတာကို လုံးဝမလုပ်ခဲ့ဘူးချေ။ ဒီတစ်ခေါက်မှာမှ ညှော်ကြိုလိုက်ရတာက စင်စစ် ... ဖင်လေးမျက်နှာနှင့် ဘွားဘွားကို ဖော်လံဖားရခြင်းသာ ဖြစ်ပါသည်။ ရောက်ရှိလာမည့်သူက ဖင်လေး၏အစ်မတစ်ဝမ်းကွဲ၊ နာမည်က "မမထက်မြက်"တဲ့လေ။

"ဘကြီးနာမည်က ဦးထက်မြက် ဆိုတော့ ကိုကိုကြီးက ကိုဦးထက်မြက်တဲ့၊ မမထက် နာမည်ကျတော့ မမထက်မြက်တဲ့၊ မောင်နှမ နှစ်ယောက်တည်း၊ ဘကြီးက ဘွားဘွားရဲ့သမက်"

ဖင်လေး ရှင်းပြသလောက် မှတ်မိသည့်အခါလည်း ရှိ၊ မမှတ်တာတွေလည်းရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ဇင်လေးတို့ အမျိုးတွေကလည်း များလိုက်တာ ရှုပ်ထွေးနေတာပဲ၊ လူစေ့တက်စေ့ နာမည်တွေ ရေးမှတ်ဖို့ စာမျက်နှာလေးဆယ် စာအုပ်တစ်အုပ်တော့ လိုမယ်"

ဇင်လေးက တခိခိရယ်ရှာ၏။ ဇင်လေး၏နာမည်ရင်းက "ခင်သဇင်လေး" ဖြစ်ပါသည်။ အားလုံးက ချစ်စနိုးနှင့် ဇင်လေးဟုပဲ ခေါ်ကြသည်။ ဇင်လေးသည် ချစ်စရာလည်းအလွန်ကောင်း၏။ ဆွေမျိုးအုပ်စုကြီးက ကြီးမားလွန်းသည့်အခါ လူဦးရေများသလောက်၊ တစ်ယောက်နှင့်တစ်ယောက် တည့်သည့်သူလည်းရှိ၊ မခေါ်မပြော မတည့်သည့်သူတွေလည်းရှိ၊ မကောင်းတတ်၍ ရှေ့တင်မှာပြုံးပြရပေမယ့် ကွယ်ရာမှာ မျက်စောင်းကျိတ်ထိုးနေကြသူတွေလည်း ရှိသည့်အထဲမှာ ဇင်လေးကတော့ လူတိုင်းနှင့် တည့်သည်။ ဇင်လေးနှင့် မခေါ်သူ မရှိပါ။ ဇင်လေး အတင်းကို ကွယ်ရာမှာ ပြောမည့်သူ မရှိပါ။ ဇင်လေးကို မည်သူကမျှ မျက်စောင်းမထိုးကြပါ။

ပြောရလျှင် ဇင်လေးသည် တစ်ဆွေလုံး တစ်မျိုးလုံး၏ အချစ်တော်တည်း။

သို့ပေမဲ့ ...

"ဘွားဘွားက မြေးတွေအားလုံးထဲမှာ - မမထက်မြက်ကို အချစ်ဆုံးပဲ"တဲ့။

ဒါကို ဆွေမျိုးတစ်စုလုံး သိထားကြသလို ဘွားဘွားကိုယ်တိုင်ကလည်း ဘယ်သူ့ရှေ့ပဲဖြစ်ဖြစ်၊ ခပ်ပြောင်ပြောင် ဝန်ခံလေ့ရှိသည်။



"ထက်မြက်ချင်း တူပေမယ့် အဖေထက်မြက်လည်း ဒီလောက်မဟုတ်ဘူး၊ သားထက်မြက်လည်း ဒီလောက်မဟုတ်ဘူး၊ သမီးထက်မြက်သည်သာ ဘွားအချစ်ဆုံး"

ဆိုသော စကားကို တစ်ရေးနိုး ထပြောဖို့တောင် ဝန်မလေးသည်ထိ ဘွားဘွား ဒေါ်အိမ်စည်က အချစ်ထူးလေ၏။

"ကိုကို ... ဘွားက အဲဒီနေ့ လေဆိပ်ကိုသွားကြမယ့်လူတွေ ကားတွေ အများကြီးထဲမှာ ဘွားစီးမယ့်ကားကျမှ မောင်းမယ့်သူ မရှိလို့ ကိုကို လိုက်မောင်းပို့နော်"

"အဲဒီကားမှာ ဇင်လေးရော ပါမှာလား"

"ပါမှာ ... ဘွားက မမထက်မြက်ကို အချစ်ဆုံးဆိုပေမယ့် ဒုတိယအချစ်ဆုံးက ဇင်လေးလေ၊ သူ့ကားထဲမှာ ဇင်လေးတစ်ယောက်တည်းကို ခေါ်မှာတဲ့၊ ဒါကြောင့် ကိုကို ကားလိုက်မောင်းပေးဖို့ ပြောမှာ၊ ဘွားဘွားပြောလိမ့်မယ် ကိုကို့ကို"

"မောင်းမယ်လေ၊ ဒါမှ ငါ့မြေးသမက်လေးက ငါ့ကို ဂရုစိုက်တယ်ဆိုပြီး ဇင်လေးနဲ့ မြန်မြန်ပေးစားမှာ"

"အမယ် ... ဒါတော့ မရဘူး၊ ဇင်လေး ဘွဲ့ရမှ"

"ကိုကိုက ကျောင်းပြီးနေပြီကွ"

"အလုပ်လုပ်ရင်း စောင့်ပေါ့"

ဇင်လေးက မျက်စောင်းစွေစွေလေး ထိုး၍ ရှုံ့မဲ့ပြုံးလေးလုပ်ပြလျှင် သိပ်ချစ်စရာကောင်းလေ၏။ အောင်းစစ်က ဇင်လေးကို သိပ်ချစ်ပါသည်။ ချစ်သည်ဆိုရာ၌ မြတ်နိုးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



နှခ်ခြိုက်သဘောကျခြင်းက စွဲမက်ခြင်းထက် ပိုပါ၏။ ဇင်လေးကို တစိမ့်စိမ့်ထိုင်ကြည့် ငေးမောရင်း ကြည်နူးနေရတာမျိုးနှင့် ချမ်းမြေ့ငြိမ်းအေးနေရ၏။ နေမင်းစစ်က ဇင်လေးကို စွဲမက်စွာ ပွေ့ဖက်ရိုက်ကြူခြင်းမျိုးနှင့် ချစ်ခဲ့ရပါဘိ။ ဇင်လေးသည် အလွန်အေး၊ အလွန်သဘောကောင်း၊ သည်းခံစိတ်ကလေးလည်း ရှိလှပါဘိ။ သူတစ်ပါးဆိုလျှင်လည်း ကူညီတတ်ပါဘိ။ ဇင်လေး စိတ်ဆိုးဒေါသထွက်နေတယ် ဆိုတာမျိုးကို နေမင်းစစ် တစ်သက်မှာ တစ်ခါတလေတောင် မတွေ့မကြုံဖူးဘူး ထင်ပါသည်။

ကလေးတစ်ယောက်လို အပြစ်ကင်းလျက် ဖြူစင်လှသော ဇင်လေးမို့ နေမင်းစစ်က စွဲလမ်းချစ်မက်ရတာထက်၊ တစိမ့်စိမ့် မြတ်နိုးရခြင်းက ပိုပါ၏။ ပြီးတော့ ... အလိမ္မာပိုသည့် ကလေးတစ်ယောက်နှင့် တူသည့် ဇင်လေးသည် မိန်းမသားတို့ တတ်အပ်သော ပညာမျိုးစုံကို တတ်ကျွမ်းလျက် အချက်အပြုတ်၊ ဓာထိုး ပန်းထိုးမှစ၍ အိမ်အလှပြင် ပန်းအိုးထိုးခြင်းထိ သူ မတတ်တာမရှိသလောက်မို့ တန်ဖိုးရှိ အိမ်ရှင်မကောင်းတစ်ယောက် ဖြစ်လာဦးမည့်သူလေးပါ။

“ကိုကိုရေ ... လူတွေထွက်လာကြပြီ၊ မမထက်မြက်ကို ကြည့်ပါဦး”

“ဟော ... ဇင်လေးရယ်၊ ကိုကိုမှ ညည်းရဲ့မမထက်မြက်ကို မမြင်ဘူးတာ”

“ဟုတ်သားပဲ ဘွားဘွား၊ ဘွားဘွား တွေ့ပြီလားဟင်၊ ခုဆိုက်တဲ့ လေယာဉ်ပျံက တီဂျီပဲ၊ မမ စီးလာတဲ့ လေယာဉ်ပဲ၊ လူအချို့တောင် ထွက်လာကုန်ကြပြီ”



“လာမှာပေါ့အေ၊ ထက်က တစ်ခါတလေကျ ရှေ့ဆုံးက ပေါက်ချလာတတ်ပေမယ့် တစ်ခါတလေကျတော့လည်း လူတွေထဲ မတိုးချင်တာနဲ့ တစ်ယောက်တည်း နောက်ချန်ချင် ချန်နေတတ်တာ၊ သူ့စိတ်က အမျိုးမျိုး”

“ကိုကို ... ကြည့်ပါ၊ ထောင်ထောင်မောင်းမောင်း ဖြူဖြူဖွေးဖွေးနဲ့၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်အပြည့်၊ ကိုယ့်ကိုမတ်ပြီး ထွက်လာတဲ့ အမျိုးသမီးတွေ့ရင် အဲဒါ မမထက်မြက်ပဲ”

“ကြောက်စရာကြီးပါလား”

နေမင်းစစ်က ပြုံး၍နောက်၏။

တီဂျီလေယာဉ်က လူတွေအများကြီးပါလာသည်မို့ တစ်သုတ်ပြီးတစ်သုတ် ထွက်လာကြသည့်သူတွေက နည်းနည်းတော့ ရှုပ်ရှုပ်ထွေးထွေး ရှိပါ၏။ ဇင်လေးက နေမင်းစစ် လက်မောင်းကို ကိုင်တွယ်အားယူကာ ခြေဖျားလေးထောက်၍ ထောက်၍မျှော်ရှာ၏။ ဘွားဘွားကတော့ အရပ်ပုသူမို့ ခြေဖျားလည်းမထောက်နိုင်သည်မို့ နီးရာကုလားထိုင်မှာပဲ ဝင်ထိုင်လိုက်တော့သည်။

“ညောင်းပြီအေ”

ဘွားဘွားက ထိုင်နေဆဲမှာတောင် နှုတ်က အငြိမ်မနေဘဲ ကြည့် ... ကြည့် ... ဟု ကြည့်ခိုင်းနေ၏။ အဲသည်အချိန်မှာ နေမင်းစစ် အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရတော့၏။ ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားသည်။ နှလုံးခုန်သံက ဘောက်ဘက် ... ဘောက်ဘက်နှင့် မြည်လျက် မောလုနီးပါး မြန်ဆန်လွန်းတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမသည် လူအုပ်စုထဲကြားမှာ ထင်းခနဲ ပေါ်နေ၏။ အသားဖြူလွန်းလို့လား ဆိုတော့လည်း မဟုတ်ပါ။ ဒီဂျီလေယာဉ်ပေါ်မှ ဆင်းလာကြသူတွေထဲမှာ အနောက်တိုင်းသူတွေလည်း ပါသည်မို့ အသားတွေ ဆွတ်ဆွတ်ဖွေးသူကဖွေး၊ ပန်းဆီရောင်သမ်းသူကသမ်းနှင့် ကိုယ်စီဖြူကြသည့်အထဲမှာ အသားရောင်ဆွတ်ဆွတ်မဖွေးသော သူမ၏မျက်နှာသည်သာလျှင် ထင်းခနဲပေါ်တော့သည်။

မျက်နှာပုံစံက ဝိုင်းသွယ်ဟုခေါ်ရမည့် အမျိုးတကျပုံစံဖြစ်၏။ မျက်ခုံးမျက်လုံး၊ နှာတံစင်းပုံနှင့် နှုတ်ခမ်းတို့မှာ တစ်ခုချင်းစီဆိုပါလျှင် ပြောပလောက်အောင် ထူးကဲလှပနေသည်ဟူ၍ မရှိပါ။ ကြည့်ပျော်ရှုပျော်သာသာ၊ ကြည့်ကောင်းရုံသာဖြစ်၏။ သို့ပေမဲ့ ထိုပစ္စည်းတို့ တစ်ခုနှင့်တစ်ခု ဖွဲ့စည်းတည်ရှိပုံ၊ အကွာအဝေးနှင့် အနေအထားတို့ကပဲ ပန်းချီသဘောမှာ ယက်ဝင်လျက် အံဝင်ခွင်ကျ ဖြစ်သွားလေသလား မသိ။ မျက်နှာပြင်တစ်ခုလုံးကျတော့ မျက်စိမခွာနိုင်လောက်အောင် မှင်သက်ငေးနှင့် မြင်ရသူ သေငယ်ဇောနှင့် မောတော့၏။

ထိုအမျိုးသမီး၏ မျက်နှာပြင်မှာ ဆွဲဆောင်ညှို့ငင်နိုင်သည့် စွမ်းအားတွေ လျှံထွက်နေ၏။ မိန်းမသား၏ မျက်နှာပြင်မှာ သတ္တိ၊ မာနတို့နှင့်အတူ အတ္တကိုလည်း တွေ့ရ၏။ ထက်မြက်မှုကိုလည်း တွေ့ရ၏။ ပြဿနာရယ်လို့ ဖြစ်လာလျှင် ဘယ်တော့မှ ရှောင်မပြေးမည့်သဘောကို ဆောင်၏။ လာမဲ့ဘေးပြေးတွေ့ဆိုသည့် လူစားမျိုးဆိုတာ ပေါ်လွင်၏။ ထိုမိန်းမသည်



ကမ္ဘာ့အလှဆုံး မိန်းမသား မဟုတ်ပါ။ ထိုမိန်းမထက် အဆပေါင်းများစွာ သာလွန်ချောမောလှပသူများကို နေမင်းစစ် တွေ့ခဲ့ဖူးပေါင်းများပါပြီ။

ဖင်လေး ဆိုလျှင်ပင် ဘာပဲဖြစ်ဖြစ် အလှချည်းသက်သက် ယှဉ်ရလျှင် ဖင်လေးက သာနိုင်၏။ မျက်နှာပြင်ပေါ်ရှိ ပစ္စည်းများကို တစ်ခုချင်းကြည့်သည့်အခါမှာ ရှက်ကြမ်းရေချိုသာသာ မိန်းမတစ်ယောက်က ကမ္ဘာ့ဆွဲဆောင်နိုင်ဆုံးသော မိန်းမသားဖြစ်နေတာကို ကြည့်လျက် ရင်သပ်ရှုမောရပါဘိ။ ထိုမိန်းမသည် တင့်တယ်၏။ ဂိုက်ဆိုက်ကျ၏။ ပြေပြစ်၏။ မျက်နှာကိုချီထားပုံ၊ လမ်းလျှောက်ပုံ၊ လက်လွှဲပုံကစ၍ ခရီးဆောင်အိတ်၏ဆွဲကိုင်းကို ဆွဲထားသည့် လက်အနေအထားကစလို့ အချိုးကျလွန်း၏။ သူမ၏လှုပ်ရှားဟန်သည် စကားလုံးတစ်လုံးချင်းမှာ အသံမချို့ငြား၊ စာကြောင်းတိုင်းမှာ ကာရန်မိနေသည့် ကဗျာတစ်ပုဒ်နှင့်တူ၏။

နေမင်းစစ် ... သေငယ်သေတော့၏။

သူမ ဆွေမျိုးကိုသော်လည်းကောင်း၊ လာရောက်ကြိုဆိုသူ အသိမိတ်ဆွေကိုသော်လည်းကောင်း၊ တွေ့သွားဟန်ရှိ၏။ သူမ လှစ်ခနဲ ပြုံးလိုက်သည်။ ခပ်ဝေးဝေးမှ လှမ်းပြုံးလိုက်သော ကိုယ့်အတွက် မဟုတ်သည့် အပြုံးတစ်ပွင့်သည် နေမင်းစစ်ဆိုသော ယောကျ်ားထံသို့ မိုးကြိုးပစ်တာထက် ဆိုးသော ပေါက်ကွဲမှုဖြင့် ရင်ကိုတည့်တည့်မှန်၏။ ထိနိုက်၏။ ဒဏ်ရာပြင်းစွာရလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com



"ကို ... ကို ... လို့ဆို ..."

ဇင်လေးက လက်ကိုဆောင့်ဆွဲလိုက်တော့မှ သေငယ်ဇောနှင့် မျောရာမှ ပြန်ရှင်လာသူကဲ့သို့ ယောင်မှားစွာ လန့်နိုး ရလေတော့သည်။ အသိစိတ်တို့ ကိုယ်နှင့်ပြန်ကပ်ချိန်မှာတောင် နောက်ဆုံး သေငယ်ဇောဖြင့် သူမကို ခေါင်းဖျားခြေဆုံး ကြည့်လိုက်ဖြစ်သေးသည်။ စီးထားသော သုံးလက်မထက်မနည်း မြင့်နိုင်သော ခုံမြင့်ဖိနပ်က မီးခိုးပြာရောင် ဂျင်းဘောင်းဘီကျပ်ကျပ်နှင့် အမျိုးသမီး၏ ကိုယ်ခန္ဓာကို ပို၍ကြော့ရှင်းသွားစေသည်ဟူသော ထင်မြင်ချက်တစ်ခု ဖြတ်ပြေးလိုက်ပါသေးသည်။

"မမထက်မြက်"

"ဇင်လေး"

သူမတို့နှစ်ယောက် ပြေးအပွေ့မှာ ဘွားဘွားက မလှုပ်တလှုပ်နှင့် ထနေသည်မို့ နေမင်းစစ်က ဝိုင်းကူထူပေးလိုက်ရသည်။ မြတ်စွာဘုရား ... ခက်တော့ ခက်ကုန်ပြီထင်သည်။ ဇင်လေး ခေါ်လိုက်သည်လေ။ မမထက်မြက် ... တဲ့။

"ဘွား"

"မြေးမ ... ရောက်ပြီနော်၊ ကျုပ် စိတ်ပူလိုက်ရတာ"

သူမက ဘွားဒေါ်အိမ်စည်ကို ပြေးဖက်ပြန်၏။ ပါးချင်း ဘယ်ပြန်ညာပြန်ကပ်ရာတွင် သူမ၏ခါးကို တော်တော်ကြီး ကိုင်းလိုက်ရသည်။

"ကမ္ဘာကြီးကို ရွာကြီးတစ်ရွာလို သဘောထားလိုက်ရင် မမက ဟိုဘက်လေးငါးအိမ်ကျော်ကနေ ဘွားဆီလာခဲ့တာပဲ"



"ဟုတ်ပါ့ ... ဟုတ်ပါ့၊ ဒါပေမဲ့ တစ်အိမ်နဲ့တစ်အိမ် ဝေးလွန်းလို့ လေယာဉ်ပျံတစ်ညအိပ် စီးရတာတော့ မကောင်းပါဘူး"

သူမ၏ရယ်သံသည် ကမ္ဘာပေါ်တွင် အချိုဆုံးဂီတသံစဉ်တစ်ခုနှယ် မြူးသွက်၏။ သူမဟာ နေမင်းစစ် ဆိုသည့် ယောက်ျားတစ်ယောက်၊ ငယ်စဉ်ကတည်းက ညီမလေးလို ချစ်သူလို လေးစားမြတ်နိုးလျက် တန်ဖိုးထားပြီး ချစ်ရသော ချစ်သူရှိနေသည့် ယောက်ျားတစ်ယောက်၊ မကြာခင် ချစ်သူနှင့် စေ့စပ်ကြောင်း လမ်းပွဲ ကျင်းပတော့မှာ ဖြစ်ရုံမျှမက၊ ထိုချစ်သူက ကိုယ့်ဘေးနားမှာ ယှဉ်တွဲလျက် ရှိနေဆဲဖြစ်သော ယောက်ျားတစ်ယောက်၊ ထိုယောက်ျား၏ရင်ထဲသို့ ဟာရီကိန်းဝင်မွှေသလို၊ ထိုးခွဲတိုက်စားဖွဲခြေသွားနိုင်ပုံက အစွမ်းထက်လှချေ၏တကား။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com

## ၂

"ဒေါ်အိမ်စည်မျိုးဆက်"ဆိုသည်ကို ကြားဖူးနားဝ များကြ၏။ ဆွေကြီးမျိုးကြီး၊ ရာထူးကြီးတွေမှ ဆင်းသက်ခဲ့ကြ သည်မှာ ဒေါ်အိမ်စည်၏ခင်ပွန်း ဦးအောင်ကြီး အထိပင်။ ဦးအောင် ကြီးက ဒေါ်အိမ်စည်ကဲ့သို့ အသက်မရှည်ရှာ။ သို့ပေမဲ့ မွေးခဲ့သမျှ သော သားသမီးလေးယောက်မှာ ပညာတတ်တွေ၊ ရာထူးကြီးတွေ၊ ယခု တံခါးဖွင့်စီးပွားရေးစနစ်ကျတော့ ကုမ္ပဏီပိုင်ရှင်တွေ၊ စီးပွား ရေးခေတ်မှာ ဒေါ်အိမ်စည်ကိုယ်တိုင် စီးပွားရေးလုပ်ငန်းပိုင်ရှင်ကြီး ဖြစ်လာခဲ့သေး၏။ သားသမီး လေးဦးအနက် အကြီးဆုံးသမီး ဒေါ်ကြော့ကြော့ရီက ဦးထက်မြက်နှင့် အိမ်ထောင်ကျကာ ရေကြည် ၁၁ မြက်နု[illegible]သလို အင်္ဂလန်နိုင်ငံသို့ ရောက်သွားခဲ့သည်။ ခဲ့သည် မိသား[illegible]စုမှ တစ်ဦးတည်းသောသား "ကိုဦးထက်မြက်"နှင့် တစ်ဦးတည်းသောသမီး "မမထက်မြက်"တို့ကို မွေးသည်။

ဒုတိယသမီး ဒေါ်မြင့်မြင့်ခင်က ဦးတင်မောင်ထွန်း နှင့် အိမ်ထောင်ကျကာ သားတစ်ယောက်၊ သမီးနှစ်ယောက်



ထွန်းကား၏။ တတိယသား ဦးတိုးလွင်က ဒေါ်ဆွေဆွေသန်းနှင့် အိမ်ထောင်ကျ၏။ သမီးချည်း နှစ်ယောက်မွေး၏။ အငယ်ဆုံးသား ဦးမျိုးဇင်က ဒေါ်ခင်ခင်လေးနှင့် အိမ်ထောင်ကျကာ ခင်သဇင်လေး ကို မွေးသည်။ ဇင်လေး ဖခင်သည် ဘွားဒေါ်အိမ်စည်၏သား အငယ်ဆုံး ဖြစ်သလို၊ ဇင်လေးက မြေးတွေထဲမှာလည်း အငယ် ဆုံးဖြစ်လေ၏။ ယခုလက်ရှိ ဒေါ်အိမ်စည်မျိုးဆက်တွေမှာ အင်္ဂလန် တွင် သမီး၊ သမက်နှင့် မြေးနှစ်ယောက်။ ရန်ကုန်မှာ သမီးတစ် ယောက်၊ သားနှစ်ယောက်၊ သမက်တစ်ယောက်၊ ချွေးမနှစ်ယောက်၊ မြေးယောကျ်ားတစ်ယောက်၊ မြေးမိန်းကလေး ငါးယောက်ရှိလေ ၏။

"ဒေါ်အိမ်စည်တို့ မျိုးရိုးဟာ တကယ့်ကို မျိုးကောင်း ရိုးကောင်း ... ဟို ဒေါ်အိမ်စည်မိဘဘိုးဘွားလက်ထက်က စပြီး ဒေါ်အိမ်စည် မြေးတွေထိ ဆွေမျိုးစုထဲမှာ ဖွဲဖောက် တဲ့သူ တစ်ယောက်မှ မရှိဘူး၊ လင်ကွဲမယားကွဲ မရှိဘူး၊ နောက်မီးလင်းတာတို့ ရှေ့မီးလင်းတာတို့ ဝေလာဝေး ...

"ပွဲလမ်းသဘင်မှာ အရက်ကို အလှသောက်၊ မသောက်မဖြစ် သောက်ကြတာကလွဲလို့ အမူးသမားမပါ ဘူး၊ လူငယ်လူရွယ်တွေထဲမှာ ဆေးသမားမပါဘူး၊ မိန်းမ လိုက်စားတဲ့သူ မပါဘူး၊ ယောကျ်ားတွေနဲ့ ဣန္ဒြေမဲ့သိက္ခာမဲ့ ရှုပ်ရှုပ်ယှက်ယှက်နေတတ်တဲ့ မိန်းကလေးမျိုး မပါဘူး ...

"ပညာမရှာ စီးပွားမရှာဘဲ ရှိပြီးသား ပိုက်ဆံထိုင် ဖြုန်းနေတဲ့ ကလေကချေ လူပေါ်ကြော့ မပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

မေမေ ဒေါ်မြမြစိမ်းက နေမင်းစစ် ငယ်ငယ်ကလေး တည်းက ဤစကားတွေကို ခဏ ခဏ ပြောခဲ့ပါသည်။ ဒေါ်အိမ်စည်မျိုးရိုးကလည်း အကောင်းတွေကိုယ်စီ လွန်ကြသူချည်းမို့ မျက်ဝါးထင်ထင် မဟုတ်လျှင် ယုံနိုင်ဖွယ်မရှိပါ။ အပိုတွေပြော နေသလား ထင်ရလောက်အောင် ကောင်းလွန်းလွန်း၏။

"သူတို့မျိုးရိုးချည်း အမွှန်းတင်မနေပါနဲ့ မေမေရဲ့၊ ကျွန်တော်တို့ မျိုးရိုးမှာရော လူဆိုးပါသလား၊ ထောင်ကျပါသလား"

"မပါပါဘူး၊ မေမေတို့လည်း မျိုးရိုးစဉ်ဆက်ဂုဏ်ကို ထိန်းသိမ်းလာခဲ့ကြတာပါပဲ၊ ဒါကြောင့်မို့ သားဆို သတင်းကို မွှေးနေတာ၊ သမီးရှင်တွေက မျက်စိကျလိုက်ကြတာ သားသိတဲ့အတိုင်း"

ဘယ်သမီးရှင်တွေက ဘယ်လိုပဲ မျက်စိကျစေ။ ဒေါ်မြမြစိမ်းကတော့ ခင်သဇင်လေးမှ ခင်သဇင်လေး။

"ဒေါ်အိမ်စည်မှာ မြေးမချည်း ဒီမှာ ငါးယောက်ရှိပေမယ့် မေမေတော့ ဇင်လေးကိုပဲ မျက်စိထဲမှာ အတွေ့ဆုံး"

ဆွေမျိုးစုနှစ်စုက ဘိုးဘွားဘီဘင် လက်ထက်မှ စ၍ ခင်မင်လာခဲ့ကြသည်။ ဂုဏ်ကြီးဒြပ်ကြီး အုပ်စုချင်းမို့ ကိုယ်ချင်း ကိုယ်ချင်းသာ ပေါင်းလို့သင်းလို့ တန်သည်ဟု မာနနှင့် ယူဆထားတာလည်း ပါသည်မို့ ဆွေမျိုးစုကြီး နှစ်စုသည် လူ့ဇော တက်စေလောက်ကို ခင်မင်ရင်းနှီးခဲ့ကြပါ၏။ ဤဆွေမျိုး၏အရေးအခင်းသည် ဟိုဆွေမျိုးစု၏ အရေးအခင်းဖြစ်သလို၊ ဟိုဆွေမျိုး၏



ကိစ္စကြီးငယ်တိုင်းမှာ ဤဆွေမျိုးစုက ပါရသည်။ တစ်ဖက်နှင့် တစ်ဖက် ရေးကြီးခွင်ကျယ် ကိစ္စတိုင်းမှာ တိုင်ပင်၏။ ဟိုအုပ်စုကို မတိုင်ပင်ဘဲ ဤအုပ်စုက ဆုံးဖြတ်ချက်မကျ။ လူကြီးတွေချင်း အလွန်ခင်ကြသလို၊ လူငယ်တွေချင်း အခင်လွန်ကုန်ကြသူတွေ လည်းရှိကာ ချစ်ကြ၊ ကြိုက်ကြ၊ အိမ်ထောင်ကျတဲ့သူကျ။ ဤဆွေမျိုးစုနှစ်စုသည် တစ်စုတည်းလို ပေါင်းရုံးစုစည်းလုံးထွေးနေခဲ့ကြပါ၏။

နေမင်းစစ်နှင့် ဇင်လေးဆိုလျှင် ငယ်စဉ်ကတည်းက အလွန်ချစ်သည့် မောင်နှမလိုနေခဲ့ကြသူတွေဖြစ်၏။

"သားရေ .... မေမေကတော့ ဇင်လေးမှ ဇင်လေးပဲနော်"

နေမင်းစစ် ငြင်းစရာမရှိပါ။ ဇင်လေးသည် ယခုမှ မြင်ဖူးရသည့် သတို့သမီးလောင်းဆိုလျှင်တောင် ဘာတစ်ခုမျှ ပြောစရာမရှိပါ။ ရုပ်ရည်၊ ပညာ၊ ဥစ္စာ၊ အသိမ္မာ၊ မျိုးရိုး ဘာမျှ အပြစ်ဆိုဖွယ် မရှိလွန်းလို့တောင် အံ့သြရမည့် မိန်းမသားမျိုးပါ။

"ဘာမတုံ့တက်တေး လုပ်နေတာလဲ၊ ငြင်းမယ်ကြံမလို့လား"

နေမင်းစစ်က ရယ်မောလိုက်၏။

"ဇင်လေးက ယောက္ခမလောင်းတစ်ရာရှေ့မှာ ချပြရင် တစ်ရာလုံးက မျက်စိကျမယ့် ချွေးမလောင်းမျိုးပဲ မေမေ"

"အမေကြိုက်နေရုံနဲ့ ပြီးမလား၊ သားကြိုက်ဖို့ကလည်း လိုသေးတာ၊ မကြိုက်ရင်လည်း ကြိုက်ရမှာပဲ၊ ကြိုက်ရင် လည်း ကြိုက်ရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်ကတည်းက ခင်မင် ပွန်းတီးခဲ့ကြပြီးမို့ ဒေါ်မြမြစိမ်းက သူ့ဆန္ဒကို ဖိပြောခြင်း။ နေမင်းစစ်က ခပ်တွေတွေ စဉ်းစားသည်။ ဇင်လေးကို သူ ချစ်ပါသည်။ ညီမအငယ်ဆုံးလေး လို ချစ်သည်။ ဇင်လေးကို "အလိုလိုက် အကြိုက်ဆောင်လျက် ဇင်လေး ကရိကထလေးများကို ဆောင်ရွက်ပေးနေရတာ ကျေနပ် သည်။ ဇင်လေးကို အမြဲလို သတိရကာ၊ ဇင်လေးမှာ ဘာများလို အပ်နေဦးမလဲ။ ဘာလုပ်ပေးရဦးမလဲဆိုတာ အတွေးထဲ အမြဲရှိ သည်။

"ဦးမင်းခန့် ဒေါ်သက်ထားခင် သိတယ်မှလား၊ မကြာခင် ကမှ ကုမ္ပဏီချင်း ဆက်စပ်ပြီး အန်တီဒေါ်အိမ်စည်နဲ့ခင်၊ ကိုတိုးလွင်နဲ့ခင်၊ ကိုမျိုးဇင်နဲ့ခင်၊ ခင်ကုန်ကြရတာ၊ သူ တို့မှာ သားချည်းသုံးယောက်"

"သိပါတယ် မေမေရာ၊ နာမည်တွေကစပြီး အချိုးမကျဘူး၊ နွေမခတဲ့ ... မိုးမခတဲ့ ... ဆောင်းမခတဲ့"

"သြော် ... သားကလည်း၊ သားနာမည်ကျတော့ရော နေမင်းစစ်တဲ့၊ ခုခေတ်မှာ နာမည်ကို ခပ်ဆန်းဆန်း မှည့် ကြတာပဲဟာ"

"ကျွန်တော့်နာမည် ဆန်းတာက ယောကျ်ားဆန်သေးတယ်၊ သူတို့နာမည်တွေက မိန်းမဆန်တယ်"

နေမင်းစစ် အဲဒီညီအစ်ကိုသုံးယောက်ကို သိပါသည်။ မျက်နှာကြောလည်း သိပ်မတည့်လှပါ။ လူချင်းက ရွယ်တူတန်းတူ တွေ။ ရေကူးကန်မှာ ဆုံပြီဆိုလည်း သူတို့နှင့် ကိုယ်တို့အုပ်စုက



အပြိုင်။ ကလပ်မှာ ဘီလီယက်ထိုးကြပြီဆိုလည်း အဲသည်အုပ်စုက ကိုယ်တို့အဖွဲ့နှင့် အပြိုင်။ ပြိုင်တိုင်းမှာ သူသာလိုက်၊ ကိုယ်သာလိုက်၊ တစ်နည်းအားဖြင့်ဆိုသော် သူ့မသာ ကိုယ်မသာ။ သူငယ်ချင်း "ထွန်းစိန်ချစ်"ကတောင် ပြောသေး။

"ပြိုင်လိုက်တိုင်း သူ့မသာ ကိုယ်အလောင်းပဲကွာ ... တောက် ..."တဲ့။

"ထူးဆန်းတာက ညီအစ်ကိုသုံးယောက် တွဲရတယ်လို့၊ ငါတို့ညီအစ်ကိုတွေဆို သူတစ်လမ်း ကိုယ်တစ်လမ်းပဲ၊ အရေးတကြီးကိစ္စရှိရင်တော့ အသိပေးတာပေါ့၊ တိုင်ပင်တာ ပေါ့၊ မဟုတ်လို့ကတော့ကွာ၊ သူ ဘာလုပ်နေမှန်းလည်း ငါ မသိဘူး၊ ငါဘာလုပ်နေမှန်း သူ မသိဘူး၊ ယောကျ်ား တွေဆိုတာ ညီအစ်ကိုချင်း မပေါင်းပါဘူး၊ သူငယ်ချင်းတွေ နဲ့ ပေါင်းတာ"

"သုတ"က ပြောတော့ ထွန်းစိန်ချစ်က "ဟုတ်ပါ့ ကွာ"ဟု ထောက်ခံ၏။

"သူတို့ညီအစ်ကိုတွေက တစ်ယောက်နဲ့ တစ်ယောက် တစ်နှစ်နဲ့ သုံးလပဲ ကွာတယ်ဆိုလား၊ အရွယ်ညီနေလို့လည်း တွဲဖြစ်တာ ထင်ပါရဲ့"

"ဘာပဲဖြစ်ဖြစ် ဒီကောင်တွေ တော်တာတော့ ငြင်းမရဘူး၊ အားကစားဆိုလည်း နောက်ကျမကျန်ဘူး၊ စီးပွားကျတော့ လည်း တက်ညီလက်ညီ ရှာနေကြတယ်၊ မာနကြီးကြတာ တစ်ခုပဲ ပြောစရာရှိတယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲသည် "မခ"အုပ်စု ညီအစ်ကိုသုံးယောက်က မာနကို အတိအလင်းကြီး ပြထားကြ၏။ တော်ရုံတန်ရုံလူကို ဟု တယ် တန်တယ် မထင်ခြင်းဟာ အထက်လွှာလူတန်းစား၏ဉာဉ် ဖြစ်ပေမယ့် မကောင်းတတ်တာ၊ နာမည်ကောင်းယူချင်တာ၊ လူ ကဲ့ရဲ့ခံရမှာကြောက်တာ စသည် စသည်အပြင် မာနက ရင်ထဲမှာ ရှိပေမယ့် မာနကြီးတာ မကောင်းပါဘူးလေဆိုသည့် တရားသဘော လေးနှင့် ဆင်ခြင်ကြရပါ၏။ "မခ"ညီအစ်ကိုသုံးယောက်ကတော့ အတိအလင်း မာနကြီးကြသူတွေ ဖြစ်သည်။ ပျော်ပျော်နေကြသည်။

"မိန်းမရဖို့များ ဝါကူးတက လိုက်ပိုးနေစရာ မလို ပါဘူး"ဟု ခပ်တည်တည် ပြောကြ၏။

သူတို့ညီအစ်ကိုသုံးယောက်မှာ ရုပ်တွေကလည်း ချောကြ၏။ ချောမောလှပကြီးတွေ မဟုတ်ငြား၊ ချောသည့်ဘက် ပါ၏။ အရပ်တွေကလည်း မြင့်ကြ၏။ မြင့်ထားလိုက်တာမှ ညီ အစ်ကိုသုံးယောက် တညီတည်း ငါးပေဆယ့်တစ်လက်မတွေတဲ့။ အရပ်အမောင်းနှင့် လိုက်ဖက်သည့် ပြည့်သောအသားအရေလည်း ရှိကြ၏။

"နွေမခတို့ ညီအစ်ကိုသုံးယောက်များ တန်းစီပြီး လျှောက် လာရင် မြင့်မြင့်မားမားကြီးတွေနဲ့ အုတ်တံတိုင်းကြီးတစ်ခု ကာချလိုက်သလား မှတ်ရတယ်"

အဲသည်လိုလည်း အပြောခံကြရပါသည်။ ထိုညီ အစ်ကိုသုံးယောက်သည် ချီးကျူးလောက်ဖွယ်တွေရှိတာ မှန်ပါ သည်။ သို့ပေမဲ့ အဖေသူဌေး၊ ညီအစ်ကိုသုံးယောက်လုံး ကိုယ်ပိုင် လုပ်ငန်းတွေနှင့် ကိုယ်စီသူဌေးတွေမို့ အရှိထက်ပို၍ ပင့်မြှောက်



ချီးကျူးနေကြတာလည်း ပါသည်မို့၊ မခညီအစ်ကိုသုံးယောက်၏ သတင်းက နေမင်းစစ်တို့ ဆွေမျိုးစုအသိုင်းအဝိုင်း၊ ဇင်လေးတို့ ဆွေမျိုးစုအသိုင်းအဝိုင်းထဲမှာ ရွယ်တူယောက်ျားတွေထက်၊ သူတို့ က ပို၍နာမည်ကြီးကြသည်။

ရုပ်ရှင်ဗီဒီယိုမင်းသားမဟုတ်၊ အဆိုတော်မဟုတ် ပြည်သူချစ်သော ပြည်သူ့သိ အနုပညာရှင်၊ အားကစားပညာရှင် တွေ မဟုတ်ပါဘဲ၊ အဲဒါတွေနှင့်တန်းတူ နာမည်ကြီးကာ ရန်ကုန်မြို့ မှာတော့ ဦးမင်းခ၊ နွေမခ၊ မိုးမခ၊ ဆောင်းမခ ဆိုတာကို လူတိုင်း ကြားဖူးနား၀ ရှိနေကြရတော့သည်။

အဲသည်အုပ်စုက ဇင်လေးတို့မိဘ၊ ဘကြီးတွေနှင့် ခင်မင်ကုန်ပြီဆိုပဲ၊ "မခ"တွေနှင့် ယှဉ်ရလျှင် တခြားယောက်ျား တွေက ကျန်ရစ်မြဲလိုမို့ အဲသည်ညီအစ်ကိုသုံးယောက်ကိုတော့ ခပ်လန့်လန့်ဖြစ်၏။ သူတကတော့ ...

"ဘာလန့်စရာ ရှိစရာရှိလဲ၊ သူတို့က အရပ်ငါးပေဆယ့် တစ်လက်မ၊ မင်းက ခြောက်ပေ၊ တစ်လက်မ ပိုမြင့်တော့ မင်း သာတယ်"

ဟု နောက်ပြောင် ပြောဆိုဖူး၏။

နေမင်းစစ်သာတာဆိုလို့ အရပ်တစ်လက်မပိုတာပဲ ရှိလျက်၊ ကျန်တာတွေမှာ မယှဉ်သာပါ။ သူတို့ညီအစ်ကိုတွေ နောက်နားက ကပ်လိုက်ရတာများသည်။ အထက်လွှာအုပ်စုချင်း မို့ အဲသည်ညီအစ်ကိုတွေက နေမင်းစစ်ကိုတွေ့လျှင် (ရင်ထဲမှခင် တာ မခင်တာမသိ၊ ကျိတ်ပြိုင်ချင်လည်း ပြိုင်နေမည်) ခင်မင် ရင်းနှီးစွာ ဆက်ဆံ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနေမင်းစစ် ... ချက်စ်ချကြမလား"

ခင်သလို မင်သလိုနှင့် ကြုံဆုံတတ်သည့်အခါတွေမှာ စိန်ခေါ်လေ့ရှိ၏။

"အငယ်ဆုံးကောင် ဆောင်းမခနဲ့ လွှတ်ပေးမယ်"

လူခင်ချင်း ခင်၍နှိမ်ပြီးပြောသလို၊ နောက်သလိုပေမယ့် အဲသည်သုံးယောက်မှာ ဆောင်းမခက ချက်စ် Chess အတော်ဆုံးဆိုတာ နေမင်းစစ်ကလည်း သိထားပြီးသားပါ။

"ကိုနွေနဲ့မှ လက်ရေချင်းညီတယ်ဗျာ"

သုံးယောက်မှာ နွေမခက ချက်စ်ညံ့၏။ ဒါကို နေမင်းစစ် သိတော့ ရယ်၍ပြောသည်။ ညံ့သည်ဆိုတာတောင် နေမင်းစစ် အတော်ကြီး ကြိုးစားထိုးမှ သုံးပွဲမှာ နှစ်ပွဲနိုင်တာမျိုးဖြစ်၏။ ဆောင်းမခနှင့်သာဆိုလျှင် သုံးပွဲမှာ သုံးပွဲလုံးရှုံးမှာသေချာ၏။ သူတို့ညီအစ်ကိုတွေနှင့် အပေါ်ယံမှာ အလွန်ခင်မင်သော လူကုံထံချင်းချင်းလို ပေါင်းသင်းရသည့်သူတွေ ဖြစ်နေသည်။

"သားရဲ့ ... သမီးရှင်တွေဆိုတာ ကိုယ့်မှာ သမီးပျိုဘယ်နှယောက် ရှိပါတယ် ... ကြည့်ပါ၊ ကြိုက်တဲ့သားက ကြိုက်တဲ့သမီးကိုရွေးပါ ဆိုတာမျိုးကို တဲ့တိုးကြီးတော့ မဟုတ်ဘူး၊ စကားလှအောင် လှည့်ပတ်ပြီး အဲဒီသဘောမျိုးပြောကြတာ သားရဲ့"

"ကျွန်တော်သာ သမီးရှင်ဆိုရင် နာမည်တွေကစပြီး မကြိုက်ပါဘူး မေမေရာ"

"သားရဲ့ ... သားဦးက နွေမှာမွေးတာ၊ အလတ်က မိုးမှာမွေးတာ၊ အငယ်ဆုံးက ဆောင်းမှာမွေးတာတဲ့"



"အဖေနာမည်က ဦးမင်းခလေ၊ အဖေ့နာမည်ထည့်ပြီးမှည့်ချင်ရင် နွေမင်းခ၊ မိုးမင်းခ၊ ဆောင်းမင်းခလို့ မှည့်တာကမှ ယောကျ်ားဆန်ဦးမယ်"

"ဦးမင်းခက သူ့သားတွေကို နွေမှာမွေးတဲ့သားလည်း နွေရဲ့အပူရှိန် မခ မကျရောက်စေနဲ့၊ မိုးမှာမွေးတဲ့သားလည်း မိုးရဲ့မှုန်မှိုင်းတဲ့ဒဏ်ကို မခံစားရစေ၊ ဆောင်းမှာမွေးတဲ့သားလည်း ဆောင်းရဲ့အအေးဒဏ်ကို တွန်းလှန်နိုင်စေ၊ ရာသီဥတုဒဏ်နဲ့ သဘာဝလောကဓံမှန်သမျှကို သူ့သားတွေဆီမှာ မကျမခစေရဆိုတဲ့ အဓိပ္ပာယ်တဲ့သားရဲ့"

"ဖြစ်မှ ဖြစ်ရလေ၊ ကြီးကျယ်လိုက်တဲ့ ဆင့်ဖင်၊ အား ... ကန်တော့ မေမေ"

ဒေါ်မြမြစိမ်းက ရယ်၏။

"သူတို့ဘာသာ ကြီးကျယ်တာ မာနကြီးတာ ဘဝင်မြင့်တာတွေ ထားပါ၊ ဒါတွေက ကိုယ်နဲ့မဆိုင်ပါဘူး၊ ဦးမင်းခနဲ့ သားရဲ့ဖေဖေနဲ့က ခင်တာ သိတာ ကြာတော့ သားတို့လူငယ်ချင်းလည်း သိနေတာ၊ အဲဒီအုပ်စုက ဒေါ်အိမ်စည်အုပ်စုကို သိသေးတာ မဟုတ်ဘူး၊ မသိတာတော့ ဟုတ်ချင်မှဟုတ်မယ်၊ အဆက်အစပ်မရှိတော့ မခင်မမင်ခဲ့ရသေးဘူးပေါ့ ..."

"ဒေါ်အိမ်စည် အုပ်စုကလည်း ဦးမင်းခတို့ သားအဖတွေကို ကြားဖူးနေတာပါ၊ လူချင်းအဆက်အစပ်မဖြစ်သေးလို့သာ မခင်မမင်ကြရတာ၊ ခုတော့ လုပ်ငန်းချင်း

www.burmeseclassic.com



စပ်ပြီး ခင်ကုန်ကြပြီ၊ အပေါင်းအသင်း လုပ်ကုန်ကြပြီ၊ မေမေဖြင့် သိပ်တောင်မသင်္ကာဘူး”

“ဘာကိုလဲ မေမေ”

“ကိုတိုးလွင်က သမီးနှစ်ယောက်၊ ကိုမျိုးဇင်က သမီးတစ်ယောက် ရှိတယ်လေ၊ ရည်ရွယ်ချက်တွေနဲ့များ ခင်အောင်မင်အောင် ပတ်သက်ကုန်ကြသလားလို့”

ဒါမျိုးက အထက်တန်းလွှာဆိုသော ရေပေါ်ဆီလူတန်းစားမှာ ရှိတတ်သည့် ဉာဉ်တစ်မျိုးမို့ မေမေ ထင်မည်ဆိုလျှင်လည်း ထင်ချင်စရာပါ။ မေမေက ကိုမျိုးဇင်ဟု ခေါ်သူသည် ဇင်လေး၏ဖခင်ဖြစ်၍ ကိုတိုးလွင် ဆိုတာက ဘကြီးဖြစ်၏။ ဦးတိုးလွင်၏သမီးနှစ်ယောက်သည် ဇင်လေးနှင့် ညီအစ်မတစ်ဝမ်းကွဲတွေဖြစ်၏။

“မေမေ့ ဒေါ်အိမ်စည်ကလည်း ခါတိုင်းများဆို သူ့မြေးထီးတွေအတွက် ကျွန်တော်တို့အုပ်စုက မိန်းမတွေကိုကြည့်ပြီး သူ့မြေးမတွေအတွက် ကျွန်တော်တို့ဘက်ကယောကျ်ားတွေကိုကြည့်ပြီ၊ ဒီတစ်ခါမှ ဦးမင်းခသားတွေ သွားကြည့်ရလား”

“ကံသေကံချ ကြည့်ပြီလို့ မေမေ မပြောပါဘူး၊ ထင်ကြေးပေါ့ သားရဲ့၊ မေမေတို့ဘက်မှာကလည်း အရွယ်သိပ်မရောက်သေးတဲ့ ခပ်ငယ်ငယ်ကောင်လေးတွေနဲ့ အိမ်ထောင်သည်တွေများနေတာ၊ အရွယ်ရောက်ပြီး စီးပွားရေးလုပ်ငန်းထဲဝင်နေတဲ့ ယောကျ်ားလူပျိုဆိုလို့ သားတစ်ယောက်ပဲကျန်တာလေ”



ဟုတ်ပါရဲ့ ... ဟု တွေးမိ၏။

“မေမေတို့ဆီက တက်လာမယ့် နောက်ပေါက်တွေနဲ့ အန်တီဒေါ်အိမ်စည် အုပ်စုက တက်လာမယ့် နောက်ပေါက်တွေချင်းကျတော့ ကြည့်ချင်ကြည့်မှာပေါ့၊ ခုအခြေအနေက အန်တီ့မှာ မြေးပျိုမလေးယောက်လေ၊ ဒုတိယသမီး မြင့်မြင့်ခင်ကမွေးတဲ့ နှစ်ယောက်ထဲက တစ်ယောက်အပျိုကျန်တယ်”

အဲသည် ... ဦးတင်မောင်ထွန်း ဒေါ်မြင့်မြင့်ခင်မှ မွေးသော သားတစ်ယောက်၊ သမီးနှစ်ယောက်အနက်မှ သားနှင့် သမီးတစ်ယောက်သည် နေမင်းစစ်တို့အုပ်စုမှ၊ နေမင်းစစ်နှင့် ဝမ်းကွဲညီအစ်ကို မောင်နှမတွေနှင့်သာ အိမ်ထောင်ကျခဲ့ခြင်း ဖြစ်၏။

“အဲဒီလိုကျတော့ သားကို အန်တီဒေါ်အိမ်စည်က လိုလားတယ်ထားဦး မြေးပျိုမက လေးယောက်”

နေမင်းစစ်က ရယ်လိုက်၏။

“ကျွန်တော်သာ နတ်သားဆိုရင်တော့ တစ်ဖက်ငါးရာပဲ”

“မဟုတ်တာ သားရယ်၊ ဒီစကားမျိုးကို ယောင်လို့တောင် မနောက်ပါနဲ့၊ မေမေတို့မျိုးရိုးက သေတပန်သက်တဆုံး တစ်လင်တစ်မယားစနစ်ပါ”

“ဒါဆိုလည်း ပြပစေပေါ့ မေမေရယ်၊ ကျွန်တော့်အတွက် တစ်ယောက်တော့ ကျန်မှာပဲဟာ”

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီ ကျန်တဲ့တစ်ယောက်ဟာ ဇင်လေး မဖြစ်မှာစိုးလို့ မေမေက ပြောနေတာ၊ မေမေကလည်း သားရှင်ဆိုတဲ့ အထက်စီးနဲ့ ရွေးရရင် ဇင်လေးကို ရွေးတယ်၊ ဇင်လေးဟာ အန်တီဒေါ်အိမ်စည်ရဲ့ ဒုတိယအချစ်ဆုံးမြေး"

"ဒါဖြင့် ပထမအချစ်ဆုံးမြေးက ဘယ်သူလဲ"

"သမီးအကြီးဆုံး ကြော့ကြော့ရီက မွေးတဲ့ မမထက်မြက်တဲ့၊ အင်္ဂလန်မှာ သမက်ဖြစ်သူက အင်္ဂလန်သွားတော့ သမီးလည်းပါ၊ မြေးတွေလည်းပါ၊ ခပ်ငယ်ငယ်တည်းက သွားကြတော့ သား ဘယ်မှတ်မိလိုက်မလဲ၊ အကြီးကောင် ကိုဦးထက်မြက် မပြောနဲ့ အငယ်မ မမထက်မြက်တောင် သားထက် နှစ်နှစ်လားကြီးတယ်၊ သူတို့သွားကြတော့ အငယ်မလေးမှ သုံးနှစ်သမီးဆိုတော့ သားက အခါလည် သားလေး၊ ဘယ်မှတ်မိမလဲ"

"အဲဒီမြေးတွေက ပြန်မလာကြတော့ဘူးလား၊ ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး၊ ပြောသံဆိုသံတောင် သိပ်မကြားရဘူး"

"မေမေတို့နဲ့ မပြောဖြစ်တာပါ၊ သူတို့ချင်းတော့ ပြောဖြစ်မှာပေါ့၊ ဒီကြားထဲ နှစ်ခေါက် သုံးခေါက်. ဆိုသလိုတော့ ပြန်လာပါတယ် သားရဲ့၊ သူတို့စီးပွားရေးကိစ္စနဲ့ စင်ကာပူဝင်၊ မလေးရှားဝင်နဲ့ မြန်မာပြည်မှာ လေးငါးရက် တစ်ပတ် ဆိုသလောက် နေဖြစ်တော့ သူတို့ဆွေမျိုးစုထဲမှာတောင် အိမ်နဲ့အောင် ထမင်းလိုက်မစားဖြစ်လိုက်ရဘူး၊ မေမေတို့တောင် နှုတ်ဆက်ရုံရယ်၊ အိမ်မှာ ထမင်းတွေ ဘာတွေ ဖိတ်မကျွေးဖြစ်တော့ ...

"သားကလည်း ကျောင်းသားရှိသေးတာ၊ မဆုံဖြစ် မပြောဖြစ်နဲ့ မသိတော့ဘူးလို့ ဖြစ်နေတာ၊ ဒါ ထားပါ၊ မေမေက အန်တီ့ဆီမှာ ဇင်လေးကို လက်ဦးအောင်တောင်းချင်တာ"

နေမင်းစစ် ဇင်လေးကို ချစ်ပါသည်။ ချစ်သည်ဆိုရာမှာ ဖြူစင်ချစ်နှင့် ညီမလေးတစ်ယောက်လို ချစ်ရခြင်းဖြစ်၏။ ဘွားဒေါ်အိမ်စည်၏ လက်ကျန်အပျိုလေးယောက်ထဲမှာသာမက၊ အိမ်ထောင်သည်တွေ၊ မတိမ်းမယိမ်းတွေ၊ ခပ်ငယ်ငယ် မြီးကောင်ပေါက် အထီးလေးတွေ အမလေးတွေ အားလုံးမှာ ဇင်လေးကိုသာ အချစ်ဆုံး အခင်ဆုံး ဖြစ်သည်။ အဲသည်လို ချစ်ခင်မိနေလျှင်တောင် လေးယောက်ထဲမှ တစ်ယောက်ရွေးပါဆိုလျှင် ဇင်လေးကိုပဲ ရွေးရပါမည်။

ဇင်လေးက အလှဆုံး၊ အလိမ္မာဆုံး၊ သဘောအကောင်းဆုံး၊ သည်းခံစိတ်ရှည်တတ်ဆုံး၊ တစ်ဖက်သားကို ခွင့်လွှတ်နားလည်နိုင်ဆုံးနှင့် သဘောဖြူ အူစင်း အကောင်းမြင်ဝါဒီ သမားလေးလည်းဖြစ်၏။ ဇင်လေးကို နေမင်းစစ် လက်ထပ်နိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကိုယ်မှာလည်း ချစ်သူရည်းစား ရယ်လို့မှ ရှိမနေဘဲ။ ကိုယ့်အတွက် အသင့်တော်ဆုံး မိန်းကလေး တွေ့လို့မှ ခေါင်းခါလျှင် နေမင်းစစ်တို့ လူမိုက်ဖြစ်တော့မည်။ အဲဒါတွေထက်ပိုသော အချက်တစ်ချက် ရှိပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇင်လေးကို ဘယ်သူ့ကိုမှ မပေးလိုက်နိုင်ခြင်းတည်း။

ဇင်လေးကို လက်လွှတ်ဆုံးရှုံးရဖို့ နှမြောလှပါ၏။ ဇင်လေးကို တစ်ယောက်ယောက်နှင့် စေ့စပ်လက်ထပ်ချေတော့ ရယ်လို့ စွန့်လွှတ်လိုက်ဖို့ရာ နှမြောစိတ်က နေမင်းစစ် ရင်ထဲသို့ လျှပ်တစ်ပြက် ပြေးဝင်၏။

ဒါသည်ပင်လျှင် အချစ်ပဲလား ... ဟု မှတ်ယူရမည် ထင်ပါသည်။

"ဘယ့်နှယ်လဲ"

"မေမေ့သဘောပဲ"

"အမယ်လေး ... ဒီစကားတစ်ခွန်းရဖို့ ပါးစပ်တောင် အမြုပ်ထတယ်၊ သူ့ဖြင့် ခွဲနိုင်တာလည်း မဟုတ်ဘဲနဲ့"

ဟုတ်ပါရဲ့။ မေမေပြောမှ ကိုယ့်ကိုယ်ကိုယ် နားလည်ရပါသည်။ နေမင်းစစ် ဇင်လေးကို မခွဲနိုင်ပါ။ ဇင်လေးကို မြတ်နိုးသည်။ လေးစားဖွယ် မိန်းမငယ်လေးအဖြစ် တန်ဖိုးထားသည်။ ဇင်လေးသည် ကိုယ့်ဘဝထဲမှာ ရှိကိုရှိနေရမည့် သက်ရှိ ပစ္စည်းလေးတစ်ခု ဖြစ်လေ၏။

ဇင်လေးကို ပိုင်ဆိုင်လိုပါသည်။

"မေမေ ... ဟိုမခတွေလက်ထဲ ပါသွားရင် မေမေ တရားခံပဲ"

"အမယ် ... အမယ် ... အဲဒီလောက် ဖြစ်နေရင်လည်း ကိုယ်စွမ်းကိုယ်စလေးပါ ထုတ်ချေ"

"စိတ်ချ"



မေမေ ဟက်ဟက်ပက်ပက် ရယ်နေပုံက ပီတိရွှန်းလှသည်မို့ နေမင်းစစ် ရင်ထဲမှာလည်း အေးငြိမ်းချမ်းမြေ့သွားလိုက်ရတာ အတိုင်းမသိပါဘဲ။

✣ ✱ ✣

www.burmeseclassic.com

www.burmeseclassic.com



## ၃

အန်တီစိမ်းက ဘွားဆီမှာ ကိုကို့အတွက် ဇင်လေးကို တောင်းသည်တဲ့။

အို … ဇင်လေး ရင်တွေခုန်လိုက်တာ။

ကိုကိုတို့ဆွေမျိုးစုထဲမှာ ရှိသမျှ မတိမ်းမယိမ်းတွေထဲ ကိုယ့်ထက်ကြီးလျှင် ကိုကို၊ မမ၊ ကိုယ့်ထက်ငယ်လျှင် မောင်လေး၊ ညီမလေးသော်လည်းကောင်း၊ နာမည်ကို အဖျားဆွတ်၍သော်လည်းကောင်း ခေါ်ခဲ့သည့်ထဲမှ တခြား ကိုကိုတွေကို သူတို့နာမည်ထဲမှ တစ်လုံးနှင့်ပေါင်း၍ ဥပမာ… ကိုကိုထိုက်၊ ကိုကိုမြတ်၊ ကိုကိုဘုန်း ဆိုတာမျိုးတွေနှင့် ခေါ်ဖြစ်ခဲ့ပြီး ကိုကို့ကျကာမှ ကိုကို့နာမည်တွေထဲမှ တစ်လုံးမှမယူဘဲ "ကိုကို"ဟု ခေါ်ဖြစ်ခဲ့ခြင်းက ဇင်လေး ရင်ခုန်စေဖို့များ ညွှန်းခဲ့လေသလား။ ဇင်လေး ရင်ခုန်ရကောင်းမှန်း သိကတည်းက ကိုကိုဟာ ဇင်လေးအတွက် အားကျနှစ်လိုဖွယ် သူရဲကောင်းတစ်ယောက်နီးပါး စွဲလမ်းခဲ့ရသူပါ။

"နှမင်းကလေး စာတော်လိုက်တာ"



"နေမင်း လိမ္မာလိုက်တာ"

"နေမင်း သဘောကောင်းလိုက်တာ"

ဆိုတာမျိုးတွေ၊ နေမင်းစစ် ကောင်းသတင်းက ဇင်လေးနားထဲမှာ မလျှံချင်မှအဆုံး။

"မြစိမ်းတို့များ တော်ပါပေရဲ့၊ မွေးထားတာ သားတစ်ယောက်တည်း၊ အလိုလိုက်ပြီးများ ပျက်စီးမလားမှတ်ပါတယ် တစ်ဝမ်းကွဲယောကျ်ားတွေထဲမှာ အတော်ဆုံး အလိမ္မာဆုံး ဖြစ်နေပါရောလား"

ဘွားသည် ယခုထက်တိုင် ဇင်လေးတို့မိသားစု အဝန်းအဝိုင်းကြီး တစ်ခုလုံးမှာ ကျန်းမာသန်စွမ်းစွာ သြဇာထက်မြက်ဆဲရှိ၏။ ဇင်လေး ငယ်ငယ်တုန်းကဆိုလျှင် မပြောနှင့်တော့။ ကြီးကြီးဒေါ်ကြော့ကြော့ရီ၊ အန်တီလေး ဒေါ်မြင့်မြင့်ခင်၊ ဘဘဦးတိုးလွင်နှင့် ဖေဖေဦးမျိုးဇင်တို့သည် အရာခပ်သိမ်းသောကိစ္စတို့မှာ ဘွားဘွားက "ဟဲ့"တစ်ချက်ဟန့်လျှင် ရောက်ရာမှာ တန့်ခနဲ ရပ်သွားကြသူများဖြစ်၏။ ဒါဟာ ဘွားကို ကြောက်တာကငါးဆယ်ရာခိုင်နှုန်းဖြစ်လျက်၊ လေးစားရိုသေခြင်း၊ ဘွားဆုံးဖြတ်ချက်များသည် ဘယ်တော့မျှ မမှားနိုင်ကြောင်း ယုံကြည်ခြင်းက ငါးဆယ်ရာခိုင်နှုန်းဖြစ်သည်။

ဘွားကိုယ်တိုင် ချီးကျူးရသည့် "ကိုကို"သည် ဇင်လေးအားကျ၊ နှစ်လို၊ မြတ်နိုးဖွယ် လူသားကြီးအဖြစ် တည်ရှိလာခဲ့တာ၊ ဇင်လေး ငယ်ငယ်ကလေးမှစလို့ဖြစ်၏။ ဇင်လေး ကိုကို့ကိုချစ်သည်။ သိပ်ကိုချစ်ပါ၏။ ကိုကို့ဂရုစိုက်မှုလေးတွေ၊ ဇင်လေး

www.burmeseclassic.com

www.burmeseclassic.com



ကရိကထခံလျက် ဇင်လေးကို အလိုလိုက်ခြင်းလေးတွေက သံယော ဇဉ်ကြိုးထက် ပိုမိုခွမ်းအားမြင့်သည့် အချစ်ကြိုးတွေ အဖြစ်နှင့် ဇင်လေးကို အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ခဲ့ကြလေ၏။

"အစကရီး ... ရီး ... နောက်တော့ တစ်မျိုး ... တိုးလို့ ... ချစ်ပြန်ဆိုပဲ ..."

ဤသီချင်းလေးကို တစ်ယောက်တည်း ဆိုညည်းမိ တိုင်း ကိုယ့်ဘာသာ လှုပ်ရှားကလေးတစ်လစ် ထုတ်မိသူက ဇင်လေး ပါ။ ဇင်လေး အရွယ်ကလေးရောက်လာတော့ ကျောင်းမှာ ပတ် ဝန်းကျင်အသိုင်းအဝိုင်းမှာ အလှသတင်းကလေးမွှေးလျက် ချစ်သူ ခင်သူတွေ ပေါ်လာခဲ့သည်။ ချစ်ခွင့်တောင်းသူတွေ ရှိလာခဲ့၏။

"ဟင့်အင်း ... ကျွန်မက ကြိုးရှည်ရှည်နဲ့ လှန်ထားတယ်၊ အပြောခံရမှာလည်း စိုးတယ်၊ မစဉ်းစားပါရစေနဲ့၊ ဘယ် တော့မှ ပြန်ချစ်နိုင်မှာ မဟုတ်လို့ပါ၊ ကျွန်မမှာ ချစ်သူရှိ နေပြီး ဖြစ်ပါတယ်"

ဇင်လေး အဲသည်လို တိခနဲ ငြင်းခဲ့၏။

"ဟောတော့ ... ကျုပ်တို့ ဇင်လေးက ရီးလှရီးလှနဲ့ ခုကျ တော့လည်းတစ်မျိုး၊ ပြော ... ဘယ်သူလဲ ... ပြော"

သူငယ်ချင်းတွေ ဖွတ်မေးလျှင် ဇင်လေးက ကိုကို့ မျက်နှာ ပြုံးပြုံးကြီးကို မြင်ယောင်ပစ်လိုက်တာချည်းပင်။

"မရှိပါဘူးနော်၊ ရှင်တို့ကလည်း ကျုပ်က ကိစ္စပြီး ငြင်း လိုက်တော့ အေးရော မဟုတ်ဘူးလား"

"မိန်းမနော် ... ဒိုင်လှိုမထားနဲ့"



"လျှိုချင်လို့တောင် မရဘူး၊ ဘွားပေးစားတာ ယူရမှာ"

ပြောရင်း ကိုကို့ကိုပဲ မြင်ယောင်မိပါသည်။

"မေးရဦးမယ် ယောက်မရေ၊ ရှင်နဲ့ ကိုကိုနေမင်းနဲ့က ဘယ်လိုလဲ"

ဇင်လေးရဲ့ တချို့သူငယ်ချင်းတွေဟာ ကိုကို့ညီမ ဝမ်းကွဲတွေ၊ တူမဝမ်းကွဲတွေ ဖြစ်နေရသည်မို့ သူတို့က ပြောင် ပြောင်မေးရဲ၏။ ဇင်လေးက ကြက်သီးကလေး ဖြန်းခနဲထသည်။ ရင်ထဲက ဆတ်ခနဲခုန်၏။

"ရီးရီးပဲ၊ ကိုကိုက ကျုပ်ကို ရှင်တို့နဲ့ တန်းတူချစ်တာ"

ခပ်တင်းတင်း ပြောလိုက်ပေမယ့် ရင်ထဲမှာ ကျိတ် လျက် "ကိုကိုရေ ... ဇင်လေးကို နည်းနည်းပိုနော်" ဟု ဆုတောင်း ပစ်လိုက်သေး၏။

"ကျုပ်တို့ သဘောတူတယ်နော် ဒေါ်ခင်သဇင်လေး"

"တူရင် ဘွားဆီမှာ သွားတောင်းကြ၊ ဘွားပေးစားတာ ကျုပ်ယူမှာ"

"ပန်ချာပီကြီးတစ်ယောက်က ဘွားဆီမှာ သွားတောင်းရင် ရော"

"ဇင်လေးတို့က စကားကို နှစ်ခါမပြင်ဘူးနော်၊ ကျုပ်ဘဝ ကြီးတစ်ခုလုံး ဘွားလက်ထဲပဲ"

"ဖွ ... ဖွ ... ဘွာတေး ... ဘွားတေး၊ ဘွားကသာ ပေး စားရင် ယူပစ်မှာတော့ ဘယ်ပန်ချာပီမှ လာမတောင်းပါ စေနဲ့ ... ဘုရား ... ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဇင်လေး သူငယ်ချင်းတွေက စိတ်ပူကြပေမယ့် ဇင်လေးကတော့ မပူပေါင်၊ ဘွားဟာ ကိုကို့ကို ဒီလောက် တဖွဖွ ချီးကျူးခဲ့တာ မြေးသမက် ဇွတ်တော်ချင်ဘဲ နေပါ့လား။ မြေးသမက်တော်ချင်သည် ဆိုလျှင်လည်း ဇင်လေးနှင့်သာ တော်ချင်မှာဆိုတာ ဇင်လေးက ယုံကြည်ပြီးသား။ ဇင်လေးဟာ ဘွားရဲ့ဒုတိယအချစ်ဆုံးမြေး ဆိုပေမယ့် မြန်မာပြည်မှာ ရှိသမျှတွေထဲမှာတော့ ဇင်လေးသည်သာ နံပါတ်တစ်မဟုတ်လား။ ပြီးတော့ ကိုကိုဆိုတာကလည်း ဇင်လေးတို့ ဝမ်းကွဲမောင်နှမတွေထဲမှာ ဇင်လေးမှ - ဇင်လေး။

တစ်နေ့ ကိုကိုနဲ့ဇင်လေးဟာ ချစ်သူဖြစ်လာဖို့ပဲ မဟုတ်လား။

အတွေးလေးနှင့် ပျော်ခဲ့ရ၊ မျှော်လင့်ပြီးသား ဇာတ်လမ်းလေးလည်းဖြစ်၊ အိပ်မက်ကလေး မှန်ကန်လာတဲ့သဘောတွေ့ပေမယ့် ဇင်လေး ရင်ခုန်ရတာကတော့ မောလှပါပဲ။

"သားဇင် သဘောက ဘယ်လိုလဲဆိုတာ ပြောဦးလေ"

ဘွားက သားသမီးတွေကို သမီးကြော့၊ သမီးမြင့်၊ သားတိုး၊ သားဇင်ဟု ငယ်ငယ်ကတည်းက ခေါ်ခဲ့သည့်အတိုင်း ယခုတိုင် ခေါ်ဆဲဖြစ်သည်။ သားသမီးတွေကလည်း သမီးကြော့ကလေး၊ သမီးမြင့်ကလေးဟု ကိုယ့်နာမည် ကိုယ်ထည့်ပြောတာ၊ မိန်းမသားတွေမို့ ထားပါတော့။ ယောကျာ်းကြီးတွေဖြစ်သည့် ဘဘဦးတိုးလွင်နှင့် ဖေဖေဦးမျိုးဇင်တို့ကပါ ယခုထက်တိုင် "သားဇင် သဘောကတော့ မေမေရယ်"ဆိုတာမျိုးကြီးတွေ နှုတ်ကျိုးလျက် တစ်ခါတစ်ခါ ထည့်ပြောတတ်နေသေးတော့ ဇင်လေးတို့မောင်နှမဝမ်းကွဲတစ်စုက လက်ခုပ်လက်ဝါးတီးပြီး ရယ်ပေး



လိုက်ကြမှ ကျွန်တော်တွေ ဘာတွေ ဖြစ်ကုန်ရတာ၊ ဒါတောင် တစ်ခါတစ်ခါ သားတိုးတွေ သားဇင်တွေ တစ်ခွန်းတလေပါလာ လေ့ရှိသေးသည်။

အဲသည်လောက်ထိ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ကြသည့်မိသားစု ဖြစ်ပါသည်။

"သားဇင် ... အဲ ... ကျွန်တော့်သဘော ဘာလိုလဲ မေမေ၊ မေမေ့သဘောပဲပေါ့"

"သမီးခင်လေးကရော"

ဘွားသည် ချွေးမတိုင်းကိုလည်း သမီးတပ်၍ နာမည်နှင့်တွဲကာ သမီးဆွေ၊ သမီးခင်လေးဟု ခေါ်တတ်၏။

"ခင်လေးလည်း ပြောစရာ မရှိပါဘူး၊ မေမေ့သဘောပါပဲ"

"မေမေ့သဘောက ထားပါတော့၊ မေမေ့သဘောမပါဘဲ သားတို့ သမီးတို့ သဘောချည်း ဆုံးဖြတ်ရမယ် ဆိုရင်ကော"

ဇင်လေးက ခိုးနားထောင်သည့်နေရာမှာ အသက်အောင့်လျက် ကျောက်ရုပ်ကလေး ဖြစ်နေရှာ၏။

"ဒီကောင်လေး ဘာပြောစရာရှိလဲ မေမေရယ်၊ သားအရင်းအဖြစ် မွေးစားခွင့်ပဲရရ၊ သမက်ပဲတော်ရ တော်ရ"

ဦးမျိုးဇင်က နည်းနည်းပါးပါး ရှက်နေသေးလားမသိ၊ သူ့သဘော မပြောပေမယ့် ဒေါ်ခင်ခင်လေးကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောသည်။

"သူတို့ လာမတောင်းမှာတောင် စိုးနေရသေးတာ"

"ခင်လေးကတော့ လုပ်ပြီ"

www.burmeseclassic.com

www.burmeseclassic.com


ဖေဖေက မေမေ့ကို ရှက်စနိုးစွာမာန်၏။ ဘွားရယ်သံကို ကြားရပြီး၊ ဇင်လေးက ကိုယ့်အခန်းထဲကိုယ် ပြေးဝင်ခဲ့တော့သည်။ မွေ့ရာပေါ်မှာ ဝမ်းလျားကလေးမှောက်ရင်း ဒိန်းဒိုင်းခုန်နေသည့်ရင်ကို ငြိမ်စေဖို့ ကြိုးစားပေမယ့် အချည်းနှီးပါပဲ။

"ကိုကို ဘာပြောမလဲ"

စိုးရိမ်စိတ်ကို ယုံကြည်စိတ်က ချေဖျက်၏။

"ကိုကို ဇင်လေးကိုချစ်တာ ဇင်လေး သိသားပဲ၊ ကိုကိုချစ်တာကို ဇင်လေးကသိလို့ ဇင်လေးကလည်း ပြန်ချစ်နေတယ်ဆိုတာလည်း ကိုကိုသိပြီးသား၊ ဘာလိုသေးလဲ ကိုကိုရယ်"

ကိုကို့ကို ချစ်တယ်။

✤ ❋ ✤

"ဇင်လေး"

ဇင်လေး ကိုယ်ကိုလေး တွန့်ခနဲ ခါသွားရသည်။

"ဟိတ် ... ဘာလဲ၊ လန့်သွားတာလား"

ကိုကိုက ဇင်လေးနားသို့ ရောက်လာ၏။

"ကိုကိုကမှ အသံမပေးတာ"

ဇင်လေး ခေါင်းကိုတွင်တွင်ငုံ့လေ၏။ ခါတိုင်းများဆို ကိုကို့ကို ကြည့်ရဲလိုက်တာ။ ကိုကို့မျက်နှာကလည်း ကြည့်လို့ကောင်းလိုက်တာ။ ကိုကို့များဆို ကြည့်ရဲ၊ ပြောရဲ၊ ပူဆာခိုင်းရဲ၊



ကိုကိုဟာ ဇင်လေးရဲ့ခိုင်းဖတ် ဖြစ်သလို လေးစားအားကျစရာလူသားကြီးလည်း ဖြစ်ခဲ့ဖူးပါ၏။ ခုတော့ ကိုကိုဟာ ဇင်လေးမော့ကြည် မဝံ့ရဲစွာ ရှက်အားပိုရသည့် လူသားဖြစ်ချေပြီ။

"ဟော့ကောင်မလေး ... ဘယ်တုန်းက ဒီခေါင်းကို ငုံ့ဖူးလို့လဲ၊ ဟော့ ... ကိုကို့ကိုကြည့်"

ကိုကိုက ဇင်လေးမေးဖျားကို လက်ညှိုးတစ်ချောင်းတည်းဖြင့်ပင့်၏။ ဇင်လေးက အလိုက်သင့်မော့ပေမယ့် အရှက်သည်းရသည်မို့ မျက်စိကလေး စုံမှိတ်ထားရှာ၏။ နေမင်းစစ်က မျက်နှာလှလှလေးကို အချစ်သည်းရတော့သည်။ ပါးကလေးနှစ်ဖက်ကို လက်ဖဝါးနှစ်ဖက်ထဲထည့်ပြီး မျက်နှာတစ်ပြင်လုံး ကြေမွသွားအောင် ချေပစ်လိုက်လို့သာရလျှင် အဲသည်မျက်နှာကြေအမှုန့်လေးတွေကို မျိုချပစ်ချင်၏။ မြတ်နိုးခြင်းဆိုသည့် စကားကို ခုမှ တကယ့်သဘောပေါက်သည်ဟု ယုံ၏။ ဇင်လေးကို မြတ်နိုးလွန်းရပါဘိ။

"ဇင်လေး ... ဟိုဘီလူးလို ကျုတ်ထဲထည့်ပြီးတော့သာ ငုံထားလိုက်ချင်တော့တာပဲ"

ဇင်လေး လက်ဖျားလေးကိုညှစ်၍ အံကြိတ်ပြော၏။ ဇင်လေး လက်ဖျားတွေက ရေခဲတုံးထက်ပို၏။

"ထိုင်ရအောင်"

ကိုကိုက ဇင်လေးပခုံးကို သာသာဖက်လျက် ဒန်းကလေးဆီသို့ ခေါ်လာ၏။ ဒန်း၏တစ်ဖက်တစ်ချက်မှာ သံတိုင်စိုက်လျက်၊ ဒန်းပေါ်မှာ သံကုံးနှစ်ခုကို လေှကားကိုင်နှင့် ပြန်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ထားပြီး၊ အဲသည်ပေါ်မှာ ဂေါ်သဇင်တွေ တင်ထားသည်မို့ စိမ်းမြအေးသက်နေ၏။ ဂေါ်သဇင်ပန်းကလေးများကလည်း မွှေးသည်။ ခါတိုင်း ဇင်လေးက ဤဒန်းပေါ်မှာ ကလေးဆိုးလို တုံးလုံးလှဲ၍အိပ်လျှင် ကိုကိုက သီချင်းဆို၍ သိပ်ရသည်။ အဲဒါ ဇင်လေး ငါးနှစ် ခြောက်နှစ်သမီးလောက်ကတည်းက ကိုကို့ထံမှာယူခဲ့သော အခွင့်အရေး ဖြစ်လေသည်။

"ဘာလို့ စကားမပြောတာလဲကွ"

ကိုကိုက ခေါင်းငုံ့နေသည့် ဇင်လေးဆံပင်တွေကို ဆွဲဖွသည်။

"မမော့ဘူးလား ... မော့မလား"

ဇင်လေးက ခေါင်းခါသည်။

"ဒါဆိုလည်း ပြီးရော၊ ဇင်လေး ကိုကို့ကို စိတ်ဆိုးနေတာ ဖြစ်မှာပေါ့၊ ကိုကိုက ဇင်လေးကို လာတောင်းထားတာကို။ ဇင်လေးကမှ ကိုကို့ကို မချစ်ဘဲ ဒီလိုဆို ကိုကို ပြန်မယ်"

ဒန်းမှာ နှစ်ယောက်တူတူ ထိုင်နေရာမှ ကိုကိုမတ်တတ်ရပ်လိုက်၏။

"ကိုကို"

ဇင်လေးမျက်နှာ ပင့်ခနဲမော့၏။

"မပြန်ရဘူးလား"

"ဟင့်အင်း"

"ချစ်လို့လား"

"အင်း"



ကိုကိုက ရယ်၍ ပြန်ထိုင်တော့ ဇင်လေးက ကိုကို ပခုံးဦးကို မှီနွဲ့လိုက်တော့သည်။

"မေမေက ပြောတယ် သိလား၊ ဇင်လေးတို့ ဟို မခညီအစ်ကိုတွေနဲ့ ခင်ကုန်ပြီတဲ့၊ ပါကုန်တော့မယ်တဲ့"

"အမယ် ... ပါစရာလား"

ဇင်လေး မျက်စောင်းကလေး မော့ထိုးပုံက အတိုင်းမသိ ချစ်စဖွယ် ဖြစ်နေရတော့သည်။

"ကိုကိုဖြင့် နှမြောသွားတာပဲ၊ ဇင်လေးကို ဘယ်သူ့မှမပေးနိုင်ဘူး၊ ကိုကိုပဲ ပိုင်ချင်တယ်၊ ကိုကို ဇင်လေးနဲ့ မခွဲနိုင်ဘူး"

"ဘယ်သူကရော ခွဲနိုင်လို့လဲ"

"မေမေ ဘွားဆီမှာ တောင်းတာကစောပြီး ကိုကိုက ဇင်လေးဆီမှာ ချစ်ခွင့်မပန်သေးလို့ ဇင်လေး စိတ်ဆိုးလားဟင်"

"ဟင့်အင်း"

"ဒါဖြင့် ကိုကိုချစ်တာ ဇင်လေး သိလား"

"အင်း"

"ဇင်လေးကရော"

"အင်း"

"ဇင်လေး အင်းတာကို ကိုကိုလည်း အင်းနေတယ်ဆိုတော့ ဇင်လေးကလည်း အင်းပဲ မဟုတ်လား"

"သွား"

www.burmeseclassic.com

www.burmeseclassic.com

ဇင်လေးက တွန်းပစ်၏။ ကိုကိုက တကယ်လဲတာက နည်းနည်း၊ တမင်လဲတာက များများနှင့် တုံးလုံးပက်လက်ကြီး ဖြစ်သွားပစ်လိုက်တော့သည်။

"ဇင်လေး ပျော်လား"

"ဟုတ်ကဲ့"

"ကိုကိုကလေ ဇင်လေးကို ချစ်လည်းချစ်၊ မြတ်လည်းမြတ်နိုး၊ တန်ဖိုးထားပြီး လေးစားတာ ပါသေးတယ် သိလား၊ ဇင်လေးဟာ တကယ့်သတို့သမီး အလိမ္မာစားလေး"

"ကိုကို့ညီမတွေက ပြောတယ် သိလား၊ ဇင်လေးကို သူတို့က အမြဲနောက်တာ၊ ခေါ်တာကိုက ယောက်မတဲ့"

"အဲဒီတော့ ဇင်လေးက ရှင် ... လို့ ထူးလိုက်လား"

"သွား ... ဘာလို့ ထူးရမှာလဲ"

"ထူးချင်နေတာမှလား၊ မညာကြေး မှန်မှန်ပြော"

"ဟင် ... ကိုကိုကလည်း မှန်မှန်ပြောရရင် ဇင်လေး ရှက်တာပေါ့၊ ဇင်လေးက ထူးချင်တာပေါ့၊ ရှင် ... လို့"

"ဒီကောင်မလေး ကိုယ့်ကို ကျိတ်ပိုးနေတာပေါ့လေ"

"မဟုတ်ရပေါင်၊ ကိုကို ကျိတ်ပိုးနေမှန်း သိတာ"

"ဟော့ ... ရည်းစားရှိပါတယ်လို့ ပြောတာ ဘယ်သူလဲ"

"ဇင်လေးပေါ့ ... သူများတွေ ပရိုပို့စ်(propose)လာလုပ်ရင် ဇင်လေးက ကျွန်မမှာ ချစ်သူရှိပြီးသားပါ၊ တစ်ခါတည်း အပြတ်ငြင်းပါတယ်၊ စဉ်းစားဖို့လည်း မဖြစ်နိုင်တော့ပါဘူး လို့ တစ်ခါတည်း ပိတ်ပြောလိုက်တယ်"



"ဇင်လေးက ချစ်သူအဖြစ် ဘယ်သူ့ကို မြင်ထားလို့လဲ"

"ဟင် ... ဘယ်သူ့ကို မြင်ရမလဲ၊ ကိုကို့ကိုပဲ မြင်တာပေါ့၊ ကိုကို ဇင်လေးကိုချစ်တာ ဇင်လေး သိသားပဲ"

"တော်ပါသေးရဲ့ တောင်းမိလို့၊ ကိုကိုသာ မတောင်းရင် ကျိတ်ငိုပေါ့"

"ကိုကိုက မတောင်းချင်လို့လား"

"တောင်းချင်လို့"

"ဇင်လေး အရမ်းပျော်တယ် ကိုကို၊ ဒါပေမဲ့ ဘွားက စေ့စပ်ကြောင်းလမ်းဖို့ ခဏစောင့်ဦးတဲ့"

"ဟာကွာ ...ဘွားက ရစ်ပြီ"

"ဘွားကို ဒီလိုမပြောရဘူးလေ၊ ရဲကြီးမှာပေါ့"

"ကိုကိုက ခုစေ့စပ်၊ ခုလက်ထပ်ချင်ပြီ"

"ဇင်လေး ကျောင်းမပြီးသေးဘူး"

"ကိုကိုက ပြီးနေပြီ"

"ဇင်လေးမှ မပြီးသေးတဲ့ဥစ္စာ"

"တက္ကသိုလ်ပဲ အထက်တန်းကျောင်းမှ မဟုတ်တာ၊ အိမ်ထောင်သည် ကျောင်းတက်ခွင့်ရှိတယ်၊ ဗိုက်ပူလာရင် ကလေးမွေးခွင့်ရှိတယ်"

"ဟာ ... ကိုကို မကောင်းဘူး၊ သွား ... ကိုကိုလူဆိုး"

"သဘောကိုပြောတာ၊ ဇင်လေးကို ဘာအတွက် ကိုကိုက စောင့်ရမှာလဲ၊ လူကြီးမိဘတွေလည်း သဘောတူတယ်၊ ကိုကို့မှာလည်း ခိုင်လုံတဲ့အသက်မွေးဝမ်းကျောင်း ရှိနေပြီ၊ ဘွဲ့ရပြီ၊ အလုပ်ရှိပြီဆိုမှ ပွဲသိမ်းပေါ့"

www.burmeseclassic.com

www.burmeseclassic.com

"ဘွားက ပြောတယ်၊ ဇင်လေးနဲ့ ကိုကိုနဲ့ဟာ ငယ်ငယ်ကလေးတည်းက ချစ်လာကြတာတဲ့၊ အဲဒီအချစ်ဟာ ရိုးရိုးလား ဆန်းဆန်းလား မသေချာဘူးတဲ့"

"ဘာကိုဆိုလိုတာလဲ၊ ကိုကို နားမလည်ဘူး"

"ငယ်ငယ်တုန်းက ချစ်ခဲ့ကြတာဟာ မောင်ချစ် နှမချစ်မျိုးနဲ့ ဖြူစင်မေတ္တာ ဖြစ်တယ်တဲ့၊ အဲဒီအတိုင်း ဆက်ချစ်လာခဲ့ကြရာက အရွယ်တွေ ရောက်လာတော့ တကယ့် မောင်နှမအရင်းလည်း မဟုတ်တော့ ချစ်သူတွေလို ချစ်သွားတတ်ကြတယ်တဲ့"

"အေးလေ ... ကိုကိုတို့ အခု အဲဒီလိုချစ်သွားကြတာပဲဟာ"

"ဒါပေမဲ့ တချို့က ချစ်သူတွေလို တကယ်ချစ်သွားတာ မှန်တယ်တဲ့၊ တချို့က သူစိမ်းချင်း သိပ်ချစ်နေတော့ ချစ်သူချစ်လို့ ထင်ကြတယ်တဲ့၊ တကယ်တမ်းမှာ ချစ်သူလို ချစ်တာ မဟုတ်ဘဲ စိတ်ထဲမှာ ထင်ကြတာလည်း ဖြစ်နိုင်တယ်တဲ့"

"မဖြစ်နိုင်ဘူး၊ ဘွားက ဒီအသက် ဒီအရွယ်ကျမှ ကဗျာတွေ ဆန်နေပြန်ပါပြီကွာ"

"မေမေကတောင် ပြောသေးတယ်၊ ဘွားကို၊ မေမေစည့် စကားက ဝတ္ထုတွေကလိုပဲဆိုလို့ ဘွားတောင် ရယ်သေးတယ်"

ဘွားဒေါ်အိမ်စည်ကို သားသမီးတွေက "မေမေ"ဟု ခေါ်၏။ တူ၊တူမအရင်းတွေ တစ်ဝမ်းကွဲတွေ အားလုံးက အန်တီ၊ ဒေါ်ဒေါ်၊ ကြီးကြီး စသည်ဖြင့် ခေါ်ရမည့်အစား "မေမေစည်"ဟု ခေါ်ကြ၏။ တူ၊တူမ ဆွေမျိုးစု အဝန်းအဝိုင်းကြီးမှာ ကိုယ့်အမေနှင့် အဒေါ်ကြီးကြီးမှန်သမျှသည် အားလုံး "အမေ"ချည်းဖြစ်၏။ မေမေနှင့် အဖျားဆွတ်နာမည်တစ်လုံး တွဲဖက်ကာ မေမေစည်၊ မေမေစိုး၊ မေမေသူ ဟုခေါ်၏။ ကိုယ့်မိခင်ရင်းကိုသာ မေမေခေါ်သည်။ ဦးလေးတွေ ဘကြီးတွေကျတော့လည်း ထို့တူပင်။ ဖေဖေနှင့် အဖျားဆွတ် နာမည်တစ်လုံးတွဲလျက် ဖေဖေဘယ်သူ၊ ဖေဖေဘယ်ဝါ စသည်ဖြင့် ခေါ်၏။

ချွေးမတွေ သမက်တွေ ရလာသည့်အခါမှာ ချွေးမတွေ၊ သမက်တွေက တူ၊တူမတွေခေါ်သလို မေမေစည်ဟု လိုက်ခေါ်၏။

"မပြောနိုင်ဘူးတဲ့၊ ဘွားက ဒီနှစ်ယောက်က ငယ်ငယ်ကတည်းက သိပ်ချစ်ကြတာ၊ အခုလည်း ချစ်ကြတာဟာ ချစ်သူလို ဖြစ်ချင်ဖြစ်မယ်၊ သွေးသားရင်းချာလို ချစ်နေမိတာကို ချစ်သူလို ချစ်နေတယ်လို့ ထင်တာဖြစ်ချင် ဖြစ်နေမယ်တဲ့၊ အိမ်ထောင်ရေးဆိုတာ အမှားအယွင်း မခံနိုင်ဘူးတဲ့ ...

"ဘွားတို့မျိုးရိုးမှာ လင်ကွဲမယားကွဲ မရှိဘူး၊ သေမင်းခွဲမှပဲ ကွဲကြတယ်၊ ရှင်လျက်နဲ့တော့ မကွဲကြဘူးတဲ့၊ ဒါဟာ လက်မထပ်ခင်ကတည်းက တစ်ယောက်နဲ့ တစ်ယောက် သေသေချာချာ လေ့လာပြီးမှ ဆုံးဖြတ်ကြခဲ့လို့ ဖြစ်တယ်တဲ့ ...

"အခု ကိုကိုနဲ့ဇင်လေးလည်း တစ်ယောက်အကြောင်း တစ်ယောက်သိအောင် လေ့လာဦး၊ ဆုံးဖြတ်ဦးတဲ့၊ စေ့စပ်တာ လွယ်တယ်၊ စေ့စပ်ကြောင်းလမ်းခြင်း ဖျက်သိမ်းတယ် ဆိုတာမျိုး မဖြစ်ချင်ဘူးတဲ့"


www.burmeseclassic.com

www.burmeseclassic.com

"ကျွတ် ... ဘာလို့ဖြစ်ရမှာလဲကွ၊ ကိုကိုနဲ့ ဇင်လေးကြားမှာ တစ်ယောက်အကြောင်း တစ်ယောက်မသိတာ ဘာရှိသေးလို့လဲကွာ၊ မွေးကတည်းက လည်ပင်းဖက်ကြီးလာကြတာ၊ ဘာအတွက်နဲ့ စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းရမှာလဲ"

"လက်ထပ်ပြီးမှ ကွဲကြကွာကြဆိုရင် ပိုဆိုးသေးတယ်တဲ့"

"မကွဲဘူး ... သေမင်းခွဲမှကွဲမယ်၊ ရှင်ကွဲဆို ဘယ်တော့မှ မကွဲစေရဘူး၊ စေ့စပ်ကြောင်းလမ်းခြင်းလည်း မဖျက်သိမ်းဘူး၊ ကိုကို ကျိန်မှယုံမယ်ဆိုရင် ကျိန်ရမလား ... ကဲ"

"အို ... ကိုကို"

ဇင်လေးက ကိုကို့နှုတ်ခမ်းကို သူ့လက်ဖဝါးလေးနှင့် လှမ်းပိတ်၏။

"မကျိန်ပါနဲ့ ကိုကို"

"ဇင်လေးကပါ ဘွားဘက်သားဖြစ်ပြီး မယုံသင်္ကာစိတ်တွေ ဝင်နေတော့ ကိုကို ဘယ်စိတ်ကောင်းမလဲ၊ ကိုကို ဇင်လေးကို သိပ်ချစ်တာ ဇင်လေး မယုံဘူးလား၊ ကိုကို့ကို မယုံဘူးလား ဇင်လေးရာ၊ ကိုကိုဟာ အဲဒီလိုကောင်စားမျိုးလား"

"ကိုကို့ကို ယုံပါတယ်၊ ဇင်လေး မယုံတာက ကံကြမ္မာကိုပါ၊ ကံကြမ္မာဆိုတာ လှည့်စားတတ်တဲ့သဘော ရှိပါတယ်၊ အခု ဖြူနေပေမယ့် တော်ကြာကျ ညိုချင်ညိုသွားတတ်တာပါ၊ ဖြူမှာ ညိုမှာကို ဘယ်သူမှ ကြိုမသိနိုင်ပါဘူး ကိုကို"

"ဖြစ်ကို မဖြစ်စေရဘူးကွာ"



"ဇင်လေးယုံပါပြီ ကိုကိုရယ်၊ ဇင်လေးနဲ့ ကိုကိုနဲ့ လေ့လာချိန်ယူနေတယ်လို့ သဘောမထားပါနဲ့၊ ဘွားတို့က မြန်မာ့ထုံးတမ်းစဉ်လာကို ထိန်းသိမ်းတဲ့အတွက် ကိုကိုနဲ့ဇင်လေးက လိုက်နာဆောင်ရွက်ပေးရတယ်လို့ သဘောထားပေးပါ"

"ဇင်လေးကွာ၊ တစ်ဖက်သား နားဝင်အောင် တော်သော် ပြောတတ်တယ်နော်၊ ဇင်လေး ပြောပုံလေးကို ချစ်တာနဲ့၊ ကိုကိုက ဇင်လေးစကား နားထောင်လိုက်ရပြီ၊ ဒီလိုအပြောကောင်းပုံနဲ့ဆိုရင် လက်ထပ်ပြီးတဲ့အခါမှာ ကိုကိုဟာ ဇင်လေးလက်ခုပ်ထဲကရေ ဖြစ်ရတော့မှာပဲ"

"အမယ် ... တကယ်ဆိုရင် ဇင်လေးက ထ,ကမှာ"

"က ... အခု က,တော့၊ ပတ်ဗေတိုးပုံ ... ပတ်ဗေတိုးပုံ ... ဗေးဗေးတပ် ပေး ... တပ် ... ဗေတိုးတပ် ... ဗေတိုးတပ်"

"သွား ... ဘာတွေမှန်းလဲ မသိဘူး"

ဒီတစ်ကြိမ် ဇင်လေးက တွန်းတော့ တွန်းဝ‌ကာက နည်းနည်း၊ လဲတာကများများမှာ ကိုယ့်ဘာသာ မလဲဘဲ ဇင်လေးကိုပါ ဆွဲချသွားတော့၏။

"ကဗျာလွတ်ဆိုင်းလေ ... ဒါတောင်မသိဘူးလား ‌တေ့းမ"

ကိုကို ရယ်မောနောက်ပြောင်နေပေမယ့် ဇင်လေးက မျက်နှာလေးရဲရဲနှင့် ကျုံးရှုန်းထလေ၏။

"ကိုကိုရေ ... ဇင်လေး တစ်ခုပြောပါရစေ"

"ဟောဗျ ... ဇင်လေး ဘာဖြစ် ..."

"ကိုကိုနဲ့ ဇင်လေးဟာ အရမ်းလည်းချစ်ကြတယ်၊ လူကြီးတွေ ကြည်ဖြူတော့လည်း အခွင့်အရေးက သိပ်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့လေ ဇင်လေးတို့ရတဲ့ အခွင့်အရေးကို ချေတာရအောင် ကိုကိုရယ် နော်"

"ဆောရီး ဇင်လေး၊ ဇင်လေး ဒီလိုပြောတော့ ကိုကို ရှက်တောင် ရှက်သွားပါတယ်၊ ဇင်လေးနဲ့ လက်ပွန်းတတီးနေခဲ့တာဟာ ခုမှ မဟုတ်တာ၊ ဇင်လေးဟာ ကိုကိုကုန်းပိုးခဲ့ဖူးတဲ့ကလေးပါ၊ ကိုကို့မှာ ဇင်လေးအပေါ် အသားယူလိုစိတ်၊ မတော်မတရားစိတ်ဆိုရင် တစ်မှုန်တစ်စက်တောင် မရှိဘူး၊ ကိုကို့စိတ်ထဲမှာ ဇင်လေးကို လက်ထပ်ချင်နေတာတောင် တစ်ခါ တစ်ခါ ကိုယ့်ညီမလေးလို စိတ်ထဲဖြစ်နေတာပါ"

"ဇင်လေး စကားမှားသွားရင် ခွင့်လွှတ်ပါနော်"

"မမှားပါဘူး၊ ဇင်လေးက လိမ္မာတာပါ၊ ကိုကို နောက်ဆိုဆင်ခြင်ရမှာပေါ့"

"ဒါဖြင့် ဇင်လေးရဲ့ လက်ခုပ်ထဲက ရေစက်လေးရေ၊ ဇင်လေး သွန်လိုက်ပြီ၊ မှောက်လျက်လဲပေတော့"

"ဒါတော့ မရဘူး ကျောင်းအစ်မရေ၊ ဒီနားက သဲကနည်းနည်းအစိုဓာတ်ရှိနေတယ်၊ အကျီပေသွားရင် လျှော်ပေးမယ့်သူ မရှိသေးဘူးဗျ"

"ဇင်လေး လျှော်ပေးမှာပေါ့ ကိုကိုရယ်"

"လျှော်တတ်လို့လား၊ ဘာလဲ အဝတ်လျှော်စက်ထဲ ထည့်လှည့်မှာလား"

"အမယ် ... အထင်သေးလိုက်တာ၊ ဘွားအဝတ်အစားတွေဆို ကုသိုလ်ယူချင်လို့ ဇင်လေး လျှော်တာ၊ လက်နဲ့"

"ထမင်းရော ချက်တတ်ပြီလား"



"မေးစရာလား၊ တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီ၊ မိန်းကလေး ဒီအရွယ် ထမင်းမချက်တတ်ရင် ဘွားရိုက်တာနဲ့ ကျောပုပ်နိုင်တယ်၊ ကိုကိုကလည်း ဘွားအကြောင်း သိသားနဲ့၊ အတူနေတဲ့မြေးမို့ ပိုပြီးတော့တောင် ဘွားကို ကြောက်ရသေးတယ်"

"တခြား ဘာတတ်သေးလဲ"

"စက်လည်း ချုပ်တတ်တယ်၊ ပုတီးစေ့လေးတွေ ဆော်ကြယ်လေးတွေ ပုလဲလုံးလေးတွေ အကျီလုံချည်တွေမှာ ထိုးတတ်တယ်၊ ထိုးရတာလည်း ကြိုက်တယ်"

"ပြီးတော့ရော"

"အကုန်တတ်တယ်"

"အကုန်တတ်ပြီးရင် တတ်ဖို့တစ်ခု ကျန်သေးတယ်"

"ဟင် ... အကုန်တတ်ပါပြီဆိုမှ"

"တစ်ခုကျန်ပါတယ်ဆိုမှ"

"ဘာကျန်လဲ"

"ကိုကို့ကို ချစ်တတ်ဖို့"

"အမယ် ... အဲဒါက ဘွားမသင်ရဘဲ တတ်တဲ့ပညာ"

"အချွဲစားလေးကွာ၊ ဖနောင့်နဲ့ ပေါက်လိုက်ရ"

ကိုကိုက ဖနောင့်နှင့် ပေါက်မည်ဆိုတာက အပြောပဲဖြစ်၍ ဇင်လေးက ကိုကို့ကို ဆွဲစိတ်ပစ်လိုက်တာက လက်တွေ့ဖြစ်တော့သည်။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၄

ကွယ်လွန်ခဲ့ရာပြီဖြစ်သော ဘိုးဘိုးအတွက် ဆယ်နှစ်မြောက် ဆွမ်းကျွေးပွဲကို ဘွားက ဘိုးဘိုး ကွယ်လွန်ချိန်သက်ရော့၊ သံဃာတော်ခုနစ်ဆယ့်နှစ်ပါးတိတိပင့်လျက် အိမ်မှာ ဆွမ်းကပ်သည်မို့ သားသမီးမြေးမြစ်၊ တူ၊တူမတွေ ဘွားအိမ်မှာ စုဝေးဆုံစည်းကြလေ၏။

"ဘိုးဘိုးဆုံးတော့ ခုနစ်ဆယ့်နှစ်နှစ်ဆိုတော့ အဲဒီတုန်းက ဘွားက အသက်ဘယ်လောက်လဲ"

ဖင်လေးတို့ ရွယ်တူမြေးအုပ်စုဆိုတော့ မြေးအရင်းတွေ မြေးတစ်ဝမ်းကွဲတွေ၊ အများစုမှာ မိန်းကလေးတွေဖြစ်လျက် စုဝေးမိကြ၏။ မြေးယောကျ်ားလေးတွေက မစုဝေးဖြစ်ဘဲ ဟိုတစ်ယောက် ဒီတစ်ယောက် ဆိုသလို ရှိနေ၏၊ ဖင်လေးတို့မိန်းမသားအုပ်စု၊ မတိမ်းမယိမ်း ဆွေမျိုးဝမ်းကွဲတွေနှင့်အတူ ကိုကိုတို့ဆွေမျိုးစုဘက်မှ မတိမ်းမယိမ်းရွယ်တူ မိန်းမသားတွေလည်း ရှိနေသည်မို့ မိန်းမဝိုင်းက တော်တော်ကြီးလျက် စုစုပေါင်း ဆယ့်



ရှစ်ယောက်တောင်ရှိသည်။ မိန်းမသားတွေမို့ စကားမရှိစကားရှာ၊ သူက ဝင်ပြော၊ ငါက ဝင်ပြော၊ လုပြောနှင့် ဆူညံကာ ပျော်စရာလည်းကောင်း၏။

"ဘိုးဘိုးနဲ့ ဘွားကဲ နှစ်နှစ်ပဲကွာတာ၊ ဘွားက အဲဒီတုန်းက ခုနစ်ဆယ်"

"ခုနစ်ဆယ်မှ မုဆိုးမဖြစ်ရတယ်ဆိုတော့ အိုအောင် မင်းအောင် ပေါင်းရတယ်ဆိုတဲ့အထဲမှာ ပါတာပေါ့နော်"

"ခု ... ဘွားက. ရှစ်ဆယ်လား"

"အင်းလေ ... မကြာခင်ပြည့်မှာ၊ နှစ်လကျော်ပဲလိုတယ်၊ အဲဒီခါကျ ဘွားက မွေးနေ့ကို အကြီးအကျယ် လုပ်မယ်တဲ့"

"ဟော့ ... မြေးတွေကိုလည်း မုန့်ဖိုးတွေပေးမှာ၊ တစ်ယောက် ဘယ်လောက်ဆိုလား"

"ကျုပ်ကြားတော့ တစ်ယောက် ရွှေတစ်ကျပ်သားဆို၊ တောက် ... ကွာ ... နာတာပဲ ဘွားမြေး မဖြစ်ရတာ"

"ရွှေတစ်ကျပ်သား ပေးနိုင်ပါ့မလား၊ မြေးတွေက အများကြီး၊ တူ တူမတွေကမွေးတဲ့ မြေးတွေပါဆိုရင် ယောကျ်ားရော မိန်းမပါ ဘယ်နည်းလိမ့်မလဲ"

"ကျန်တဲ့မြေးတွေတော့ ရွှေတစ်ကျပ်သား မသေချာဘူး၊ ဘွားရဲ့အချစ်ဆုံး မြေးမကတော့ စိန်နားကပ် သေချာတယ်"

"ဖင်လေးလား"

"ဟာ ... မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မမထက်မြက်လေကွာ၊ ရှင်တို့ မသိကြဘူးထင်တယ်၊ ဘွားရဲ့သမီးအကြီးဆုံးက မွေးတာ၊ မြေးမတွေထဲမှာ အကြီးဆုံးမြေးဦး၊ ဘွားက သိပ်ချစ်တာ၊ ဒါတောင် အတူ မနေရလို့"

"ဪ ... နိုင်ငံခြားက မြေးဆိုတာ"

"အေး"

"လန်ဒန်မှာနေတာလေ၊ အိမ်ထောင်ပြုတော့မယ်၊ အဲဒါ ဘွားမွေးနေ့ကို သူရောက်အောင် ပြန်လာတက်မယ်"

"ဟော့ ... ကျုပ်ကြားတဲ့သတင်းကတော့ မကောင်းဘူး"

"တိုးတိုးပြော ကျုပ်လည်း ကြားတယ်၊ ဘွားကြားရင် စိတ်ဆိုးမှာ"

"ဘွား သိပြီးပြီတဲ့"

"မဟုတ်ဘူး၊ ကျုပ်တို့ပြောနေတာ ကြားသွားရင်၊ ပြောရ ကောင်းလားဆိုပြီးရိုက်မှာ၊ ဘွားက ဒါမျိုးနည်းနည်းမှ မကြိုက်ဘူးလေ၊ ဒီမြေးမကြီးကျမှ ခွင့်လွှတ်တာလားလည်း မသိပါဘူး"

"ဘာဖြစ်လို့လဲ"

"စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းပစ်လိုက်လို့"

"ယောကျ်ားလေးဘက်ကလား"

"မမထက်မြက်က"

"ဟောတော့ ... ဘယ်လိုဖြစ်တာလဲ"

"မပြောချင်ဘူး"



မပြောချင်ဘူး ဆိုသည်မှာ စစ်စစ် အားရပါးရပြော တော့ဖို့ အရှိန်ယူခြင်းသာဖြစ်၏။

မမထက်မြက်၏သတင်းကို ဖောက်သည်ချသူက အန်တီကြီး ဒေါ်မြင့်မြဝ့်ခင်၏သမီး၊ အိမ်ထောင်မကျသေးသူ သမီးအပျို မေကြည်ဖြူထွန်း ဖြစ်၏။ ဇင်လေးက မျက်လုံးအဝိုင်း သားနှင့် နားထောင်သမားဖြစ်သည်။ မမထက်မြက် အကြောင်းကို ဇင်လေး လုံးဝမသိပါ။ လူချင်းတောင် နှစ်ခါလားပဲ တွေ့ဖူးပြီး ခတ်ပုံတွေသာ တစ်နှစ်မှာ သုံးခါလောက်ပို့၍ (ဘွားပို့ခိုင်းသော ကြောင့်) ခဏ ခဏ တွေ့ဖူးနေသည်။

"ကျုပ်လည်း ကြားတယ်"

မမထက်မြက်အကြောင်းကို နောက်တစ်ယောက် သိသူက ဘွားတူမမွေးသောသမီး၊ မြေးတစ်ဝမ်းကွဲ ခက်လက်ဝေ ဖြစ်၏။ ခက်လက်ဝေ၏အဘွားသည် ဘွားနှင့်သမီးယောက်မ တော်၏။ ခက်လက်ဝေ၏အဘိုးက ဘွားမောင်အရင်းဖြစ်သည်။ မျိုးဆက်ကြီးတစ်ခုကို တည်ဆောက်လျက် အရှိန်အဝါကြီးဖွာ တစ်ဦးတည်းသြဇာညောင်းချင်သူ (ပုထုဇဉ်ဖြစ်နေသေးသည်မို့) ဖြစ်အောင်ကြိုးစားခဲ့သည်။ ဖြစ်လည်း ဖြစ်ထွန်းခဲ့၏။ မောင်တွေ ညီမတွေမှာ ဘွားသြဇာတည်ကြရ၏။ တချို့မတ်တွေ ယောက်မ တွေက ဒါကို မကျေနပ်ချင်ကြပါ။ ဘယ်လောက် စည်းရုံးသည့် မျိုးကျူးဖွယ်၊ အပြစ်မဲ့ဆွေမျိုးစုကြီးပင်ဖြစ်စေ၊ လောကီသားတွေမို့ စိတ်သဘောချင်း မတိုက်ဆိုင်၊ အခန့်မသင့်သည့်အလျောက် ငြိုငြင်မှုလေးတွေ ရှိကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ အတာတ်နိုင်ဆုံး ဖုံးဖိလျက် အပြစ်မဲ့အောင် နေကြ၏။ ကိုယ့်အိမ်ကိုယ့်ရာ ကိုယ့်မိသားစုထဲကျတော့ မကျေနပ်မှုတွေကို ဖွင့်ဟသည်။ သားသမီးသိတော့ မြေးတွေပါသိပြီး တချို့မြေးတွေက ဘွားအပေါ် အမြင်မကြည်လင်တာတွေ ရှိလာရပြီဖြစ်ပါသည်။ ဒါကို ဘွားကလည်း သိ၏။

"လူတကာ အားကျအတုခိုး၊ ချီးကျူးခံရတဲ့ မျိုးဆက်ကြီးကို စဉ်ဆက်မပြတ်ဖြစ်အောင် ထိန်းသိမ်းချင်ပေမယ့် မျိုးဆက်သုံးဆက်လောက်မှာ အက်သံပါလာပြီ၊ မြစ်တွေလက်ထက်လောက်ကျရင်တော့ ပြဿနာတွေနဲ့၊ ဝါးအစည်းပြေသလို ပြေတော့မှာပဲ"

ဟု ပြောခဲ့၏။

ခက်လက်ဝေက မြေးထဲတွင် ဘွားကို မကျေနပ်လှသော မြေးတစ်ဝမ်းကွဲဖြစ်၍ ဘွားအကြောင်း ပြောချင်၏။ မေကြည်ဖြူထွန်းကတော့ မြေးရင်းဖြစ်၏။ ဘွားကို မကျေမနပ်မရှိလှပေမယ့် သူက စကားပြောရတာ ဝါသနာပါ၏။ သူသိထားသော အကြောင်းအရာတစ်ခုကို သူမှတစ်ဆင့် လူတော်တော်များများထံ ဆင့်ပွားလိုက်ရတာကို ဝါသနာပါ၏။ မေကြည်ဖြူထွန်းက မိခင်မှတစ်ဆင့် ကြားထားရသည့်သတင်း (မမထက်မြက်သတင်း)ကို ဖြန့်ဖြူးချင်နေသည်။ ခက်လက်ဝေကတော့ ဘွားနှင့် မကြည်လင်လှသည်မို့ကို ဘွားအချစ်ဆုံးမြေးမ၏ နာပျော်ဖွယ်မဟုတ်သောသတင်းကို စကားတစ်ခုလုပ်ပြီးတော့ကို ပြောချင်တာဖြစ်တော့၏။

"မမထက်မြက်ကိုတော့ ရှင်တို့ သိကြတယ်မှလား"



"သိတယ်၊ နာမည်ကိုက မမထက်မြက်ဆိုတော့ ကိုယ့်ထက်ကြီးလို့ အစ်မခေါ်ရာ မရောက်ဘဲ သူ့နာမည်ကို ဒီတိုင်းခေါ်ချသလို ဖြစ်နေတာ"

"ကျုပ်တော့ မမထက်လို့ ခေါ်တယ်"

"သုံးဆယ်ကျော်ရောပေါ့"

"မကျော်သေးဘူး သုံးဆယ်ထဲမှာတဲ့၊ ပြည့်တော့မယ်၊ ဘွားမွေးနေ့နဲ့ မတိမ်းမယိမ်း ဆိုလားပဲ၊ တစ်ယောက်က ရှစ်ဆယ်၊ တစ်ယောက်ကသုံးဆယ် မတိမ်းမယိမ်းပြည့်ကြမှာ"

"သူက အရမ်းခေတ်ဆန်တယ်ဆို"

ပြောသူမှာ မေကြည်ဖြူထွန်းနှင့် ခက်လက်ဝေတို့နှစ်ယောက်တည်းမကတော့ပါ။ လေးငါးယောက်လောက်က တစ်ယောက်တစ်ယောက်နှင့်ဝိုင်းပြော၊ ကျန်သည့်သူတွေကနားထောင်၊ မေးခွန်းထုတ်သည့်သူက ဝင်ထုတ်နှင့်၊ စကားဝိုင်း၏ခေါင်းစဉ်မှာ "မမထက်မြက်အကြောင်း သိကောင်းစရာများ"ဖြစ်သွားရတော့သည်။

"မဆန်ဘဲနေမလား၊ ပေါက်စနတည်းက အင်္ဂလန်ရောက်သွားတာ"

"ဒီလိုပဲ ပေါက်စကတည်းက ရောက်သွားပြီး မြန်မာပုံစံမပြောင်းတဲ့သူတွေလည်း ရှိပါတယ်ကွာ၊ သူကိုက လူတင်ပါလို့ နွားကျားကိုက်တာပါ"

"ဟဲ့ ... ဘာဖြစ်လို့လဲ၊ ဓေစပ်ပွဲပျက်တာ ဒီလောက်မဆိုးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com


"သတို့သားလောင်းက မြန်မာပဲလား"
"မြန်မာပဲ၊ လန်ဒန်ရောက်တာ မကြာသေးဘူး၊ မြန်မာ့မိရိုးဖလာထုံးစံ အရိပ်ထဲမှာပဲရှိတုန်း ပညာတတ်၊ ကျောင်းသွားတက်တာ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ဘွဲ့ တစ်ခုခုပဲ၊ ဘာလဲတော့ မပြောတတ်ဘူး"
"အင်း"
"သူက ဘာလဲမသိဘူးဟာ၊ ယောကျ်ားတွေ သူ့ကိုမြင်ရင် မကြိုက်ဘဲ မနေနိုင်ဘူးတဲ့၊ အရမ်းဆွဲဆောင်မှုအား ကောင်းတယ် ဆိုလား"
"ဘယ်သူလဲ"
"ဟာ ... ဘယ်သူရှိရမလဲ၊ မမထက်မြက်ကို ပြောတာ"
"အင်း ... ပြောပါဦး"
"သူ့ကိုကြိုက်တဲ့ မြန်မာအမျိုးသားက သေလုအောင်ကြိုက်တာဆိုပဲ၊ သူ့ကိုမရရင် သေမလောက်ပဲ၊ အရမ်းလိုက်တော့ နောက်ဆုံးမှာ မမထက်မြက်က ပြန်ကြိုက်လိုက်တယ်တဲ့"
"စေ့စပ်ပွဲဖျက်တာ အဲဒီလူနဲ့လား"
"နားထောင်ကွာ ဖြတ်မမေးနဲ့၊ ဘဘဦးထက်မြက်နဲ့ အန်တီကြော့ကလည်း သဘောတူတယ်၊ လူက လူကောင်းတဲ့၊ သဘောတူတာမှ တော်တော်တူတာ၊ မမထက်မြက်ရဲ့အစ်ကိုကိုဦးထက်မြက်က အိမ်ထောင်ကျပြီးပြီလေ ဘိုမနဲ့၊ မိဘဆိုတော့ သမီးကို မြန်မာယောကျ်ားနဲ့ ရစေချင်တယ်၊ မမထက်မြက်ကိုလည်း နားချတော့ ခေါင်းညိတ်တယ်၊ အဲဒီလူရဲ့မိဘတွေက ရန်ကုန်မှာ၊ အဲဒါ ရန်ကုန်ကမိဘတွေက လန်ဒန်လိုက်သွားပြီး အန်တီကြော့တို့ဆီမှာ သမီးတောင်းရတာတဲ့"
"သူတို့ဘာသာသူတို့ သွားလည်ချင်တာလည်း ပါမှာပါကွာ"
"ပြောတတ်ဘူး၊ စေ့စပ်ကြောင်းလမ်းပြီးမှ ပြန်လာတယ်၊ တကယ်ဆို တစ်ခါတည်း လက်ထပ်ပေးခဲ့မလို့၊ မမထက်မြက်က မယူနိုင်သေးဘူးဆိုလို့"
"ဘာဖြစ်လို့လဲ"
"သတို့သားလောင်းဟာ သူ့ဆီမှာ အကြိမ်ကြိမ် ကျရှုံးနေလို့တဲ့ကွာ၊ အချစ်တစ်ခု ရဖို့အတွက် လက်ညှိုးထောင်ခေါင်းညိတ် လုပ်နေတဲ့ ယောကျ်ားတစ်ယောက်ကို အထင်မကြီးနိုင်လို့တဲ့"
"ဒါဖြင့် အစက ဘာဖြစ်လို့ လက်ခံသေးလဲ"
"ပြောတတ်ဘူး"
"လူကောင်းသူကောင်းအဖြစ် ရွေးချယ်တာ ဖြစ်ရင်ဖြစ်မှာပေါ့၊ ဦးနှောက်နဲ့လေ"
"ပြောတတ်ဘူး"
"မမထက်မြက်က ပါတီတွေ ဘာတွေသွားရင် အဲဒီလူက မကြိုက်ဘူး၊ မသွားဖို့ ပြောတာများ မထက်မြက် ထိုင်နေတဲ့ ကုလားထိုင်ရှေ့မှာ ကြမ်းပြင်မှာ ဒူးထောက်ပြီးတော့ကို တောင်းပန်တာတဲ့"

www.burmeseclassic.com



"ဒီလူကလည်း ညွှဲ့လိုက်တာ၊ ကျုပ်အစ်ကိုသာဆိုရင် ရိုက်သတ်တယ်"

"ရှင့်ရည်းစားက အဲဒီလိုလုပ်ရင်တော့ ရှင်ကျေနပ်မှာ မဟုတ်လား"

"အေး"

"မမထက်မြက်ကကျတော့ အဲဒါကို အထင်သေးသတဲ့၊ ယောကျ်ားဆိုတာ အိမ်ဦးနတ်ဖြစ်ရမယ့်သူတဲ့၊ ဦးစီးရမယ်၊ ခေါင်းဆောင်ရမယ်တဲ့"

"ဒါဆိုလည်း အဲဒီလူကို အကြံပေးလိုက်ပါလား၊ မမထက်မြက်ကို ပြောမရရင် ရိုက်ပစ်၊ ဖနောင့်နဲ့ပေါက်လို့ ယောကျ်ားပီသစွာ ဦးစီးခေါင်းဆောင်လုပ်လို့"

"အဲဒီကျတော့လည်း ပြန်သတ်မှာ၊ သိတယ်မှလား၊ မမထက်မြက်က မိန်းမဖြစ်ပြီး အရပ်က ငါးပေနဲ့ ခုနစ်လက်မကွ၊ ဒီကြားထဲမှာ သုံးလက်မမြင့်တဲ့ဒေါက်ဖိနပ် အမြဲစီးတော့ ငါးပေနဲ့ဆယ်လက်မ ဖြစ်သွားရော၊ မားမား ... မားမားနဲ့တဲ့၊ ဗလလည်း တောင့်တယ်တဲ့"

"ကြောက်စရာကြီးလား"

"မိန်းမဘသားကြီးနေမှာပေါ့"

"မိန်းမဆိုတော့ ဘသမီးမဟုတ်ဘူးလား"

"ပြီးတော့ သူ့အတွက်ချည်း သူကြည့်တယ်တဲ့၊ အရမ်းအတ္တများတယ်တဲ့၊ ဘယ်သူ့မှ သည်းညည်းမခံဘူးတဲ့"

"ပါးစပ်လည်း သရမ်းတယ်ဆို"



"အေး ... ပြောပစ်လိုက်မလားဆို တုတ်ထိုးအိုးပေါက်တဲ့၊ ဘယ်သူ့မှ အားမနာဘူးတဲ့၊ မှန်တယ်ထင်ရင် ဘယ်သူ့စကားမှ နားမထောင်ဘူးတဲ့၊ သူ့ကို ဘယ်သူမှ ဆရာလုပ်တာ မကြိုက်ဘူးတဲ့"

"ဒါဆို ဘွားက ဘာဖြစ်လို့ ချစ်တာလဲ"

"ကျုပ်တို့မြင်သလိုမှ ဘွားကမမြင်ဘဲ၊ သူ့မြေးမကြီးက သတ္တိကောင်းတယ်တဲ့၊ နာမည်နဲ့လိုက်အောင် ထက်မြက်တယ်တဲ့၊ ဖြောင့်တယ်တဲ့၊ မလိမ်မညာတတ်ခြင်းဟာ လူတိုင်းမှာ အလွန်တွေ့ခဲတဲ့ အရည်အချင်းတဲ့၊ တော်တော်ကောင်းတယ်ဆိုတဲ့ လူတွေတောင် အဖြီးနဲ့အညာကို လွယ်လင့်တကူ သုံးစွဲတတ်ကြတယ်တဲ့ ...

"ဒီမြေးမက အလွန်မှန်ကန် တိကျပြီး ဖြောင့်မတ်ဆိုပဲ၊ မိန်းမသားတစ်ရာမှာ တစ်ယောက် တွေ့ရခဲတဲ့ အရည်အချင်းတဲ့ကွာ ... အံ့ရော"

"ဟုတ်တော့လည်း ဟုတ်သလိုလိုပဲ"

"ဒါဖြင့် ယောကျ်ားတွေကို ဖမ်းစားတာကျတော့ရော ဘာအရည်အချင်းလဲ ... ကဲ"

"သတ္တိရှိရင် ဘွားကို သွားမေးပါလား"

မိန်းမအုပ်စုမှ ရယ်သံထွက်လာသောကြောင့် နေမင်းစစ်က လှမ်းကြည့်လိုက်၏။

ဆွမ်းကျွေးပွဲက ပြီးသွားချိန်မို့ မိန်းမသားတွေက အုပ်စုဖွဲ့ပြီး စကားပြောကြချိန်မှာ ယောကျ်ားသားတွေက ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ဆယ့်နှစ်ပါးကို ကားအစီးပေါင်းများစွာနှင့် (အလွန်ဆုံးမှ တစ်ကားလျှင်လေးပါး) ပြန်ပို့နေကြရသည်မို့ ခုချိန်ကျမှ ပြန်ရောက်ကြသည်။ ညှော်ခန်းကျယ်ကြီးမှာ ခါတိုင်းလို ဆိုဖာဆက်တီတွေမရှိ၊ ကော်ဇောသာ ခန်းလုံးပြည့်ခင်းထားသည်မို့ တုံးလုံးပက်လက်လှဲချသူချ။ အချို့ပွဲပန်းကန်ယူ စားသူစားနှင့် ယောကျ်ားအုပ်စုမှာ ခုမှ အနားရ၏။ နေမင်းစစ်က ကားမောင်းပြန်လာပြီး အိမ်ပေါ်တက်လိုက်ခြင်းမှာ ဇင်လေးကိုလည်း လှမ်းအတွေ့၊ ဇင်လေးအုပ်စုဝါးခဲနဲ့ပွဲကျသွားသည်မို့ ဇင်လေးတို့ဝိုင်းနားမှာပဲ သွားထိုင်လိုက်တော့သည်။

"မိန်းမခေါင်းသုံးလုံးဆိုင်ရင် အတင်းတဲ့၊ ခေါင်းပေါင်း ဆယ့်ငါးလုံး၊ အလုံးနှစ်ဆယ်ဆိုင်နေတော့ ဘာလဲဟေ့"

"လာ ... ကိုနေမင်းစစ်၊ ဒီမှာ စပါယ်ရှယ်လက်ဖက်ပွဲရှိတယ်"

ခေါ်သည့်သူက ခေါ်၏။

"မိန်းမဦးခေါင်းတွေ ဒီလောက်အများကြီးဆိုင်တော့ အတင်းအဖျင်းပေါက်ကွဲမှုကြီးတစ်ရပ် ဖြစ်ထွန်းပြီး အတင်းပလင်းတွေ မွှေလိုက်တာ၊ ဟာရီကိန်းတို့ စိုင်ကလုံးတို့ထက်ဆိုးလို့ ဘာမှန်တိုင်းလို့နာမည်တပ်ရရင် ကောင်းမလဲ စဉ်းစားနေတာ"

နေမင်းစစ်က ဇင်လေးနားမှာ ဝင်ထိုင်ရင်း သူ့ဆီတိုးပေးလိုက်သည့် လက်ဖက်ပန်းကန်မှ တစ်ဇွန်းခပ်စားလိုက်၏။

"ခေါင်းဆောင်က ကြည်ဖြူမှ ဟုတ်ရဲ့လား"



မကြည်ဖြူထွန်းက နေမင်းစစ်နှင့် ရွယ်တူ၊ တက္ကသိုလ်တက်စဉ်က အတန်းတူမို့ ရင်းနှီး၏။

"ဘယ်မှားလိမ့်မလဲ"

"ဒါဖြင့် ဟာရီကိန်း မဖြစ်တော့ဘူးပေါ့၊ ကြည်ဖြူကိန်းမုန်တိုင်း"

"ခက်လက်ဝေလည်း ပါတယ်"

"ဒါဖြင့် ခက်ကလုံးမုန်တိုင်း"

"ရှင်သာ ဇင်ကလုံးမုန်တိုင်းမိပြီး အနားကပ်ထိုင်မနေနဲ့"

မိန်းမသားတွေနှင့်အတူ ရောနှောရယ်မောကာ လက်ဖက်ပန်းကန်ကို မ,ယူလျက် နေမင်းစစ်က နံရံမှာ သွားမှီထိုင်လိုက်၏။

"ဟောတော့ ... ပန်းကန်ပါ မ,သွားပြီ၊ ဇင်နှလေး ... ရှင့်လူကို ပြောဦး"

"မပြောနဲ့ ဇင်လေး၊ ကိုကိုက ဇင်လေးပြီးရင် လက်ဖက်ကို အကြိုက်ဆုံး"

"ကြည့်လေ ... ပြောပုံက၊ ဒါဖြင့် လက်ဖက်ပန်းကန်ကျွန်မတို့ကိုပေး၊ ရှင်က ဇင်လေးကိုပဲ ကိုက်စားတော့၊ ပိုကြိုက်တယ်ဆို"

"ဟဲ့ ... ဇင်လေး၊ စကားနည်းလိုက်တာ၊ ညည်း ခုထိတစ်ခွန်းမှလည်း မပြောသေးပါလား"

ဇင်လေးက ရယ်နေ၏။

"ဇင်လေးရေ ... ကိုနေမင်းစစ်ကရော ဘယ်လိုပုံမျိုးလဲ၊ စောစောက ပြောတဲ့လူနဲ့ အမျိုးအစားချင်းတူလား"

www.burmeseclassic.com



"ဘယ်သူလဲ ... ဘယ်ကလူလဲ၊ ဇင်လေးကို ဘာဖြစ်လို့ ယှဉ်ခိုင်းနေကြတာလဲ၊ ပြိုင်ဘက် မလိုချင်ဘူးနော်၊ ခင်ဗျား တို့တွေ မြှောက်ပေးမနေနဲ့၊ အကုန်လုံး တစ်ချီတည်းသေ အောင် ဘရင်းဂန်းနဲ့ ဆွဲပစ်မှာ"

"အမယ်လေးတော် ... သဲသဲကလည်းလှုပ်မပါ၊ ကျွန်မတို့က မမထက်မြက်ရဲ့လူအကြောင်း ပြောနေတာ"

"နေပါဦး ... ခုတလော ခင်ဗျားတို့အုပ်စုမှာ တယ်လည်း အုန်းအုန်းကျွက်ကျွက် ဖြစ်နေပါလား၊ လူချင်းမဆုံလိုက်နဲ့ ဆုံလိုက်တာနဲ့ မမထက်မြက်ပဲ၊ ဘယ်လိုဖြစ်နေကြတာလဲ၊ တော်တော် ထက်မြက်လို့လား"

"သိချင်ရင် နားထောင်"

"သိနေပါတယ်၊ ဒီဝိုင်းမှာ ကြည်ဖြူပါကတည်းက မေး ခွန်းကလေး စပေးလိုက်ရုံနဲ့ ရာဇဝင်အူပေါက် အစအဆုံး နားထောင်ရတော့မယ်ဆိုတာ"

"ဒါဆို မပြောတော့ဘူး"

"နေဗျာ"

"ဘာလို့နေရမှာလဲ"

"ပြောဗျာ"

"ကြည့် ... ဇင်လေး၊ ညည်းလူကို ညည်းရိုက်မလား၊ ကျုပ် ဓားနဲ့ခုတ်ရမလား"

ရယ်သူက ရယ်၏။ နေမင်းစစ်နား သွားထိုင်သူက ထိုင်၏။ နေမင်းစစ် ဆိုတာ အစကတည်းက ဇင်မင်ရင်းနှီးပြီး



သား မဟုတ်လား။ မမထက်မြက် အကြောင်းကို တစ်ယောက် တစ်ပေါက် ပြောကြသည်။ စကားဆိုတာ လူတိုင်းပြောချင်ကြ သည့် အရာလေ။

"တော်ပါပြီဗျာ ... ခင်ဗျားတို့ဟာက အဆိုးမြင်တွေပဲ"

"ဒါ အဆိုးမြင် မခေါ်ဘူး၊ အရှိမြင်ခေါ်တယ်"

"ခင်ဗျားတို့ထဲမှာ အဲဒီ မမထက်မြက်ဘက်က ထောက်ခံ တဲ့သူ ရှိလား"

"ကြားနေတွေရှိတယ်"

"နေကြပါဗျာ ... မိန်းမချင်း အဆိုးမပြောကြပါနဲ့၊ ဘွား ပြောတာ ဟုတ်ပါတယ်၊ ဒီအမျိုးသမီးက သတ္တိကောင်းပြီး ထက်မြက်တာနေမှာပါ၊ ကိုယ်လုပ်ချင်တာ လုပ်တယ်ဆို တာကလည်း သူတစ်ပါးမထိခိုက်ရင် ပြီးရောပေါ့၊ လုပ်ခွင့် ရှိပါတယ်၊ ဒါ ကိုယ်ပိုင်အခွင့်အရေးပဲ၊ စကားကိုမညာဘဲ ဘွင်းဘွင်းပြောတော့လည်း မုသာဝါဒကံ မကျူးလွန်မိတော့ ဘူးပေါ့၊ ကောင်းပါတယ်"

"အမယ် ... ကိုနေမင်းစစ်လည်း ဇင်လေး ဝါဒီတွေ ရကုန်ပါရောလား"

"ဒါပေါ့ဗျာ၊ ပြီးတော့ ဒီအမျိုးသမီးဟာ ခင်ဗျားတို့နဲ့ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲလေ၊ ဆွေမျိုးအရင်းကြီး၊ အရင်းကြီး ဖြစ်ပြီး မြင်တောင်မမြင်ဘူးသေးတဲ့ လူတွေလည်း ပါသေး မဟုတ်လား"

"ရှိနွယ်က မမြင်ဖူးဘူးလေ ကိုကိုရဲ့"

www.burmeseclassic.com

www.burmeseclassic.com

ရီနွယ်ဆိုတာ နေမင်းစစ်၏ ဝမ်းကွဲညီမဖြစ်၏။

"ဒီဝိုင်းထဲမှာ နင်လည်း ပါလိုက်တာပဲလား"

"ကြားဖူးတာကိုး"

"ကိုယ် မြင်တောင် မမြင်ဘူးတဲ့ မိန်းမတစ်ယောက် အကြောင်းကို သတင်းကြားရုံနဲ့ အဆိုးအမြင် မဝေဖန်ကြပါနဲ့ဗျာ၊ ကိုယ်က အဆိုးလို့ သတ်မှတ်ထားတဲ့ အရာဟာ သူ့အတွက်ကျတော့ အဆိုးဖြစ်ချင်မှ ဖြစ်မှာပေါ့"

"ပြောရရင်တော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း ဆိုသလိုပဲ ကိုနေမင်းစစ်ရဲ့၊ သူက ဆန့်ကျင်ဘက်အမျိုးအစားတွေနဲ့လည်း ရှုပ်ရှုပ်ထွေးထွေးရှိတယ်၊ အဲဒီလိုရှိရတာကိုလည်း သူက အပြစ်လို့ မသတ်မှတ်ဘူး"

"ဆန့်ကျင်ဘက်ဆိုတော့ ယောကျ်ားတွေပေါ့"

"ဟုတ်တယ်"

"ကျွန်မတို့ဆွေမျိုးစု မိန်းမသားတွေဟာ ကိုယ်ကျင့်သိက္ခာကို အထူးတလည် ထိန်းသိမ်းစောင့်ရှောက်ကြရတယ်၊ ဟိုယောကျ်ားနဲ့တွဲ ဒီယောကျ်ားနဲ့တွဲ မလုပ်ရဘူး၊ တစ်သက်မှာ ချစ်သူကို တစ်ခါပဲရှာ၊ အဲဒီလူနဲ့ပဲ လက်ထပ်ရတယ်၊ ကျွန်မတို့က ဒီမှာ ဒီလိုထိန်းသိမ်းနေတဲ့ အချိန်မှာ သူ လုပ်ပုံက ဆွေမျိုးစုပဝါဖြူမှာ ရွံ့တစ်စက်စင်သလိုပဲ"

"အေးလေ ... ကျွန်တော် ပြောချင်တာက ခင်ဗျားတို့ သူ့ကို မျက်ဝါးထင်ထင် မတွေ့ရသေးဘူး၊ သတင်းကြားပဲရှိတယ်၊ အဲဒီသတင်းဟာ မှန်ချင်မှမှန်မယ်၊ သူဟာ ဆိုးချင်မှ ဆိုးမယ်၊ ကဲ ... တကယ်ပဲ ဆိုးပြီထားလိုက်ပါဦး၊ လူပဲ



ဗျာ ဘယ်သူလူဆိုးဖြစ်ချင်မလဲ၊ လူတစ်ယောက် ဆိုးပြီဆိုရင် သူ့မှာဆိုးလောက်အောင် ခိုင်လုံတဲ့ အကြောင်းလက်ခံရှိနေလို့ပဲ၊ သူ့အကြောင်းမျိုးထဲ ကိုယ်ရောက်ရင် ကိုယ်လည်း သူ့လို ဆိုးချင်ဆိုးဖြစ်သွားမှာ ...

"လူဆိုတာ လူလူချင်း စာနာပြီး ကိုယ်နဲ့နှိုင်းကြည့်ရတယ်၊ နားလည်ခွင့်လွှတ်ပေးရတယ်၊ လူဆိုးဆိုရင်တောင် လူကောင်းတွေက ဝိုင်းပယ်တာနဲ့စာရင် ကောင်းတဲ့ဘက်ကို ရောက်လာအောင် လက်တွဲခေါ်တဲ့နည်းက ပိုမှန်တယ်"

"အမယ်လေး ... ဆရာတော်ရယ် တရားလည်းဟောပါရဲ့၊ လက်ဖက်တစ်ပွဲလည်း ကုန်ပါပြီ"

"ကိုနေမင်းစစ် ... ရှင် အစက ဒီလောက်သဘောမကောင်းပါဘူး၊ ခုမှ ဇင်လေး အာဘော်တွေဝင်ပြီး သဘောကောင်းသွားတာမှလား၊ မှန်မှန်ပြော"

"ဖြစ်နိုင်တယ်ဗျ၊ ဇင်လေးဟာ အလွန်လည်း သိမ်မွေ့တယ်၊ နူးညံ့ဖြူစင်တယ်၊ အဖိုးတန်ဣန္ဒြေရှင်လေး ဖြစ်တယ်"

"တော်ပါတော့ ... သိပါပြီ"

"မတော်နိုင်သေးဘူး၊ ဒါတွေ ကျွန်တော်မြှောက်ပြောတာ မဟုတ်ဘူးဆိုတာ ခင်ဗျားတို့လည်း သိပါတယ်၊ ဇင်လေးဟာ သဘောကောင်း မနောကောင်း ဘာတစ်ခု ဝေဖန်စရာမရှိတဲ့ ပြစ်မျိုးမှဲ့မထင်ဘဲ"

"ရှင့်ဇင်လေးက လူမှဟုတ်သေးရဲ့လား၊ ဒီလောက်ကောင်းနေတော့ သိကြားမင်း မိဖုရားများ လူယောင်ဖန်ဆင်းထားတာလား"

www.burmeseclassic.com

www.burmeseclassic.com



ဇင်လေးကတော့ ရယ်၍သာနေ၏။

"ကျွန်တော် တကယ်ပြောတာပါ၊ ဇင်လေး အတုခိုးပြီး ဇင်လေး စိတ်ဓာတ်မျိုးရအောင် တမင်မွေးယူနေတာ၊ ကျွန်တော့်ပင်ကိုက သိပ်ကောင်းတာ မဟုတ်ဘူး"

"သိပြီးသားပါ"

"ကျွန်တော် သူတော်ကောင်းဖြစ်ဖို့ ကြိုးစားနေရတာ ဇင်လေးနဲ့ မတန်မှာစိုးလို့၊ ကျွန်တော် ဖြူစင်တဲ့ဘက်ကိုရောက်မှ ဇင်လေးနဲ့ လက်ထပ်ဖို့တန်မှာ၊ မဟုတ်ရင် သူက သူတော်ကောင်း၊ ကျွန်တော်က လူယုတ်မာဖြစ်နေရင် မခက်ပါလား ...

"ဇင်လေးပဲ စိတ်ဆင်းရဲရမှာ၊ သူ့ စိတ်မဆင်းရဲစေချင်ဘူး၊ သူ အခုလို ရယ်နေတာကြည့်လေ၊ ဘယ်လောက် ချစ်ဖို့ကောင်းလဲ"

"ကိုမင်္ဂလာ ... တော်ပါတော့၊ မင်္ဂလာကလည်း ယူပါ့"

"ဟော့ ... ကိုနေမင်းစစ်လို လူမျိုးကို မမထက်မြက် ဆိုရင် ဘယ်လိုဝေဖန်မယ် မသိဘူး"

"ရောက်လာရင် ပြောကြည့်လိုက်ပေါ့၊ ဝေဖန်ချက်ထွက်လာမှာပဲ"

"ကြည်ဖြူနဲ့ ခက်လက် တာဝန်ယူမှာ မဟုတ်လား"

နေမင်းစစ်က ဝင်မေးတော့ နှစ်ယောက်သားက မျက်စောင်းထိုးလေ၏။

"ဒါတော့ တတ်သည့်ပညာ မနေသာဆိုသလို တာဝန်ကျတော့လည်း မနွဲ့နိုင်ဘူးပေါ့"



"မြင်ယောင်တယ်၊ ကြည်ဖြူကိန်းနဲ့ ခက်ကလုံးမုန်တိုင်းတွေ မွှေတော့မယ်၊ ဘာတွေပြိုလဲ ကွဲပြိုကုန်မယ် မသိဘူး၊ ငွေရောင်ပိတ်ကားပေါ် ဆက်ကြည့်ရမလား၊ တိတ်ခွေမှာ ကြည့်ရမလား"

"ရှင့်ဘာသာရှင် မှန်းထဲကြည့်"

"ကြည့် ... ဦးမှာ"

ဝါးခနဲ ရယ်ဖြစ်လိုက်ကြပါ၏။

အဲသည်တုန်းက စကားတွေဟာ ရှေ့ပြေးနိမိတ်တွေများ ဖြစ်ခဲ့လေသလား။

ခုတော့ အဲသည် မမထက်မြက်က နေမင်းစစ်မောင်းသည့် ကားနောက်ခန်းမှာ ဘွားနှင့်ယှဉ်တွဲထိုင်လျက်၊ ဘွားလက်တစ်ဖက်ကို ဆွဲဖက်လျက် ပါလာခဲ့ပြီ။ သူ့ကို မြင်ဖူးလိုက်ချိန်မှာ ကြည်ဖြူကိန်းနှင့် ခက်ကလုံးတွေ မွှေစရာမလို၊ နေမင်းစစ်ဆိုသည့် ယောကျ်ားတစ်ယောက်၏ ရင်ထဲသို့ ဟာရီကိန်းနှင့် ဆိုင်ကလုံးအစစ်တို့ ဝင်မွှေသွားခဲ့ပြီ။ ဘာတွေပြိုလဲ ကွဲပြိုကုန်သလဲ ဆိုတာ ကိုယ့်ဘာသာ မှန်းထဲကြည့်ရမည်ထင်၏။

ပွဲကြွေစုတ်ပြတ်နေသော နှလုံးသားတစ်ခုကို မတွေ့ပါရစေနှင့်။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၅

ဘွားနှင့် ဇင်လေးတို့ကို အိမ်မှာချပေးခဲ့ပြီး ခြံထဲမှာ ရပ်ထားခဲ့သည့် ကိုယ့်ကားကိုယ် တက်မောင်းပြီး အမြန်ပြန်ချလာရာ ဘွားနှင့် ဇင်လေးကိုတောင် အနိုင်နိုင် နှုတ်ဆက်ခဲ့ရ၏။ စင်စစ် ... ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးလို့ပါ။ ထိုမိန်းမထံသို့ နောက်တစ်ကြိမ် ယောင်လို့မျှ လှည့်မကြည့်မိအောင် သတိထား၍ ထိန်းနေရသည် ဆိုကတည်းက ကိုယ်ဟာ သစ္စာမဲ့လူသား ဖြစ်ရပြီလေ။ ဘယ်လောက်ဆိုးဝါးလိုက်ပါသည့် အဖြစ်ပါလဲ။

"ကိုကို ပြန်မယ်၊ ဇင်လေးတို့ ဆွေမျိုးတွေစုပြီး ပြောကြဆိုကြနဲ့ အချိန်ယူရမှာ၊ ကိုကို နောက်မှ လာမယ်"

"ဟုတ်ကဲ့"... တဲ့။ ဇင်လေးဆိုသည့် ဇင်လေးကတော့ သူ့ရှေ့မှာ ကိုယ့်ချစ်သူတစ်ယောက်လုံး မျက်စိမျက်နှာပျက်နေတာလည်း ရိပ်မိပုံမပေါ်။ လူတိုင်းကို ကိုယ့်စိတ်နှင့်နှိုင်းလျက် ဖြူစင်မည် ရိုးသားမည်ချည်းပဲ ထင်ရှာ၏။

"ဇင်လေးအပေါ်မှာ တစ်သက်လုံး သစ္စာရှိမယ်၊ သေမင်းခွဲမှ ကွဲမယ်ဆိုတာ ကိုကို ကျိန်ပြရမလား"ဟု မေးဖူး၏။



"မကျိန်ပါနဲ့ ကိုကို"... တဲ့။

"ဇင်လေးက ကိုကို့ကို ယုံပါတယ်၊ ကံကြမ္မာကို မယုံတာပါ၊ ကံကြမ္မာဆိုတာ လှည့်စားတတ်တဲ့ သဘောရှိပါတယ် ကိုကိုရယ်"... တဲ့။

ကံကြမ္မာလှည့်စားပြီထင်တယ် ဇင်လေးရယ်။

နေမင်းစစ် ဆိုသည့် လူကောင်းတစ်ယောက်၏ စိတ်ကို ကံကြမ္မာက အရောင်ဆိုးခဲ့ပြီထင်၏။ ကိုယ့်ရင်ထဲမှာ ခုန်နေတာကိုပဲသိသည်။ ဘယ်သူသိသိ မသိသိ ကိုယ်သိ၏။ ဆွေမျိုးချင်းတွေ့ခိုက် လျှပ်တစ်ပြက် ပြုံးလိုက်သည့် သူ့အပြုံးက ကိုယ့်ရင်တွင်းပစ္စည်းတွေကို တိုက်စားဖွဲ့ခြွေယူသွားလိုက်တာ၊ ကိုယ့်မှာ ပုံရွဲ့စုတ်ပြတ်၍ ကျန်၏။ ဒါ ... ဘယ်သူ့ရဲ့အပြစ်လဲ၊ ဘယ်သူ့ကို အပြစ်တင်ရမလဲ။ လူဆိုတာ ပုထုဇဉ်မို့ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ချင်တိုင်း သူ့ကိုပဲတင်ချင်၏။

"ပြုစားတတ်တဲ့မိန်းမ"

ကိုယ့်မနောကံသည် ဇင်လေးအပေါ် အကြိမ်ကြိမ် သစ္စာဖောက်နေ၏။

"မျက်စိထဲက ထွက်ကိုမထွက်ဘူး ... အသည်းနှလုံးထဲ ခဏခဏမြင်နေတယ် ... ကိုယ်တစ်သက်လုံး မမုန်းအောင် မင်းအပြုံးထဲ ဘာထည့်ပြုံးသလဲကွယ်"... ဆိုသော သီချင်းကို ကြားယောင်၏။ ဆိုမိ၏။ ရှေ့ညီညီကို ကိုယ်ချင်းစာလိုက်မိသလို ရေးသားသူ ရှေ့မောင်မောင်ကို လေးစားချီးကျူးလိုက်၏။

မမထက်မြက် ... ခင်ဗျားအပြုံးထဲ ဘာထည့်ပြုံးသလဲ မေးချင်၏။

www.burmeseclassic.com

www.burmeseclassic.com



အဆိုတော် ဖြူညီသီချင်းတွေဆို ဟိုလွန်ခဲ့သည့် အနှစ် နှစ်ဆယ်ကျော်က ထွက်ခဲ့တာပေမယ့် မေမေက နှစ်ခြိုက်လွန်းစွာ ယခုထက်တိုင် ဖွင့်ဆဲမို့၊ ကိုယ်တိုင်လည်း သဘောကျသည်မို့ နားထောင်ရင်း အလွတ်ရနေသည့် သီချင်းကိုလည်း ကြားယောင်၏။

"မဟော်သဓာဆိုသူများ ... ဒီခေတ်ထဲရှိရင် ... တို့ အဖြစ်ကို ဆုံးဖြတ်ကာပေးပါလား" ... တဲ့။

ဖြူညီ ဆိုခဲ့တာက အမြွာညီအစ်မနှစ်ယောက်က တစ်ယောက်တည်းကို ချစ်မိလို့၊ ကိုယ့်မှာက ငယ်ပေါင်းချစ်သူလေးကို စိတ်နှင့် သစ္စာဖျက်မိသူ။ ကိုယ်ဘာဖြစ်သွားတာလဲဆိုတာ မဟော်သဓာရှိလျှင် မေးကြည့်ချင်ပါသည်။ ကိုယ်ဟာ အိုင်တွေ့တိုင်း ခြေဆေးလိုသူ လူသရမ်းမဟုတ်ပါ။ တက္ကသိုလ်သက်တမ်းတစ်လျှောက်လုံး ကိုယ့်မှာ မိန်းကလေးသူငယ်ချင်းတွေရှိခဲ့ပါသည်။ ကိုယ့်အသိုင်းအဝိုင်းမှာ သူစိမ်းမိန်းကလေးတွေမှ အများကြီးပါ။ ဘယ်သူနှင့်မျှ ရည်းစားမဖြစ်ခဲ့ခြင်းဟာ၊ ကိုယ်လက်ထပ်နိုင်မှာလား မသေချာသည်မို့ ချစ်သူရည်းစားအဖြစ် အရောက်မခံခဲ့ခြင်းဖြစ်၏။ ကိုယ် လက်မထပ်နိုင်သော လက်ထပ်ဖြစ်ဖို့ မသေချာသော မိန်းမတစ်ယောက်နှင့် ရည်းစားမဖြစ်ချင်ပါ။

ဇင်လေးကျတော့ ငယ်ငယ်ကတည်းက ချစ်ခင်မြတ်နိုးခဲ့ရတာဖြစ်၏။ အချိန်တန် အရွယ်ရောက်လို့ အိမ်ထောင်ဖက် မဖြစ်မနေ ရွေးရပြီဆိုသည့်အခါမှာ ဇင်လေးကိုပဲ တွေ့သည်။ စိတ်တိုင်းကျသည်။ ဇင်လေးကိုလည်း သူများလက်ထဲ မပေးလိုက်



နိုင်၊ ကိုယ်သာ ချစ်ခွင့်ယူလိုက်ချင်သည်မို့ ဇင်လေးနှင့် လက်ထပ်ဖို့တောင် ဆုံးဖြတ်ပြီးပါပြီ။

ထိုမိန်းမအပေါ် ကိုယ့်ခံစားချက်က ဘာလဲ။

ထိုမိန်းမကို စက္ကန့်မလပ် မြင်ယောင်လျက် ကိုယ့်ကို လွှမ်းမိုးလွန်း၏။ ရင်ထဲမှာ ဘောက်ဘင်ခတ်နေသည့် နှလုံးသားကို ကိုယ်ထိန်းလို့မရ။ နေမင်းစစ်ဆိုတာ အဲသည်လို တခြားတစ်ယောက်ရဲ့ လွှမ်းမိုးခြင်းကို ခံရမယ့် ပျော့ညံ့ညံ့ယောကျ်ားလား။ ဇင်လေးကို ချစ်တာတောင် ဇင်လေးနှင့် မကြာခင် စေ့စပ်ကြောင်းလမ်းတော့မှာတောင်၊ ကိုယ်ဟာ ဇင်လေးကို စက္ကန့်မလပ် သတိရနေတာမဟုတ်။ ကိုယ့်အလုပ်ခွင်ထဲမှာ ပြောရဆိုရ ဆုံးဖြတ်ရ၊ သွားလာလှုပ်ရှားရနှင့်မို့ ဇင်လေးကို မေ့တောင်မေ့နေပါသေးသည်။ အလုပ်ချိန်ပြီးမှ သတိတရဖြစ်၏။

ဒါဟာ ဇင်လေးကို မချစ်လို့မှ မဟုတ်ဘဲ။

ချစ်တာက သပ်သပ်၊ လွှမ်းမိုးခံရခြင်းက သပ်သပ်ဖြစ်၏။ ဇင်လေး၏ လွှမ်းမိုးခြင်းကိုတောင် မခံခဲ့ရသော နေမင်းစစ်ဟာ တစ်ကြိမ်မြင် မိန်းမတစ်ယောက်ရဲ့လွှမ်းမိုးမှုကို ဒီလောက်ခံစားရရလား။ စိတ်ညစ်၏။ စိတ်ရှုပ်၏။ စိတ်ပျက်၏။ ကိုယ့်ကို ဒီလောက် လွှမ်းမိုးထားသော မိန်းမကို ကိုယ့်ဘဝထဲ ဆွဲသွင်းသည်ထိ ကိုယ်လုပ်ဖြစ်မလား၊ သူ့ဘဝထဲ ကိုယ်ဝင်သွားတာမျိုး လုပ်ရဲမလား။ မသေချာပါ။ ဇင်လေးနှင့်က နှစ်ယောက်တစ်ဘဝ ပေါင်းစပ်ကြမှာလေ။ ကိုယ့်ဘဝထဲ ဇင်လေး ရောက်လာမှာ၊ ဇင်လေးဘဝထဲကို ကိုယ်ဝင်မှာ။

www.burmeseclassic.com

www.burmeseclassic.com



ဇင်လေး ... ဇင်လေး ... ဆိုတာကို နှုတ်ထက်ရွရွ (လိုအပ်စွာ)ရွတ်နေရ၏။ မေ့ထားမိမှာစိုးလို့ပါ။ ဒီအဖြစ်ကို ဇင်လေး သိရင် ဘယ်လိုနေရှာမလဲ။ သနားလိုက်တာ ဇင်လေးရယ်။ ဒီနေ့ တော့ အလုပ်ထဲမှာ စိတ်မရှိ။ စကားပြောတွေ မှားလိုမှား၊ ဘာ ဆုံးဖြတ်ချက် တစ်ခုမှ မချနိုင်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းသာ မဟုတ်လျှင် ဒီနေ့တစ်နေ့တည်းနှင့် ကိုယ့်သိက္ခာတွေ ဝေါခနဲကျ ဆင်းနိုင်၏။

"ဖေဖေ့ကို သွားမေးကြကွာ"

မိသားစုပိုင်ကုမ္ပဏီမှာ ဖေဖေကအထွေထွေမန်နေဂျာ၊ ကိုယ်က မန်နေဂျာမို့ ဖေဖေက ကိုယ့်ထက် တစ်ဆင့်မြင့်ပြီး၊ သားအဖလည်း ဖြစ်နေရသေးတာကြောင့် ကိုယ့်မှာဆုံးဖြတ်ပိုင်ခွင့် တွေ အများကြီးရှိသည်။ လုပ်ငန်းခွဲတော်တော်များများမှာ ကိုယ့် သဘောနှင့်ကိုယ် ပြီးစီးနေခဲ့တာကြာပြီ။ ဒီနေ့တော့ ဘာတစ်ခုမျှ ခေါင်းထဲမဝင်။

"ဟော့ကောင် ... ဘယ်လိုဖြစ်နေတာလဲ၊ ဒီနေ့ ငါ့ဆီဖုန်း တွေဝင်လုချည်လား"

ဖေဖေက ဖုန်းလှမ်းဆက်၏။ ဝင်ပေမပေါ့။ နေမင်း စစ်က တက်လာသမျှကိစ္စအဝဝကို ဖေဖေ့ဆီချည်း လွှဲချနေတာလေ။

"တော်ရုံကိစ္စ ကိုယ့်ဘာသာပြီးလေ၊ ခါတိုင်းလည်း ပြီးခဲ့ တာပဲ၊ မင်းသဘောနဲ့မင်း ဖွတ်ကြိတတ်လွန်းလို့တောင် တချို့နေရာတွေ ငါက နည်းနည်းဝင်ထိန်းရတာ၊ ဒီနေ့ကိစ္စ တွေက အရေးမပါလိုက်တာ"

"ကျွန်တော် ခေါင်းရှုပ်နေလို့ပါ ဖေဖေ၊ ဆုံးဖြတ်လိုက်ရင် မှားသွားမှာစိုးလို့"



"နေမကောင်းဘူးလား"

"ခေါင်းနောက်နေတာ တစ်ခုပါပဲ"

"ဇင်လေးနဲ့ ဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဇင်လေးမှာ ဘာပြဿနာမှ ဖြစ်စရာ မရှိပါဘူး"

"အေးလေ ... နေမကောင်းရင်လည်း အိမ်ပြန်အိပ်ချင် အိပ်လိုက်ပေါ့၊ မဖျားမနာရင်တော့ သူငယ်ချင်းတွေနဲ့ ရေ သွားကူးပါလား"

"အိမ်ပဲပြန်မယ် ဖေဖေ၊ ကျွန်တော် အိမ်မှာရှိမယ်"

"အေး ... ကားမောင်းလို့ ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်"

"အေး ... သွား ... သွား ... သတိထားမောင်း"

ဖေဖေက ကားမမောင်းတော့ပါ။ သူ့ကားကို ယာဉ် မောင်းထားသည်။ နေမင်းစစ်က သူများလိုက်မောင်းပေးသည့်ကား ကို စီးရတာ ဘဝင်မကျ၊ ကိုယ့်ဘာသာမောင်းရမှ စိတ်တိုင်းကျ၏။ နေမင်းစစ်မှာ ယာဉ်မောင်းမရှိပါ။ ဒီနေ့တော့ ယာဉ်မောင်းလိုချင် သည်။ ကားမောင်းရင်း မောင်းနေသည့် ကားထဲမှာ စိတ်ကမရှိ။ မျက်စိရှေ့သို့ ပြေးဝင်လာသည့် ကတ္တရာလမ်းမည်းမည်းပေါ်မှာ အပြုံးတစ်ပွင့်နှင့် မိန်းမမျက်နှာပါ ရောနှောလျက် ကိုယ့်ဆီချည်း ပြေးပြေးဝင်နေသည်မို့ ကားနှင့် အကြိမ်ကြိမ်ဖြတ်ကြိတ်နေမိတော့ သည်။

စုန်းမ ...။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



အလှဆုံးမဟုတ်သော ရုပ်ရည်ပိုင်ရှင် မိန်းမသည် ဆွဲဆောင်လွှမ်းမိုးနိုင်ခြင်းမှာ သူ့တွင် ပြစားနိုင်သည့် အတတ်တစ်ခု ရှိလို့ပဲ ဖြစ်ရမည်။ ဒါဆို ... သူဟာ စုန်းမ၊ ကဝေမ၊ ဖော်ဂနီမပဲ မဟုတ်ဘူးလား။ သို့ပေမဲ့ အဲဒီနာမည်တွေနှင့် မတန်အောင် သူ့ပုံစံက အချိုးကျပြေပြစ်နေ၏။ တင့်တယ်နေ၏။ သူ့လှုပ်ရှားဟန်တွေမှာ ဝင့်ထယ်နေသောမာန်ကို တွေ့ရသည်။ သူ့မျက်နှာပြင်မှာ သတ္တိတစ်မျိုးကို တွေ့ရသည်။ ခြုံ၍ဆိုရသော် မျက်စိမမှိတ်တန်း ထိုင်ကြည့်နေချင်လောက်အောင် အလွန်အမင်းကြည့်ကောင်းသူဖြစ်တော့၏။ စင်စစ် ... ထိုမိန်းမသည် နေမင်းစစ်၏ကိုယ်ကျင့်သိက္ခာနှင့် သစ္စာတရားကို အမည်းရောင်ဆိုးသူဖြစ်၏။

မမုန်းသင့်ပေဘူးလား။ မုန်းသင့်လို့ မုန်းလိုက်ပါပြီ။

မုန်းသည့်သူမို့ မတွေ့အောင် ရှောင်ရှားပေမယ့် နေမင်းစစ် ဆိုတာ ဒေါ်အိမ်စည် အိမ်နှင့် ကင်းကွာလို့ရသည့်သူမှ မဟုတ်တာ။ ဇင်လေးနှင့် လက်ထပ်ဖို့ မစီစဉ်ခင်ကတောင် တစ်ပတ်ကို အနည်းဆုံးတစ်ခါတော့ ရောက်၏။ လက်ထပ်တော့မည်၊ စေ့စပ်ပွဲလုပ်ကာနီးပြီ ချစ်သူတွေဖြစ်ကြပြီ၊ လူကြီးတွေကြည်ဖြူပြီ ဆိုသည့်အခါမှာ နေမင်းစစ်က ဇင်လေးထံ နေ့တိုင်းရောက်၏။ အလုပ်တွေရှိပါမှ၊ ခြားလှတစ်ရက်။ နှစ်ရက်တောင် မခြားခဲ့ဘူးထင်၏။



"ကိုကို ဘာဖြစ်နေလဲ၊ ဖုန်းလည်းမဆက်ဘူး၊ မလာတာ သုံးရက်ရှိပြီ၊ ဘွားကတောင် မေးနေပြီ"

ဇင်လေး ဖုန်းဆက်၏။ ဇင်လေးဆိုသည့် မိန်းမသားက နေ့တိုင်းလာလည်း ကြည်ဖြူသည်။ မလာဘဲနေလည်း ခွင့်လွှတ်သည်။ လူဆိုတာ ကိုယ့်အကြောင်းနှင့်ကိုယ်တဲ့။ ဘာအကြောင်းမှ မရှိလျှင်တောင် ကားမောင်းထွက်ရ၊ တစ်နေရာရာကို သွားရတယ်ဆိုတာ ပင်ပန်းသေးတာပဲတဲ့။ ကိုကို ပင်ပန်းရင် နေ့တိုင်းမလာပါနဲ့ဟု ပြောထားဖူးသည့်သူပါ။

ဒါဟာ စိတ်ကောက်လို့ မဟုတ်ဘဲ ကိုယ်ချင်းစာနား လည်ပေးနိုင်ခြင်းသာဖြစ်၏။

"ကိုကို နည်းနည်းနားနေချင်လို့"

ဘယ်တုန်းကမျှ တဖွဲ့တနွဲ့ မလိမ်ဘူးသူမို့ ဘာအဖြေပေးရမှန်းမသိ။ ပေးသည့်အဖြေက မခိုင်လုံချေ။

"အလုပ်များနေလား ကိုကို၊ နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဇင်လေးတို့ အိမ်မှာက ခုဆိုဆွေမျိုးတွေ တရုန်းရုန်းနဲ့ ပြောကြ ဆိုကြ၊ တခြားအိမ်က ဆွေမျိုးတွေက လာလည်ကြ၊ ဇင်လေးတို့က ညှိသည်ကိုခေါ်ပြီး ဟိုပို့ရ ဒီပို့ရတွေနဲ့ ရှုပ်ယှက်ခတ်နေကြမှာလေ၊ အဲဒါကြောင့် ကိုကိုက အိမ်မှာပဲ နားနေတာ၊ ကိုကိုလာရင် ကိုကိုက လူပိုကြီး ဖြစ်နေမှာ"

"ဘယ်ဖြစ်မှာလဲ ကိုကိုရဲ့၊ အိမ်ထောင်သည်တွေလည်း သူတို့ယောက်ျားတွေ မိန်းမတွေပါ ခေါ်လာပြီး တရုန်းရုန်းပဲ၊ စေ့စပ်ပြီးတဲ့သူတွေလည်း ခါတိုင်း အိမ်မှာဝင်နေကျ

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေကျဆို ကိုယ့်လူနဲ့ကိုယ် ပါလာတာပဲ၊ အိမ်မှာတော့ မပြောနဲ့၊ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ ဘယ်က,မလဲ ...

"ကိုးဆယ့်ရှစ်ဝမ်းကွဲလောက်တွေပါ ဝင်ထွက်ပြီး ရှုပ်ယှက်ခတ်တာတော့ မပြောနဲ့၊ ထမင်းချက်တောင် နောက်ထပ်တစ်ယောက် ထပ်ငှားရတယ်၊ ဘာစ်ယောက် တည်း ချက်နေရတာ မနိုင်လို့၊ မီးဖိုတွေခွဲ လူခွဲပြီး နှစ်ယောက်အပြိုင် ချက်နေရတယ် ကိုကိုရဲ့ ...

"သိပ်ရယ်ရတာပဲ၊ ပျော်စရာလည်း ကောင်းတယ်၊ ဘွားကလည်း လာသမျှလူကို ထမင်းစားပြီးမှ ပြန်ပဲ၊ ဖေဖေတစ်ယောက်သာ ကုမ္ပဏီကို မသွားမဖြစ် သွားရတာ၊ အိမ်ရှိလူကုန်ကတော့ အိမ်မှာ တရုန်းရုန်း ကိုကိုရဲ့၊ ဘယ်မှသိပ်ပြီး ဟိုဟိုဒီဒီ မသွားဖြစ်ပါဘူး ...

"အိမ်မှာပဲ၊ ရောက်ရောက်ချင်းနေ့က ရွှေတိဂုံဘုရားကြီး သွားဖူးတာပဲရှိတယ်၊ မမထက်က သွားရင် အိမ်ပေါက်စေ့ လျှောက်သွားနေရမှာ၊ ဆွေမျိုးအိမ် မစေ့နိုင်ဘူးတဲ့၊ ဆွေမျိုးတွေကလာရင် ဘွားအိမ်တစ်အိမ်ပဲ လာရမှာ၊ ဆွေမျိုးတွေပဲ လာကြလို့ ဘွားကပြောလို့ ...

"ဘယ်မှမှ မသွားဖြစ်တာ၊ ရှေ့အပတ်ထဲကျမှ ရွှယ်တူတွေစုပြီး ချောင်းသာသွားမယ်၊ အဲဒီကပြန်လာပြီး တစ်ပတ်လောက်နား၊ နောက်တစ်ခေါက်ကတော့ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားစရီးတဲ့ ကိုကိုရဲ့၊ ကျောင်းတွေ ရုံးတွေက ခွင့်ယူပြီး လိုက်ကြမှာ ပျော်စရာကြီး၊ ကိုကိုလည်း လိုက်ခဲ့နော်"



"ဟာ ... အဲဒါတော့ ခွင့်လွှတ် မလိုက်ဘူး၊ ကိုကို တိတိကျကျ ငြင်းတယ်"

"ဘာဖြစ်လို့လဲ ကိုကိုရဲ့၊ ကိုကို့တူမဝမ်းကွဲတွေတောင် လိုက်မှာတဲ့၊ ဘွားက အဲကွန်းဘတ်စ်ကြီး ဘယ်နှစီးမှန်းတောင်မသိဘူး ငှားပေးမှာ၊ ပျော်စရာကြီး"

"မလိုက်ဘူး ဖင့်လေး၊ အဲဒါတော့ မခေါ်နဲ့၊ ဒီမှာ အလုပ်တွေကလည်း ဒီလောက်ရက်ကြာရှည် မအားဘူး"

ဖင်လေး ဒီဘက်မှာ မျက်မှောင်ကလေး ကုတ်ကျသွားရတာ နေမင်းစစ် မသိပါ။

ကိုကိုဟာ ခါတိုင်းထက်များ မာရေကျောရေ ဖြစ်နေသလား။ တစ်ခုခုကို စိုးရွံ့ထိတ်လန့်နေသည့်ပုံလည်း ပေါ်၏။ စကားပြောတာ ကပျာကရာနိုင်၏။ ငြင်းဆန်ပုံ ထူးဆန်း၏။ အေးအေးဆေးဆေးငြင်းလည်း ရရဲ့သားနှင့်။ ခုငြင်းပုံက ဒီခရီးကို လိုက်ပါရလျှင်ပင် ဒုက္ခဘေးဆိုးတစ်ခုခုနှင့် ကြုံကြိုက်ရတော့မှာကို စိုးကြောက်နေပုံ ဖြစ်နေတော့၏။

"ဒီညနေတော့ အိမ်ကိုလာခဲ့ပါဦး"

"ဘာကိစ္စရှိလို့လဲ"

"ကိုကိုရယ် ... ကိစ္စရှိမှ လာရမယ့်အိမ်လား"

"သြော် ... အင်း ... ဆောရီး"

"ဒါပေမဲ့ ကိစ္စရှိနေပါတယ်၊ ကိုကို နေကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ဘွားက ကိုကို တစ်ခေါက်မှ မလာသေးလို့ မမထက်နဲ့ မိတ်ဆက်မပေးရသေးဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မလိုဘူး ... မလိုဘူး ... တွေ့ခဲ့ပြီလေ၊ ကိုကိုပဲ လေဆိပ်က ကြိုလာတာ"

"ဒါတော့ ဒါပေါ့ ကိုကို၊ ဒါပေမဲ့ ကိုကို့မရီးတော်ရမယ့် အမျိုးသမီးတစ်ဦး၊ တွေ့ခဲ့ကြုံခဲ့ နိုင်ငံခြားမှာ အပြီးနေတာ၊ ရန်ကုန်ရောက်တုန်းရောက်ခိုက် ဆွေရယ် မျိုးရယ် ခင်မင်ရင်းနှီးဖို့ လိုတာပေါ့"

"ဘာလုပ်မှာလဲ ဇင်လေးရယ်၊ တော်ကြာ သူ ပြန်သွားမှာပဲ"

"ကိုကိုက မမထက်ကိုတွေ့ဖို့ ကြောက်နေတာလား"

"ဟာ ... မကြောက်ပါဘူး၊ ဘာလို့ကြောက်ရမှာလဲ"

"ဘွားက လာခဲ့ပါတဲ့၊ ဘွား ဖုန်းဆက်ခိုင်းလို့ ဇင်လေး ဆက်ရတာ၊ သန်ဘက်ခါဆို ရုံးပိတ်ရက်မို့ ဦးဦးနဲ့ အန်တီစိမ်းပါ ဇင်လေးတို့အိမ်မှာ ထမင်းလာစားပါတဲ့၊ ဘွားကိုယ်တိုင်လည်း ဆက်ဦးမှာ၊ မေမေကလည်း ဆက်မလို့တဲ့၊ လန်ဒန်က ရောက်လာတဲ့တူမနဲ့ ခမည်းခမက်လောင်း သမက်လောင်းနဲ့ မိတ်ဆက်ပွဲပေါ့"

"မလိုပါဘူး ဇင်လေးရာ၊ ကိုကိုက အဲဒီလို ပွဲတိုးတာလည်း မဟုတ်ဘဲနဲ့"

"ကိုကိုလား ပွဲမတိုးတာ"

မှသားအငြင်းကြီးက ထင်ရှားလှတော့သည်။ နေမင်းစစ် ဆိုတာ ငယ်ငယ်ရွယ်ရွယ်နှင့် စီးပွားရေးလောကထဲ ရောက်နေရသူ၊ အပေါင်းအသင်းကလည်း များပါဘိ၊ ဆန့်ပါဘိ၊ ညှော်ခံပွဲတွေ ကလပ်တွေမှာ နေမင်းစစ်ဆိုလျှင် လူတကာမသိသလောက်ရှားခဲ့သူ မဟုတ်လား။



"ကိုကို နည်းနည်းလည်း နေမကောင်းလို့ပါ"

"ဘွားက ဒီနေ့ညအတွက်တော့ ဇင်လေးကို ဆက်ခိုင်းလို့ပါ၊ သန်ဘက်ခါအတွက်တော့ မေမေနဲ့ ဘွားက ဆက်ကြပါလိမ့်မယ်၊ ကိုကိုက ဒီညမလာနိုင်ဘူးလား"

"ဇင်လေး စိတ်ဆိုးတာလား"

"ဒီလောက်နဲ့ စိတ်ဆိုးတတ်ရင် အဲဒါ ဇင်လေး အစစ်မဟုတ်ဘူး၊ ဇင်လေး အတုပဲ"

"ဟုတ်ပါတယ်၊ ဇင်လေးက လိမ္မာတယ်"

"ကိုကို နေမကောင်းရင် ဇင်လေးတို့ မောင်နှမတစ်တွေ အပြင်ထွက်ရင်းနဲ့ လှည့်ဝင်ခဲ့မယ်လေ"

"ဘယ်သူတွေနဲ့လဲ"

"အကုန်လုံးလိုလိုပေါ့၊ မမထက် ရောက်ကတည်းက မောင်နှမတွေ အိမ်မှာချည်း ဆုံနေတာ"

"မဝင်ခဲ့နဲ့တော့လေ၊ ကိုကိုပဲ လာခဲ့ပါ့မယ်၊ တစ်ပြုံကြီးက လာမယ့်အစား တစ်ယောက်တည်းကပဲ လာခဲ့ပါ့မယ်"

"ဒါဆို ဇင်လေး စောင့်နေမယ်နော်"

"ကောင်းပြီ"

ဇင်လေးက လိမ္မာပါသည်။ သဘောကောင်းပါသည်။ အေးဆေးငြိမ်းချမ်းပါသည်။ သည်းခံစာနာတတ်ပါသည်။ သို့ပေမဲ့ ခင်သဇင်လေးဟာ နှလပိန်းတုံး၊ တုံးအအမလေးတော့ မဟုတ်ဘူးလေ။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲရင်း အဲသည်မျက်နှာမှ အကြည့်ကို ပြန်ဆွဲယူလို့ကို မရနိုင်တော့။ သူမက ပြုံးကြည့်နေ၏။ ပြုံးနေပုံက မိန့်၏။ အထက်စီးဆန်၏။ ပင့်ကူအိမ်မှာ တွယ်ငြိသော ပိုးကောင်ပေါက်စကို ပင့်ကူမကြီးက ကိုက်မစားခင်ကြည့်သောအပြုံးမျိုးဟု နေမင်းစစ် ထင်၏။ အဲသည်အပြုံးကို နေမင်းစစ် စိတ်ဆိုးသည်။ မခံမရပ်နိုင်အောင် နာသည်။ နေမင်းစစ်ဆိုတာ မိန်းမတစ်ယောက်ရှေ့မှာ ဒူးထောက်ကျရှုံးရမယ့် ယောကျ်ားမျိုးမှ မဟုတ်တာ။

နေမင်းစစ် ဦးခေါင်းထဲမှာ ဦးနှောက်ရှိသည်။ ရင်ထဲမှာ နှလုံးသားရှိသည်။ ခန္ဓာကိုယ်တည့်ဆောက်ပုံတွင် အပေါ်ဆုံးက ဦးခေါင်းပိုင်းမို့ ဦးနှောက်သည် နှလုံးသားကို အထက်စီးမှ ချုပ်ကိုင်နိုင်ရပါမည်။ ဦးနှောက်က နှလုံးသားမှာ ကျရှုံးပြီဆိုလျှင် ဦးစောက်ကျွမ်းပြန်ဖြစ်လျက်၊ လူက ကင်းမြီးကောက်ထောင်အနေအထားကို ရောက်သွားတော့မှာပေါ့။ နေမင်းစစ်ဟာ အသိဉာဏ်ရှိလူသားဆိုလျှင် အသိဉာဏ်နှင့် လူလုပ်သင့်သည် မဟုတ်ဘူးလား။

"နေမင်းက မမထက် ငယ်မယ်နော်"

ခေါ်ပုံက "နေမင်း"တဲ့။ သူ့ကိုယ်သူ "မမ"တဲ့။ တွယ်ငြိစွဲလမ်းစေတတ်သည့် စွမ်းအားများ ထည့်ထားသော အထက်စီးအပြုံးကြီးနှင့် ခပ်မြိန့်မြိန့်နေပြပုံက ...

"ဟော့ကောင်လေး ... မင်း ဘာဖြစ်နေလဲ၊ ငါသိတယ်"ဟု ဖွင့်မပြောရုံတမယ်ပါ။



"ဟုတ်ကဲ့"

"နိုင်ငံခြား ထွက်ဖူးပြီလား"

"ကျွန်တော် နိုင်ငံခြားကို အထင်မကြီးဘူး"

"ဒါတော့ ဒါပေါ့၊ ကိုယ်က နိုင်ငံခြားနဲ့ ဆက်သွယ်ပြီး စီးပွားရေးလုပ်နေရပြီဆိုတော့ ကိုယ်တိုင်မျက်စိနဲ့ မြင်ရအောင် ထွက်ကြည့်ဖို့ လိုတာပေါ့"

"ဖေဖေ သွားပါတယ်"

"မမတို့ဆီ လာလည်နိုင်ပါတယ်၊ ဇင်လေးနဲ့ လက်ထပ်ပြီးရင် လန်ဒန်ကို ဟန်းနီးမွန်းလာခဲ့"

"ဒီလောက်ဝေးဝေးကြီး မသွားနိုင်ပါဘူး"

"ဇင်လေးက ညီအစ်မဝမ်းကွဲ အုပ်စုထဲမှာတော့ အလှဆုံးနဲ့ အလိမ္မာဆုံးပဲ၊ နေမင်း ကံကောင်းတာပေါ့"

"ဖြစ်နိုင်ပါတယ်"

နေမင်းစစ်က မခွာနိုင်သည့်အကြည့်ကို ဇွတ်ခွဲလျက် မျက်နှာကို လွှဲလိုက်၏။ ဖြောင်းဆန်နေသည့်ရင်ကို မဖိမိအောင် ကြိုးစားရ၏။ မျက်နှာငုံ့လွှဲနှင့် ပြန်ပြောနေသော ဝါကျတွေက မညက်ပါ။ နေမင်းစစ် ခါတိုင်းဒီလိုမှ မဟုတ်ဘဲ။ လူငယ်ရွယ်တူတွေဆုံခိုက်၊ တစ်ယောက်တစ်ပေါက် ဟေးလားဝါးလားနှင့်မို့ နေမင်းစစ်ကို မည်သူကမျှ တကူးတက အတဲမခတ်မိကြပါ။ အကဲခတ်နိုင်သူတစ်ဦးတော့ ရှိ၏။ ဇင်လေးပါ။ ဇင်လေး မျက်ရည်ဝဲရှာသည်။ ကံကြမ္မာကို မယုံသည့် ဇင်လေးက ကိုကို့ကိုတော့ ယုံပါသည်။ ယုံချင်ပါသည်။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အိမ်စည်၏ အသက်ရှစ်ဆယ်ပြည့်မွေးနေ့ပွဲက မင်္ဂလာဆောင်တစ်ခုနီးပါး စည်ကား၏။ ခြံကျယ်လို့သာ တော်တော့သည်။ ခြံကျယ်ကြီးထဲ ညဘက်မှာ ညနေစာနှင့် တည်ခင်းညှော့ခံတာဖြစ်၏။ လူကြီးဦးရေနှင့် လူငယ်ဦးရေက တန်းတူလောက်ရှိသည်။ သားသမီးမြေးမြစ်တွေ၏ သူငယ်ချင်းတွေ၊ ဘွားနှင့်သိရှိပတ်သက်သည်ဆိုလျှင် မကျန်စေရအောင်ဖိတ်၏။ ပရိသတ်တစ်ဝက်လောက်က လူကြီးပိုင်းဆိုပြား ဘွားနှင့်ရွယ်တူဆိုရမည့် ခုနစ်ဆယ်ကျော် ရှစ်ဆယ်က အားလုံးပေါင်းမှ ဆယ်ယောက်ထက်မပိုပါ။ သားသမီးအရွယ် တူ,တူမအရွယ်၊ လေးဆယ်ကျော် ငါးဆယ်ကျော်ခြောက်ဆယ်ကျော်က ပိုများ၏။ လူကြီးပိုင်းပါသည်မို့ တီးဝိုင်းနှင့် စတေ့ချ်ရှိုးမထည့်ပါ။

သို့ပေမဲ့ ...

"မြေးတွေ ပျော်စေချင်သည်"ဟုဆိုကာ ဘွားက ခြံထောင့်တစ်နေရာ၊ ညှော့ခံစားပွဲတွေနှင့် ခပ်ဝေးဝေးနေရာတစ်ခုမှာ ကာရာအိုကေစက်ချ ဖွင့်ပေးထားသည်မို့ ဆိုချင်သည့်သူတွေ ဝင်ဆိုကြ၊ ရယ်မောကြ၊ ပျော်ကြနှင့် အဲသည်နားမှာ လူတရုံးရုံးဖြစ်သလို စားဝိုင်းတွေမှာလည်း လူအပြည့်ပါ။

မမထက်မြက်က အင်္ဂလိပ်သီချင်း ဝင်ဆိုတော့ အဲသည်နားမှာ မိန်းမပရိသတ်ထက် ယောကျ်ားပရိသတ်က ပိုသွား



ရပြီ။ ဆွေမျိုးထက် သူစိမ်းယောကျ်ားတွေချည်းလို ဖြစ်တော့သည်။ နေမင်းစစ်က ဇင်လေးနားမှာ သွားထိုင်ရင်း နားထဲမှာကြားနေရသော အသံက ရင်ထဲသို့ ရေခဲမြစ်တစ်စင်း ဖြတ်စီးသလို ခံစားရသည်။ အေးစက်၏။ ကျင်မြ၏။ သို့ပေမဲ့ ... ထိရှခံစားရပါသည်။

"အဲဒီ မမထက်တော့ လန်ဒန်မြန်မြန်ပြန်မှပါပဲ၊ ကြာလာရင် တစ်သက်လုံး ထိန်းသိမ်းလာတဲ့ ဆွေမျိုးစုသိက္ခာတွေ ဝေါခနဲကျတော့မယ်"

"ဘာဖြစ်လို့လဲ"

ဝေဖန်ရေးတွေ စတင်ပွဲတင်ရိုက်တော့ပြီ။

"မတွေ့ဘူးလား သူရှိတဲ့နေရာမှာ ယောကျ်ားတွေရှိတယ်၊ အိမ်ကလူကတောင် ပြောသလေ၊ မမထက်မြက်က အထရက်တစ်ဖ်(Attractive)တဲ့၊ ချမ်းမင်း(Charming)တဲ့၊ ဝေဖန်ပုံပြောပါတယ်၊ ဒါ ကလေးတစ်ယောက် အဖေနော်၊ ဒီလိုပြောရလားဆိုပြီး နားသယ်မွေး ဆွဲနုတ်ပေးလိုက်တယ်"

"သူ့အလှဟာ ယစ်မူးစရာကောင်းတယ်တဲ့၊ ပန်းတိုင်းလှပေမယ့် တချို့ပန်းတွေက အနံ့မမွှေးဘူး၊ တချို့ပန်းတွေက အနံ့မွှေးတယ်၊ သူ့အလှက လူတကာကို မွှေးအိမူးယစ်စေတဲ့ ရနံ့တစ်မျိုးနဲ့ ဆွဲဆောင်နိုင်တဲ့ ပန်းမျိုးတဲ့"

"ဘယ်သူကလဲ"

"ကျုပ် အစ်ကိုက"

"နေပါဦး၊ ကျုပ်တို့ အသိုင်းအဝိုင်းထဲမှာ ရှိသမျှယောကျ်ားတွေအားလုံး ဘာဖြစ်ကုန်တာလဲ၊ လူပျိုတွေရော လူအိုတွေ

www.burmeseclassic.com

www.burmeseclassic.com



ရော သူ့ကို လှတယ် လှတယ် ဖြစ်ကုန်ကြတာ၊ ဘာဖြစ်တာလဲ … သူ့မှာ ယောက်ျားတွေကို ပြုစားဖို့ ဆေးများပါလာသလား ထင်ရတယ်"

"အေးလေ … တကယ်တမ်းဆို သူဟာ ဇင်လေးလောက်တောင် မလှပါဘူး"

နေမင်းစစ်က ဇင်လေးကို ကြည့်လိုက်မိ၏။ လှပါသည်။ အေးချမ်းပါသည်။ သို့ပေမဲ့ ရင်မခုန်ပါလား ဇင်လေးရယ်။

"ဒီလိုတော့ မပြောပါနဲ့ ဆွေမျိုးထဲမှာ ဇင်လေးထက်လှတဲ့သူတွေ အများကြီးပါ"

ဇင်လေးက ရှက်စနိုးငြင်းရင်း နေမင်းစစ်ကို လှည့်ကြည့်၏။ ခေါင်းခပ်ငုံ့ငုံ့နှင့်ပေမယ့် နေမင်းစစ်က ဇင်လေးအကြည့်ကိုမြင်၏။

"ကျုပ်တို့မိန်းမတွေမျက်စိမှာ အဲဒီမိန်းမလှသလား"

"ကြည့်ပျော်ရှုပျော်ထက် နည်းနည်းပိုရုံပါပဲအေ့"

"ယောက်ျားမျက်စိနဲ့ မိန်းမမျက်စိနဲ့ ဘာကွာလဲမသိဘူးနော်"

"ဟုတ်တယ်၊ လှတယ်လို့ သတ်မှတ်တဲ့နေရာမှာ အမြင်ချင်းမတူဘူး"

"သူက စမတ်(Smart)ဖြစ်တာတော့ မှန်တယ်ကွ၊ အသားဖြူတဲ့ဘက် ပါပေမယ့် သူ့မျက်နှာကို ကျုပ်တို့လို ဖုန်ဖုန်လေးလိမ်းတာ မဟုတ်ဘူး၊ မှန်ရှေ့မှာ တစ်နာရီကျော်ထိုင်ခဲ့ပေမယ့် ဘာမှပြင်မထားဘဲ သဘာဝအလှလိုဖြစ်အောင်ပြင်တာ …



"မနေ့ညက ကျုပ် ဒီမှာအိပ်လို့ ဒီနေ့မနက်အစောကြီး သူအလှပြင်တာကို ထကြည့်ထားတာ၊ အရပ်မြင့်ပေမယ့် ခွာကသုံးလက်မ၊ တော်ရုံယောက်ျားဆို သူ့ဘေးမှာ ပုကျသွားတာပဲ၊ ဝတ်ပုံစားပုံ ဂိုက်ဆိုက်ကျတာပါကွာ …

"သူ့ကိုကြည့်ရင် အများထဲမှာ ထင်းခနဲမြင်တာလည်း အမှန်ပဲ"

"ကျုပ်က ဆက်ကဗီ ဆိုတာကို မုန်းဟာ"

ဝေဖန်ပြောဆိုကြသူတွေထဲမှာ ဇင်လေး မပါဝင်ချေ။

"ကိုနေမင်းစစ် … ရှင့်အမြင် ပြောပါဦး၊ ရှင်က ပြောခဲ့ဖူးတယ်လေ၊ သူများကို မကောင်းမြင်နဲ့ မဝေဖန်ပါနဲ့တဲ့၊ အခု ရှင် ဘယ်လိုမြင်လဲ"

"နေပုံထိုင်ပုံ လှုပ်ရှားပုံတွေ လမ်းလျှောက်ပုံတွေ နိုင်ငံခြားဆန်နေလို့ အမြင်ထူးဆန်းနေတာပါ"

"ဒါပေါ့ … ယောက်ျားတွေထဲမှာ ကိုနေမင်းစစ် တစ်ယောက်ပဲ အမှန်မြင်နိုင်သေးတယ်၊ ဒါဖြင့် သူ့ကို လှတယ် လှတယ်လို့ တဖွဖွ ဖြစ်ကုန်ကြတာ ဘာကြောင့်လဲ၊ အခု ပြောခဲ့တဲ့ အကြောင်းကြောင့်လား"

"အင်း … သူများက မကြည့်ရင်လည်း ကြည့်လာအောင် မတွယ်ငြိသေးရင်လည်း တွယ်ငြိအောင် ပြုစားတတ်တဲ့ ပညာကိုတော့ ကျွမ်းကျင်ပုံပဲ"

နေမင်းစစ် စိတ်နာနာနှင့် ပြောချလိုက်၏။ ကိုယ့်အားကိုယ် ပြန်ဆန်းစစ်ကာ ဒီဝါကျဟာ ငါပြောချင်တဲ့ဝါကျ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရဲ့လားဟု မေးခွန်းပြန်ထုတ်ကြည့်မိသေးသည်။ ကိုယ့်စကား ကိုယ်ယုံရဲ့လားဟုလည်း မသေချာ။ ယောက်ျားတစ်ယောက်အ နှင့် မိန်းမသားတစ်ယောက်ကို နစ်နာအောင် (အတင်းဆန်ဆန် ပြောလိုက်မိတာကိုလည်း ရှက်၏။ ဘာကြောင့်မှန်းတော့ မသိပါ နေမင်းစစ် ထိုမိန်းမကို စိတ်နာနေ၏။ စိတ်ဆိုးနေ၏။ မုန်းတီး နေ၏။ မုန်းတီးနေသည်. ဆိုတာထက် မုန်းချင်နေတာဖြစ်၏။

ထိုမိန်းမသည် ယောက်ျားကောင်းတစ်ယောက်၏ စာရိတ္တနှင့် သိက္ခာတွေကို အမည်းရောင်သုတ်၍ ချိုးဖဲ့ဖျက်ဆီး ပစ်သူဖြစ်၏။ ဒီမိန်းမ ရန်ကုန်ကို ရောက်မလာလျှင် ဘယ်လောက် ကောင်းလိမ့်မလဲ။

"ဇင်လေး"

"ရှင် ... ကိုကို"

"ဘွားကိုပြောကွာ၊ ကိုကိုတို့ မြန်မြန်လက်ထပ်ကြ စေ့စပ်ကြောင်းလမ်းပွဲကို စောလုပ်လိုက်ရအောင်လို့ ဇင် လေး ပူဆာပါ၊ လိုအပ်ရင် ဖေဖေနဲ့ မေမေကိုလည်း လွှတ် မယ်"

"ဟုတ်ကဲ့ ... ဇင်လေး ပူဆာပါ့မယ်၊ ကိုကိုကလည်း အိ မှာပြောပြီး လောဖို့လွှတ်ပေးပါ"

ကိုယ်ချင်းပြောတာပေမယ့် အုပ်စုထဲမှာတော့ ကြ ကြ၏။ ဒီစကားဟာ ဒီအုပ်စုထဲမှာ ရှက်စရာလည်းမဟုတ်တာ စကားသံမကျယ်ပြား တမင်တိုးတိုးပြောတာမျိုးလည်း မလုပ်လို ပါ။



"တွေ့လား ... ကိုနေမင်းစစ် တစ်ယောက်ပဲ ဇင်လေးနား မှာနေတယ်၊ လက်ထပ်ဖို့ လောနေတယ်၊ ကျန်တဲ့ယောက်ျား အုပ်စုတွေများ ဘာတွေဖြစ်ကြမှန်း မသိဘူး၊ ဟိုလူ့ပါးစပ် ကလုတယ်၊ ဒီလူ့ပါးစပ်က လုတယ်နဲ့၊ အကုန်လုံးကို ရှံသွင်းပြီး သတ်ချင်တယ်၊ တကယ်ပဲ"

သူတို့ ရယ်ကြ၏။ နေမင်းစစ် မရယ်နိုင်ချေတကား။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



၆

ဘွားဒေါ်အိမ်စည်သည် မြေးတွေထဲမှာ ဇင်လေးကို ဒုတိယအချစ်ဆုံးဟုဆို၏။

တော်စပ်ပြီးသော တူသမက်များ၊ မြေးသမက်များ၊ မတော်စပ်ရသေးသည့် (စေ့စပ်ပြီး သို့မဟုတ် လူကြီးချင်းကျေနပ် လက်ခံပြီး) တူသမက်လောင်း မြေးသမက်လောင်းတွေထဲမှာတော့ နေမင်းစစ်ကို သဘောအတွေ့ဆုံး ဖြစ်လေသည်။

"ကျုပ်က သွက်လက်ထက်မြက်တာကို ကြိုက်တယ်၊ မေးလိုက်ရင်လည်း အဖြေတစ်ခုခုတော့ ရချင်တယ်၊ ချက်ချင်း ထလုပ်တာမျိုးကို ကြိုက်တယ်၊ ထုံထိုင်းထိုင်းနဲ့ တစ်ခုဖြေကာနီးမှာ လဒကြီး ကားကြိတ်ထားသလို လုပ်စရာရှိလို့မှလည်း ထကြွလုံ့ ဝီရိယမရှိဆိုတဲ့ ယောကျ်ားမျိုးကို ...

"သိပ်မှန်းတာ၊ မျက်စိထဲမှာ နေမင်းစစ် တစ်ယောက် အတွေ့ဆုံးပဲ၊ ခိုင်းရင်လည်း ဖင်ပေါ့တယ်၊ ဗဟုသုတကလည်းစုံတယ်၊ မသိတာဆိုလည်း ချက်ချင်းသိအောင် လုပ်လာတယ်၊ ယောကျ်ားဆို အဲဒီလိုမှ"

ဟု ပြော၏။



ဘွားမျက်စိတွေ့သူမို့ ဘွားက ခဏခဏခေါ်သည်။ ခိုင်းစရာရှိလျှင်လည်း ခိုင်းသည်။ တိုင်ပင်သည်။ နေမင်းစစ်သည် အဲသည်အိမ်သို့ မသွားချင်ပါဘူးဆိုမှ၊ ခုတလော သွားချည်းသွားနေရတော့၏။

အဲသည်နေ့က ဇင်လေး မရှိပါ။ ဇင်လေးမိခင် ဒေါ်ခင်ခင်လေး၏အစ်မ ဒေါ်ခင်ခင်ကြီး နေမကောင်းသည်မို့ သတင်းမေးသွားရာတွင် ပါသွား၏။ ဘွားကခေါ်၍ နေမင်းစစ် ရောက်လာတော့ အိမ်မှာ မမထက်မြက်နှင့် တန်းခနဲတိုးတော့သည်။

"နေကောင်းလား"

"ကောင်းပါတယ်"

နေမင်းစစ်က မျက်လွှာချ၍ဖြေ၏။

"ရှင်က ကျုပ်ကို ဘာဖြစ်လို့ စေ့စေ့မကြည့်တာလဲ၊ မကြည့်ရဲဘူးလား"

"ဘာဆိုင်လဲ၊ ကိုယ့်ဘာသာ အေးဆေးနေတာ၊ ဇင်လေးရော"

"ထိုင်ပါဦး ... ဇင်လေး မရှိဘူး၊ အန်တီခင်လေးနဲ့ပါသွားတယ်"

"ဘွား ခေါ်ထားလို့လာတာ"

"ဘွားက ရှင်နဲ့စကားမပြောနိုင်သေးဘူး၊ စာကြည့်ခန်းထဲမှာ ဧည့်သည်လူကြီးတစ်စုံတွဲ ရောက်နေတယ်၊ ဇင်လေးဖေဖေ အန်ကယ်မျိုးဇင်လည်း ရှိတယ်၊ အန်ကယ်လ်တို့သွင်လည်းရှိတယ်၊ ဘွားလည်းရှိတယ်၊ ပြဿနာတစ်ခုကို အကြိတ်အနယ် ဆွေးနွေးနေကြတယ်၊ ရှင် ဒီမှာပဲထိုင်စောင့်"

www.burmeseclassic.com



နေမင်းစစ် စိတ်ညစ်သွားရတော့သည်။ ဒီမိန်းမဟာ ဘာစကားမျိုးကိုမှ လူကြားကောင်းရုံ မုသားသုံးမည်မထင်။ လူကြားကောင်းသည်ဖြစ်စေ၊ မကောင်းဘူးဖြစ်စေ၊ မှန်ရာကို တဲ့တိုးကြီး ပြောမည့်သူဟု ယုံ၏။

"ဆွေတွေ မျိုးတွေ ဒီနေ့တော့လည်း တရုန်းရုန်း မရှိပါလား"

နေမင်းစစ်က ညည့်ခန်းဆိုဖာဆက်တီတွေမှာ ဝင်ထိုင်၏။ မျက်နှာက ငုံ့လွှဲနှင့်ပင်။ မမထက်မြက်က ရယ်တော့သည်မို့ လှျပ်တစ်ပြက်တော့ မော့ကြည့်မိသည်။ ရင်ထဲ ဒိုင်းခနဲ ဆောင့်၏။ ထိုမိန်းမ၏အရယ်၊ အပြုံး၊ အကြည့်တွေ အားလုံးမှာ ခုတ်ပိုင်းနိုင်သည့် လက်နက်တွေ တပ်ဆင်လျက် တစ်ဖက်သား ရင်ထဲ ထိုးခွဲမွှေနှောက် နှိပ်စက်ဖြတ်တောက်နိုင်စွမ်းတာကို ဩချ၍ ချီးကျူးချင်ပါသည်။ သို့ပေမဲ့ ခံရချက် မသက်သာတာ ကိုယ်တွေ့ဖြစ်၏။ နေမင်းစစ် အကြည့်ကို ကိုယ့်ဆီပြန်မသိမ်းဘဲ ထိုမိန်းမမျက်နှာပေါ်မှာပဲ ထားလိုက်တော့သည်။ ကိုယ့်မျက်ဝန်းတွေက လရောင်ထဲ နစ်စိမ်ရသလို ကျေနပ်ကြည်နူးနေကြတာ ကိုယ့်ဘာသာ သိ၏။ မျက်လုံးသစ္စာဖောက်တွေဟု စိတ်ဆိုးကျိန်ဆဲချင်ပေမယ့် ဒီမျက်ဝန်းတွေကို ကိုယ်ပဲ လွှတ်လိုက်တာလေ။

"ရှင့်ကြည့်ရတာ မမကို ဘာမှန်းမသိ ကြောက်နေပုံရတယ်"

"မကြောက်ပါဘူး၊ ဘာလို့ ကြောက်ရမှာလဲ"

"ရှင် စကားပြောရင် မျက်နှာကို ငုံ့လွှဲနဲ့ပြောတယ်၊ ခုလည်း ဆွေမျိုးတွေ မရှိဘူးလားတဲ့"



နေမင်းစစ် ရင်ခုန်လျက်က မခံချင်စိတ် ဖြစ်မိပေမယ့် နှုတ်နည်းနေရတော့၏။

"ဒီနေ့လာတဲ့ ဧည့်သည်တွေနဲ့ အကြိတ်အနယ် ဆွေးနွေးစရာရှိတယ်လေ၊ အဲဒါကြောင့် လူမရှုပ်စေချင်လို့ ဒီနေ့ မလာကြနဲ့လို့ ပြောထားတာ၊ အထဲက ဧည့်သည်တွေ ဘယ်သူလဲဆိုတာ ရှင် မသိဘူးလား"

"မသိချင်ဘူး"

မမထက်မြက် သံချိုလေးနှင့် ရယ်၏။ နေမင်းစစ်နှင့် မျက်နှာချင်းဆိုင်ဆိုဖာမှာထိုင်ပြီး နေမင်းစစ်ကို စေ့စေ့ကြည့်နေ၏။ နေမင်းစစ် အပြစ်ရှိလူသားက တရားသူကြီးထံမှ အမိန့်စောင့်ရသလောက်ကို တုန်လှုပ်လေ၏။ ထိုမိန်းမ၏အသံသည် ချိုလှ၏။ ဤအသံချိုမျိုးနှင့် တစ်ခုခုကို စေခိုင်းလာခဲ့သော် ခေါင်းယမ်းငြင်းပယ်နိုင်သည့်သူ ရှားပါလိမ့်မည်။

"ရှင့်ကြည့်ရတာ စိတ်ကောက်နေတဲ့ ကလေးဆိုးကြီးလိုပဲ၊ အရွယ်ရောက် ယောကျ်ားနဲ့လည်း မတူဘူး"

"ခင်ဗျား ရောက်ကတည်းက ကျွန်တော့်ကို ရန်စနေတယ်"

"မစပါဘူး၊ ကိုယ့်မတ်လောင်းကလေးကို ခင်ရက်နဲ့ ရှင်သာ ဘာဖြစ်နေမှန်းမသိ"

"ဘာမှမဖြစ်ဘူး"

"အထဲက ဧည့်သည်အကြောင်း ရှင်မသိချင်ပေမယ့် မမက ပြောကိုပြမှာ၊ မမ တော်ဖြစ်မှာ မဟုတ်တော့တဲ့ ယောက္ခမလောင်းတွေလေ"

www.burmeseclassic.com



"ဩော်"

"ကိစ္စကိုရော မမေးတော့ဘူးလား၊ ရှင် မေးမှာမဟုတ်ပါဘူး၊ မမပဲပြောမယ်၊ မမတို့ရဲ့စေ့စပ်ပွဲ မပျက်စီးရေး၊ တကယ်လို့ ဘယ်လိုမှ ညှိနှိုင်းလို့မရတော့ဘူးဆိုရင်လည်း နှစ်ယောက်ငွေထည့်ပြီး ဝယ်ထားတဲ့အိမ်၊ ကားနဲ့ အိမ်ထဲက အိမ်ထောင်ပရိဘောဂတွေ ...

"အဲဒါတွေ မမက အမ်းပြီးယူချင်တယ်၊ ဟိုကိုယ်တော်ကလည်း သူ အမ်းချင်တယ်၊ ဝယ်ထားတာ အိမ်ကကြာပြီ၊ ဈေးကလည်း တက်နေပြီ၊ ယောကျ်ားဖြစ်ပြီး အဲဒီလို တန်ကြေးလိုက်ညှိတာကို မကြိုက်တာ၊ မိန်းမဆန်တယ် ပြောရပြန်ရင်လည်း ကိုယ့်မိန်းမသားတွေပဲ မကောင်းဖြစ်ရဦးမယ်"

"ယောကျ်ားတော့ တန်ကြေးမညှိရ၊ မိန်းမတွေတော့ညှိကြ၊ ဒီလိုလား"

"ဘယ်ဆိုးလို့လဲ၊ ရှင် သတ္တိကောင်းလာပြီ၊ စကားတွေဘာတွေ ပြိုင်ငြင်းလို့၊ ရှင့်ကို မမက လူကောင်းအဖြစ် ချီးကျူးပါတယ်၊ ရှင်ကသာ ရန်လိုနေတာ၊ မမက ခင်တယ်"

မြတ်စွာဘုရား ... ခင်သတဲ့။

"မိန်းကလေးတစ်ယောက်ဟာ လူတစ်ယောက်ကို တကယ်မချစ်ပေမယ့် လူကောင်းဆိုရင် လက်ထပ်သင့်လား၊ ရှင် ဘယ်လိုထင်လဲ"

"ခင်ဗျား ဘယ်သူ့ကိုမှ တကယ်ချစ်မဲ့မိန်းမ မဟုတ်ပါဘူး"



"ဘလိုင်းကြီး နွပ်နေပါလား၊ ရှင်က ရန်လိုဆိုရင် မမက အရပ်မြင့်တော့ ဒေါက်တိုတော့ မဟုတ်ဘူး၊ သူ့ထက်ကပဲ ဖြစ်မယ်"

ပြောပြီး တခိခိရယ်နေပြန်၏။

"အဲဒီလူက လူကောင်း နေမင်းရဲ့ သိလား၊ မမနဲ့စေ့စပ်ခဲ့တဲ့လူလေ၊ မမကိုမှ မရရင် သေတော့မယ်၊ ထကယ် သေမယ့်ပုံ"

"အဲဒီလိုဖြစ်အောင် ခင်ဗျားက ဘယ်လိုပြုစားလိုက်သလဲ"

"ပို့င် ... အဲဒါက အဓိကအချက်ပဲ၊ မမကိုမြင်ရင် သေလုအောင် စွဲလမ်းကြတယ်၊ ဘာဖြစ်လို့လဲ၊ မမ တခြားမိန်းမတွေနဲ့ ဘာကွာလဲ"

အဲဒီသတ္တိတွေ ကွာနေတာပဲဟု ရင်ထဲမှာ ပြောမိ၏။ နှလုံးသားနှင့် နှုတ်ခမ်းကို ဆန့်ကျင်ဘက် အစွန်းနှစ်ခုသို့ ပို့ပေးလိုက်၏။ ကိုယ့်နှုတ်ခမ်းကို ထိုမိန်းမပြောသမျှ ဘုချည်းပြန်တောခိုင်းလိုက်သည်။

"တချို့ကျတော့ သနားတယ်၊ တချို့ကို ခင်တယ်၊ ခင်လို့ပေါင်းပြန်တော့လည်း မမကို ရည်းစားများသတဲ့၊ မမ ရည်းစားမများဘူး၊ ဒီလူပါနဲ့မှ နှစ်ယောက်တည်း ထားဖူးသေးတာ၊ ပထမလူက မိဘတွေတားလို့ ဖြတ်လိုက်တယ်"

"ဘယ်လိုမှ မခံစားရဘူး မဟုတ်လား"

"ခံစားနေတော့ရော ခွင့်မပြုဘူးဆိုတော့ ရွေးစရာလမ်းက နှစ်ခုပဲ ရှိတယ်၊ ဒီလူကိုဖြတ်မလား မိဘကိုပုန်ကန်မလား ...

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာအသိုင်းအဝိုင်းက မမကို မိဘဦးစားပေးတဲ့ သမီးလိမ္မာအဖြစ် ချီးကျူးဖို့ မကောင်းဘူးလား ... ဝေးသေး၊ ချီးကျူးမခံရတဲ့အပြင် မမက အသည်းခွဲတမ်း ကစားသတဲ့ ...

"ဒါ မြန်မာချင်းချင်း ဝေဖန်ခံရတာ၊ ဘာဖြစ်လို့ ဒီလိုဝေဖန်သလဲလို့ မမမျက်နှာချင်းဆိုင်ပြီး မေးလိုက်တယ်၊ ရည်းစားနဲ့ပြတ်တာ ဝမ်းမနည်းလို့တဲ့၊ ထိုင်ငိုနေရမလား ငိုပြနေမှ ကျေနပ်မှာလား၊ ကိုယ့်ရင်ထဲ ကိုယ်ပဲသိတယ် ဒီရင်ဘတ်ကြီးဆိုတာ ...

"အောင့်ပြီး သေချင်လောက်အောင်နာတာ၊ ဒါမျိုး ထိုင်ဆွေးပြနေမယ့် မိန်းမတွေထဲမှာ မမ မပါဘူး၊ ရင်ထဲမှာ သေလုအောင်ဆွေးလည်း အလုပ်ထဲမှာ တစ်ချက် မျက်နှာမပျက်ဘူး၊ ကိုယ်လည်း ကြံ့ခိုင်တယ်၊ ယောက်ျားမှ မကြံ့ခိုင်ရင်လည်း အထင်သေးတယ်"

"အခု ဒီလူကျတော့ရော စေ့စပ်ပြီးမှ ဘာဖြစ်လို့ ဖျက်ပစ်ရတာလဲ"

နှုတ်ခမ်းက ဖိဆန့်ပြီ။ ကိုယ်စေခိုင်းသလို မလုပ်တော့ပါ။ ကိုယ်က ထိုမိန်းမအကြောင်းကို သိချင်၏။ နှုတ်ခမ်းကို မမေးဖို့ တားမြစ်ထားသည်။ နှုတ်ခမ်းသည် ကိုယ့်ကို ဖီဆန်လျက် ကိုယ့်ဆန္ဒ အစစ်အမှန်ကိုသာ အားပေးတော့ပြီ။

"မိန်းမသားတစ်ယောက် လက်ထပ်တယ်ဆိုတာ ဘာဖြစ်လို့လို့ထင်လဲ"

"ချစ်လို့ပေါ့"



"အဲဒါ ငါးဆယ်ရာခိုင်နှုန်းပဲ၊ နောက်ငါးဆယ်ရာခိုင်နှုန်းက အားကိုးချင်လို့၊ မမလို ဘယ်သူ့မှ အားမကိုးတဲ့မိန်းမမျိုးတောင် ယောက်ျားရရင်တော့ အားကိုးချင်တာပဲ၊ အားကိုးတယ်ဆိုတာ အမျိုးမျိုးရှိတယ်လေ၊ သူ့လုပ်စာထိုင်စားပြီး အားကိုးတယ် ဆိုတာ ခပ်ညံ့ညံ့ မိန်းမတွေရဲ့ အားကိုးနည်း ...

"အိမ်ထောင်တစ်ခုမှာ စီးပွားရေး၊ လူမှုရေးဆိုတဲ့ ကြီးကြီးကျယ်ကျယ် ကိစ္စတွေပြီးရင် ဝေယျာဝစ္စတို့ ကရိကထတို့ အသေးအဖွဲ ပြောလို့မဖြစ်အောင် မှုန်မွှားတဲ့ကိစ္စဝိစ္စလေးတွေလည်း အများကြီးရှိတယ်၊ အရာရာတိုင်းမှာ ယောက်ျားဟာ ဒက်ခနဲ ဒက်ခနဲ မိန်းမထက်စောပြီး သိတတ် ဦးဆောင်လုပ်ကိုင်သွား၊ မမတို့က ကိုယ့်ကိုလုပ်မကျွေးချင်နေ ...

"ကိုယ့်ဘာသာ ရှာစားနိုင်တယ်၊ အဲဒီလို အရာရာမှ ကိုယ့်ရှေ့ရောက်နေတဲ့ ယောက်ျားမျိုးကို အားကျအထင်ကြီးစိတ်နဲ့ အားကိုးချင်တယ်၊ အဲဒီလိုမှ ဦးမဆောင်နိုင်ရင် ကိုယ့်ရှေ့ကမှ မပြေးနိုင်တဲ့ယောက်ျားကို ယောက်ျားညံ့အဖြစ် အထင်သေးတယ် ...

"ပြီးတော့ ရှိသေးတယ်၊ မိန်းမတစ်ယောက်ဆီမှာ အချစ်ကို ဒူးထောက်ပြီးတောင်းတဲ့ ယောက်ျားဆိုလည်း အထင်သေးတယ်၊ သိက္ခာကို အချစ်နဲ့လဲတဲ့ လူညံ့၊ အတ္တပျောက်နေတဲ့ လူညံ့လို့ သတ်မှတ်ထယ်"

www.burmeseclassic.com

www.burmeseclassic.com


"ဒါတွေက ခင်ဗျားတို့လို ပညာလေးနည်းနည်းတတ်ပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့ မိန်းမတွေ စိတ်ထဲကမပါဘဲပြောတဲ့ ကြီးကြီးကျယ်ကျယ် စကားမျိုးပါ"

"စိတ်ထဲက ပါတယ်၊ စကားလုံးက ကြီးကျယ်တာမှန်တယ်၊ ဒါပေမဲ့ စိတ်ထဲကပါလို့ပြောတာ ... ယုံ"

သူက "ယုံ" ဆိုတော့ ယုံပစ်လိုက်မိတော့၏။

"တစ်ခုပြောမယ်"

မမထက်မြက်က လက်ညှိုးကလေး တစ်ချောင်းထောင်၏။

"မေတ္တာရပ်ခံတာပါ၊ မမကို ခင်ဗျား ... ခင်ဗျားနဲ့ မပြောရင် မရဘူးလား၊ ခင်ဗျား တစ်ခွန်းကြားရတိုင်း တောသားနဲ့ စကားပြောနေရသလိုပဲ"

ပိသုလေးနှင့် နံရိုးထုခံရသလား ထင်ရအောင် နေမင်းစစ် ရင်ထဲ အင့်ခနဲနေ၏။

"စေ့စပ်ပွဲကို ဟိုဘက်မိဘတွေက မဖျက်ချင်ဘူး၊ မမက ဖျက်ချင်တယ်ဆိုတော့ ဘွားက ဖျက်ပေးမလို့"

"ဘွားက မမကို အဲဒီလောက် အလိုလိုက်တယ်"

"ခင်ဗျား" အစား "မမ" ဟု သုံးလိုက်ဖြစ်သည်ကို မမ သတိထားလိုက်မိပါသည်။

"ဘွားကလည်း မမလို သတ္တိနဲ့ ထက်မြက်ခြင်းတွေကို ပိုင်ဆိုင်ထားတဲ့ မိန်းမသားပဲ"

"ဒါပေမဲ့ ဘိုးဘိုးရှိတုန်းက ထမင်းစားရင် ငါးအရိုးထွင်ပေးတယ်"

"ဒါက ချစ်လို့ဖြစ်မှာပေါ့"

"မမကရော ဒီလူကို မချစ်လို့လား"

"မမအသက်သုံးဆယ်ကျော်ပြီ၊ ကျော်ပြီဆိုတာ လေးငါးနှစ်ကျော်တာကို ပြောတာမဟုတ်ဘူးနော်၊ သုံးဆယ်ပြည့်ခဲ့တာကို ပြောတာ၊ နေမင်းထက် နှစ်နှစ် သုံးနှစ်လောက်ကြီးမှာပေါ့၊ ဒီအရွယ်မှာ မမ လက်ထပ်သင့်ပြီလို့ ထင်တယ်၊ အဲဒါကြောင့် တွေ့ကြုံလာတဲ့ လူကောင်းတစ်ယောက်ကို...

"လက်ခံဖြစ်သွားတာပဲ၊ အထင်သေးစရာတွေနဲ့ ကြုံလာတော့ နောက်ဆုတ်ချင်တယ်"

"ဒီတစ်ခါလည်း မျက်နှာမပျက်ကြေး၊ မငိုကြေးဘဲ မဟုတ်လား"

"မမျက်ရည်ကျတာကို သိပ်မြင်ချင်နေလို့လား"

"အိမ်ထောင်ပြုသင့်တဲ့ အရွယ်ကို ရောက်လာပြီဆိုပြီး အထင်သေးစရာမရှိတဲ့ လူကောင်းကိုလည်း လိုက်ရှာဦးမှာပဲလား"

"ဒါ မမကိစ္စပါ"

"ကိုယ့်ကိုယ်ကိုယ် မိန်းမသား၊ မိန်းမသားဆိုတာတောင် မြန်မာမိန်းမသားဆိုတာ သတိရပေါ့"

"နေမင်း စကားတွေက မမကို အကြိမ်ကြိမ် စော်ကားတယ်၊ တော်ရုံမိန်းကလေးသာဆိုရင် စိတ်ဆိုးပြီ၊ မမကတော့ မဆိုးပါဘူး၊ သဘောကောင်းလွန်းလို့ မထင်နဲ့၊ နေမင်းကို နားလည်လို့"

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်ကို ဘာနားလည်စရာရှိလဲ"

"ဪ ... နေမင်းရယ်၊ စကားရိုးရိုးလေးနဲ့ပဲ ပြောပါမယ်၊ မမက နေမင်းထက် နှစ်နှစ်သုံးနှစ်စောပြီး ထမင်းစားတယ်၊ နိုင်ငံတကာ အတွေ့အကြုံဆိုတာဟာလည်း ဘာပဲဖြစ်ဖြစ် အသိဉာဏ်ကို ကျယ်စေတာပါပဲ ...

"ပြီးတော့ မိန်းမသားတွေမှာ မိန်းမတိုင်းတော့ မဟုတ်ဘူးပေါ့၊ ထက်မြက်တဲ့မိန်းမတွေဟာ တစ်ဖက်သားရဲ့ ရင်ထဲကို ထွင်းဖောက်ကြည့်တဲ့ပညာမှာ ယောကျ်ားတွေထက်သာတယ် ...

"မိန်းမတစ်ယောက် ဘာဖြစ်နေတယ်ဆိုတာ အဲဒီမိန်းမက ဟန်ဆောင်တတ်ရင် ယောကျ်ားက မသိဘူး၊ ယောကျ်ားတစ်ယောက် ဘာဖြစ်နေလဲဆိုတာ ဘယ်လောက် ဟန်ဆောင်ထားထား မိန်းမတွေကသိတယ် ...

"မမက ပိုလို့ပိုလို့တောင် သိသေးတယ်၊ နေမင်း ဘာဖြစ်နေလဲ မမ သိတယ်"

"ကျွန်တော် ဘာဖြစ်နေလဲ"

"မမကို ရန်လိုနေတယ်၊ စကားကို ဘုချည်းပြောတယ်၊ ဆန့်ကျင်တယ်၊ မုန်းတီးဟန်ပြတယ်၊ ဒီလိုဖြစ်ဖို့ မမမှာ ဘာအပြစ်တွေရှိနေလဲ၊ ဘယ်လိုပြစ်မှုမျိုးကို ကျူးလွန်ထားသလဲ၊ ဟင့်အင်း ... မမ ဘာပြစ်မှုမှ ကျူးလွန်မထားဘူး၊ ဒါဆိုရင် အပြစ်က နေမင်းဆီမှာပဲ ရှိရမယ်၊ ဘယ်လိုအပြစ်ဖြစ်မလဲ၊ ရန်လိုခြင်း မုန်းတီးခြင်းရဲ့ ဆန့်ကျင်ဘက်



ခံစားမှုတစ်မျိုးဟာ သစ္စာရှိယောကျ်ားနဲ့ လူကောင်းဖြစ်ချင်တဲ့ နေမင်း ရင်ထဲမှာရောက်နေလို့ပေါ့၊ နေမင်းက ဇင်လေးချစ်သူလေ"

ရင်ပွင့်ထွက်သွားသလား ထင်မိ၏။ နေမင်းစစ် ဆွေ့ဆွေ့ခုန် ဆတ်ဆတ်ခါ၍ကျန်၏။ မမက ရယ်မောကာ အတွင်းခန်းနောက်ဖေးဘက်သို့ ဝင်သွား၏။ နေမင်းစစ်မှာ အနာပေါ်တုတ်ကျလျက် အသည်းထဲကနာပြီး အရှက်သည်းလှတော့သည်။ ခေါင်းထဲမှ တဒုတ်ဒုတ်တိုးကိုက်၏။ ကိုယ့်အိမ်ကိုယ့်ယာသာဆိုလျှင် မျက်စိရှေ့မှ ပန်းကန်တစ်ခုခုကို ကိုင်ပေါက်ကန်ကျောက် ပစ်လိုက်မိမည် ထင်သည်။

ထိုင်နေရာမှ ဆတ်ခနဲထရပ်၏။ လူသတ်ချင်စိတ်ကြောင့် ရင်ထဲမှာ တလှပ်လှပ်ဖြစ်၏။ မိမိသတ်ချင်သည့်သူ ဘယ်သူလဲဟု စဉ်းစားတော့ ကိုယ့်ကိုယ်ကိုယ်ပဲ ဖြစ်နေရတော့သည်။ ဘွားကို နှုတ်ဆက်မနေတော့ဘဲ ပြန်မည်ဟု တံခါးဝဆီလာတော့ ဇင်လေးက ကားနှင့် ပြန်ရောက်လာတာနှင့်ကြုံ၏။

"ဟင် ... ကိုကို ရောက်နေတယ်၊ ပြန်တော့မလို့လား"

"ပြန်မယ်"

ဒေါ်ခင်ခင်လေးက အိမ်ထဲသို့ဝင်၏။ ဇင်လေးက တံခါးဝမှာ နေမင်းစစ်နှင့်အတူ ကျန်ရစ်သည်။

"မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လဲ"

"ဇင်လေး အစ်မပေါ့"

နှုတ်မှ လွှတ်ခနဲထွက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မမထက်လား ... ဘာဖြစ်လို့လဲ"

"လူစည်းကမ်းမရှိ၊ ပါးစပ်စည်းကမ်းမရှိ၊ ထိန်းသိမ်းစောင့်စည်းအပ်သောတရား ဆိုတာမျိုး နည်းနည်းမှ နားမလည်တဲ့ မိန်းမ"

"ဘာတွေဖြစ်လို့လဲ ကိုကို"

"ဘာမှမဖြစ်ဘူး၊ စကားပြောမတည့်လို့၊ ကိုယ့်စကားက တစ်ဖက်သား ဆတ်ဆတ်ခါသွားမယ်ဆိုရင် ပြောသင့်သလား မပြောသင့်ဘူးလား မစဉ်းစားဘူး"

"ခွင့်လွှတ်လိုက်ပါ ကိုကိုရယ်၊ မမထက်က စကားပြောရင်တဲ့တိုးကြီး၊ စိတ်ရင်း ကောင်းပါတယ်"

"အေးပါ၊ မိန်းမတစ်ယောက်နဲ့လည်း ရန်ပြိုင်မဖြစ်ချင်ပါဘူး၊ ခုလည်း မဖြစ်ခဲ့ပါဘူး၊ ပြီးတော့လည်း ပြီးတာပါပဲ"

"ဘွားက စေ့စပ်ပွဲရှေ့တိုးဖို့ ပြောမလို့ ကိုကို့ကိုခေါ်တာ"

"ဩော် ... ဒါပေမဲ့ ဒီနေ့တော့ ပြောဖို့အချိန်ရမယ် မထင်ဘူး၊ ကိုကို ပြန်လိုက်မယ်"

"ဟုတ်တယ်၊ ဇင်လေးတို့ မသွားခင်ကတည်းကပဲ၊ ဒီဧည့်သည်တွေ ရောက်နေတာ၊ ကိုကို ထမင်းစားပြီးပြီလား"

"အိမ်ကျမှစားမယ် ဇင်လေးရယ်၊ ဇင်လေးအစ်မက ကိုကို့ကို ကော်ဖီတစ်ခွက်တောင် မတိုက်ဘူး"

ဇင်လေးက ရယ်ရှာ၏။

နေမင်းစစ် ကားမောင်း၍ ထွက်ခဲ့သည်။ သူ့ကိုကိုယ်စွဲလမ်းတွယ်ငြိနေတာ၊ ဒီလိုစွဲလမ်းတွယ်ငြိခြင်းဖြင့် သစ္စာဖောက် ယောကျ်ားညံ့ဖြစ်မှာစိုးလို့ သူ့ကို ရင်ထဲအတွေးထဲမှ



ဖွတ်တွန်းထုတ်ရန် လုပ်နေတာ၊ လည်ဝယ်ပါးနပ်လှသည့် မိန်းမက သိသွားခဲ့ပြီ ဆိုတာကို အထပ်ထပ်တွေးရင်း အထပ်ထပ်ရှက်ရတော့သည်။

ဇင်လေးရော ရိပ်မိရှာလေမလား ဆိုတာကျတော့ နေမင်းစစ် အတွေးထဲတောင် မဝင်ချေ။ ဒီကြားထဲ ဇင်လေးက စေ့စပ်ပွဲ ရှေ့တိုးဦးမလို့ဆိုပဲ။ မမ စေ့စပ်ပွဲပျက်သလို ကိုယ့်စေ့စပ်ပွဲလည်း ပျက်သွားလျှင် ဘယ်လောက်ကောင်းမလဲ။ ပျက်ပါစေလို့တော့ ဆုမတောင်းကောင်းပါဘူးလေ။

နေမထိထိုင်မသာ ရှိရပါဘိ။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၇

“မမထက်မြက်”က ကိုယ့်အတွက် ရရှိထားသော အခန်းထဲမှ မှန်တင်ခုံရှေ့မှာ ငုတ်တုတ်ကလေး ထိုင်နေမိတာ ကြာလှပြီ။ မမဘဝမှာ အဲဒီလိုဝေးတာ ငိုင်တာ ငူတာ ဝေါင်တာမျိုး ရှားပါးလှပါဘိ။

မမသည် နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ကလေးဘဝမှာ ရောက်သွားခဲ့တာ ဖြစ်ပါသည်။ မမသည် အနောက်တိုင်း ယဉ်ကျေးမှုထဲမှာ လူလားမြောက်လာရသူဖြစ်၏။ သို့ပေမဲ့ မမက မြန်မာမိန်းကလေး။ မမမေမေက မြန်မာအမျိုးသမီးကြီး။ မြန်မာစကားကို အိမ်မှာအမြဲပြောခဲ့သည်မို့သာ၊ မမ မြန်မာစကားကို ပြောတတ်နေခြင်းဖြစ်၏။ မမသည် လန်ဒန်ရှိ မြန်မာမိန်းကလေး ရွှယ်တူတွေစုံသည့်ပွဲတိုင်းမှာ ...

“မမက ဆယ်တန်းအောင်တယ်လေ”ဟု ပြောဆို ဂုဏ်ယူနိုင်သည်ဖြစ်၏။ မြန်မာပြည်သို့ စာမေးပွဲတွေ လှမ်းလှမ်း ဖြေထားတာ မမက ဆယ်တန်းထိ အောင်ထားသူဖြစ်၏။ ရှစ်တန်း ကိုးတန်း အောင်ပြီးမှ သွားသူတွေ၊ ဆယ်တန်းတက်ရင်း တန်း



လန်းသွားကြသူတွေသာ မြန်မာသံရုံးမှာ သွားဖြေပြီး ဆယ်တန်း အောင်ကြတာတွေရှိ၏။ မမလို သူငယ်တန်းမှစ၍ မြန်မာသံရုံးမှာ သွားဖြေခဲ့ဖူးသူက မမတစ်ယောက်တည်းသာ ရှိသည်၊ ကိုကို (ကိုဦးထက်မြက်)တောင် သံရုံးစာမေးပွဲကို ပထမတန်းကျမှ ဖြေရတာထင်သည်။ သိပ်မမှတ်မိပါ။ မမက မြန်မာပြည်မှ စာမေးပွဲကို အပတ်တကုတ်ဖြေခဲ့သည့် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါသည်။ မေမေ့အဆုံးအမကြောင့် မမမှာ “မြန်မမှု”ကလေးများ ထင်ဟပ်စွန်းထင်းရပါသည်။ မြန်မာမှုကလေးများ ထင်ဟပ်စွန်းထင်းသလို ကိုယ်နေနေရသော အနောက်နိုင်ငံ၏ အနောက်ယဉ်ကျေးမှုဓလေ့စရိုက်ကလည်း လွှမ်းမိုးသည်သာ။

အဲဒါကြောင့်များ မမစိတ်မာတ်တွေ အရှေ့နှင့် အနောက်ပေါင်းပြီး သူများနှင့်မတူတာလားတော့ မသိပါ။

မမအလှနှင့် ပတ်သက်လို့ကတော့ မမသာလျှင် ကိုယ့်ကိုယ်ကိုယ် အသိဆုံးဖြစ်၏။ ဒီလိုအလှမျိုးကို မမကိုယ်တိုင် မကြိုက်နှစ်သက်ပါ။ မမသည် တခြားမိန်းမပျိုလေးတွေထက် သုံးလေးဆလောက်ပိုပြီး ပရိုပို့စ်(Propose)လုပ်ခြင်း ခံရသည်။

“မင်းအလှက စူးစူးရဲရဲနဲ့ ရင်ထဲကို ထိုးခွဲပြီးဝင်တယ်”တဲ့။

မမ၏ပထမချစ်သူက ပြောခဲ့ခြင်း ဖြစ်ပါသည်။

“မင်းထက်ပိုလှတဲ့ မိန်းမသားတွေ အင်္ဂလိပ်လူမျိုးတွေထဲမှာလည်း အများကြီးရှိတယ်၊ နိုင်ငံခြားသားတွေထဲမှာလည်း တွေ့ဖူးတယ်၊ ဒါပေမဲ့ မင်းက ပိုပြီးစွဲမက်စရာကောင်းတယ်၊ ငါ့ကို လက်ထပ်ခွင့်ပေးပါ၊ မင်းကို လက်ထပ်ချင်တယ်”တဲ့။

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ခွင့် တောင်းခြင်းမှာ သူတို့နိုင်ငံမှာတော့ တကယ်ချစ်လို့၊ တော်တော်ကြီးချစ်လို့ ဖြစ်လေ၏။ လက်မထပ်ဘဲလည်း ချစ်သူရည်းစားတွေအဖြစ် နှစ်ပေါင်းဘယ်လောက်ကြာအောင် တွဲနေနေ၊ သူတို့ယဉ်ကျေးမှုမှာ လူကဲ့ရဲ့ခံကြရတာမှ မဟုတ်တာ။

"မင်းကို မြင်လိုက်ရင် မင်းရဲ့အလှက ရင်ထဲကို ပထမဆုံး ဝင်သွားတယ်၊ ပြန်မထွက်တော့ဘူး စွဲလမ်းနေတယ်၊ အမြဲတွေ့ချင်နေတယ်၊ ဘယ်လိုမှ မခွဲနိုင်တော့ဘူး၊ အဲဒီလို ဆွဲဆောင်မှုမျိုးတွေ မင်းတစ်ကိုယ်လုံးမှာရှိတယ် ...

"မင်းရဲ့မျက်နှာအလှမှာ ရှိတယ်၊ မင်းရဲ့အရုပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ပေါက်မှာ ရှိတယ်၊ မင်းရဲ့အကြည့်နဲ့ မင်းရဲ့အပြုံးမှာရှိတယ်၊ မင်းရဲ့အသံမှာလည်း ရှိတယ်၊ မင်းရဲ့ပြောပုံဆိုပုံ လှုပ်ရှားပုံ၊ လမ်းလျှောက်တဲ့အခါ လက်လွှဲပုံတွေကို မင်း တမင်လေ့ကျင့်ထားတာ မဟုတ်ရင် ...

"သဘာဝကပေးတဲ့ လက်ဆောင်ပဲ၊ အရမ်းစမတ် (smart)ဖြစ်တယ်၊ မိန်းမတစ်ရာရှာပြီး မတ်တတ်ရပ်နေကြပစေ၊ မျက်စိနဲ့လှမ်းပြီး ကြည့်လိုက်ရင် မင်းကို အရင်ဆုံးတွေ့တယ်၊ တွေ့ပြီးရင်လည်း ဆက်ကြည့်နေမိရော ...

"မင်းမှာ သဘာဝကပေးလိုက်တဲ့ လက်ဆောင်တွေ အများကြီး ပိုင်ဆိုင်ထားတဲ့အတွက် ဂုဏ်ပြုပါတယ်"တဲ့



ဒီစကားတွေကို မြန်မာလို ပြောတာတော့ မဟုတ်ပါ။ သို့ပေမဲ့ ရန်ကုန်မှာ တွေ့နေရပြီဖြစ်သော ကောင်လေး(မမအတွက်တော့ ကောင်လေးပါပဲ)ကိုသာ စကားပြောခွင့်ပြုလိုက်လျှင် မမချစ်ခဲ့ဖူးသူ၏ စကားတွေနှင့် တစ်ထပ်တည်း ပြောမှာပဲဟု မမ ယုံကြည်ပါသည်။ မမနှင့်ဆုံရသူ ယောကျ်ားတိုင်းလိုလို ဤစကားမျိုးပြော၍ ချဉ်းကပ်ကာ ခွင့်တောင်းခဲ့ကြသည်ချည်းဖြစ်၏။

ဖြစ်နိုင်လျှင် ...

"ဒီလိုအလှမျိုးကို ဖျက်ဆီးပစ်ပြီး ဇင်လေးလိုအလှမျိုး ပေးသနားတော်မူပါဘုရား"ဟု တန်ခိုးရှင်တစ်ဦးဦးထံမှာ ဆုတောင်းချင်ပါသည်။ ယောကျ်ားတွေသည် မမကို ရင်ထဲအသည်းထဲမှ နက်ရှိုင်းစွာ ချစ်မြတ်နိုးသွားကြတာမျိုး မဟုတ်ဘဲ၊ စွဲလမ်းတပ်မက်ပြီး မခွဲခွာနိုင်အောင် ဖြစ်သွားကြတာမျိုးတွေမို့ မမကိုယ့်ဘဝကိုယ် စိတ်နာပါသည်။ နေမင်းစစ် ဆိုသည့် ကောင်လေးက ဇင်လေးအား (မမ မရောက်မီအချိန်) ချစ်ခင်မြတ်နိုးတွယ်တာခဲ့သည့် သံယောဇဉ်အချစ်မျိုးကို မမ တန်ဖိုးထားစွာ လက်ခံရယူချင်လှပါ၏။

မမ ပထမဆုံးချစ်သူအဖြစ် Robby ရော်ဘီ (မမက သူ့ကို ရော်ဘီဟု ခေါ်၏)ကို လက်ခံခဲ့စဉ်က မမအသက်ငယ်ပါသေးသည်။ ကိုယ့်ကိုချစ်လာသည့် သူငယ်ချင်းကို ကိုယ်တိုင်လည်း ချစ်သည်မို့ လက်ခံလိုက်ခြင်းသာ ဖြစ်ပါသည်။ အဲသည်တုန်းက အပူအပင်ကင်းစွာ ချစ်ခဲ့ဖူးသည့် အချစ်မျိုးကို ဒီတစ်သက်မှာ ပြန်ရတော့မည် မထင်ပါ။ မမမှာ ချစ်သူရှိနေတာ၊ မမက မေမေ့ကို ပထမဆုံး ဖွင့်ပြောခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြတ်စွာဘုရား ... သမီးရယ် ဖြစ်မှဖြစ်ရလေ၊ မေမေက သိပ်ခင်ကြတဲ့ သူငယ်ချင်းတွေ ထင်နေတာ၊ ကောင်လေးကလည်း စည်းနဲ့ကမ်းနဲ့မို့ မေမေက ပေါင်းချင်ပေါင်းစေဆိုပြီး ကြည့်နေတာ၊ မိုက်လှတဲ့ သမီးရယ်"

မေမေ ငိုပါလေတော့သည်။ သမီးမှာ ချစ်သူရှိပြီဆိုတာကို သိသိချင်း မြန်မာအမေတိုင်း ဒီလိုပဲ ငိုကြသလားဟု စဉ်းစားကြည့်မိ၏။ မမအနေနှင့်တော့ ဒါဟာ ငိုစရာမဟုတ်ပါ။ သူငယ်ချင်း အင်္ဂလိပ်မကလေးတွေမှာ ချစ်သူရှိလျှင် အိမ်ကိုခေါ်လာပြီး အဖေအမေနှင့် ခပ်တည်တည် မိတ်ဆက်ပေးကြ၊ မိဘတွေကလည်း ဘာမှမပြော၊ လက်တွေ ဘာတွေတောင်ဆွဲပြီး နှုတ်ဆက်လိုက်ကြသေးသည်။

ခု ... မေမေက ဘာဖြစ်တာတဲ့လဲ။

မေမေပြောတာတွေ အများကြီးပါပဲ။ မေမေပြောသမျှအားလုံးသောစကားတွေကို မမ မငြင်းနိုင်ခဲ့ချေ။

"မေမေဟာ ဒီနိုင်ငံမှာ နှစ်ပေါင်းနှစ်ဆယ်လောက် နေခဲ့ပြီးပေမယ့် တကယ့် မြန်မာအမျိုးသမီး စစ်စစ်ကြီးပဲနော်"

မမ မေမေ့ကို ချီးကျူးလေးစားလိုက်ရပါသည်။

"ဘယ်နိုင်ငံ ဘယ်နေရာပဲရောက်ရောက် မြန်မာဟာ မြန်မာပဲပေါ့ သမီးရယ်၊ သမီးဖေဖေ အလုပ်အကိုင်နဲ့ ရေကြည်ရာမြက်နုရာဆိုသလို လာဖြစ်ခဲ့ပြီး ဒီမှာ အနေကြာလာတော့လည်း နေတတ် စားတတ် ဖြစ်သွားရတယ်၊ ဒီမှာ အခြေကျသွားရတယ်၊ ဒါပေမဲ့ ကိုယ် မြန်မာဆိုတာ မေ့ထားလို့ရပါ့မလား ...



"ဒီမှာ နှစ်ပေါင်းဘယ်လောက်ကြာအောင်နေနေ တစ်နေ့ ကိုယ့်တိုင်းပြည်ပြန်မှာ၊ ကိုယ့်ကိုမွေးခဲ့တဲ့ တိုင်းပြည်မှာပြန်ပြီး ခေါင်းချမှာ၊ မေမေက မြန်မာပြည်မှာ ပြန်သေမှာ၊ ဒါကြောင့် မေမေ နေ့တိုင်း ထမင်းစားနေတာ ကြည့်ပါလား"

"အင်းလေ ... သမီးတို့လည်း ထမင်းကြိုက်နေတာပဲ"

"မြန်မာဟာ ထမင်းပဲ ကြိုက်ရမှာပေါ့ သမီးရဲ့၊ မေမေသာ မြန်မာစိတ် မပြင်းထန်ရင် သမီး ခုလို မြန်မာစကားကို သွက်သွက်ကြီး ဘယ်ပြောနေနိုင်ပါ့မလဲ"

"ဟုတ်ပါရဲ့၊ မြန်မာစကားက အိမ်မှာပဲ ကြားရတာ၊ အိမ်ကထွက်တာနဲ့ မြန်မာစကား မကြားရတော့ဘူး၊ မြန်မာသူငယ်ချင်းချင်း တွေ့ရင်လည်း မြန်မာလိုမပြောကြဘူး မေမေရဲ့၊ အင်္ဂလိပ်လိုပဲ ပြောကြတာ"

မေမေ ဟောသမျှ "တရား"အားလုံးကို မမလက်ခံပါသည်။

"သမီး ... သမီးကိုကိုက အင်္ဂလိပ်မကို ယူတော့မှာ သိတယ်မှုလား"

ဒီပြဿနာထဲမှာ ဖေဖေ ဝင်ပါရတော့၏။

"ဟုတ်ကဲ့"

"အဲဒါလည်း ဖေဖေ သဘောမတူဘူးဘဲ၊ လူမျိုးချင်း ယဉ်ကျေးမှုချင်း ဘာသာချင်း မတူတော့၊ ဒါဟာပြဿနာတက်ကိုတက်မှာပဲ၊ ဖေဖေ တားတယ်၊ ကိုကိုက ရှေ့ကိုပဲ တိုးချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ကိုဦးထက်မြက်ကို "ကိုကို"ဟုခေါ်၍ မမထက်မြက်ကိုလည်း ဖေဖေကိုယ်တိုင်က "မမ"ဟု ခေါ်ပါသည်။

"မိဘဆိုတာ ဖြစ်နိုင်ရင် သားသမီးရဲ့ဆန္ဒ အားလုံးကို လိုက်လျောချင်တာပဲ၊ ကလေးစကားနဲ့ပြောရင် အလိုလိုက်တယ်ပေါ့၊ မိဘဆိုတာ သားသမီးကို အလိုလိုက်ချင်တယ်၊ ချောက်ထဲခုန်ချဖို့ လုပ်နေရင်တောင် ဆွဲထားလိုက်ချင်တာ မဟုတ်ဘူး၊ ချောက်ကိုသာ ရွှေ့ပစ်လိုက်ချင်တာ၊ ကိုယ့်သားကိုယ့်သမီးသွားမဲ့လမ်းမှာ ချောမောသွားစေချင်တာ ...

"ဖေဖေ ရက်ပေါင်း လပေါင်းများစွာ စဉ်းစားပြီးတဲ့အခါမှာ မတတ်သာစွာ ... မတတ်သာစွာလို့ ဖေဖေ ပြောတယ်နော်၊ ဖေဖေတို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေကြားထဲမှာ အဖနဲ့သမီး ဒီစကားမျိုးပြောရတော့ နားနဲ့မနာ ဖဝါးနဲ့နာပါလို့ သုံးရတယ်၊ ဖေဖေတို့လူမျိုးက ရက်တတ်မျိုး မဟုတ်လား ...

"ဖေဖေကလည်း သမီးကို ပြောချင်တယ်၊ နားနဲ့မနာ ဖဝါးနဲ့နာပါလို့၊ ဖေဖေဟာ နိုင်ငံခြားသူရယ် မြန်မာမိန်းကလေးရယ်မခွဲခြားနိုင်တော့ဘဲ မိန်းမသားဆိုတာကိုပဲ ဦးစားပေးတွေးပြီး သမီးချင်း ကိုယ်ချင်းစာလို့ မတတ်သာစွာ...

"ဖေဖေ ထပ်ပြောမယ်နော်၊ သမီးချင်း ကိုယ်ချင်းစာလို့ မတတ်သာစွာ ဖေဖေလိုက်လျောရပါတယ်၊ ဖေဖေ့သမီးလေးမှာ ဒီလိုကိစ္စမျိုးနဲ့ ကျန်ရစ်ရရင် ဘယ့်နှယ်လုပ်ပါမလဲလို့၊ တစ်ချက်တွေးလိုက်မိရုံနဲ့ ဖေဖေ ခေါင်းညိတ်ခွင့်ပြုလိုက်ရတာပါပဲ ...



"သားတစ်ယောက်ကို မတတ်သာစွာ ... ဆိုတဲ့ စကားလုံး သုံးခဲ့ရပြီးပါပြီ၊ သမီးမှာသာ မတတ်သာစွာ ဆိုတာကို ဆက်သုံးရရင် ဖေဖေ သေဖို့ပဲရှိတယ်၊ မြန်မာပြည်ပြန်ပြီး ခေါင်းချချင်တဲ့ ဖေဖေဟာ သူများနိုင်ငံ၊ သူများလူမျိုးတွေ ကြားထဲမှာ မျက်နှာငယ်စွာ ခေါင်းချရတော့မှာပါပဲ"

"မမမှာ မတတ်သာစွာ လိုက်လျောရမယ့်ကိစ္စမျိုး မရှိပါဘူး ဖေဖေ၊ မမ ဒီလောက်မမိုက်ပါဘူး"

"ကျေးဇူးတင်ပါတယ် သမီးရယ်၊ မိဘကမွေးမယ့် သားသမီးကိုပြန်ပြီး ကျေးဇူးတင်ရတဲ့ အချက်တွေရှိပါတယ်၊ သမီးကို ဖေဖေ ကျေးဇူးတင်တယ်၊ မတတ်သာစွာ လိုက်လျောရတာမျိုးမှ မရှိဘဲ သမီးရယ်၊ ဖေဖေ မလိုက်လျောပါရစေနဲ့တော့၊ သားကြီး ကိုကို့အတွက်နဲ့ ဖေဖေရော မေမေပါ ...

"ရင်ကွဲနာ ကျနေရတာ သမီး မမြင်နိုင်တော့ဘူးလား သမီးရယ်"

ဖေဖေပါ မျက်ရည်ကျရှာတော့ပါ၏။

ယောကျ်ားမျက်ရည်ကျလျှင် အထင်သေး ရွတ်ချတတ်သည့် မမက ဖေဖေ့မျက်ရည်ကိုတော့ ဦးထိပ်ရွက်လျက် ပန်ဆင်လိုက်ရပါတော့သည်။

"ရော်ဘီရေ ... ဤဘ၀ ဤမျှသာ"

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



"မမ ... ညည့်သည်ရောက်ပါတယ်"

မမကိုယ်ကလေး တွန့်သွားရ၏။

"နင်ကလည်း အသံမပေး ဘာမပေးနဲ့ လန့်သွားတာပဲ"

"အဟဲ ... မမ ဘာတွေတွေးနေတာလဲ မသိဘူး၊ မမ မျက်ကြောစင်းစင်းနဲ့ တွေးနေတာ သိပ်ကြည့်လို့ ကောင်းတာပဲ၊ မမက ထွန်းအိန္ဒြာဗိုနဲ့လည်း တူတယ်၊ နန္ဒာလှိုင်နဲ့လည်းတူတယ်"

အသားမည်းကလေးမို့ သူ့နာမည်ပျောက်ကာ ဘွားက ချစ်စနိုး "ညိုညက်"ဟု နာမည်ပေးထားသည့် ကောင်မလေးက ရယ်နေ၏။

"နင်ပြောတဲ့ ထွန်းအိန္ဒြာဗိုရော နန္ဒာလှိုင်ပါ ငါကြည့်ပြီးပါပြီ၊ လှလိုက်ကြတာ စက်စက်ယိုတွေပါဟာ၊ ငါ့ရုပ်နဲ့ တခြားစီပါ"

"မမက မိုက်တယ်"

"ဟာ ... မမိုက်ပါဘူး၊ လိမ္မာပါတယ်"

"မမက လှတယ်"

"ထားတော့၊ နင်တော့ အင်္ကျီတစ်စလောက် ဝယ်ပေးမှ ဖြစ်တော့မယ်၊ ဘယ်သူလဲ ညည့်သည်က ချိန်းလည်းမထားဘူး"



ပြောပြီးမှ မြန်မာလူမျိုးတွေထဲမှာတော့ ချိန်းပြီးမှ တွေ့ကြတာဟာ အလုပ်ကိစ္စမှာဖြစ်ဖြစ်၊ မလွဲမသွေ တွေ့ချင်လို့ ဖြစ်ဖြစ်သာ ချိန်းကြပြီး သာမန်အချိန်တွေမှာတော့ သွားချင်လျှင် ထသွားလိုက်ကြတာပဲ ဆိုတာကို တွေးမိ၏။

"ကိုကိုနေမင်းစစ်"

"ဟောတော့ ... အေး ... အေး ... လာမယ်၊ နင် သွားတော့၊ တစ်ခုခု ကျွေးဖို့လုပ်နော်၊ ဟိုတစ်ခါတုန်းက ကျုပ်က ဘာမှမကျွေးလိုက်ဘူးဆိုပြီး ပြန်တိုင်လို့ ရှင့်မမ သခင်လေးက ကျုပ်ကို စိတ်ကောက်တယ်"

"ဟုတ်ကဲ့ ... အဟိ"

ကောင်မလေး ဘာရယ်ချင်သွားမှန်းမသိ။ မမက မှန်တင်ခုံရှေ့မှ ခုန်ထပြီးမှ ပြန်ထိုင်ကာ မျက်နှာကို ဘယ်ညာစောင်းငဲ့ကြည့်လိုက်မိ၏။ သူများတကာ အလှမျိုးမဟုတ်တာ မှန်ပေမယ့် ကိုယ့်ကိုယ်ကိုယ် လှတယ်ထင်ပေမယ့် သိပ်လှတယ် ထင်ပြန်သော ဝိရောဓိခံစားချက်တွေကြောင့် မှန်ကြည့်ချိန်နည်းနည်းပိုကြာသွားရသည်။ အင်္ကျီကို ဆွဲဆန့်လိုက်၏။ လူ့တစ်ရပ်ကျော်သည့် ဗီရိုကြီးမှာ မှန်အပြည့်နှင့်မို့ ကိုယ်လုံးပေါ်မှန်ကို ကြည့်မိပြန်၏။ ကိုယ်လုံးလေးက သွယ်လျပါးလျားကာ အရပ်အမောင်း လွင့်စွင့်နေသည့်ကြားမှ ခါးက ခွက်ဝင်နေရသေးသည်ဦ ညကမှ လော်လောလတ်လတ် နားထောင်လိုက်မိသောသီချင်းကို သတိတရ ဖြစ်မိ၏။

သူ့ခါးကို လေတိုးရင် ကျိုးမှာအလွန်စိုးတယ် ... ဘဲ။

www.burmeseclassic.com

ချည်စစ်စစ် အသားပါးပါး မလိုင်ရောင်ဘလောက်စ် အင်္ကျီပွပွလေးက ကိုယ်ပေါ်မှာ ဟိုရွှေ့ဒီရွှေ့နှင့် ချောင်ချိနေပေမယ့် ကိုယ်လုံးလှလှကလေးကိုတော့ မဖုံးဖိနိုင်ပါ။ ဂျင်းဘောင်းဘီရှည်ကတော့ မမအကြိုက်ဆုံး အဝတ်အစားမို့ လန်ဒန်မှာနေတုန်းကရော ရန်ကုန်ရောက်မှရော မချွတ်တန်းဝတ်၏။ ဘွားက မမမို့လားတော့မသိ၊ မျက်စိမနောက်ပါ။

"စကတ်ဘောင်းကွဲ ပေါင်ပေါ် ဒူးပေါ်တွေနဲ့စာတော့ ဂျင်းဘောင်းဘီရှည်က လုံခြုံသေး"ဟုတောင် ပြောသေးသည်။

ညွှန့်ခန်းသို့ရောက်တော့ နေမင်းစစ်က ထိုင်နေပြီ။ မမထက်မြက် ဆိုသည့် သတ္တိခဲမိန်းမသားဟု နာမည်ကြီးနေသူ မိန်းမတစ်ယောက် ရင်တွေဒိန်းဒိုင်းခုန်လျက် ခြေလှမ်းတွေရွံ့နေရတာ လူသိမခံတော့ပါဘူးလေ။

"ဇင်လေး မရှိဘူး နေမင်းရဲ့၊ အိမ်မှာတောင် ဘယ်သူမှ မရှိကြဘူး၊ မမရောက်တာ နည်းနည်းကြာလာတော့ ဆွေမျိုးတွေလည်း အလာကျဲကုန်ပြီ၊ ဒီလို နေ့လယ်နေ့ခင်းမှာ ဇင်လေးတို့မရှိရင် မမ တစ်ယောက်တည်း ဖြစ်နေတတ်တာ မသိလို့ လာတာထင်တယ်"

မမစကားက တစ်ဖက်ကို ကလိရာ ရိရာ ရောက်၏။ မမသည် မည်သူ့ကိုမျှ အားမနာတတ်ပါ။ စကားကို စိတ်ထဲရှိသည့်အတိုင်း ပြော၏။ ရိုးရိုးရှင်းရှင်း ပြော၏။ မမရင်ထဲမှာ ဖြူစင်သောစိတ်ထားရှိ၏။ သူများကို ခနိုးခနဲ့ပြောဖို့၊ ကလိသလို ရိသလို အထွန့်တက်ဖို့ မမ ဘယ်တုန်းကမျှ ဝါသနာမပါချေ။



အဲသည်လို ပြောတတ်သည့် လူမျိုးဆိုလည်း မမ စိတ်မရှည်။ သည်းခံလေ့မရှိပါ။

"စကားကို သူများမုန်းအောင် ပြောတတ်ပါပေရဲ့" ဟု ကဲ့ရဲ့စိတ်ဆိုးပစ်လိုက်ကာ ထိုသူနှင့် ထိပ်တိုက်ရင်ဆိုင်ပစ်လိုက်တတ်၏။ ယခု ... မမကိုယ်တိုင် ခနိုးခနဲ့စကားကို ပြောမိပြီ။ ဘာကြောင့်လဲ။ သူ့ကိုတွေ့ရင် သူ စိတ်တိုမခံချင်ဖြစ်အောင် ပြောင်ကာ နောက်ကာ ပြောချင်၏။ ဘာကြောင့်လဲ။ ဒီတစ်ကြိမ်မှာ သူနှင့်တွေ့ဖို့ မမ သတ္တိနည်းကာ ရင်ခုန်နေ၏။ ဘာကြောင့်လဲ။

"သိပါတယ်၊ အိမ်ဖော်တွေကလွဲရင် ဒီအချိန် အိမ်မှာ မမ တစ်ယောက်တည်းရှိမှန်း သိပါတယ်"

"အင်း ... ဟုတ်သားပဲ၊ ဇင်လေးမေမေရဲ့အစ်မက နည်းနည်း အသည်းအသန်ဖြစ်နေလို့ အန်တီခင်လေးရော ဘွားရော ဇင်လေးရော အားလုံးသွားကြတာ၊ အန်ကယ်မျိုးဇင်ကတော့ ရုံးပေါ့၊ နေပါဦး ... ရှင်က ဒီအချိန်ကုမ္ပဏီရုံးခန်းမှာ ရှိမနေဘဲ ဘာကြောင့် ဒီကိုရောက်လာရတာလဲ"

"မမနဲ့ တွေ့ချင်လို့"

"မမနဲ့ ... ဘုရားရေ"

မမက ရင်ဘတ်ကလေးဖိ၍ မျက်လုံးကလေးပြူးလိုက်၏။ တမင်တကာ ကွန်ယက်ဖြန့်၍ သိမ်းသွင်းခြင်းမဟုတ်ပါ။ မိန်းမမာယာသဲကိုးဖြာကို ထုတ်သုံးရတာလည်း မဟုတ်ပါ။ ဒီအချိန်မှာ ဒီလိုအပြုအမူကလေး အလိုအလျောက် ဖြစ်သွားရတာပါဟု ရိုးသားစွာဝန်ခံလျှင် ထိုယောကျ်ားယုံကြည်ပါမလား။ မမ

www.burmeseclassic.com



အပြုအမူတွေက ထိုယောကျ်ားကို ကွန်ယက်ဖြန့်၍ အုပ်လွှမ်းသိမ်းပိုက်နေပြီဆိုလျှင်လည်း မမက ကိုယ့်အပြုအမူအတွက် မတောင်းပန်ချင်ပါ။ တစ်ခါတစ်ရံမှာ ကံကြမ္မာသည် လူသားတို့ကြားထဲသို့ လမ်းမှားကြီးနင်းလျက် ကြမ်းရှစွာ ဝင်ရောက်လာတတ်သည် ထင်ပါရဲ့။

"ချိန်းလည်း မထားဘူး"

"ဟုတ်ကဲ့ ... ကျွန်တော် မချိန်းမိဘူး၊ ဒီအတွက် ထပြန်ရမလား၊ မမနဲ့တွေ့ခွင့်ကို ထပ်တောင်းရမလား၊ အဲဒါဆိုရင်တော့ ဒီအိမ်မှာ မဖြစ်နိုင်တော့ဘူး ထင်တယ်၊ ခုလိုမျိုး လူရှင်းနေဖို့က မလွယ်ဘူး၊ တစ်နေရာရာမှာ ချိန်းမှရတော့မယ်"

"နေမင်းက မမကို ဒိတ်(Date)လုပ်တာလား"

"ချိန်းတယ်ဆိုတော့ ဒိတ်တော့ ဒိတ်ပါပဲ၊ မမတို့ဆီက ဒိတ်မျိုးနဲ့တော့ ဘယ်တူပါ့မလဲ"

"ဟွန်း ... ကျုပ်ကလည်း တူပါလို့ မပြောပါဘူး"

"ကျွန်တော် ပြန်ရမှာလား"

"ဘာလို့ ပြန်ရမှာလဲ၊ ပြောစရာရှိတာ ပြောပေါ့"

ညိုညက်က စားကောင်းသောက်ဖွယ် ဗန်းကြီး ဗန်းငယ်ကို နှစ်ခေါက်ပြန်သယ်၍ ထုတ်လာ၏။

"စားဦး ... မမကိုယ်တိုင် လုပ်ထားတာ စပါဂတီ၊ လန်ဒန်မှာတုန်းက ဖေဖေ့ကို လုပ်လုပ်ကျွေးရတယ်၊ မနက်က ဘွားစားဖို့ လုပ်ထားတာ၊ ရစပီ(Reciepe)တော့ သိပ်မမှန်ဘူး၊ တချို့ နည်းနည်းလိုတယ်၊ ရှိမှာပါ ဒီမှာကျတော့ မမက မရှာတတ်လို့ဖြစ်မယ်၊ နောက်တစ်ခါကျရင် ပါစတာ လုပ်ကျွေးမယ်၊ အဲဒီအတွက် ပစ္စည်းတွေ ဂျန်ရှင်အိတ်မှာ ရတယ်တော့ ... သိလား"



"မမ ဒါတွေလည်း ရသလား"

"အင်း ... မိန်းမတွေ တတ်အပ်တဲ့ ပညာမှန်သမျှ အကုန်တတ်တယ်လို့ ပြောရင်တောင် ကိုယ့်အရည်အချင်း အပြည့်အဝ မဟုတ်သေးဘူး သိလား၊ ယောကျ်ားတို့ တပ်အပ်သည့် ပညာတွေ ပါတတ်တယ်၊ အိမ်မှာ ကိုကိုက အိမ်ထောင်စောစောကျပြီး အိမ်ခွဲသွားတာ ...

"မမပဲ သား၊ မမပဲ သမီးဖြစ်ပြီး ကျန်ရစ်တာလေ၊ မမမှမလုပ်ရင် ဖေဖေလုပ်ရတော့မယ်၊ မေမေ လုပ်ရတော့မယ်၊ မိဘကို ညာတာချင်တယ်၊ ကူညီချင်တယ်ဆိုတဲ့ သမီးတစ်ယောက်ဟာ ယောကျ်ားအလုပ် မိန်းမအလုပ် ခွဲခြားနေလို့ ဖြစ်ပါတော့မလား"

"ချီးကျူးပါတယ် မမ၊ တကယ်ပြောတာ မိန်းမတော်တော်များများမှာ မမလို အရည်အချင်း မရှိပါဘူး"

"စား ... စား ... ချီးကျူးတဲ့အတွက် ပိုစား၊ တကယ်ဆို ဒါကို ထမင်းစားခန်းစားပွဲမှာ တင်ကျွေးရမှာပါ၊ မမက ညိုညက်ကို တမင် ဒီထုတ်ခိုင်းလာတာ၊ ထမင်းစားခန်းက မီးဖိုနဲ့နီးတယ်၊ ကောင်မလေးတွေ ချက်ရင်းပြုတ်ရင်း ခိုးနားထောင်မှာစိုးလို့"

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော် ပြောမယ့်စကားတွေဟာ ကောင်မလေးကြားဖို့ မသင့်တော်ဘူးလို့ မမက ကြိုသိနေသလား”

“အကြားအမြင်တော့ ဘယ်ရပါ့မလဲ၊ ထင်တာပေါ့”

“မမ ထင်လိုက်ရင် မလွဲပါဘူး”

နေမင်းစစ်က နည်းနည်းပဲစားပြီး အချိုရည်ဖန်ခွက်ကိုတော့ ကုန်အောင်မော့၏။

“ကျွန်တော် မမကို ဒီမှာ ကြာကြာမနေပါနဲ့တော့လို့ ပြောဖို့လာတာ”

“ရှင်”

“မမကို ပြန်စေချင်ပြီ၊ ဒီတိုင်းပြည်ဟာ မမရဲ့ချက်မြှုပ်ရာ အမိမြေဆိုပေမယ့် မမကို ကျွန်တော် ပြန်စေချင်ပြီ”

“ဘာဖြစ်လို့လဲဟင်”

“မမ အဲဒီလို ကျွန်တော့်ကို ပျော့ပျော့ပျောင်းပျောင်း မဆက်ဆံပါနဲ့ မမ၊ ကျွန်တော် ပေါက်ကွဲလိမ့်မယ်”

မမ မျက်လွှာကျသွားရင်တော့သည်။

ရင်ထဲမှာ နာ၏။ ကျင်ရှ၏။ စူးမျက်၏။ နှင့်ခဲ့လိုက်ကာ ငိုချင်စိတ် ဖြစ်လာရတာ ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးရတော့သည်။ မမတစ်သက်တာမှာ ယောကျ်ားတစ်ယောက်ရှေ့မှာ မျက်လွှာချဖူးတယ်ရယ်လို့ မရှိခဲ့ပါ။ ရော်ဘီနှင့် လမ်းခွဲစကားပြောကြတုန်းကတောင် နှစ်ယောက်လုံး အဝေးသို့ငေးလျက် မျက်နှာချင်းမဆိုင်ဘဲ ကိုယ်ပြောရမည့် စကားတွေကို ပြောနေခဲ့ကြခြင်းဖြစ်၏။ “ကိုသန့်စင်မျိုး”နှင့် စေ့စပ်ကြောင်းလမ်းခြင်းဖျက်သိမ်းစဉ်ကဆို သူ့မျက်နှာကို စေ့စေ့ကြည့်၍ ပြောခဲ့၏။



“ကျွန်မ ရှင့်ကို လူကောင်းတစ်ယောက်အဖြစ်နဲ့ တစ်ဘဝလုံး လက်တွဲဖို့ ဆုံးဖြတ်ခဲ့တာ၊ ရှင်ဟာ လူကောင်းတစ်ယောက်ဖြစ်သလို လူတော်လည်း ဖြစ်ပါတယ်၊ ရှင့်အလုပ်အကိုင်မှာတော့ ထက်မြက်မယ့် ယောကျ်ားမျိုးပါ။ အိမ်ထောင်တစ်ခုမှာတော့ ဦးဆောင်ခေါင်းရွက် ပြုနိုင်မယ် မထင်ဘူး ...

“အရာရာမှာ ကျွန်မ ခေါင်းဆောင်နေရမယ့် အိမ်ထောင်ရှင်ဘဝကိုလည်း မလိုချင်ဘူး၊ ကျွန်မ ခေါင်းဆောင်ရာ နောက်ကနေပြီး လက်ညှိုးထောင် ခေါင်းညိတ်နေမယ့် ယောကျ်ားမျိုးကိုလည်း မလိုချင်ဘူး၊ ရှင့်အပေါ်မှာ သံယောဇဉ်ရှိပါတယ်၊ မေတ္တာလည်း ရှိပါတယ်၊ ဒါပေမဲ့ ကျွန်မ ရှင်နဲ့ လက်မထပ်ချင်တော့ဘူး”

ဟု အတိအလင်း ပြောခဲ့ပါသည်။

မျက်စိမျက်နှာ မပျက်ဘဲ ပြောနိုင်ခဲ့ပါသည်။ မျက်စိမျက်နှာပျက်နေသူက ကိုသန့်စင်မျိုးသာ ဖြစ်၏။

“ယောကျ်ားတစ်ယောက်ဟာ ကိုယ့်အိမ်ထောင်အတွက် ပိုက်ဆံတွေအများကြီး ရှာဖွေပေးတာကိုလည်း ကျွန်မ လိုလားချီးကျူးပါတယ်၊ ဒါပေမဲ့ ပိုက်ဆံရှာဖွေခြင်းအလုပ်တစ်ခုကိုလုပ်ပြီးရုံနဲ့ အိမ်ထောင်ရှင်ယောကျ်ားတာဝန်တွေအားလုံးပြီးဆုံးသွားပြီဆိုတဲ့ ယောကျ်ားမျိုးလည်း ကျွန်မသဘောမကျဘူး၊ ကျွန်မနောက်က လက်ညှိုးထောင်ခေါင်းညိတ်နေမယ့် ယောကျ်ားကို မလိုချင်ပေမယ့် အိမ်ဦးနတ်ကုလားထိုင်ကြီးပေါ် တက်ထိုင်ပြီး ...

www.burmeseclassic.com



"သခင်ကြီးလိုလို ဘုရင်ကြီးလိုလိုနဲ့ မိန်းမ
ကျွန်နဲ့တူသောမယား ဖြစ်စေချင်တဲ့ လူမျိုးကျတော့လည်း
မကြိုက်ပြန်ဘူး၊ ရှင် နားမလည်နိုင်ဘူး ထင်ပါတယ်ရှင်"

ဟု ပြောခဲ့၏။ သန့်ဇင်မျိုးက မျက်နှာပျက်ရှာ၏။

"ကိုယ်က မမကို ချစ်တာပါ၊ ဒါကြောင့် မမ ဘာဖြစ်မှ
ညာဖြစ်မှဆိုတဲ့ လိုလားချက်တွေ ကိုယ့်မှာမရှိဘူး၊ ဘယ်လို
မိန်းမမျိုး လိုချင်တယ်၊ ဘယ်လိုမိန်းမမျိုး မလိုချင်ဘူး
တာ ကိုယ့်မှာမရှိဘူး၊ ကိုယ်လိုချင်တာ မမပဲ၊ မမကို
ကိုယ်ချစ်တာလေ ..."

"မမက အိမ်ထောင်ပြုချိန်တန်လို့ အိမ်ထောင်ဖက်
ရွေးတဲ့အခါမှာ မမရဲ့မိဘတွေက ကိုယ့်ကို သဘောကျတယ်၊
မမလည်း ကိုယ့်ကို သဘောကျခဲ့ပါတယ်၊ ဒါကြောင့်
စေ့စပ်ကြောင်းလမ်းတဲ့ထိ လက်ခံခဲ့တာပေါ့ ..."

"ခုမှ မမ ဂဏျိဂဏျောင် တိုက်လာတာဟာ ကိုယ်နဲ့
တကယ်တမ်း လက်ထပ်ဖို့ ဝန်လေးလို့ပါ၊ လက်ထပ်ဖို့ထက်
စွန့်စားလိုက်ဖို့ ဝန်လေးလာလို့ပါ၊ အမိက,ကတော့ မမ
ကိုယ့်ကို မချစ်တာပါဘဲ"

ကိုသန့်ဇင်မျိုးက မျက်လွှာကိုအောက်ချ၍ ပြောခဲ့၏။

သူ့စကားတွေ မှားလား၊ မှန်လား မမ မဆန်းစစ်
ခဲ့ပါ။ လက်မထပ်ချင်တော့တာပဲ သိသည်။ ဘာကြောင့်မှန်းမသိ
ကိုသန့်ဇင်မျိုးကို စိတ်ပျက်၏။ စိတ်တိုင်းမကျ၊ ကိုယ့်ကို အလို
လိုက်လွန်းတော့လည်း အထင်သေး၊ ဆန့်ကျင်တော့လည်း လက်
မခံချင်။ နောက်ဆုံးမှာ ...



"ဘွားနဲ့ မတွေ့ရတာလည်း ကြာပြီ၊ မြန်မာပြည် ခဏပြန်
မယ် မေမေ"

ဟု ခွင်းတောင်းကာ ရောက်လာခဲ့ခြင်း ဖြစ်တော့
သည်။

ခု မမကို "ပြန်ပါ"ဟု နှင်လွှတ်ရဲသည့်သူနှင့်တွေ့
ရသည်။ သူ့ရှေ့မှာ မမ မျက်လွှာကျနေ၏။ မမက တကူးတက
ချခြင်းမဟုတ်ပါ။ ဒီမျက်လွှာတွေက အလိုအလျောက် ကျသွား
ခြင်းတည်း။ ပြီးတော့ ... မမ ငိုချင်ရနေသည်။

မမက ခေါင်းငုံ့၍ တိတ်ဆိတ်နေ၏။ နေမင်းစစ်
က အဝေးသို့ငေးလျက် ဘာမျှမပြော။ ဧည့်ခန်းကြီးမှာ မမ
၏ခေါင်းထက်မှ ကလစ်တစ်ချောင်း ပြုတ်ကျလျှင်တောင် ဗုံးကွဲ
သလား ထင်မိကြမည်ဖြစ်၏။ ရင်ခွင်တို့သည် ပါးလှပ်လျက်
မထိမခံနိုင်လောက်အောင် ကိုယ်စီနာကျင်နေကြပါသည်။ နေမင်း
စစ်သည် မမကို အသည်းနှလုံး အရိုးအကြောထဲထိတိုင် စူးနစ်
စွာ ချစ်မိသွားရသော ကိုယ့်ကိုယ်ကိုယ် ချစ်ခွင့်ပိတ်ပင်ထားရပါ
၏။ ကိုယ့်ကိုယ်ကိုယ် လူကောင်းဖြစ်ချင်သည်။ တစ်သက်လုံးမှာ
ပြောစရာအပြစ်မရှိခဲ့သော ယောကျ်ားကောင်းစံချိန်ကို အကျိုးမခံ
ပါ။ ပြီးတော့ ဇင်လေးကို သနားသည်။ ဇင်လေးအတွက်ဆို
လျှင် အမြဲတမ်း အလျှော့ပေးလိုက်လျော့ခဲ့ခြင်း ခေါက်ရိုးကလည်း
ကျိုးခဲ့ပြီ။ ဤခေါက်ရိုးကိုလည်း ပြန်မဆန့်ချင်တော့ပါ။ ဇင်လေး
အသည်းကွဲပြီးမှ ရရှိမည့် အချစ်တစ်ခုကို မလိုချင်ပါ။ ကိုယ်က
လိုချင်ပါသည်ဆိုလည်း မမက ပေးမည်မဟုတ်ပါ။

သို့ပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



မိမိ-ဘယ်လောက်ကြုံကြုံခဲ၊ မောင်းတင်လျက် ခွဲတင်ထားရသည်ကို ကိုယ်သာလျှင် အသိဆုံးတည်း။ ခုနေ လုပ်ချင်တာလုပ်စမ်း။ နာမည်မပျက်စေကြေး။ ထင်ရာစိုင်းဆိုသည့် အမိန့်တစ်ခုသာ ရရှိခဲ့ပါလျှင် မမကို ကားတင်၍ ခိုးပြေးမိမှာဖြစ်သည်။ အချစ်နှင့် သံယောဇဉ်ကို ခွဲခြား၍ နားလည်လိုက်ပါပြီ။ ဇင်လေးအပေါ်မှာထားသော အချစ်က အချစ်တော့ အချစ်ပါပဲ။ သံယောဇဉ်နှင့်နွယ်ကာ မေတ္တာဖြင့် အေးချမ်းစွာ မြတ်နိုးရသော အချစ်မျိုးဖြစ်၏။ ဇင်လေး၏ အသိအလိမ္မာလေးတွေကို တန်ဖိုးထားလေးစားသည်။ သတို့သမီးလောင်း အကောင်းစားလေးဟု ယုံကြည်သည်။ ဤအကောင်းစားလေးကို ကိုယ့်မှာ ရယူပိုင်ဆိုင်နိုင်ခွင့်ရှိပါလျက် စွန့်လွှတ်လိုက်ရမှာကို အတ္တဆန်စွာ မလိုလားခြင်းဖြင့် သိမ်းပိုက်လိုက်ခြင်း ဖြစ်ခဲ့သည်။ "မခ"ညီအစ်ကိုတွေကို မပေးလိုက်နိုင်ခြင်း၊ နှမြောဝန်တိုခြင်းတို့ဖြင့် အချစ်ဆုံးသံယောဇဉ်လေးနှင့်သာ ဘဝတစ်ခုကို တည်ဆောက်ဖို့ ကြိုးစားခဲ့ခြင်းဖြစ်၏။

မမကိုကျတော့ ချစ်ကိုချစ်တာပါ။ ဘယ်တုန်းကမှ မခံစားဘူးသော၊ ရင်မှာမကျရောက်ဘူးသော အချစ်စစ်စစ်ဖြင့် ချစ်ခြင်းဖြစ်ပါသည်။ သို့ပေမဲ့ အတွေ့နောက်ကျသည်။ ကံကြမ္မာက နှိပ်စက်တာလား၊ လှည့်စားတာလားမသိ။ မမနှင့်တွေ့ချိန်မှာ ကိုယ်ဟာ ရုန်းထွက်ရန် မသင့်သော သံယောဇဉ်ကြိုးများဖြင့် အထပ်ထပ် နှောင်တဲပြီး ဖြစ်နေရ၏။ တစစ်စစ်မြည်ကာ ပြတ်တောက်လုနီးပါး စွမ်းအားမဲ့လာသော သံယောဇဉ်ကြိုးများ မပြတ်မတောက်ပါမည့်အရေး ကိုယ်သာလျှင် ခွဲတင်း၍ ကြုံကြုံခံနေရသည်



မို့ ကိုယ့်ခံနိုင်ရည်စွမ်းအားကိုလည်း ကိုယ် သံသယဖြစ်ပါသည်။ ကိုယ့်ခံနိုင်ရည် အတိုင်းအတာသည် ဘယ်အထိပါနည်း။ အဲသည် အတိုင်းအတာသို့ မရောက်မီ ကိုယ်နှင့် မမတို့ ကမ္ဘာတစ်ခြမ်းစီမှာ နေကြမှဖြစ်မည်။

"ကျွန်တော် တောင်းပန်တာပါ မမ၊ မမကို အမိန့်ပေးတာလည်း မဟုတ်ပါဘူး၊ မမဟာ သူများအမိန့်ပေးတာကို နာခံမည့်မိန်းမသားမျိုးလည်း မဟုတ်ပါဘူး၊ ညှို့ဝတ်မကျေတဲ့အပြင် နှင်ရက်လေခြင်းရယ်လို့လည်း မထင်ပါနဲ့ ...

"ကျွန်တော် ကိုယ့်အကြောင်းနဲ့ကိုယ်ပါ၊ ဒါကို မမလည်း သိမှာပါ၊ မမကို ပြန်စေချင်ပါပြီ၊ ဆေးစပ်ပွဲကိုလည်း ဖြစ်နိုင်ရင် မဖျက်ပါနဲ့ မမ၊ ကျွန်တော် မမဘဝလေး အဆင်ပြေပြီး အခြေတကျဖြစ်တာကိုလည်း မြင်ချင်ပါတယ်၊ ဒါ စေတနာအစစ်ပါ၊ လူကောင်းတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သာယာတဲ့ မိသားစုဘဝလေးထဲမှာ မမ ပျော်ရွှင်နေတာကို ကျွန်တော် ကြည့်ချင်ပါတယ်"

မမ ခေါင်းငုံ့ဆဲ ဖြစ်လေ၏။

ကိုယ့်မြေ ကိုယ့်ရေကို ခွေတွရောက်ခိုက်၊ အသည်းနှလုံး၏အနက်ရှိုင်းဆုံးနေရာမှ ချစ်ရမည့်သူကို တွေ့လိမ့်မည်ဟု မထင်မှတ်ခဲ့မိပါ။ တွေ့လျှင်လည်း အဖြောင့်စင်းဆုံး ပြောဆိုဆောင်ရွက်တတ်သည့် မမဟာ ကိုယ့်ချစ်သူနှင့် လက်တွဲလိုက်မှာပဲဖြစ်သည်။ ကိုယ်သာလျှင် သတ္တိအကောင်းဆုံးဟု ထင်ခဲ့မိသမယ် သတ္တိဆိုတာ နေရာတိုင်းမှာ ထုတ်သုံးလို့ မဖြစ်ဘူးဆိုတာ ခုတော့ ... မမ နားလည်ရပြီ။ သတ္တိကို နေရာမှန်မှာ သုံးစွဲမှ

www.burmeseclassic.com



"သတ္တိ"စစ်စစ်ဖြစ်၏။ အဲသည်သတ္တိကိုပင် နေရာမှား၍ သုံးစွဲပါက "မိုက်မဲခြင်း"ဆိုတာမျိုး ဖြစ်သွားနိုင်ပါ၏။

မမ ... ဆင်ခြင်ရပါမည်။

ဇင်လေးဘဝမှာ နာကျင်စရာများနှင့် ဒဏ်ရာရ၍ ကျန်ရစ်စေခဲ့ခြင်း၊ ဘွားအရှက်တကွဲ အကျိုးနည်းဖြစ်ရခြင်း။ မျိုးရိုးစဉ်ဆက်မှာ နာမည်ကောင်းတစ်ခုကို စဉ်ဆက်မပြတ် ထိန်းသိမ်းခဲ့ပြီးကာမှ သူ့လက်ထက်ကျမှ နာမည်ပျက်ရမည့် နေမင်းစစ်ဘဝကို မဖျက်ဆီးရက်ခြင်း။

အို ... ဆင်ခြင်စရာတွေ အများကြီးပါ။

စိတ်လိုက်မာန်ပါ လုပ်လို့မရတာတွေ အများကြီးပါ။ ကိုယ့်စိတ်ကိုယ့်ကိုယ်၊ ကိုယ့်ဆန္ဒအတိုင်းနေခဲ့သည့် မမဟာ ဒီတစ်ချိန်မှာတော့ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ပါ။ ဒါကြောင့် လူကြီးသူမတွေက ဆုပေးသည့်အခါမှာ စိတ်သွားတိုင်း ကိုယ်ပါ၍ လိုရာနှင့် ပြည့်စုံပါစေဟု ဆုပေးကြတာလား မသိပါ။ မမမှာ စိတ်သွားတိုင်း ကိုယ်ပါနိုင်သည့် အခြေအနေကို မရရှိနိုင်ပြီလေ။

အချစ်ဆိုတာ ဘယ်လိုလဲ။

လူတွေ အချစ်ကြောင့် စွန့်စားကြသည်ဆို၏။ ဒါဆိုလျှင် အချစ်မှာ သတ္တိတွေနဲ့ပေါ့။ လူတွေသည် အချစ်ကြောင့် ကျရှုံးသည်ဟုလည်းဆို၏။ ဒါဆိုလျှင် အချစ်ဟာ လူကိုပျော့ညံ့စေသည့် မှိုင်းတစ်မျိုးပေါ့။ လောလောဆယ်မှာ မမ ပျော့ညံ့တွေဝနေရပြီ။ မမထက်မြက်ဆိုသည့် နာမည်နှင့် မလိုက်ဖက်တော့သာ မမအစစ် မဟုတ်သည့် မမအတု ဖြစ်နေရပြီကော။ မမဘာ အချစ်နောက်ကို ကောက်ကောက်ပါလျက် သိက္ခာကျ၊



နာမည်ပျက်၊ ဆွေထဲမျိုးထဲ အဖြစ်ဆိုးကြီးကို ဖန်တီးပစ်လိုက်ရသည့် လူစားမျိုးလား။ ဒါဆိုလျှင် ဘာလို့ တွေဝေနေတော့မလဲ။

စဉ်းစားကြည့်လျှင် ရက်စရာ ကောင်းလှပါသည်။ ယောက်ျားတစ်ယောက်ကများ မမထက်မြက်ကို "ပြန်ပါ"ဟု အနှင်နေရသည့်ကိစ္စ။

မမ ခေါင်းကို ဆတ်ခနဲ မော့လိုက်၏။ တစ်ရံမလပ် စောင့်ကြည့်နေသော နေမင်းစစ်၏ မျက်ဝန်းတွေနှင့် တိုက်ခိုက်မိကြသည်။ နေမင်းစစ် ရင်ထဲမှာ နာကျင်ကြေကွဲစွာ လှိုင်းထန်သွားရ၏။ မမမျက်ဝန်းတွေကို ကြောက်ပါသည်။ ပြီးတော့ ချစ်သည်။

"နေမင်း ... ရှင့်မှာ မမကို ပြန်ပါ၊ နေပါဆိုတာမျိုး ပြောပိုင်ခွင့်မရှိဘူးနော်၊ ဒီစကား မှန်ရဲ့လား"

နေမင်းစစ် ရင်ထဲမှာ စူးအောင့်သွားသလား ထင်၏၊ စောစောကဆို မမပုံစံက တော်တော်ကြီး နူးညံ့သွားသည်။ အသံတွေလည်း သိမ်မွေ့၏။ မမ ဘယ်လိုခံစားချက်မျိုးနှင့် ပြောင်းလဲသွားသလဲဟု ထိတ်လန့်စွာတောင် တွေးလိုက်မိပါသေးသည်။ နေမင်းစစ်လည်း ယောက်ျားမို့ လူအ,လည်းမဟုတ်သည်မို့ မမ၏ရုတ်တရက် အပြောင်းအလဲကို နားလည်လိုက်ပါသည်။ ထိုသည်အပြောင်းအလဲကို လှစ်ခနဲ ဝမ်းသာသွားရပေမယ့် လက်ခံဖို့ ကြောက်လန့်လှပါသည်။ ခု မမ ပင်ကိုသတ္တိတွေ ဝင်လာပြီ။ ပင်ကိုဗီဇပြပြီ။ မမထက်မြက်ဆိုသည့် နာမည်ပိုင်ရှင်သည် နာမည်နှင့်လိုက်ဖက်သော ထက်မြက်မှုကို ပြပြန်တော့လည်း နာကျင်ကြေကွဲရသည်သာ။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းစစ် ရင်ထဲမှ မရိုတင်ကဲကို ရင်ဆိုင်ရပါမည်။

"ရှင်ဟာ တစ်ဖက်သားရဲ့ ကိုယ်ရေးကိုယ်တာမှာ တော်တော်စွက်ဖက်တဲ့သူပဲ၊ အဲဒါ သိပ်ရိုင်းတယ် ဆိုတာရော ရှင် သိရဲ့လား"

မမ ပြောချင်ရာ ပြောပါတော့ဟု ခေါင်းငုံ့ခံလိုက်ပါတော့မည်။ မမ ရှက်သွားပြီဆိုတာကို အရှက်သည်းဖုံးသူမို့ ကိုယ်ချင်းစာနိုင်၏။

"ဘယ်လိုလူယဉ်ကျေးမျိုးမှ ဒီလိုရိုင်းပျမှုမျိုးနဲ့ တစ်ဖက်သားကိုမစော်ကားဘူး၊ ရှင် စော်ကားတယ်၊ ရှိပါစေ မမက ခွင့်လွှတ်ပေးလိုက်ပါတယ်၊ ခွင့်လွှတ်တာ မဟုတ်ဘူးနော် ခွင့်လွှတ်ပေးတယ်ဆိုတဲ့ စကားကို ရှင် သဘောပေါက်ပါ_

"အဲဒါ ကျွန်မ သဘောကောင်းလွန်းလို့ သည်းခံလိုက်တယ်တော့ မထင်ပါနဲ့၊ နေမင်းစစ် ဆိုတဲ့ မတ်တော် မောင်လေးတစ်ယောက်ရဲ့ ရင်ထဲကို ဘာတွေမဖွယ်မရာ ဝင်လာသလဲဆိုတာ ကျွန်မ ထွင်းဖောက်သိမြင်နိုင်လို့ပဲ"

"မမ"ဟု သုံးနေရာမှ "ကျွန်မ"ဟု ပြောင်းသုံးတာကို နေမင်းစစ် သတိထားမိပါသည်။ နေမင်းစစ် ရင်ထဲကို မမ မြင်နိုင်သွားသလို၊ မမရဲ့ခံစားချက် အစစ်အမှန်ကိုပါ နေမင်းစစ် နားလည်လိုက်နိုင်ပြီဖြစ်ကြောင်း၊ မမက ပြန်လည်သိရှိသွားသည့် အခါ မိန်းမသားဖြစ်သူ "မမ"က ရှက်ရမ်းနှင့် ဆက်ဆဲလျှင် နေမင်းစစ် သည်းခံရပါသည်။ ပါးရိုက်လွှတ်လျှင်တောင် လည်း ထွက်သွားမည့် မျက်နှာကို မငုံ့ကြေးထားပေးလိုက်မည်ဟု ဆုံး ဖြတ်၏။



"ကျွန်မရဲ့တစ်သက်တာမှာ ကိုယ်လုပ်ချင်တာချည်း လုပ်ခဲ့တယ်၊ သူများလုပ်ခိုင်းတိုင်း လုပ်တတ်တဲ့ အမျိုးအစားမှာ ကျွန်မ မပါဘူး၊ ရှင် ဘာကြောင့် ပြန်ပါလို့ လာပြောသလဲ ဆိုတာ ကျွန်မ သိသလို၊ ကျွန်မ ဘာလုပ်ရမလဲဆိုတာ လည်း ကျွန်မ သိတာပဲ ...

"ဒီမှာ နေမင်းစစ်ရဲ့ ... လောကမှာ လုပ်ချင်တာနဲ့ လုပ်သင့်တာ နှစ်မျိုးရှိတယ်တဲ့၊ ကျွန်မရဲ့တစ်သက်တာမှာ လုပ်ချင်တာချည်း လုပ်ခဲ့ပေမယ့် အဲဒါတွေအားလုံးဟာ လုပ်သင့်တာနဲ့ တစ်ထပ်တည်း ကျခဲ့တာချည်းပဲ၊ ဒါကြောင့် ဘာအမှားအယွင်းမျိုးမှ မရှိခဲ့ဖူးဘူး ...

"နောင်တဆိုတာ တစ်ခါမှမရဘူးလို့ နောင်တဲ တစ်ပိဿာ ဘယ်ဈေးလဲ မေးရမယ့်သူလို့ မှတ်ထားပါ၊ ရှင့်ကိုတော့ သနားလိုက်ပါတယ်၊ ကိုယ့်အခြေအနေ ကိုယ် မသိတဲ့ ယောကျ်ားတစ်ယောက်အဖြစ်နဲ့ ကျကျနနကြီး အထင်သေးလိုက်တယ်၊ ရှင် သိရဲ့လား၊ ရှင့်မှာ ကျွန်မကို တစ်ခုခုလုပ်ဖို့ တိုက်တွန်းခြင်း၊ ကန့်ကွက်ခြင်း ဆိုတာမျိုး လုပ်ဖို့ ဘာအခွင့်အရေးမှ မရှိဘူး ...

"ကျွန်မ စကားတွေလွန်သလား၊ ရှင် ဖြေချင်လည်း ဖြေ၊ မဖြေချင်လည်း ရတယ်၊ ရှင် သွားလိုရာ သွားနိုင်ပြီ"

နေမင်းစစ်က ထိုင်ရာမှ ထရပ်၏။

"မမ စကားတွေ မလွန်ပါဘူး၊ မမ စိတ်ဆိုးလို့ ပါးရိုက် ချင်စိတ် ဖြစ်ရင်တောင် ကျွန်တော် ခေါင်းမငုံ့ကြေး စိန်

www.burmeseclassic.com



ခေါ်ဝံ့ပါသေးတယ်၊ မမမှာ ဘာအပြစ်မှ မရှိပါဘူး၊ အပြစ်ရှိတာ ကျွန်တော်ပါ၊ ကျွန်တော် ပြန်ပါပြီ”

နေမင်းစစ် ရှာခနဲ လှည့်ထွက်ခဲ့၏။ မမထက်မြက်က အထက်စီးမှ တစ်စင်တီမီတာ အလျှော့မခံနိုင်သည်မို့ ထိုင်ရာမှမထဘဲ ကျန်ရစ်၏။ ကားမောင်းထွက်သံကြားမှ ထိုင်နေရာမှ ဖြည်းဖြည်းထသည်။ နှလုံးသည်းခြေခိုက် ခံစားမှုကြောင့် ရင်ထဲမှ လှပ်ခနဲ ဖြစ်ပါ၏။ ခေါင်းထဲမှာ မိုက်ခနဲ မူးချင်သည်။ သို့ပေမဲ့ ကိုယ်ကို မတ်လိုက်၏။ အပြုံးတစ်ပွင့်ကို မျက်နှာပေါ်တင်သည်။

“ညိုညက်ရေ ... လာသိမ်းပါဦး၊ ညည်းတို့ဧည့်သည်က ကုန်အောင်လည်း စားမသွားဘူး၊ ကျုပ်လက်ရာ ညံ့လို့လား မသိဘူး ထင်ပါရဲ့”

ညိုညက်က ပြေးထွက်လာ၍ သိမ်း၏။

“မမ အိပ်ချင်တယ်၊ စောစောတည်းက ငိုက်နေတာ အိပ်လိုက်ဦးမယ် လာမနှိုးနဲ့ သိလား”

“ဟုတ်ကဲ့ မမ”

အခန်းထဲသို့ ဣန္ဒြေမပျက် ဖြည်းဖြည်းပဲဝင်၏။ အခန်းတံခါးကို စေ့ရုံပဲစေ့သည်။ ညိုညက်ကို ဒီလောက်မှာထားပြီးလျှင် ဤတံခါးချက်ချဖို့မလိုတော့။ ချက်ချထားတာကမှ သို့လော ... သို့လော ဖြစ်နိုင်သေးသည်။ ခုတင်ပေါ်သို့ ဖြည်းဖြည်းပဲလှဲချသည်။ ခေါင်းအုံးတစ်လုံးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်၏။ အခန်းတံခါးဘက်သို့ ကျောပေးလိုက်သည်နှင့် မျက်ရည်စက်လက်တို့ စီးကျတော့သည်။



မမထက်မြက်မှာလည်း မျက်ရည်ရှိပါသည်။ မမထက်မြက် ငိုတတ်ပါသည်။ မမထက်မြက်ဆိုတာလည်း အသည်းနှလုံးနှင့် လူသားပါ။ အချစ်ရှိပါသည်။ ခံစားတတ်ပါသည်။ ဘာသားနှင့်ထုထားတာမို့လဲ။

“ကိုသန့်စင်မျိုးကိုကျတော့ ဦးနှောက်နဲ့ ရွေးချယ်ဖြစ်သွားရတာ၊ နှလုံးသားထဲ အနက်ရှိုင်းဆုံးနေရာမှာ စူးနစ်နိုင်မြဲစွာ ချစ်ရတဲ့ အချစ်စစ်စစ်ကို ကျွန်မ အခုမှ တွေ့တယ်၊ ဒါပေမဲ့ ကျွန်မ ကံဆိုးတယ်၊ ကျွန်မအကြောင်းကို ရှင်သာ သိခွင့်ရရင် ဝမ်းမသာတောင်မှ ဝမ်းနည်းမယ်တော့မထင်ပါဘူး ...

“ကိုသန့်စင်မျိုး ... ရှင့်ကို ကျွန်မ တောင်းပန်တယ်၊ ရှင့်ကို ဘာဖြစ်လို့ ညာဖြစ်လို့ဆိုပြီး လက်ထပ်ကာနီးကျမှ သတ္တိကြောင်ပြီး လမ်းခွဲဖို့ကြိုးစားမိခဲ့တဲ့ အဖြေကို ကျွန်မ သိပါပြီ ...

“အချစ်စစ်စစ်နဲ့ တွေ့တဲ့အခါမှာ ဒီယောကျ်ားဟာ ဘယ်လိုအရည်အချင်းမျိုးရှိမှဆိုတဲ့ သတ်မှတ်ချက်တွေ ထွက်ပြေးကုန်ကြပါတယ်၊ အချစ်စစ်စစ်မှာ ကန့်သတ်ချက်မရှိဘူးလို့ ကျွန်မ ဝန်ခံရပါပြီ၊ ဒါပေမဲ့ ...

“ချစ်တိုင်းလည်း ချစ်ခွင့်မကြုံပါဘူး၊ ကျွန်မရဲ့ အချစ်ဟာ ပန်းတစ်ပွင့်ဆိုရင် မပွင့်မီက နွမ်းနှင့်ရတဲ့ အကြောင်းကို ရှင်သိတဲ့အခါမှာ ကျွန်မကို ကိုယ်ချင်းစာ သနားနိုင်မှာလားလို့ ကျွန်မ သိချင်ပါတယ် ...

www.burmeseclassic.com

www.burmeseclassic.com

"မမထက်မြက်ဟာ ရင်ထဲမှာ ကျိတ်ပြီး ပျော့ညံ့နေကြောင်း လူတကာမသိအောင် ဟန်ဆောင်တဲ့အတတ်ပညာကို ကျွန်မ ကြိုးစားလေ့ကျင့်ပါဦးမယ်"

ဝါကျရှည်လေးတွေကို တိုးတိုးရွတ်အပြီးမှာ၊ မျက်ရည်သက်သေတွေအားလုံး ဖျောက်ဖျက်ပစ်လိုက်တော့သည်။ မမထက်မြက်လေ။ သူများမှ မဟုတ်တာ။

✤ ✻ ✤



# ၈

ဇင်လေး ထိတ်လန့်စိုးရွံ့စွာ မျှော်လင့်ထားမိသည့် ဖြစ်ရပ်က တိုက်ဆိုင်စွာ ပေါ်ပေါက်လာခဲ့ပါသည်။

ဇင်လေး ဆိုတာ သဘောကောင်း၊ မနော့ကောင်း၊ ရိုးသားအေးဆေးလေးပေမယ့် အဲဒါဟာ ထိုထိုင်းညံ့ဖျင်းခြင်းနဲ့မှ ဆိုင်တာ။ ကိုကို ကြာခြေပျက်တာကို ဇင်လေး သတိမထားမိဘဲ နေပါ့မလား။ ကိုကို ကြာခြေပျက်ပေမယ့်၊ မမထက်မြက်နှင့် ပညာ ပြိုင်ရာမှာ ဇင်လေးက ညံ့လို့ အကဲမခတ်မိတာလားတော့ မသိ၊ မမထက်မြက်က ကြာခြေမပျက်ဟုထင်၏။ ဇင်လေးကသာ ချစ်ရသူ နှင့် ကိုကို့ကို စွန့်လွှတ်ပေးဖို့ ဇင်လေး စဉ်းစားကြည့်ပါသေးသည်။ သို့ပေမဲ့ အဲသည်ကိစ္စ ဘယ်လိုမှ ဖြစ်မလာနိုင်မှန်း ဇင်လေး ရိပ်မိပါသည်။

ဘွားက ...

"ဇင်လေး ... နေမင်း တစ်ယောက်လည်း ခုတလော အလုပ်များတယ်ထင်တယ်၊ အရောက်အပေါက်နည်းတယ်၊ သမီးက နွဲ့ဆိုးနဲ့လှမ်းမှာမနေနဲ့၊ မအားရင် မလာဘဲနေရှာပါစေ သိလား"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘွား ဘာဖြစ်လို့ဒီစကားကို မလိုအပ်ဘဲပြောတယ် ဆိုတာ ဇင်လေး သိပါသည်။ ကိုကို့ကို အိမ်မလာစေချင်လို့ပါ။ ကိုကို့ကို မလာစေချင်ခြင်းဟာ မမထက်မြက်နဲ့ မတွေ့စေလိုခြင်း မှလွဲ၍ တခြားမရှိ။ ဘွားနှင့် မမထက်မြက်တို့ ညှိခန်းမှာ ပြောင်ပြောင်ထိုင်၍ လူသိရှင်ကြား တံခါးမပိတ်ဆွေးနွေးပွဲက "စေ့စပ်ကြောင်းလမ်းခြင်း ပြန်လည်တည်ရှိရေး"ဖြစ်၏။ မေမေနှင့် ဖေဖေပါသည်။ ဘဘဦးတိုးလွင်နှင့် အန်တီ ဒေါ်မြင့်မြင့်ခင်ပါသည်။ မမက ခေါင်းမာစွာ ငြင်းဆန်သည်မို့ ဘွားတို့ဘက်မှ ဆွေးနွေးပွဲ ရှုံးနိမ့်ပါသည်။

ဇင်လေးနှင့် ဘွားသည် မမထက်မြက်အကြောင်း ကုန်ခြေပျက်သည့် ကိုကို့အကြောင်းကို မဆွေးနွေးဖြစ်ခဲ့ပါ။ သို့သော် ခုတလော ဘွားရဲ့အကြည့်တွေဟာ ဇင်လေးအပေါ် အကြင်နာတွေ ယိုစီးဖိတ်လျှံကျနေသလားဟု ထင်မိ၏။ ဇင်လေး ထင်တာလည်း ဖြစ်နိုင်ပါသည်။ မမထက်မြက်ကတော့ ပုံမှန်မှ တကယ့်ပုံမှန် ပါ။

ဒီရက်မှာမှ ဖေဖေနှင့်မေမေတို့ ငွေရတုမင်္ဂလာနှင့် ပတ်လည်က လာရှိနေပြန်တာက ဇင်လေး ကံဆိုးဖို့များလားမသိ နိုင်တော့ပါ။

ဘွားမွေးနေ့တုန်းကလို ခြံပြည့်ခြံလျှံ မဖိတ်ပါ။ ညှိသည်သိပ်မများပါ။ ဖေဖေနှင့်မေမေတို့ ကျောင်းဆောက်လှူဒါန်း ထားသည့် ကျောင်းကလည်း သည်ရက်ပိုင်းမှာ တိုက်ဆိုင်စွာ ပြီးစီးတော့ ကျောင်းရေစက်ချ၊ မင်္ဂလာငွေရတုကောင်းမှု စသည် စသည်ကို သံဃာတော်နှစ်ဆယ့်ငါးပါးပင့်၍ ဆွမ်းကပ်၏။ ပရိက္ခရာ



နှင့် ဝတ္ထုငွေကြေး ထပ်ဆင့်လှူဒါန်း၏။ ဘယ်သူ့မှ မဖိတ်ဘူးဆို ငြား၊ ဆွေမျိုးစုကတောင့်တော့ ဆွေမျိုးနှင့်ပင် အိမ်ပြည့်အိမ်လျှံကာ၊ ခြံထဲ စားပွဲကုလားထိုင် လေးငါးစုံဆိုသလောက်တော့ ချရတော့ သည်။

သူစိမ်းထဲကဆိုလို့ ကိုကိုတို့မိသားစုတွေမှ မကင်း ရာမကင်းကြောင်းတွေပါသည်။ ပြီးတော့ ဖေဖေတို့ ဘဘတို့နှင့် စီးပွားဖက် ပူပူနွေးနွေးဖြစ်နေသော ဦးမင်းခ၊ ဒေါ်သက်ထားခင်၊ သား နွေမခ၊ မိုးမခ၊ ဆောင်းမခတို့ပါသည်။ သူတို့ကလည်း 'ခင်မင်ကြောင်းပြ'သရုပ်ဖြင့် မိသားစုငါးယောက်လုံး လာမှလာ ဘတ်ပလေ။ ဦးမင်းခ၊ ဒေါ်သက်ထားခင်တို့မိသားစုက ခြံထဲမှ စားပွဲတွေမှာပဲ ထိုင်၏။ လူကြီးမိဘနှစ်ဦးက တစ်စားပွဲဖြစ်ကာ ဘဘဦးတိုးလွင်က သွားဧည့်ခံသည်။

တစ်စားပွဲသပ်သပ်လို ဖြစ်နေသည့် မခညီအစ်ကို သုံးဦးထံမှာကျတော့ ဧည့်ခံမည့်သူ မရှိဖြစ်နေသည်မို့ ဘွားက ...

"ဟဲ့ ... နွေမခတို့စားပွဲကို တစ်ယောက်လောက် သွားလိုက်ကြပါဦး"ဟု လှမ်းအော်၏။

လောလောဆယ် အားလပ်နေသူမှာ မမထက်မြက်မို့ မမက ခြံထဲသို့ ဆင်းသွားလိုက်တော့သည်။ လူချင်းက သိပြီး သားပါ။

"နွေမိုးဆောင်းညီအစ်ကိုတွေ အားမနာကြနော်"

"စိတ်ချ မမမျက်နှာကြည့်ပြီး စားရရင် ပိုပဲဝင်မလား၊ ရင်ပဲပြည့်မလား တစ်ခုခုပဲ၊ အားတော့မနာဘူး၊ တစ်ခုခု ဆိုရင်တော့ ခံစားချက်ကြောင့်ပဲသာမှတ်"

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုတစ်တွေက အာသွက်နေကြလေ၏။ မမ ခြံထဲဆင်းသွားကတည်းက ညှော်ခန်းက စားပွဲနိမ့်ကလေးတွေမှာ မိဘနှင့်အတူ စားနေသော နေမင်းစစ် ကျောကလေး တောင့်ခနဲ ကော့သွားတာကို ဇင်လေးက မြင်ဖြစ်အောင်မြင်၏။

"မမ ဘယ်တော့ပြန်မလဲ"

"မသိသေးဘူး၊ ပြန်ချင် ခုထပြန်လည်းရတယ်၊ နေလို့လည်း ရသေးတယ်"

"အလုပ်က ခွင့်ယူလာတာလား"

"ဟုတ်ကဲ့"

"ဒါဖြင့် ရောက်လက်စနဲ့ ခွင့်စေ့အောင်နေပေါ့"

"ဖေဖေနဲ့ မေမေကိုလည်း လွမ်းပြီ"

"မမက ဖေဖေနဲ့မေမေပဲ ခေါ်တယ်နော်"

"ဖေဖေနဲ့မေမေက အဲဒီလိုပဲ ခေါ်ဖို့သင်ခဲ့တယ်"

"ဆယ်တန်းအောင်တယ်ဆို"

"ဟုတ်တယ်၊ မမက အဲဒါကို သိပ်ဂုဏ်ယူတာ"

"ဟိုကဘွဲ့က ဘာဘွဲ့လဲ"

"ဘက်ချလာ အော့ဖ် ကွန်ပျူတာဆိုင်းယင့် Bechlor of Computer Science"

"တော်လိုက်တာ၊ တကယ်ချီးကျူးတာနော်၊ အခု ကွန်ပျူတာနဲ့ပဲပေါ့ အလုပ်က"

"ဟုတ်ကဲ့"

"ဖေဖေတို့ မေမေတို့က မမကို သဘောကျနေတယ်၊ မိန်းမသားဖြစ်ပြီး တက်မြက်လို့တဲ့"



"ဒါတော့ နာမည်ကိုက မမထက်မြက်လေ၊ ဦးထက်မြက်ရဲ့သမီး၊ ကိုဦးထက်မြက်ရဲ့ညီမ"

"ထက်မြက်မျိုးတွေပေါ့"

"ကြည့်ပါဦး ... တိုက်ဆိုင်လိုက်တာ၊ မမ တူလေးရဲ့ မြန်မာနာမည်က ထက်မြက်မျိုး"

ဟာသရသ မြောက်လှသည်မဟုတ်ငြား၊ ရယ်မောဖြစ်လိုက်ကြ၏။ အဲသည်စားပွဲက တိုက်ဆိုင်စွာ အိမ်တံခါးဝနှင့် ... သလို၊ နေမင်းစစ် ထိုင်နေသော စားပွဲကလည်း ညှော်ခန်းတံခါး ... ကြီးနှင့်နီးပါသည်။ လေကပဲသင့်လို့လား၊ စားပွဲနှစ်ခု တကယ်ပဲ ... လို့လားမသိပါ။ ခြံထဲဝိုင်းမှ ရယ်မောသံက ညှော်ခန်းထဲသို့ ဝေ ... ည့်စွာရောက်၏။ အသံတွေကို လူကြီးသံ လူငယ်သံ ခွဲခြားနိုင် ... ရာ၊ ဒါဟာ လူငယ်သံပဲဟု သိနိုင်၏။ လူငယ်ဝိုင်းဆိုလို့လည်း ... ထဲမှာ နွေမခတို့ညီအစ်ကိုသုံးယောက်ဝိုင်းပဲရှိ၏။ အဲသည်ဝိုင်းမှာ ... ထက်မြက် ညှော်ခံနေသည်လေ။

"မမ မြန်မာပြည်ကို အပြီးပြန်လာခဲ့ပါလား"

"ဟိုမှာ အလုပ်ရနေပြီလေ"

"ဒီပညာ ဒီဘွဲ့နဲ့ဆိုတော့ ဒီမှာလည်းရမှာပါ"

"ဒီမှာကျတော့ ကိုယ်ပိုင်ကုမ္ပဏီထောင်နိုင်မှကောင်းတာ"

"ထောင်နိုင်ပါတယ်"

"အမယ် ... ဒီလောက်မချမ်းသာပါဘူး"

"ဒေါ်အိမ်စည်ရဲ့ အချစ်ဆုံးမြေးကများ ပြောရတယ်ရှိသေး"

ရယ်စရာမဟုတ်ပေမယ့် ရယ်မောသံက ထွက်လာ ... ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူပြောလဲ အချစ်ဆုံးလို့"

"လူတိုင်းပါးစပ်ဖျားမှာ အဲဒီစကားရှိတယ်"

"ဒါနဲ့ပဲ နာမည်ကြီးထမင်းဝတ် ဖြစ်ရတာ"

ဘာမှန်းမသိ ရယ်ကြပြန်၏။

"မမက မြန်မာစကား တော်တော်တတ်တယ်"

"မမ မြန်မာပဲ"

"ဟိုမှာတော့ အင်္ဂလိပ်လိုပြောမှာပေါ့၊ အိမ်မှာပြောတာ"

"ဟင့်အင်း ... မမတို့အိမ်မှာ မြန်မာလိုပဲပြောတယ်"

"ချီးကျူးပါတယ်"

"မမ ဟိုမှာ တော်တော်စန်းပွင့်လား၊ ကျွန်တော့်စကားက မြန်မာပြည်မှာပြောတော့ ခွကျမှာပဲ၊ ဟိုမှာသာမေးရင် အေးဆေးပဲမှလား"

"မမကလည်း ဖြေဦးမယ်၊ ဒီမှာ ဒီလိုဖြေတော့ နည်းနည်းခွ ကျမယ်၊ ဟိုမှာဖြေရင် အေးဆေးပဲ"

"ဒါဖြင့် ပြန်မေးမယ်၊ မမ ဟိုမှာ စန်းပွင့်လား"

"ပွင့်တယ်၊ တော်တော်ကြီးကိုပွင့်တယ်"

မမက စ,ရယ်၏။ ရယ်၍ပြောတာမို့ အားလုံးလိုက် ရယ်ကြပြန်သည်။

"ယုံတယ် ... ယုံတယ်"

"မမရဲ့အလှက ဆန်းသစ်တယ်၊ သူများတွေနဲ့ မတူဘူး မမထက်လှတဲ့မိန်းမတွေအများကြီးရှိတယ်၊ ဒါပေမဲ့ အဲဒီ မိန်းမတွေ မမလောက်မလှဘူး"



"စကားအဆန်းပဲ"

"သူ့ထက်တော်တဲ့သူတောင် သူ့လောက်မတော်ဘူး ဆိုတာမျိုးပေါ့"

"ရှိသေးတယ်လေ၊ နောက်တစ်မျိုး၊ ဆရာ့ထက် ဆရာတဲ့ သူတောင် ဆရာလောက် မဆရာပါဘူးဆရာရယ်ဆိုတာ"

ဝါးခနဲ ရယ်သံထွက်လာပြန်လေ၏။ အားလုံးက ကြည်နူးပျော်ရွှင်နေကြသည်။ လန်းဆန်းတက်ကြွနေကြသည်။ ဒီစားဝိုင်း၊ စကားဝိုင်းလေးက အလကားနေရင်း စိုပြည်နေသည် ဆိုတော့ ဘာမဟုတ်တာလေးနှင့် ရယ်ဖြစ်ကြပါသည်။

"ဟုတ်တယ် မမရဲ့၊ မမအလှက စွဲမက်စရာ ကောင်းတယ်"

"ကျေးဇူးတင်ပါတယ်၊ ဟိုမှာတော့ ဒီလိုပဲပြောလိုက်တာပဲ၊ ဟုတ်လည်းဟုတ်ဘဲနဲ့တို့ ဘာတို့"

မမက ခေါင်းကလေးငဲ့ မေးလေးထောက်ပြီး ရှက်ဟန်လုပ်ပြသောကြောင့် ဝါးခနဲရယ်ကြပြန်၏။

"လုပ်မနေကြပါဘူး၊ Charming and Attractive (စွဲမက်စရာကောင်းသော ဆွဲဆောင်မှုရှိသော)လို့သာ ပြောရင် Thank you လို့ ပြန်ပြောတာပဲ၊ မမကိုသာ ဝိုင်းမြှောက်နေတယ်၊ ကိုခတို့အကြောင်းလည်း ကြားပါတယ်နော်"

"မမက ဘယ်လိုခေါ်လိုက်တယ်"

"ကိုခတို့လို့လေ၊ နွေမိုးဆောင်းသုံးဦးပါသွားရော မဟုတ်ဘူး လား"

www.burmeseclassic.com

www.burmeseclassic.com



"ပိုင်ပါပေတယ်၊ ပြောပါဦး ကျွန်တော်တို့အကြောင်း ဘာတွေကြားထားလဲ၊ သတင်းဆိုးဆိုရင် ကြားစကား… မယုံနဲ့နော်၊ သတင်းကောင်းဆိုရင်တော့ ယုံကြည်နိုင်တယ်… နိုင်လုံသောဌာနက သတင်းရရှိတာဖြစ်မယ်"

ဝါးခနဲမကျယ်ပြား ရယ်သံတိုးတိုးသန့်သန့်က… တွေထဲမှာ မမရဲ့ ခိခိသံလေးက စူးစူးလေးထွက်လာတော့သည်…

"ညီအစ်ကိုသုံးယောက်လုံး စွံတဲ့အကြောင်းပေါ့၊ မိန်းက… တွေကြားမှာ ရေပန်းစားတာတွေ၊ ပြီးတော့ မမကြားတာ… လေ၊ ဟုတ်မဟုတ်တော့မသိဘူး၊ အသက်ခပ်ငယ်ငယ်… ရည်းစားထားချင်တယ်၊ လက်ထပ်ကာနီးကျတော့ ဦးနှော… ထဲကို ဂဏန်းပေါင်းစက်တွေ ကွန်ပျူတာတွေထည့်ကြ… တဲ့ ..."

"ဒီကသားနဲ့ ဟိုကသမီး၊ ဟိုကသားနဲ့ ဒီကသ… အဲဒီလိုစပ်ဟပ်တဲ့သူတွေ စပ်ကြဟပ်ကြတဲ့သူတွေ ရှိနေပြီ… အထူးသဖြင့် အထက်တန်းလွှာဆိုတဲ့ လူချမ်းသာအုပ်… ပေါ့ ဟုတ်လား"

"အင်း ... လို့ပဲဖြေရမယ်၊ အတိုင်းအတာတစ်ခုအထိ… လေ၊ မျက်စိသုံး၊ ခေါင်းသုံးပေါ့၊ ကြည့်တယ်၊ စဉ်းစား… ဆိုတာ ခေတ်စားလာပါပြီ၊ အချစ်မှအချစ်စစ်စစ်ဆို… တွေလည်း ရှိပါသေးတယ်"

"အဲဒီလိုမျက်စိသုံးကြ၊ ခေါင်းသုံးကြပြီဆိုရင် ကိုခ… အစ်ကိုတွေက ရှေ့ဆုံးကပဲတဲ့၊ သူများတွေနဲ့ယှဉ်… သူများတွေ နောက်ကောက်ကျတယ်တဲ့၊ ကိုခတို့ခေါင်း…



တခြားကိုရောက်တာတဲ့၊ ကိုခတို့တစ်တွေကလည်း ခုထိ အိုးမှားလို တဒေါင်ဒေါင်ခေါက်ပြီး ရွေးနေကြတာ၊ ငယ်ထိပ်တွေ နဖူးတွေမှာ ဘုထွက်ကုန်တဲ့ မိန်းမတွေ တော်တော်များပြီဆိုပဲ"

"ကောလာဟလကြီးက ကြောက်စရာကြီးပါလား"

ပြောပြီး ရယ်ကြပြန်၏။

"တချို့သမီးရှင်တွေဆိုရင် သူတို့မှာ သမီးတွေ တူမတွေ လေးငါးယောက်ရှိနေရင် ကြိုက်ရာရွေးပါလို့တောင် ပြောကြဆိုပဲ"

"ကြားစကားထင်ပါရဲ့"

"နွေက ရွေးရွေး၊ မိုးကရွေးရွေး ဆောင်းကရွေးရွေး၊ ရွေးချင်တဲ့သူကရွေးပါ၊ ဘယ်သူ့ကိုရွေးရွေးပါ ဆိုပဲ"

"ရွေးလှချည်လား"

ရယ်ကြပြန်၏။

"မယုံရင်တော့ ပုံပြင်မှတ်ပါ၊ ယုံရင်လည်း ဒဏ္ဍာရီပါပဲ၊ ဒီလောက်စွံတာတောင် ခုထိ ဘယ်သူမှ မိန်းမ,မရကြသေးဘူး"

"ဒါတော့ ရှင်တို့က ကြေးထူနေတာဖြစ်မှာပါ၊ ကိုယ်နဲ့တူတဲ့ တန်တဲ့ မိန်းကလေးမရှိသေးဘူး ထင်နေလားမှ မသိတာ"

"မမကြားတဲ့ ကောလာဟလထဲမှာ ကျွန်တော်တို့ညီအစ်ကိုသုံးယောက် မိန်းမရှုပ်တယ်ဆိုတဲ့ သတင်းရောပါသေးလား"

"ဘယ်ကျန်လိမ့်မလဲ ပါတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကြောက်နေရပါလား"

"သမီးရှင်တိုင်းရဲ့ မျက်စိကျခြင်းကိုခံရတော့တဲ့ ကိုခတို့ ညီအစ်ကိုတစ်တွေကလည်း ရွေးတယ်ပေါ့နော်၊ ခေါင်းခေါက်ရွေးတယ်ပေါ့နော်၊ ရွေးတယ်ဆိုတာကလည်း လူ့အကြောင်း ပေါင်းကြည့်မှသိဆိုတဲ့ စကားပုံလည်းရှိသေးတော့တဲ့ ...

"ပေါင်းကြည့်ကြတယ်ပေါ့၊ သွားတယ် လာတယ်၊ တွဲတယ်၊ ဟိုဟိုဒီဒီ သွားသွားလာလာ စားစားသောက်သောက်လုပ်တယ်၊ မိန်းမတွေနဲ့ တွဲတယ်ပေါ့လေ၊ ဒီလောက်ပါပဲ၊ ကိုယ်ကျင့်တရား ပျက်စီးတာတို့ မိန်းကလေးတစ်ယောက် ဒုက္ခဖြစ် ပြဿနာတက်သွားတာမျိုးတော့ မပါဘူးပေါ့လေ၊ တွဲတော့တွဲတယ်၊ ပြီးတော့လည်း ဘာမှမဟုတ်ဘဲ ထားခဲ့ရောတဲ့၊ အဲဒီတော့ နည်းနည်းပါးပါး ... အဲ"

"နာမည်ပျက်တာပေါ့ အားမနာကြေးလို့ ဆိုထားတယ်လေ၊ မကောင်းကျော်ဇော သတင်းဖြစ်တယ်ပေါ့၊ ကျွန်တော်တို့အုပ်စုကလည်း အိမ်ထောင်မကျသေးတော့ ဘယ်သူ့မှ "မရွေးဖြစ်သေးတာကလည်း အမှန် ဖြစ်နေတော့ ...

"ဒီလိုပါ စောစောက မမပြောသလိုပဲ သူတို့က ဓာတ်ပုံတွေလာလာပြတယ်၊ တစ်ခါတစ်ခါကျ ကျွန်တော်တို့ မိန်းကလေးကို အားနာတယ် သိလား ...

"ကာယကံရှင် မိန်းကလေးခမျာ၊ သိချင်မှတောင် သိရှာကြမှာပါ၊ နမ,မရှိပေမယ့် နမချင်းစာပါတယ်၊ တိတ်



တဆိတ်ယူလာတာ ဖြစ်နိုင်သလို အမေကပေးလိုက်တာလည်း ဖြစ်နိုင်တာပဲ၊ ကျွန်တော် တကယ်သနားပါတယ် ...

"ပြတဲ့ဓာတ်ပုံထဲမှာ တချို့ကျတော့လည်း စိတ်ဝင်စားဖွယ်လိုဖြစ်တော့ မိတ်ဆက်ပေးတာကိုလက်ခံတဲ့ အဆင့်ထိရောက်တဲ့သူလည်း ရောက်ပါတယ်၊ မိတ်ဆက်ပြီးတာနဲ့ ဘယ်လိုမှ စိတ်မဝင်စားတော့တာတွေလည်း ရှိပါတယ် ...

"ဓာတ်ပုံနဲ့ အပြင်ဘက်လူစင်စစ်နဲ့က နည်းနည်းတော့ကွာတယ်ဗျာ၊ တစ်ခါတလေတော့ တွဲသွားတွဲလာ အဆင့်ထိရောက်ပါတယ်၊ မမက မိန်းမသားဖြစ်နေတော့ မိန်းမသားတစ်ယောက်ရှေ့မှာ မိန်းမသားတွေအကြောင်း ပြောရတာ နည်းနည်းအားနာတယ်"

"မထူးတော့ပါဘူး၊ ဒီလောက်ပြောပြီးမှတော့ ရှိပါစေတော့"

"ကျွန်တော်တို့ အဖို့ရာမှာ ငေးကြည့်ယူရလောက်အောင် လှနေတိုင်းလည်း ကျွန်တော်တို့က အလှတစ်ခုတည်း ဦးစားပေးမဟုတ်ပြန်ဘူး၊ ပိုက်ဆံချမ်းသာတာကျတော့လည်း ဆင်းရဲတာမကြိုက်ပေမယ့် ကျွန်တော်တို့အတွက် တစ်ဖက်ကပါမယ့် ငွေကြေးကိုလည်း သိပ်တော့မမျှော်ကိုးပါဘူး"

"သိပါတယ်ရှင် ... သူဌေးတွေမှန်း"

"ပညာကျပြန်တော့လည်း တတ်လွန်းအားကြီးရင် မကောင်းတော့ဘူးဗျ၊ ဒီလိုလေ ... ကိုယ့်ဘာသာ ပညာတတ်တာတော့ကောင်းတာပေါ့၊ ပညာတွေဘွဲ့တွေ သိပ်များနေတဲ့ မိန်းမကျပြန်တော့လည်း ကျွန်တော်တို့အတွက် အဆင်မပြေပြန်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဆန်းပဲ ပညာတတ်တာ ကောင်းတာပေါ့"

"တစ်ဘွဲ့ အလွန်ဆုံး နှစ်ဘွဲ့ပေါ့ဗျာ၊ ဒီဘက်ကဘွဲ့ဆိုရင် B.A, MA ဗျာ၊ B.Sc, M.Sc ဗျာ၊ ဟိုဘက်ကဆိုလည်း ဆရာဝန်ဗျာ၊ ဒီလောက်တော်ပြီဗျ၊ Ph.D တွေ ဘာတွေဆို ပညာတွေများလွန်းနေပြီ၊ ရိုးရိုး M.B.B.S ဆရာဝန်ဖြစ်ကာမှ မဟုတ်ဘဲ M.Sc တွေ ဘာတွေ အောင်ပြီးသားဆိုလည်း များပြီ"

"ဘာဖြစ်လို့လဲ"

"ဘွဲ့များတော့ နှစ်တွေအကြာကြီး သင်ထားရတယ်ဗျာ၊ ဒီမိန်းကလေး အသက်သုံးဆယ်ကျော်ပြီ၊ ကျော်တာမှ တော်တော်ကျော်ပြီ"

မမက ရယ်လိုက်၏။ မမရယ်သံလေးတစ်ချပ် တခိခိထွက်လာသည်။

"ပညာတတ်လွန်းတော့လည်း ဆရာလုပ်တာ များတယ်၊ မိန်းမဆိုတာ နဂိုကမှ ဆရာလုပ်တတ်တဲ့အမျိုး"

"ဒါကတော့ တတ်သည့်ပညာ မနေသာဆိုသလို"

"အဲဒါတော့များပြီ၊ မမက သူများလည်း ဆရာမလုပ်ဘူး၊ ကိုယ့်လည်း ဆရာမလုပ်နဲ့၊ ခံယူချက်ချင်း မတူလို့ ညှိကြရင်လည်း ဘယ်တော့မှ လျှော့မပေးဘူး၊ ကိုယ်အမှန်ပဲ"

"တရားပါပေတယ်"

ညီအစ်ကိုသုံးယောက်နှင့် မမထက်မြက်တို့၊ တစ်ထိုင်တည်းမှာ အရမ်းခင်မင် အဖွဲ့ကျသွားရတော့သည်။ မမက နိုင်ငံခြားမှာ အနေကြာသူမို့ ပွင့်လင်း၊ ရဲတင်း၊ သွက်လက်တာလည်း ပါ၏။ ဟိုညီအစ်ကိုတွေကလည်း စကားပြောကောင်းသည်။ တစ်သက်လုံးမှာ ချမ်းသာလာကြသူများ၊ ကုန်သည်မျိုးရိုးမို့ အပြောအဆိုက ညက်ပြီးဖြစ်သည်။ ပြီးတော့ ... သူတို့သုံးယောက်လုံး မမနှင့် စကားပြောရတာ ကျေနပ်နေကြ၏။ မမသည် သူတို့နှင့် မိတ်ဆွေသူငယ်ချင်းအဖြစ် ပေါင်းသင့်ပေါင်းထိုက်၊ ပေါင်းဖို့တန်သူဟု သတ်မှတ်၏။ ဘာပဲဖြစ်ဖြစ် အဲသည်ညီအစ်ကိုသုံးယောက် နာမည်ကြီးတာအမှန်ပါ။



သူတို့မှာ မာနကြီးနိုင်သည့် အခွင့်အရေးတွေကလည်း ရှိ၏။ မာနကြီးနိုင်သော အနေအထားကိုလည်း ပိုင်ဆိုင်ထားသည်။ သမီးရှင်တချို့ ဝန်းရံနေတာလည်း အမှန်မို့၊ တော်ရုံတန်ရုံလူဆိုလျှင် သူတို့က ပေါင်းဖို့သင်းဖို့ တန်တယ်တောင် သိပ်ထင်ကြတာ မဟုတ်ပါ။ မမကိုတော့ ညီအစ်ကိုသုံးယောက်လုံးက စိတ်ဝင်စားသည်။

"ပြီးတော့ ထူးဆန်းတာတစ်ခု ရှိသေးတယ်၊ သူများတွေ ညီအစ်ကိုချင်း မတွဲဘူးနော်၊ ကိုယ့်သူငယ်ချင်းနဲ့ကိုယ်တွဲကြတယ်"

"ကျွန်တော်တို့ကျောင်းတက်တုန်းကတော့ ကိုယ့်သူငယ်ချင်းနဲ့ကိုယ်တွဲခဲ့ပါတယ်၊ ခုလည်း ကိုယ်ပိုင်သီးသန့်သူငယ်ချင်းရှိပါတယ်၊ နည်းတော့နည်းတယ်၊ သုံးယောက်လုံးနဲ့ တစ်တွဲလုံးခင်တဲ့ မိတ်ဆွေတွေနဲ့ ပိုပေါင်းဖြစ်တယ်၊ များသောအားဖြင့်ကတော့ ကိုယ့်ညီအစ်ကိုချင်းတွဲတာ များတယ်၊ အသက်ချင်းကလည်း တစ်ယောက်နဲ့တစ်ယောက် တစ်နှစ်ကျော်ကျော်လေးတွေ ကွာတာလေ ...

www.burmeseclassic.com



"လေးငါးခြောက်နှစ်ကွာတဲ့သူတွေလောက် ခွဲစိစရာ မလိုဘူးပေါ့၊ ခံစားချက်ချင်းနီးစပ်တယ်၊ ဒီတော့ ညီအစ်ကိုချင်းပဲ တွဲဖြစ်တော့တယ်"

အဲသည်နေ့က နေမင်းစစ် မျက်နှာပျက်ပါသည်။ ပြင်မရအောင်ပျက်၏။ ဝန်တိုခြင်းက နေမင်းစစ် ရင်ကို နှိပ်စက်သည်။ ရင်ထဲမှာ ဖြောင်းဆန်၏။ မမက အဲသည်စားပွဲမှ ထကို မထတော့၊ စကားတွေပြောကြ၊ ရယ်ကြနှင့် အဖွဲ့ကျပုံကလွန်၏။ ကိုယ်နှင့်တောင် တစ်ခါမျှ ဒီလောက်အဖွဲ့ကျခြင်း၊ ရယ်လား မောလားဖြစ်ခြင်းတို့ မရှိခဲ့ပါ။ မမက 'မခ'ညီအစ်ကိုသုံးယောက်ကို ကိုယ့်ထက်ပိုပြီး ဦးစားပေးနေပြီ။

"တောက် ... ဟိုကောင်တွေ ဘာသားနဲ့ထုထားလို့ ခံနိုင်ရည်ရှိမှာလဲ"

ဒေါသတွေ ရင်ထဲမှာ လှိုင်းထန်၏။

"ဇင်လေး ... ကိုကို ပြန်ချင်ပြီ၊ သိပ်နေမကောင်းချင်ဘူး"

ဇင်လေးကို နှုတ်ဆက်တော့ ဖေဖေနှင့် မေမေက တောင် လှမ်းကြည့်ကြသေး၏။ သားနှင့်ဇင်လေးတို့ ခုတလော နည်းနည်းကလေးများ ကင်းကင်းကွာကွာ ဖြစ်ကြသလား တွေးမိသည်။

"ပြန်လေ ကိုကို၊ နေမကောင်းရင် ကိုကို့သူငယ်ချင်း ဆရာဝန်ကို ဖုန်းဆက်ခေါ်ပါလား၊ ဆေးခန်းတန်းသွားမလား"



"ဆေးခန်းပဲ သွားလိုက်မယ်၊ သွေးတိုးသလား မသိဘူး၊ နားထင်ထဲက တစစ်စစ်နဲ့၊ ဖေဖေနဲ့မေမေ ကျန်ခဲ့ဦးမယ် ဆိုရင် ကျွန်တော် ယာဉ်မောင်းနဲ့ ကားပြန်လွှတ်ပေးမယ်"

ခဏကလေးတောင် မဆိုင်းနိုင်တော့သည့်အဖြစ်ကို မိဘနှစ်ပါးက အံ့သြ၏။

"နေခဲ့ဦးမယ်၊ နေမကောင်းရင် ပြန်နားပေါ့"

အစကတည်းက ယာဉ်မောင်း ပါလာခဲ့သည်မို့ နေမင်းစစ် အိမ်သို့ ကောင်းမွန်စွာပြန်ရောက်ပါသည်။ အိမ်ပေါ်မှ အဆင်း မျက်နှာထားတင်းနေမှာ သိပေမယ့် မပြင်တော့။ မမနှင့် ဟိုညီအစ်ကိုသုံးယောက်ကိုလည်း လှည့်နှုတ်မဆက်တော့။ အမှန်ဆော့ နှုတ်ဆက်သင့်သည်။ ဟိုညီအစ်ကိုတွေနှင့်က လူငယ်ချင်း၊ သူငယ်ချင်းလိုလို၊ စီးပွားရေးမိတ်ဆွေတွေလိုလို ပွဲတိုင်းမှာ ဆုံကြရသူတွေသာ။

ခေါင်းကြီးတစ်ခုလုံး ကွဲထွက်မတတ် ကိုက်ပြီး၊ စားထားသည့် ထောပတ်ထမင်းတွေက ပြန်ထွက်ဖို့ ကြိုးစားနေ၏။ လောကကြီးတစ်ခုလုံး မှောက်ပစ်လိုက်ချင်သည်။

✤ ✱ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၆

ဇင်လေး မျက်ရည်ကျပါသည်။

ရင်မှချစ်ရသူ၏ ရင်ထဲသို့ အချစ်စစ်နှင့် ချစ်သူသည် ထွင်းဖောက်မြင်နိုင်စွမ်းရှိ၏ ... တဲ့။ ကိုကိုနှင့် ဇင်လေးတို့ နှစ်ဦးမှာ ဇင်လေးသည်သာ ကိုကို့ကိုချစ်တာဖြစ်လျက်၊ ကိုကိုက သံယောဇဉ်မေတ္တာမှန်း ဇင်လေး သိလိုက်ရပါပြီ။ ကိုကို အလွန်ချစ်လှစွာသော ညီမငယ်လေးကို သူများကိုမပေးရက်လိုက်နိုင်တာမျိုးနှင့် ပိုင်ဆိုင်လိုခြင်းဆိုတာကို ဇင်လေး နားလည်ရပါပြီ။

ကိုကို ဇင်လေးကိုချစ်မှန်း၊ ဇင်လေး သိခဲ့ပါသည်။ သို့ပေမဲ့ ကိုကို့အချစ်က ဇင်လေးအချစ်နှင့် အမျိုးအစားချင်းကွဲ၏။ ဇင်လေးချစ်ရသော အချစ်မျိုးနှင့် ကိုကိုက ပြန်မချစ်ပါလားဆိုသော အသိစိတ်က ဇင်လေးရင်ကို နှိပ်စက်၏။ ဟိုတစ်နေ့က ကိုကို မမဆီလာသွားသည်ဟု ညိုညက် မြန်ပြော၏။ ကိုကိုလာတာကို မမကလည်း ပြန်ပြောသည်။

"နေမင်းစစ်လေး အကြောင်းကြောင်နဲ့ ဇင်လေးမရှိမှန်းသိရဲ့သားနဲ့ မေ့ပြီး ဇင်လေးရှိတယ်မှတ်ပြီး လာသတဲ့၊ စားရက်



ကြုံတော့လည်း မုတ်ဆိတ်ပျားဆွဲဆိုသလိုပေါ့၊ မမလက်ရာ မြည်းသွားရတယ်၊ ချီးတော့ကျူးမသွားပါဘူး၊ ကောင်းမှန်း မသိ ဆိုးမှန်းမသိနဲ့"တဲ့။

ဇင်လေးက မမကို ငေးကြည့်နေလိုက်သည်။ မမက ဇင်လေးကို တအံ့တဩ (ခဏကလေးမှ တကယ့်ကို ခဏလေး) ပြန်ကြည့်၏။ ချက်ချင်း အကြည့်ပြောင်းသည်။ မမ၏ပုံမှန်အနေအထား၊ ပုံမှန်စကားတွေမှာ ဇင်လေး နစ်မွန်းရပါသည်။ ဇင်လေးလည်း ကိုယ့်ကိုယ်ကိုယ် နေရာမှန်သို့ပြန်ပို့ရ၏။ မမဟာ ဇင်လေးရဲ့အစ်မတစ်ဝမ်းကွဲတော်သူလေ။

ကိုကိုနှင့် ဇင်လေးတို့ရဲ့ တရားဝင်စေ့စပ်ပွဲက ရက်နည်းနည်းလိုသေးသည်။ ဘွားက ...

"စေ့စပ်ပွဲနဲ့ လက်ထပ်ပွဲက ရက်သိပ်ကွာရင် ကောင်းဘူး၊ အလွန်ဆုံး တစ်လနှစ်လပဲကောင်းတာ၊ ဖြစ်နိုင်ရင်တော့ နှစ်ပတ်သုံးပတ်လောက်ပဲ ဖြစ်သင့်တာ"ဟု ဆို၍ စေ့စပ်ပွဲကို တရားဝင် မကျင်းပသေးပေမယ့်၊ ကိုကိုနှင့်ဇင်လေးဆိုတာ သူ့အသိုင်းအဝိုင်း၊ ကိုယ့်အသိုင်းအဝိုင်း၊ ဆွေမျိုးမိတ်ဆွေတွေအားလုံး သိပြီးဖြစ်နေ၏။

"ဇင်လေးနဲ့ စေ့စပ်ထားတဲ့ကောင်လေးက ဇင်လေးရဲ့အစ်မဝမ်းကွဲနဲ့တဲ့"

ဆိုသော သတင်းမျိုးသာ ထွက်လာလျှင် ဘွားမှစ၍ တစ်ဆွေလုံးတစ်မျိုးလုံး၊ မျက်နှာထားစရာမရှိအောင် အရှက်ကွဲအကျိုးနည်း ဖြစ်ရပါမည်။ ဘွားက အဲသည်အဖြစ်သို့ ရောက်သည့်နည်းနှင့်မျှ အရောက်ခံမည်မဟုတ်ပါ။ ပြီးတော့ ... မမထက်မြက်။

www.burmeseclassic.com

www.burmeseclassic.com



သတ္တိခဲမိန်းမသားဟု နာမည်ကြီးထားသည်။ ထင်ရာလုပ်တတ်သူတဲ့။ လုပ်ချင်တာနှင့် လုပ်သင့်တာမှာ လုပ်ချင်တာကိုချည်းဦးစားပေးခဲ့သတဲ့။ သို့ပေမဲ့ လုပ်သင့်တာနှင့် လုပ်ချင်တာနှစ်မျိုးကံကောင်းစွာ အမြဲတမ်း တစ်ထပ်တည်းကျနေတော့ သူ့မှာ နောင်တဆိုတာ မရှိဘူးတဲ့။

မမထက်မြက်ဘက်ကို မျက်စိမှိတ်၍ ယုံပစ်လိုက်နိုင်ပါသည်။ ခင်သဇင်လေး၊ နေမင်းစစ်၊ မမထက်မြက်ဆိုသော တြိဂံတစ်ခုအတွင်းမှ ထောင့်သုံးထောင့်တို့တွင် မမထက်မြက်ထောင့်က အနားချင်းထိပြီး စေ့နေမှာသေချာပေမယ့် နေမင်းစစ်ဆိုသောထောင့်က အနားချင်းမထိဘဲ ထောင့်မဖြစ်ဘဲ ကွာဟနေတော့မှာ ဇင်လေး စိတ်ပူရပါသည်။

ကိုကို ညဘက် ဖုန်းမဆက်ပါ။

ဇင်လေးက ဆက်ကြည့်ရမလား စိတ်ကူးပါသေးသည်။ ဇင်လေးရင်ထဲမှာ ပူနေ၏။ ရင်တွင်းပူကို လူမသိအောင်ဖုံးဖိရသောဒုက္ခကို ဇင်လေး ခါးစည်း၍ခံရပါသည်။ မမထက်မြက်နှင့်အတူ စကားတွေ ရယ်မောပြောဆိုနေရသည်။ ညနေထမင်းဝိုင်းကိုတော့ ဇင်လေး ရှောင်လိုက်၏။

"မနက်က စားတာများသွားလို့ ရင်ပြည့်ပြီး ခေါင်းထဲကမကောင်းဘူး မေမေ၊ ဇင်လေး စောစောအိပ်မယ်"

"အေး ... အေး ... အိပ်"

အခန်းထဲသို့ ရောက်၏။ ဘွားအိမ်သည် ရောမခြံကျယ်ကြီးထဲမှ ရောမတိုက်ကြီး ဖြစ်ပါသည်။ အဆောင်ဆောင်အခန်းခန်းတွေများ၏။ အပေါ်ထပ်အဆောင်တိုင်း အခန်းတိုင်းမှ



ပြင်ပသို့ ထွက်နိုင်သော လသာဆောင်သဘောမျိုး၊ ပေါ်တီကိုတွေပတ်ရှာလည် ထုတ်ထားသည်။ သေးတာနှင့် ကြီးတာပဲကွာ၏။ ဇင်လေး အခန်းမှ ဆွဲထုတ်ထားသော ပေါ်တီကိုက သေးသည်။ ခပ်သေးသေးမို့ ဘာပန်းအိုးမျှ တင်မထားပါ။ ပေါ်တီကိုခပ်ကြီးကြီးတွေမှာကျတော့ ဘွားက ပန်းအိုးတွေတင်ထားသည်။

ဇင်လေးက ဝရန်တာပေါ် လက်တင်၍ မတ်တတ်ကလေးရပ်နေ၏။ လမင်းကြီးကို မော့ကြည့်သည်။ ညသည်အေးချမ်း၏။ လမင်းကြီးက ချမ်းမြေ့၏။ သင်းလေပြည်က ညှင်းသက်၏။ သို့ပေမဲ့ ဇင်လေးရင်ထဲမှာ မီးတောက်နေသည်။ ဇင်လေးသည် ကံကြမ္မာကိုသာ ယိုးမယ်ဖွဲ့လျက်၊ မည်သူ့ကိုမျှအပြစ်မတင်ပါ။ အထူးသဖြင့် ကိုကို့ကိုမို့ အပြစ်မတင်နိုင်ခြင်းပါ။

ကိုကိုဟာ ဇင်လေးကို ရိုးရိုးသားသား ချစ်မြတ်နိုးရာမှ သံယောဇဉ်နှင့် လက်ထပ်ဖို့ စိတ်ကူးခဲ့ခြင်းဖြစ်ကြောင်း၊ အခုတော့ ဇင်လေး သိရပါပြီ။ ကိုကိုက အချစ်စစ်စစ်ကို ခုမှတွေ့သွားတာ။ ကိုကို့မှာ အပြစ်မရှိဟု ဇင်လေး ခွင့်လွှတ်ပါသည်။ ဆောက်ထားငှဲ့ညှာစရာတွေကြားမှာ ကိုကို အသည်းမွမွကြေကွဲနေရရှာမှာ ဇင်လေး သနားပါသည်။

"လမင်းကြီးရေ ... ဇင်လေး ကိုကို့ကို သနားတာပါ၊ ပြောပေးနော်"

"ဇင်လေးကိုယ်တိုင်ကျတော့ သနားဖို့မေ့ထားလိုက်ပါတယ်၊ ဇင်လေးမှ ကံမကောင်းတာလေ"

"ဘာခံစားမှုမှမရှိသလိုဖြစ်နေတဲ့ မမထက်ရဲ့အပြုအမူတွေက မှန်ကန်သော သရုပ်ဆောင်ခြင်းတွေ ဖြစ်ပါစေ၊ ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



က တစ်မျိုး၊ အပြင်ကတစ်မျိုးဆိုတဲ့ ဝေဒနာကို ဇင်လေး ကိုယ်ချင်းစာပြီး သနားလို့ပါ”

“လမင်းကြီးရယ် ... ကောင်းကင်မှာ ရွေ့လျားနေလိုက်တာ၊ ဖြစ်နိုင်ရင် မမထက်ကို ပြန်ခေါ်သွားပေးပါလား၊ ဇင်လေးက နင်တာမဟုတ်ပါဘူးနော်၊ လူသိလို့မဖြစ်တဲ့ မကြားဝံ့မနာသာ အဖြစ်ဆိုးတွေ ဒေါ်အိမ်စည်ရဲ့ဆွေမျိုးဆက်မှာ ဇင်လေးလက်ထက်ကျမှ စပြီးဖြစ်တာမျိုး မဖြစ်ချင်လို့ပါ”

“ဆွေစဉ်မျိုးဆက် လူကဲ့ရဲ့လွှတ်ခဲ့တဲ့ ဘွားရဲ့မျိုးဆက်ထဲမှာ မလိုလားအပ်တဲ့ ပြဿနာတွေတက်လာရင် ဘွားလည်း အသက်ရှည်နိုင်မယ် မဟုတ်ပါဘူး”

“ဇင်လေး သစ္စာဆိုဝံ့ပါတယ်နော်၊ ကိုကို့ကိုချစ်တယ်၊ သိပ်ချစ်ပါတယ်၊ ကိုကို စိတ်ချမ်းသာမှုအတွက် ဇင်လေးက စွန့်လွှတ်ပေးရဲပါတယ်၊ ဇင်လေးတို့သုံးယောက်သာရှိတဲ့ ကမ္ဘာလေးဆိုရင် ဇင်လေးက ဘြိဂံအဝန်းအဝိုင်းထဲက ထွက်သွားပေးမှာပါ”

“မမထက် ... ဇင်လေးကို ခွင့်လွှတ်ပါ၊ မမကို ပြန်ချင်တဲ့ ညီမတစ်ယောက်အနေနဲ့ အပြစ်ရှိတဲ့ ညီမကို ခွင့်လွှတ်ပါ”

ပါးစပ်ထဲရောက်လာသမျှတွေ လျှောက်ပြောနေလိုက်မိ၏။ တစ်ခါတစ်ရံမှာ တစ်ယောက်တည်း စကားပြောခြင်းဟာ ရင်ထဲကဝေဒနာကို အတိုင်းအတာ တစ်ခုအထိတော့ သက်သာစေနိုင်တတ်၏။ စကားပြောရင်း၊ ဇင်လေးက ဝေဒနာကို လျှော့ပါ



သည်။ နည်းနည်းချမ်းလာတာကို သိပေမယ့် အဲသည်အချမ်းဖြင့် ရင်အေးချင်တာနှင့် ဆက်နေလိုက်သည်။ ခြေထောက်နှစ်ဖက်လုံး လှုပ်မရအောင်ကျင်တော့မှ မတ်တတ်ရပ်နေတာကြာပြီမှန်း သိလိုက်၏။ လည်ချောင်းထဲမှ နာလျက် ခေါင်းက တစ္စစ်စစ် ထိုးကိုက်၏။ အအေးမိပြီဆိုတာ သိလိုက်သည်။

ဇင်လေး အိပ်ခန်းထဲပြန်ဝင်တော့ ခပ်လှမ်းလှမ်းမှ ဝရိယတ္တိစာသင်တိုက်တစ်ခုက တုံးခေါက်သံ ကြားလိုက်ရသည်။ အိပ်မပျော်သောညတွေနှင့် အစောကြီးနိုးထရသည့် နေ့ရက်တွေမှာ အဲသည်တုံးခေါက်သံကို ကြားရဖူးသည်။ စာသင်သား၊ သံဃာအားလုံး အိပ်ရာမှထဖို့ နှိုးခြင်းဖြစ်၏။

အဲဒါ မနက်လေးနာရီ။

✤ ❋ ✤

ဆွမ်းကျွေးမှပြန်လာပြီး အခန်းထဲတန်းဝင်လိုက်၏။ တံခါးကို ချက်ချ၍ပိတ်သည်။ ဖေဖေနှင့်မေမေ မရှိလျှင် ကိုယ့်အခန်းက ယောကျ်ားလေးခန်းမို့ အိမ်မှကောင်မလေးတွေလည်း ဝင်လေ့မရှိပါ။ သီးသန့်ဆန်ပါသည်။ သို့ပေမဲ့ တစ်လောကလုံးနှင့် (ဖြစ်နိုင်လျှင်) ကမ္ဘာခြား၍ နေလိုက်ချင်၏။ သက်ရှိဆိုလို့ တစ်ယောက်မှမရှိတဲ့ ကမ္ဘာမှာ တစ်ယောက်တည်းပဲ သွားနေလိုက်ချင်တော့သည်။ ကိုယ့်ကိုချစ်မည့်သူ မရှိသလို၊ ကိုယ်က ချစ်ရမည့်သူလည်း မရှိတော့။ အချစ်ဆိုတာ နှိပ်စက်တတ်သော ဝေဒနာတစ်မျိုး ဖြစ်တော့သည်။ ကိုယ့်ထက် နှစ်နှစ် သုံးနှစ် ဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



ပိုကြီးပါသည်ဆိုသည့် မမကို ချစ်တာမှ ရင်ထဲအနက်ရှိုင်းဆုံး စူးနိုက်စွဲနစ်နေအောင်ချစ်၏။

သံယောဇဉ်မေတ္တာကို အချစ်နှင့် လွဲမှားယုံကြည် လိုက်မိတာ မှားပြီ။

ခုချိန်ကျမှတော့ ကိုယ့်မှာ ဆုပ်ကိုင် စားရှူး။ မမကို သေလုအောင် ချစ်ရပေမယ့် မမဘက်က မသေချာပါ။ ကိုယ့် ဘက်ကိုယ်ယက်၍ မမလည်း ပြန်ချစ်မှာပါဟု တွေးယူရမည်ဆို လျှင်တောင် ရာခိုင်နှုန်းက နည်းပါးလှပါသည်။ ကိုယ်ချစ်နေတာ မမ မသိဘဲနေမည် မဟုတ်ပါ။ နိုင်ငံတကာ ဗဟုသုတနှင့် ထက် မြက်လှပါသည်ဆိုသော မမ သိကိုသိမှာပါ။ သိကို သိပါသည်။

"ရှင် ဘာကြောင့် ကျွန်မကို ပြန်ခိုင်းတယ်ဆိုတာ မသိဘူးများ မှတ်နေသလား"ဟု ဖွင့်မပြောရုံတမယ်။

"ရှင့်စိတ်ရှင် မနိုင်တိုင်း တခြားဘက်ကလှည့်ပြီး ထွက်ပေါက်ရှာတယ်"ဟု မကဲ့ရဲ့ရုံတမယ်။

"ရှင် ကျွန်မကို ချစ်နေသလား"ဟုများ ပြောင်ပြောင် ကြီး ဖွင့်မေးချပစ်လိုက်လျှင် ကိုယ်က ခေါင်းကို ဆတ်ခနဲကြီးကို ညိတ်ချပြမိမှာ။ အဲသည်နေ့ကတော့ မမကို ချစ်နေပါတယ်ဟု မပြောဖြစ်ခဲ့ပါ။

ဒီစကားကို ရင်ထဲမှ လျှံမထွက်ဖို့ ဆက်လက်ထိန်း သိမ်းထားဖို့ စွမ်းအားနည်းပြီ။ ကုန်ကို ကုန်ပါပြီ။

မမက နွေမခတို့ ညီအစ်ကိုသုံးယောက်ဝိုင်းမှာ သွားညှိခဲ့သည်။ ရယ်သံတွေ ဝါးခနဲ ဝါးခနဲ ထွက်၏။ မမရယ် သံလေးကလည်း တခိခိနှင့် သိသိသာသာ ထွက်ပေါ်လာလိုက်



သေးသည်။ မမ အဲဒီလို သူစိမ်းယောက်ျားတွေနှင့် ရယ်မောနေ တာကို မခံနိုင်၊ မခံချင်ဆုံးဖြစ်၏။ အဲသည်ညီအစ်ကိုတွေကလည်း ဧနီးကပွင့်ပါဘိ။ ရန်ကုန်မြို့မှာ ရှိသမျှ အချောအလှ၊ ထိပ်ထိပ်ကြဲ မိန်းကလေးတွေ၊ သူတို့ညီအစ်ကိုတွေက လက်ညှိုးမထိုးသေးလို့ သာ ကျန်တာ၊ ကောက်ချင်သည့်သူ လက်ညှိုးထိုးရုံဟု ပြောလျှင် ကောင်းကို လူကြားမကောင်းပေမယ့် ဖြစ်ရပ်ကတော့မှန်၏။

ခင်လေးကိုတောင် အဲသည် ကိုယ်တော်မြတ်တွေ မျက်စိကျသွားမှာစိုးလို့ ...

တကယ်လို့ မျက်စိကျသွားလျှင်တောင် ...

"နေမင်းစစ်နဲ့ ပြောပြီး ဆိုပြီးသွားလို့ပါ၊ အားနာ လိုက်တာ၊ ငြင်းစရာလူတွေမှ မဟုတ်တာ"လို့ ဖြေနိုင်အောင် မေမေ လန့်ဖျပ်ပြီး ကမန်းကတန်း ထစီစဉ်ရတာ မဟုတ်လား။ သူတို့နှင့်ကိုယ်က နေရာတော်တော်များများမှာ ထိပ်တိုက်တွေ့ပြီး သူတစ်ပြန် ကိုယ်တစ်ပြန် မတိမ်းမယိမ်း ဆိုပေမယ့် သူတို့က ညီအစ်ကိုသုံးယောက်၊ ကိုယ်ကတစ်ယောက်တည်းမို့ သူတို့သာ သွားတာကများ၏။ စီးပွားရေးလောကမှာ မကြာခဏဆုံကြရပြီး မပေါင်းမဖြစ် လူချင်းမို့ ခင်မင်မှု ရှေ့တန်းတင်ထားရပြား အတွင်းထဲမှာတော့ အမြဲပြိုင်ဆိုင်နေခဲ့ကြသည်သာ။

ပြိုင်တိုင်းမှာ ကိုယ်အရေးနိမ့်ရကြိမ်ကသာ များခဲ့ သည်။ ခုလည်း ပြိုင်ရတော့မည်။

မမထံမှာ အဲသည်ညီအစ်ကိုသုံးယောက်နှင့် ကိုယ် လေးယောက်သား ပြိုင်ပွဲဝင်လျှင်တောင် သူတို့မှာ ညီအစ်ကိုက သုံးယောက်မို့ မမ တစ်ယောက်မဟုတ် တစ်ယောက်ကို စိတ်ဝင်

www.burmeseclassic.com

www.burmeseclassic.com



စားသွားနိုင်သည်။ ကိုယ့်ဘက်မှာ နစ်နာမှုတွေချည်း။ စိတ်ထဲမှာ အတွေးထဲမှာ မမကို အကြိမ်ကြိမ် စွန့်လွှတ်ကြည့်သည်။ မချိတင်ကဲနှင့် ပြန်ဆွဲမိသည်ချည်း။

မမကများ ပြန်ချစ်နေပါလျှင် ...

အလွန်သေးငယ်နည်းပါးသော ရာခိုင်နှုန်းလေးကို ကောက်ရိုးတစ်မျှင်နှယ် ဆွဲဖမ်းကြည့်၏။ ဖေဖေ မေမေတို့နှင့် ဘွားနှင့် ဇင်လေးနှင့်၊ ဦးဦးတို့ အန်တီတို့နှင့် မျက်နှာတွေ ပြဿနာတွေ တက်ကုန်မှာကို အဆင့်ဆင့် စဉ်းစား၏။ မမသာ ကိုယ့်ဘက်ပါလျှင် ကိုယ်ရှေ့တိုးရဲသည်။ အချစ်သည် တစ်ကမ္ဘာလုံးကို စစ်ကြေညာရလည်း ဝန်မလေးအောင်၊ ကိုယ့်ထံသို့ သတ္တိတွေပို့လာ၏။ ရင်ဆိုင်ရဲမည်။ ရင်ဆိုင်လိုက်မည်။

မမက ကိုယ့်ကို ဆံချည်တစ်မျှင်စာတောင် စိတ်ဝင်စားပါဘူး ဆိုလျှင်ရော။

ကိုယ် ဘာများတတ်နိုင်ဦးမှာနည်း။ သို့ပေမဲ့ ... ဒီလောက် သတ္တိကောင်းပါသည်ဆိုသော မမထံမှာ ကိုယ့်သတ္တိကို တော့ ပြချင်ပါသေးသည်။ အဲဒီလို သတ္တိပြလိုက်တော့ ဘယ်လို အကျိုးထူးတွေ ဖြစ်ထွန်းသွားမှာတဲ့လဲ။ ဆုတ်ယုတ်ကျိုးကိုသာ မြင်၏။ အတွေးတွေက ရောင်စုံတန်းများအဖြစ်၊ ကိုယ့်တစ်ကိုယ်လုံးကို လှည့်ပတ်၍ ဖြတ်ပြေးနေကြ၏။ မမ ဆိုသော မိန်းမသား ကကျတော့ အသံဖြင့် လှုပ်ရှားဟန်ဖြင့် အကြည့်ဖြင့်၊ အပြုံးဖြင့် နွယ်ကြိုးတွေ ပစ်လွှတ်ကာ ကိုယ့်ကို အထပ်ထပ် ရစ်ပတ်တော့၏။ မရုန်းသာပါပြီ။

"ယောက်ျား" ဆိုသော မာန်ကို သွင်းကြည့်၏။



အိပ်ရာထက်မှာ လူးကာလိမ့်ကာ၊ အဖြေမရဘဲ တစ်ယောက်တည်း ဆောက်တည်ရာမရခြင်းသည် ကိုယ့်မာနကို ထိနိုက်၏။ ကိုယ် ... ယောက်ျားပဲ။ ဘာလုပ်မလဲ။

ခုချိန်မှာ ဇင်လေးမျက်နှာကို အတွေးထဲ ပုံဖော်ကြည့်လျှင်တောင် ခပ်ရေးရေးပဲ ထင်တော့မည်။

✤ ✱ ✤

ညလုံးပေါက် အိပ်မပျော်ခြင်းသည် မမထက်မြက်အဖို့ တစ်သက်တာမှာ ပထမဆုံးအကြိမ်တည်း။

ကိုယ့်အတိတ်လမ်းကို ကိုယ်ပြန်တွေးကြည့်မိသည်။ ကိုယ်ဟာ ဘယ်တုန်းကမျှ ပျော့ညံ့ခဲ့သူ မဟုတ်ပါ။ မည်သည့် အကြောင်းအရာကမျှ ကိုယ့်ကို အိပ်ပျက်ညတစ်ခု ဖန်တီးမပေးနိုင်ခဲ့ပါ။ အချစ်အတွက်ဆိုလျှင် ပိုလို့တောင် ရင့်ကျက်ပြခဲ့ဖူးပါသည်။ တကယ်ရင့်ကျက်သော နှလုံးသားကို အပေါ်မှ ခံနိုင်ရည်ထပ်လောင်းလျက် ရင့်ကျက်တာထက် ပိုရင့်ကျက်ပြခဲ့သည်။

"မိဘနှင့် ချစ်သူ"

ပထမဆုံးချစ်သူကို မေမေ သဘောမတူသောကြောင့် မိဘဘက် ဦးစားပေးကာ ကိုယ့်အချစ်ကို သင်္ဂြိုဟ်မြှုပ်နှံပစ်ခဲ့ဖူးသူ။

"ကိုယ်တို့က မြန်မာလူမျိုးတွေ၊ ကိုယ်တို့လူမျိုးမှာ မိဘဟာ သိပ်အရေးကြီးတယ်ကွာ၊ မိဘခွင့်မပြုရင် ဘာမှလုပ်လို့ မရဘူး၊ အဲဒါကို နားလည်ပေးပါ၊ ကိုယ်တို့ ဒီနေ့ကစပြီး လမ်းခွဲကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်သည်။

သူက အမျိုးမျိုးပြောရှာပါသေး၏။ အဲသည်နေ့က မမ စိတ်ဆင်းရဲပါသည်။ စိတ်ညစ်ပါသည်။ ရင်ထဲမှာ တုန်ယင်လှုပ်ရှားပါသည်။ စိတ်ထိခိုက်ပါသည်။ သူ့ကို သနားသည်။ သို့ပေမဲ့ လမ်းနှစ်သွယ်မှာ တစ်သွယ်ကို ရွေးပြီဆိုလျှင် နောက်တစ်လမ်းသို့ ပြန်လည်၍ ငဲ့စောင်းလျက် မကြည့်ချင်ပြီ။ ဒါဟာ မမထက်မြက် ဆိုသော မိန်းမသား၏ သတ္တိတည်း။

အဲသည်ညက မမ အိပ်ဆေးတစ်လုံးမျို၍ ခပ်စောစောလေး အိပ်ရာဝင်လိုက်သည်။

လက်ထပ်သင့်သည့် လူကောင်းတစ်ယောက်အဖြစ် ရွေးချယ်ခဲ့မိသော (ဒုတိယချစ်သူပဲ ဆိုပါစို့)။

ကိုသန့်စင်မျိုးကို စိတ်ပျက်စွာ ခွဲခွာသည့်နေ့မှာတော့ လူက တစ်ကိုယ်လုံး လွတ်လပ်ပေါ့ပါးသွားသလို၊ အခန်းမှောင်မှောင်ကြီးထဲမှ ပြေးထွက်ခွင့် ရလိုက်သလို အသက်ရှူများပင် ချောင်ချိလန်းဆန်းသွားခဲ့၏။ အိပ်ဆေးမလိုဘဲ စောစီးစွာ အိပ်ပျော်၏။

ခုည မမ အိပ်ဆေး မသောက်ချင်ပါ။

သောက်လျှင်လည်း အိပ်ဆေး၏ အာနိသင်က မမ၏ ခက်မာစိုင်ဖွဲ့နေသော စိတ်စွမ်းအင်များကို ထိုးဖောက်အစွမ်းပြနိုင်မည် မထင်ပါ။ မမ အံကိုကြိတ်သည်။ မမမှာလည်း မမ ခံစားမှုနှင့် မမ၊ မမ ဆုံးဖြတ်ချက်နှင့် မမပါပေ။

အိပ်ပျက်ညက ရှည်လေ၏။

✤ ❋ ✤



"မမထက် ဖုန်းလာ့ပါတယ်"

ညိုညက် လာပြောတာ စောစောစီးစီးကြီးပါ။ ဘွားနှင့် ဒေါ်ခင်ခင်လေး၊ ဇင်လေးတို့လောက်သာ အိပ်ရာမှ နိုးကြလျက် ဦးမျိုးဇင် မနိုးသေးပါ။

"ဟုတ်ကဲ့ ... မမပါ"

"သော်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ"

"မပြန်ဖြစ်သေးပါဘူး၊ ကောင်းပြီလေ ဒါပဲနော်"

တယ်လီဖုန်းပြောတာ မြန်၏။ ဒေါ်ခင်ခင်လေးက ကြားလိုက်ပေမယ့် လူမှုရေးအရ မမေးပါ။

"ကိုကို့မိတ်ဆွေလေ ... ကိုဦးထက်မြက် ညီမလားတဲ့၊ ပြန်ရင် လူကြုံပေးမလို့ ထင်ပါရဲ့"

ဖြေရှင်းစရာမလိုဘဲ ဖြေရှင်းလိုက်မိပြီးမှ မလုံ့လဲရာရောက်မှာလားဟု တွေးမိ၏။ ဟယ် ... တတ်နိုင်ပါဘူး။ မမဆိုတာ နေရာတကာလိုက်ပြီး ခေါင်းထဲထည့် တွေးနေတတ်တဲ့သူ မဟုတ်ဘူးဟု စိတ်ကိုဖြေလိုက်၏။ ဇင်လေး အခန်းသို့ရောက်တော့ ဇင်လေးက အိပ်ရာပေါ်မှာ။

"ဟော့ ... အိပ်ပုပ်မလေး"

"ဖျားလို့ မမရဲ့"

"ဟာတော့ ... မုန်း ... အား ... ပူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လည်ချောင်းလည်း နာတယ်"

"Tonsil ထင်တယ်၊ အအေးမိတာပဲပေါ့၊ အိပ်ပျက်ရင်လည်း အအေးက အလိုလိုမိတတ်တယ်"

မမက သူ့ဘာသာ ပြောပေမယ့် ဇင်လေးက မလဲ့မလဲ ဖြစ်သွားရသည်။

"ဇင်လေးက နတယ်နော်၊ ချစ်စရာလည်း ကောင်းတယ်၊ ပိုးတောင့်တဲလေးလိုပဲ အရမ်းသိမ်မွေ့တယ်၊ လှလည်းလှတယ်"

"ကိုယ့်ညီမကိုယ် မြှောက်နေပြန်ပြီ မမရယ်"

"တကယ်ပြောတာ၊ သဘောလည်း အရမ်းကောင်းတယ်၊ ချမ်းလို့လား စောင်ကြီးခြုံထားတာ"

"ချမ်းတယ် မမ"

"မျက်နှာလေးတောင် မို့အစ်နေတယ်၊ နဖူးပေါ် ရေခဲတင်မလား"

"ဟင့်အင်း ... မေမေက ဖုန်းဆက်လို့ ခဏကြာရင် မမဝင်းမွန် လာကြည့်ပေးလိမ့်မယ်၊ မေမေ စောစောကြီးက ဆက်ပြီးသွားပြီ"

"ဩော် ... အန်တီခင်လေးတူမ ဆရာဝန်မလေးလား"

"ဟုတ်ကဲ့"

"အန်တီဒေါ်ခင်ခင်ကြီးရော သက်သာပြီလား"

"သက်သာလာပြီ၊ ဟိုရက်က အရမ်းသည်းတာ"

"ဘာစားပြီးပလဲ"

"ကော်ဖီ"



"ကြက်ဥမစားဘူးလား"

"ညှီတယ်"

"ဟိုတစ်လောတုန်းက ဖေဖေ့ဘက်က ဆွေမျိုးတစ်ယောက် လန်ဒန်ကို ရောက်လာသေးတယ်၊ ဌာနဆိုင်ရာက လွှတ်လို့ သင်တန်းလာတက်တာ ခြောက်လထဲပါ၊ အဲဒါပြန်သွားရော ဘာစားစား အီနေလို့တဲ့၊ ထမင်းစားလည်း ထမင်းအီ၊ ဟင်းစားလည်း ဟင်းအီ၊ ကော်ဖီသောက်လည်း ကော်ဖီအီသတဲ့လေ ...

"တို့ကလေ နေမကောင်းတဲ့သူကိုမှ စကားလာပြောနေတယ်၊ နေ့ခင်းကျရင် ရှူပါမားကက်တွေ ပတ်မလို့၊ ဘာမှာမလဲ"

"မမှာတော့ပါဘူး မမ"

"အိမ်က ကားယူမသွားတော့ဘူး၊ ရန်ကုန်မှာ တက္ကစီမစီးဘူးသေးလို့ တက္ကစီ စီးကြည့်လိုက်ဦးမယ်"

"ယူသွားပါ မမရဲ့၊ အားမနာပါနဲ့"

"အမယ်လေး ... ကျုပ်က ဘယ်သူ့ကို ဘယ်တုန်းက အားနာဖူးလို့လဲ၊ တက္ကစီကို စီးကြည့်ချင်တာ၊ သက်တင်ထွန်း လာရင်တောင် မေးကြည့်မလို့၊ မြင်းလှည်းစီးချင်တယ်၊ ထောက်ကြန့်လောက် ထွက်ရင် စီးရမလား၊ ဘယ်ထိသွားရင် မြည်းလှည်းစီးလို့ရမလဲ မေးပြီး မြင်းလှည်းလည်း သွားစီးဦးမယ်"

သက်တင်ထွန်း ဆိုတာ ဦးတင်မောင်ထွန်း၊ ဒေါ်မြင့်မြင့်ခင်တို့၏သားမို့ မမ၏မောင် တစ်ဝမ်းကွဲတော်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဇင်လေး နေကောင်းမှသွားပါ မမ၊ ဇင်လေးလည်း မြင်းလှည်းစီးချင်တယ်"

"စောင့်မယ် ... ဒီနေ့ခင်းတော့ ရန်ကုန်မြို့ကို ခါးစောင်းတင်လိုက်ဦးမယ်ကွယ်"

"ဘွားက စိတ်ချပါ့မလား"

"ဟော့ ... မိုင်ပေါင်းထောင်ချီဝေးတဲ့နေရာ ထောင်ဂဏန်းတောင် နည်းတဲ့ထောင် မဟုတ်ဘူးနော်၊ မိုင်ပေါင်းလေးထောင် ငါးထောင်ဝေးတဲ့ ကမ္ဘာ့အနောက်ခြမ်းကနေ ပြီးတော့တောင် တစ်ယောက်တည်း လာခဲ့သေးတာ၊ ရန်ကုန်မြို့က ဘယ်လောက်ကျယ်လို့လဲ"

ဇင်လေးက ပြုံးနေလိုက်တော့သည်။

✤ ✱ ✤

ချိန်းသည့်အချိန်ထက် နောက်ကျမှဝင်ခဲ့၏။

နေမင်းစစ်က အဝင်ပေါက်ဝသို့ လှည့်၍ လှည့်၍ ကြည့်သည်။ ချိန်းထားတာ ဆယ့်နှစ်နာရီဆိုပေမယ့် နေမင်းစစ် ဆယ့်တစ်နာရီခွဲကတည်းက ရောက်၏။ မစ္စတာဂစ်တာမှာ ဒီလို နေ့ခင်းပိုင်းဆို လူနည်းနည်းချောင်၏။ ညနေစောင်းလေ လူကျလေမို့ လောလောဆယ်မှာ တော်တော်လေးကိုရှင်းသည်။ နေမင်းစစ် စားပွဲပေါ်မှာ ချထားသည့် ကော်ဖီကို မသောက်ဖြစ်သေးပါ။

ဆယ့်နှစ်နာရီနှင့် ဆယ်မိနစ်။



လည်ပင်းရှည်၏။ ရင်ပူ၏။ ဖင်တကြွကြွရှိ၏။ အပေါက်ဝသို့ လှည့်၍ လှည့်၍ ကြည့်တာမဟုတ်ဘဲ တရစပ်ကြီး ကြည့်နေရင်း လက်မှနာရီကိုတော့ ခဏ ခဏ မြှောက်ကြည့်ဖြစ်သည်။

"ဟော"

ဝင်လာပါပြီ။ မစ္စတာဂစ်တာကြီး တစ်ခန်းလုံးလင်းသွားသလား ထင်ရ၏။ မမ၏ထာဝရကြော့ရှင်းဟန်က အမျိုးမပြောင်းပါ။ အနီးအနားမှာ နည်းနည်းပါးပါးသာရှိသော လူတိုင်း (ယောကျ်ားရော မိန်းမပါ) မမကို လိုက်ကြည့်ကြသည်။ မမသည် မြင့်မားသောအရပ်ဖြင့် သွယ်လျနေ၏။ မမသာ ပါးပါးလျားလျား မဟုတ်လျှင် ဤအရပ်ကြီးနှင့် သာဝလိုက်ရလျှင် ရောမမိန်းမကြီး ဖြစ်သွားမှာဖြစ်၏။

"မမ"

နေမင်းစစ် ထကြိုလိုက်၏။

"တမင် ဆယ်မိနစ် နောက်ကျလာခဲ့တာ၊ နေမင်း မရောက်သေးရင် တစ်ယောက်တည်း ကြောင်နေမှာစိုးလို့"

"ကျပါ့မလား မမရယ်"

"အလုပ်မသွားဘူးလား"

"ဆယ့်တစ်နာရီထိ လုပ်ခဲ့ပြီ"

"ဒီလောက်လုပ်ရုံနဲ့ ပြီးစတမ်းလား၊ ကြီးပွားဦးမယ်"

နေမင်းစစ်က အရေးတကြီးပုံဖြင့် မျက်နှာမူနေ၏။ မမကတော့ အေးဆေးပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှာမလဲ မမ"

"ဘာတွေရမှန်းမှ မသိတာ"

"ဒီမှာလေ"

မီနူးကို ပြ၏။

"နေပစေ ... နောက်တာ၊ ကော်ဖီပဲ သောက်တော့မယ်၊ တော်တော်ဈေးကြီးတဲ့ ကော်ဖီရတယ်ဆို၊ အဲဒါသောက်မယ်၊ မမက ကော်ဖီသရဲ၊ နေ့လယ်စာကို ဖီးလ်မှာဝင်စားခဲ့ပြီးပြီ၊ နည်းနည်းစောနေသေးတော့ အချိန်ဖြုန်းချင်တာနဲ့ ရန်ကင်းစင်တာမှာ ဝယ်ချင်တာတွေ ဝင်ဝယ်၊ အောက်က ဖီးလ်မှာ နေ့လယ်စာစား ...

"တစ်ယောက်တည်း လျှောက်ကျဲနေတာ၊ ရန်ကုန်မှာ မိန်းကလေးတစ်ယောက်တည်း ဒါမျိုးလုပ်လေ့မရှိဘူး ထင်တယ်၊ ဝိုင်းကြည့်ကြတယ်၊ မမကတော့ မကြောင်ပါဘူး"

"ဝိုင်းကြည့်ကြတာက မမ လူဘယ်နှယောက်နဲ့သွားသွား ကြည့်မှာပဲ၊ မမကိုယ်က ဆွဲဆောင်ဓာတ်အားတွေ ထွက်နေတယ်၊ လူတွေကို ညှို့တယ်၊ ရစ်ပတ်တယ်၊ မမဆီပြန်ဆွဲတယ်၊ ရှေးတုန်းက ဥမ္မာဒန္တီဆိုတာ မမလိုလူမျိုးဖြစ်မှာ၊ မမ အလှမှာ ယစ်မူးစေနိုင်တဲ့ စွမ်းအားပါတယ်"

"ကျေးဇူးတင်ပါတယ်"

နေမင်းစစ်က သက်ပြင်းမောကို ချလေ၏။

"ကျွန်တော် မမကို ပြောစရာရှိလို့"



"အေးလေ ... အိမ်လာပြောလည်း ရရဲ့သားနဲ့ ချိန်းတယ်ဆိုတော့ ဇင်လေး ပြန်သိရင် မကောင်းဘူး၊ မမ လာတာက ဇင်လေးမျက်နှာနဲ့ လာတာနော်၊ ဇင်လေးရဲ့ခင်ပွန်းလောင်းက ပြောစရာရှိတယ်လို့ ဇင်လေးအစ်မအနေနဲ့ လာနားထောင်ပေးတာ"

"ကျွတ် ... မမရာ"

"ကဲ ... ပြော"

"မမကို ကျွန်တော် ချစ်တယ်"

"ဟ ... ဘာလိုင်းကြီးပါလား"

"မမ ဒီစကားသုံးတတ်တယ်နော်၊ ကျွန်တော့်အတွက်တော့ ကွက်တိပါပဲ၊ ဟုတ်တယ် ... ကျွန်တော် မမကို ချစ်တာ မျက်ကန်းချစ်၊ မမလေဆိပ်မှာ ထွက်လာကတည်းက လူတွေအားလုံးထဲမှာ ထင်းခနဲပေါ်နေတဲ့ မမက ကျွန်တော့် ရင်ဘတ်ကို လာမှန်တာ ...

"ကျွန်တော် ကြည့်နေမှန်း မမ မသိဘူး၊ ဇင်လေးကို တွေ့ပြီး မမ လှမ်းပြုံးလိုက်တယ်၊ အဲဒီအပြုံးက ကျွန်တော့် ရင်ထဲ ဝင်စိုက်ပြီး ထိုးခွဲမွှေနှောက်သွားတော့တာပဲ၊ အချစ်ဆိုတာ အဲဒီလိုလည်း လျှပ်တစ်ပြက် ပေါက်ကွဲတတ်ပါတယ်၊ ကျွန်တော်ပြောတာ မမ ယုံလား"

မမက ရောက်လာသော ကော်ဖီခွက်ကို လှမ်းကိုင်၏။ မသောက်သေးပါ။ မျက်လွှာချ၍ နားထောင်နေသည်။ ပြောချင်ရာပြောဟု ခွင့်ပေးထားပုံနှင့် အေးဆေးရင့်ကျက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ထိန်းပါတယ်၊ မမကို ဖွင့်မပြောဘူးလို့ အကြိမ်ကြိမ် ဆုံးမတယ်၊ ကျွန်တော်ဟာ ဇင်လေးနဲ့တရား ဝင် မစေ့စပ်ရသေးပေမယ့် စေ့စပ်ပြီးသလောက်သဘော ရှိတဲ့ အနောင်အတဲနဲ့ လူသားပါ ...

"မမကို ချစ်မိတာ ဇင်လေးအပေါ်လည်း သစ္စာ ဖောက်ရာ ရောက်ပါတယ်၊ မမကိုလည်း ဒုက္ခပေးရာရောက် ပါတယ်၊ မချစ်သင့်မှန်းလည်း သိပါတယ်၊ ကျွန်တော်မြို့နေ ဖို့ ကြိုးစားပါတယ်၊ ဒါပေမဲ့ ကျွန်တော် မနေနိုင်တော့ဘူး မမရယ် ...

"မနေ့က မမ ဟိုညီအစ်ကိုသုံးယောက်နဲ့ ရယ်မော အဖွဲ့ကျနေတာ၊ ကျွန်တော့်အသည်းကို ဓားနဲ့မွှန်းသလိုပဲ၊ ကျွန်တော် အရမ်းမခံမရပ်နိုင် ဖြစ်တယ် မမရယ်၊ ဆတ် ဆတ်ကို ခါနေတာပဲ၊ မမက အဲဒီကောင်တွေကို စိတ်ဝင် စားလို့လား"

မမ မဖြေပါ။

"ဒါနဲ့ပဲ မနက်အစောကြီးထပြီး ဖုန်းဆက်ရှိန်းတယ်ဆိုပါ တော့"

"မနက်အစောကြီး ထတာမဟုတ်ဘူး မမ၊ ကျွန်တော် တစ်ညလုံး မအိပ်တာ၊ ခုထိ မျက်စိတစ်ချက် မမှိတ်ဖြစ် သေးဘူး၊ မမဆီ ဖုန်းဆက်ပြီး အိမ်မှာကော်ဖီသောက်မှန်း စား၊ ကုမ္ပဏီသွားတယ်၊ ဒီနေ့မနက် လုပ်ရမယ်ကိစ္စတစ်ခု အရေးကြီးတာရှိတယ်၊ အဲဒါလုပ်ခဲ့ပြီး ဒီမှာ မမကိုလာ စောင့်တာပဲ"



မမက ကော်ဖီကို စတင်သောက်လေ၏။

"မမ ကျွန်တော် ယောက်ျားတစ်ယောက်အနေနဲ့ ကျွန်တော့် အိနှောင်အဖွဲ့တွေနဲ့ မမကို ဒီစကားပြောတာ ကျွန်တော့်မှာ မာနရော သိက္ခာရော တစ်ပြားမှ မကျန်တော့ပါဘူး၊ ကျွန်တော် မပြောဘဲ မနေနိုင်လို့ပါ၊ ကျွန်တော်ချစ်တာ မမ သိမှဖြစ်မယ် ...

"ကျွန်တော် ရှုံးတယ် မမ၊ မမဆီမှာ ကျွန်တော် ဒူးမထောက်ရုံတမယ် ကျရှုံးတာပါ၊ ကျွန်တော်ဟာ အချစ် တစ်ခုအတွက်နဲ့ တန်ဖိုးမရှိတဲ့ကောင် ဖြစ်သွားရပါပြီ၊ ဒါပေမဲ့ ဖြစ်ရတာ တန်ပါတယ် ...

"ကျွန်တော် မမကို ချစ်တယ်ဆိုတာ မမ သိဖို့ပဲ လိုပါတယ်၊ ဒါလေးတောင် ပြောခွင့်မရရင် ကျွန်တော့်ဘဝ ဟာ မွန်းကျပ်ပိတ်ဆီးလွန်းလို့ ဖွင့်ပြောရတာပါ၊ မမ ပြန် ချစ်ပါလို့ ကျွန်တော် မတောင်းဆိုပါဘူး၊ ကျွန်တော့်အချစ် ကိုသာ အသိအမှတ်ပြုပေးပါတော့ မမရယ်၊ ကျွန်တော် ပြောချင်တာ ကုန်ပါပြီ"

နေမင်းစစ်က တစ်ချိန်လုံးမှာ မမကို မကြည့်ဘဲ မျက်နှာလွှဲ၍ အဝေးသို့ငေးလျက်ပြော၏။ မမကတော့ ကော်ဖီကို သာ သဲမဲသောက်တော့သည်။ ကော်ဖီတစ်ကျိုက်မျိုတိုင်း ရင်ထဲမှာ စစ်ခနဲနာသည်။

အချစ်ဟူသည် နတ်ဆိုးပါပဲ။

အချစ်သည် မမဘဝထဲသို့ လမ်းမှားစွာ ဝင်ရောက် လာခဲ့ပါသည်။ ဝန်ခံရပါလျှင် နေမင်းစစ်ကို ချစ်သော အချစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဘယ်သူ့ကိုမျှ မချစ်ဖူးသေးတာပါပဲ။ သူတင် မြင်ရုံနဲ့ပေါက်ကွဲခဲ့ရတာလား။ မမရော ...။ သူ့လိုဖြစ်ကြောင်းရယ်မှ ကုန်စင်ကိုစာမဖွဲ့ချင်တော့လို့သာလေ။

"မမထက် ... သူက နေမင်းစစ်တဲ့"

ဇင်လေး မိတ်ဆက်ပေးမှ လှည့်ကြည့်မိပါကြောင်း ဝန်ခံပေမယ့် မျက်စိမျက်နှာပျက်ပြီး၊ ပင့်ကူအိမ်မှာ တွယ်ငြိတဲ့ပိုးဖလံလေးလို မမရဲ့မျက်နှာပြင်မှ မခွာနိုင်တော့တဲ့ သူ့အကြည့်ရှုးဟာလည်း မြားတစ်စင်းလိုပါပဲ။ မမရင်ကို ပစ်ခွင်းလိုက်တာပါပဲ။ သူ ဘယ်သူဘယ်ဝါမှန်း မသိပေမယ့် ဘွားနဲ့ ဇင်လေးနားမှာ နေခွင့်ရသော သူစိမ်းယောကျ်ားလေးတစ်ယောက်ရဲ့ နေရာမှန်ကို တွေးကြည့်လိုက်နိုင်ပါတယ် နေမင်းရယ် ...။

အများအမြင်မှာ ပွင့်လင်းတယ်ဆိုတဲ့ မမဟာ ဘယ်လောက် ဟန်ဆောင်ကောင်းတယ်ဆိုတာ ဘယ်သူမှမသိပါဘူး။ သူတစ်ပါး မသိစေချင်တာကို မသိအောင် ဖုံးဖိနိုင်ခြင်းဟာ သရုပ်ဆောင်ပီရိခြင်းဟာ အပြုံးတစ်ချက် မပျက်နေနိုင်ခြင်းဟာ သတ္တိတစ်မျိုးလို့ မမထင်ခဲ့တာ၊ မှားရင်တော့ မှားမယ်။ ဒါပေမဲ့ မမကျင့်သုံးခဲ့တဲ့ ထုံးတမ်းစဉ်လာ တစ်ခုပါပဲ။

မကြည့်ချင်လည်း မြင်နေရပါကလား နေမင်းရယ်။

မင်းဟာ ဇင်လေးတို့မိသားစုနဲ့ ပတ်သက်လွန်းတယ်။ မင်းနဲ့ မမတို့ရဲ့ ဆုံစည်းခွင့်က အကြိမ်များပါတယ်။ မင်းက မမကို မြင်ကတည်းက အမုန်းတရားလေးနဲ့ ခပ်ခွာခွာရယ်လေ။ ကောင်လေးရယ် ... မမက မင်းရဲ့ရင်ထဲကို မြင်လိုက်နိုင်သူပါ။



မင်းက မမကို ချစ်တယ်။ မမက မင်းကိုချစ်တယ်။ တို့နှစ်ယောက်ကြားမှာ ဘာလိုအပ်ပါသေးသလဲ။

တကယ်တော့ မင်းနဲ့ မမကြားမှာ လိုအပ်နေတာမရှိပါဘူး။ ပိုလျှံနေတာပဲ ရှိပါတယ်။ အဲဒီပိုလျှံပစ္စည်းကြီးကတော့ အလွန်တံရာ ခိုင်မာထူထဲလှတဲ့ တံတိုင်းကြီးတစ်ခုပါပဲ။ မင်းနဲ့ မမဖျက်ဆီးကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ ဖျက်ဆီးကျော်ဖြတ်ဖို့ မကြိုးစားသင့်ပါဘူး၊ တို့တစ်တွေဟာ မဟာတံတိုင်းရဲ့တစ်ဖက်တစ်ချက်စီမှာပဲ နေကြတော့မယ်။

မမလည်း ပုထုဇဉ်၊ မမလည်း လောကီသား၊ မမမှာလည်း အသည်းနှလုံးနဲ့၊ အချစ်စစ်စစ်ကို ခုမှ မျက်ဝါးထင်ထင်တွေ့မြင်ရပေမေယ့် တို့တွေ နောက်ကျကြတယ်။ မင်းတင် ချစ်ဘတ်တဲ့သူလား။ မမလည်း ချစ်တတ်တဲ့သူပဲ။ မင်းက မမကိုချစ်တယ်လို့ ဖွင့်ပြောတဲ့အခါမှာ မင်းရဲ့သစ္စာတရားနဲ့ သိက္ခာမာနတွေ ဝေါခနဲ လျှောကျရသလို မမက ပြန်ပြီး ...

"မင်းကိုချစ်တယ်"လို့များ ပြောဖြစ်ခဲ့ရင် မမဟာ ခင်းထက်အများကြီး နိမ့်ကျစုတ်ပြတ်သွားမယ်ဆိုတာ မမ သိပါတယ်။

မင်းတောင်မှ မင်းရဲ့မာနနဲ့သိက္ခာကို အချစ်အတွက် ချခင်းပေးခဲ့သေးရင် မမကလည်း မမရဲ့မာနနဲ့သိက္ခာကို ချခင်းပြီးနင်းကြတော့လို့ ပေးလိုက်မယ်။ ဒါကို မမကသတ္တိလို့ ပြောရင်လူ့ဝါကာကတော့ သတ္တိဆိုတာဟာ နေရာလွဲပြီးသုံးရင် မိုက်မဲခြင်းအဖြစ်သို့ သက်ဆင်းသွားပါလေရောလို့ ဆိုကြမယ်။ မမလည်း မိုက်ချင်သူပါ နေမင်းရယ်။

www.burmeseclassic.com

www.burmeseclassic.com



မမက ကော်ဖီကို လက်စသတ်သောက်၏။

မျက်နှာကတော့ နေမင်း အကဲခတ်လို့မရအောင် ခပ်တည်တည်ပါပဲ။ ခံစားချက် ဗလာမျိုးစုံကိုလည်း မမ သရုပ်ဆောင်တတ်ပါသည်။

"ပြောစရာ ကုန်ပြီလား"

"ကုန်ပါပြီ မမ"

"ဒါဆို ပြန်ကြရုံပေါ့၊ မပြန်ခင် တစ်ခုပြောခဲ့မယ်၊ သြော် ... တစ်ခုအရင်ပြောဦးမယ်၊ မမ နေမင်းကို စကားတစ်ခွန်း ပြောမယ်၊ ပြောပြီးရင် ပြန်မယ်၊ နေမင်းက မမထက် ဆယ်မိနစ်တိတိ နောက်ကျပြီးမှ ဒီဆိုင်ထဲကထွက်ပါ၊ မမကို ဘာမှထပ်မပြောပါနဲ့၊ တစ်ခွန်းမှ ထပ်မပြော ထပ်မမေးဘဲ ထိုင်ကျန်ရစ်ရမယ်၊ ဆယ်မိနစ် ဖြစ်လား"

နေမင်း ရင်ထဲ လှိုက်ခနဲ ခုန်သွားရ၏။ မမက နေမင်းကို ချစ်တယ် ... လို့များ ပြောတော့မလို့လား၊ အဲဒီအတွက် ဆိုင်ထဲမှာ ဆယ်မိနစ် ထိုင်ကျန်ရစ်ခိုင်းတာလား။

" မမ ပြောတော့လေ"

"ပြောပြီ ... မမက ယောကျ်ားတစ်ယောက် ပျော့ညံ့ရင် သိပ်အထင်သေးတတ်တယ်"

သွားပါပြီ ... ဟု ရင်ထဲနှန်းကျသွားရသည်။ မျှော်လင့်ချက် ဗိမာန်ကြီး ပြိုကျသည်။ မမကသာ ပြန်ချစ်လျှင် ကိုယ့်တစ်ဖက်သတ်ချစ်မို့သာ အရာရာကို ထောက်ထားလိုက်တာ၊ မမနဲ့သာ နှစ်ကိုယ်ချစ်ခွင့်ရပြီဆိုလျှင် တစ်ကမ္ဘာလုံးကို ရင်ဆိုင်ဆန့်ကျင်ပစ်လိုက်ဖို့ စိတ်ကူးပြီးသား။



"နေမင်းက မမကို စတွေ့ကတည်းက ရန်လိုတယ်၊ အထင်သေးပုံနဲ့ ဆက်ဆံတယ်၊ ဝေဖန်တယ်၊ ဒါကိုမကြိုက်ပေမယ့် အဲဒီတုန်းက နေမင်းကို မမ အထင်ကြီးတယ်၊ မမရှေ့မှာ ကျရှုံးပါပြီ ပြောလိုက်တဲ့အချိန်ကစပြီး နေမင်းကို အရမ်းအထင်သေးသွားတယ် ...

"ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ်လည်း မမ အထင်သေးတယ်၊ စက်ဆုပ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ နေမင်းတစ်ယောက်သာလျှင် မမရှေ့မှာ ကျရှုံးတာမဟုတ်၊ မမလည်း နေမင်းဆီမှာ ကျရှုံးလိုက်ရလို့ပဲ၊ ဒါပေမဲ့ ..."

နေမင်းစိတ်က ကိုယ်ကလေးမတ်လာ၍ မမကမပြောနှင့် ဆိုသည့်အဓိပ္ပာယ်နှင့် လက်ကာ၏။

"ဒါပေမဲ့ မမဟာ အရှုံးထဲမှာ နစ်စိမ်ပြီး ကိုယ့်ဘဝကိုယ်နစ်မွန်းအောင် ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး၊ လုပ်မယ့်သူ မဟုတ်ဘူးဆိုတာ နားလည်ရင် နေမင်း မမကို ဘယ်တော့မှ ထပ်မကြိုးစားပါနဲ့တော့၊ ဒီကနေ မမ ထွက်သွားပြီးလို့ ဆယ်မိနစ်ကြာရင် နေမင်း ပြန်ပါတော့ ...

"ဒါပေမဲ့ ..."

မမ မတ်တတ်ထရပ်၏။ ရန်ကင်းစင်တာမှ ဝင်ဝယ်လာခဲ့သည့် အထုပ်အပိုးတွေကို သယ်သည်။ သူ့စလင်းဘက်ကို လွယ်သည်။ ဆိုင်ပြင်သို့ထွက်ဖို့ အဆင်သင့်ဖြစ်လေ၏။

"တစ်ခု ဝန်ခံခဲ့မယ်၊ နေမင်းကို မမ ချစ်မိသွားတယ်"

မမ ချာခနဲ လှည့်ထွက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နေမင်းက ရင်ပွင့်၍ ကျန်ရစ်၏။ နောက်က ပြေး လိုက်မလိုလုပ်ပြီးမှ ဆံယံမိနစ်တိတိ ထိုင်ကျန်ရစ်ရမှာကို သတိရ လိုက်သည်။ မမစကားကို တစ်သဝေမတိမ်း နားထောင်လိုက်ပါ သည်။ စောစောက စုတ်ပြတ်သတ်လုနီးပါး ဖြစ်နေသည့် နေမင်း စစ်မှာ ခုတော့လည်း မျက်နှာပေါ်မှာ ပျားရည်မြစ်တစ်စင်းလုံး ဖြတ်စီးလျက်။

မမကသာ ပြန်ချစ်လျှင် တစ်လောကလုံးကို ရင်ဆိုင် ဆန့်ကျင်ပစ်လိုက်ဖို့ ဆုံးဖြတ်ပြီးသားလေ။

✤ ✤ ✤



## ၁၀

နေမင်း ... ဆိုဖာပေါ်မှာ ထိုင်နေတာ မဟုတ်ပါ။

ကမ္ဘာမြေကြီး၏ ဆွဲငင်အားမှ လွတ်လျက်၊ လူတစ် ကိုယ်လုံး ပေါ့ပါးပြီး လေထဲမှာ ပျံ့ဝဲနေရသည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်၏။ မျက်နှာကို ထိန်းမရပါ။ ပြုံးဖြီးဖြီးကြီး ဖြစ်နေသည်။ ပျော်လိုက်တာ မပြောပါနှင့်တော့ ... ဆိုသည့်စကားကို မသုံးချင်ပါ။ စကားလုံးက လျှော့နေသည်။ ခံစားမှုက ပိုကဲ၏။

ပွဲပြီးပြီ၊ ဘာလိုသေးလဲ။ မမ အချစ်ကို ရပြီးမှတော့ တစ်လောကလုံးကို ရင်ဆိုင်ဆန့်ကျင်လိုက်ရုံပေါ့။

ဒါကို အကြိမ်ကြိမ် ဆုံးဖြတ်ပြီးသား၊ ခု မမအချစ် ကိုရပြီ။ နေမင်းကို မမချစ်မိသွားခဲ့တယ်တဲ့။ ချစ်မိသွားတယ်ဆို တာ မချစ်ဖို့ ဖွဲ့တင်းကန်ကျောက် ငြင်းဆန်ရင်းမှ မအောင်မြင်ဘဲ အချစ်မှာ ကျရှုံးသွားရတဲ့ အဓိပ္ပာယ်ပါပဲ။ ဒါဆို မမ အချစ်က ဘယ်မှာတော်ရုံ ဟုတ်ပါ့မလဲ။ မမရင်ထဲလည်း ဘယ်လောက် ငြင်းထန်ပေါက်ကွဲလိုက်သလဲမှ မသိတာ။ နောက်ဆုံးမှာတော့ ခံခဲ့သွားရတာပဲလေ။

www.burmeseclassic.com

www.burmeseclassic.com


ဇင်လေး ...။

ခုမှ ဇင်လေးက အတွေးထဲသို့ဝင်၏။ တောင်းပန်ရမည်။ နားလည်အောင် ပြောမည်။ ခွင့်မလွှတ်ချင်နေပါ။ ကိုကို့ငမိုက်သားကို မုန်းမေ့လိုက်ပါတော့။ ဒဏ်ခတ်ချင်လည်းရပါတယ်။ ပါးရိုက်လွှတ်လည်း ကိုကိုက အပြုံးမပျက်ခံမယ်။ ဇင်လေးမှာ ဘာအပြစ်မှ မရှိဘူးလေ။ ဒီလိုဆိုတော့ ကိုကိုနဲ့ မမက အပြစ်နဲ့လူသားတွေလား။ မမကို ချစ်မိတာ အပြစ်လို့ ဝန်မခံနိုင်ပါဘူး ဇင်လေးရယ်။ အချစ်ဟာ အချစ်ပါပဲ။ အပြစ်မဟုတ်ဘူး။ ဒါပေမဲ့ လူ့အသိုင်းအဝိုင်းကြားထဲမှာတော့ ကိုကိုဟာ ရှုတ်ချခံရပါမယ်။ ဘွားရယ် ဖေဖေတို့ မေမေတို့ရယ် ဆက်ဆံရင်းနှီးမှု ပြတ်တောက်သွားနိုင်တယ်။ စီးပွားရေးလုပ်ကွက်တွေ ကသောင်းကနင်းဖြစ်သွားနိုင်တယ်။ ကိုကို ရင်ဆိုင်လိုက်ရမယ့် ပြဿနာတွေက တစ်ဘဝစာကြီး။

ရှိပစေ ... ကိုကို ရင်ဆိုင်ခွင့်ပြုတော့ ဇင်လေးရေ အဲဒါကို ဇင်လေး သိဖို့ ကိုကို လာပြောမှာ။

"ကိုကို သေသေချာချာ စဉ်းစားပြီးပြီလား"လို့ ဇင်လေး မေးရင် ကိုကို့ခေါင်းကို သွက်သွက်ကြီး ညိတ်မယ်။

"ရင်ဆိုင်ရမယ့် ပြဿနာတွေ အများကြီး"လို့ ဇင်လေး ပြောရင် "ကိုကို ရင်ဆိုင်မယ်"လို့ ပြောမယ်။

မကျင်းပဖြစ်သေးတဲ့ ကိုကိုနဲ့ ဇင်လေးတို့ရဲ့ စေ့စပ်ကြောင်းလမ်းပွဲဟာ ကြိုတင်ပျက်ပြယ်ခဲ့ပြီ ဇင်လေးရယ်။ ဒီအတွက် ကိုကို စိတ်မကောင်းပါဘူး။

"ကိုကို့လုပ်ရပ်တွေ ဘယ်လောက်မှားမှန်း ကိုကို မွှန်နေလို့ မသိတာ၊ အဲဒီအမွှန်တွေ ပြယ်တဲ့တစ်နေ့မှာ ကိုကို ခံစားရမယ်"လို့ ဇင်လေးက ပြောချင်ပြောမယ်။

စိတ်ချ ဇင်လေးရေ။ ကိုကိုဟာ မွှန်တုန်းခဏ ဒီလိုဆုံးဖြတ်တာဆိုရင် ကိုကို့ဆုံးဖြတ်ချက်ဟာ ဘယ်တော့မှ မမှားဘူး။ ကိုကို ဘယ်တော့မှ နောင်တမရဘူး။ ဘာဖြစ်လို့ဆိုတော့ ကိုကိုဟာ မမနဲ့ပတ်သက်ရင် တစ်သက်လုံး မွှန်သွားမှာမို့လို့ပဲ။

မမရေ ... ဆယ်မိနစ်ပြည့်ပြီ။

မမပြောတဲ့အတိုင်း ကျွန်တော် ပြန်ပါပြီ။ "အရှုံးထဲမှာ နစ်စီမ်ပြီး ကိုယ့်ဘဝကိုယ် နစ်မွန်းအောင် ဘယ်တော့မှလုပ်မယ့်သူ မဟုတ်ဘူးဆိုတာ နားလည်ရင် ဘယ်တော့မှ ထပ်မကြိုးစားပါနဲ့တော့"တဲ့။ ကျွန်တော် ခုချိန်ကစပြီး အသေအလဲ ကြိုးစားတော့မှာပါ မမ။ အရှုံးဆိုတဲ့ဟာကြီးထဲမှာ တစ်သက်လုံး နစ်စီမ်နေရလည်း ကိုယ့်ဘဝကိုယ် နစ်မွန်းတယ် မထင်ပါဘူး။ မမနဲ့သာဆိုရင် ဘယ်အရှုံး၊ ဘယ်အနစ်ထဲမှာပဲဖြစ်ဖြစ် ကျွန်တော် ပျော်မယ်။

အခု ကျွန်တော် မန္တလေးတာက ပြန်ပြီ။ အဲဒါ နောက်ဆုတ်ဖို့ ပြန်တာမဟုတ်ဘူး။ ရှေ့ကို စွမ်းအားကုန်သုံးပြီး တိုးဖို့ပြန်မှာ။ ဇင်လေးကို တောင်းပန်ငြင်းဆိုဖို့ ပြန်မှာ။ မမနဲ့ မတွေ့ခင် အချိန်ကာလထဲက ကျွန်တော့်ဘဝ အဖြစ်အပျက်လေးတွေကို ကျွန်တော့်ရဲ့ဘဝစာမျက်နှာတွေက ခဲဖျက်နဲ့ဖျက်လို့ရရင် ဖျက်မယ်။ ဖျက်လို့မရရင်တောင် အဲဒီစာမျက်နှာတွေကို ဆွဲဆုတ်ပစ်လိုက်တော့မယ်။

✤ ❋ ✤

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ရင်ဆိုင်ဖို့ကျတော့ ဝန်လေးပါ၏။ သို့ပေမဲ့ မမအတွက်မို့ သတ္တိမွေးရပါမည်။ အပြစ်ဟူ၍ လုံးဝမရှိပါသော၊ ကိုယ်ငယ်ငယ်လေးတည်းက ထိန်းကျောင်းမြတ်နိုးခဲ့ရသော ခင်လေးကို ဓားမြှောင်တစ်လက်နှင့် ထိုးစိုက်ချလိုက်ရသလောက် ရက်စက်သည့်အလုပ်ကို ကိုယ်လုပ်ရမှာ ကိုယ့်အတွက်ဆို ကိုယ်လုံးဝလုပ်ဖြစ်မည် မဟုတ်ပါ။ ဒါကြောင့် ချစ်နေတာကိုသာ မမ သိအောင်ပြောခဲ့တာ။ မမဆီက အချစ်ကို ပြန်တောင်းခဲ့တာမှ မဟုတ်ဘဲ။ မမျှော်လင့်ဘဲ မမရဲ့အချစ်ကို ရလိုက်တော့ အချစ်ထဲမှာ နစ်မွန်းနေကြရသူက ကိုယ်တစ်ဦးတည်းမဟုတ်။ မမလည်း တူတူဆိုတော့ ကိုယ့်အတွက်ထက် မမအတွက် အဲသည် နစ်မြုပ်ထုထည်ကြီးထဲက မမလက်ကိုဆွဲပြီး မမနဲ့အတူ ခုန်တက်ကြရမှာ။

မမနဲ့အတူ နှစ်ယောက်တစ်ကမ္ဘာ ဘဝလေးကို ထူထောင်ကြရမှာ။ ခင်လေးရေ ... ကိုကို စိတ်မကောင်းဖြစ်ရတာ အမှန်ပါ။

အိမ်ပေါ်သို့ တက်လိုက်ခြင်းမှာ ဆရာဝန်ကိုင်ဆေးအိတ် အိကောလက်မည်းမည်းလေးကို ကိုင်၍ထွက်လာသူက ဒေါက်တာခင်ဝင်းမွန်။ ခင်လေးတို့ ညီအစ်မဝမ်းကွဲအုပ်စုထဲမှ တစ်ယောက်မို့ နေမင်းစစ်နှင့်လည်း ခင်မင်ပါသည်။



"ဟော ... စိတ်ချင်း ဘယ်လောက် ဆက်နေကြပါလိမ့်၊ အကြောင်းတောင် မကြားရသေးဘူး ကိုနေမင်းစစ်ကြီး ရောက်လာပြီ"

"ဘာဖြစ်လို့လဲ မမွန်"

"ခင်လေးက ဖျားသလေ၊ တစ်ရာလေးတောင် ရှိလို့၊ ခုပဲ ပိုင်းပြီးရေချိုးပေးခဲ့ရတာ၊ ဒီကပြန်ရင် အသိနာ့စ်တစ်ယောက် လွှတ်ပေးမလို့"

"ဟုတ်လား ... ကျွန်တော် မသိဘူး"

"အေးလေ ... မသိဘဲနဲ့ ရောက်လာတာကို ပြောတာပေါ့၊ ဘယ်လောက်ထူးဆန်းလဲ၊ အသည်းချင်း စကားပြောတယ်ဆိုတာ ဒါမျိုးပေါ့"

"မမွန်က နောက်ပြီ"

"သွားမယ် ကိုနေမင်းစစ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဧည့်ခန်းမှာ ထိုင်စောင့်နေလို့ မဖြစ်တော့ပါ။ ခင်လေးအိပ်ခန်းရှိရာသို့ လာခဲ့၏။ ခင်လေးရဲ့အိပ်ခန်းက အပေါ်ထပ်မှာမို့ လှေကားကို တစ်ထစ်ချင်းတက်ရင်း ခင်လေးအတွက် စိတ်ပူမိတာလည်း အမှန်၊ ကိုယ်ပြောချင်သည့်စကားကို ဘယ်ကစရမှန်း မသိ ဖြစ်မိတာကလည်း အမှန်။ စိတ်များနှယ် ညစ်ပါဘိ။

ခင်လေးအခန်းက တံခါးကို ဟင်းလင်းကြီးဖွင့်ထားသည်မို့ ခေါင်းငုံ၍ ကြည့်လိုက်သည်။

"ဟော ... သား၊ လာ ... ဘယ်သူပြောသလဲ"

www.burmeseclassic.com

www.burmeseclassic.com



အန်တီဒေါ်ခင်ခင်လေးက ဆီးခေါ်၏။ နေမင်းစစ် အခန်းထဲသို့ ဝင်လိုက်သည်။

ဟိုငယ်ငယ်တုန်းက ဇင်လေးအခန်းဆိုတာ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက် လုပ်ခဲ့သည့်နေရာ။ အရွယ်လေးတွေ အသီးသီးရောက်လာကြတော့ ဇင်လေးအခန်းသည် နေမင်းစစ် ဆင်ခြင်ရှောင်ကြဉ်အပ်သည့်နေရာ ဖြစ်သွားရတော့သည်။ မရောက်တာ ကြာပြီဖြစ်သော ဇင်လေးရဲ့အခန်းသည် ဟိုတုန်းကထက်ပိုမို လှပနေ၏။ အပျိုခန်းလေ။ ကလေးခန်းမှမဟုတ်တော့ဘဲ။ နေမင်းစစ်က အဆင်သင့်ရှိနေသော ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်၏။

"ဘယ်သူ ပြောလိုက်လဲ"

ဒေါ်ခင်ခင်လေးက လှည့်မေးသည်။ ဇင်လေးက မျက်စိလေး မှိတ်ထား၏။ ဖွင့်မကြည့်ပါ။

"မပြောဘူး ... ဇင်လေး နေမကောင်းဖြစ်တာ မသိဘူး။ ဒီဘက်ရောက်လို့ ဝင်လိုက်တာ"

ကိုယ့်ကိုက အဟုတ်မဟုတ်တော့ အလိမ်အညာ စကားမှ စတင်ရတော့သည်။

"ဝင်းမွန်က ဆေးရုံတင်ရင်တောင် ကောင်းမလား ပြောသေးတယ်၊ အဖျားက ပြင်းလွန်းလို့"

"ဘယ်လောက်လဲ အန်တီ"

"စောစောက တစ်ရာလေးတောင် နည်းနည်းကျော်ချင်သေးတာ၊ တောင်ဆယ် ရှိတော့ ဖြစ်ပြီဆို အရမ်းဖျားတာ၊ တောင်ဆယ်ကြီးကလည်း ယောင်ကိုင်းနေတော့ လည်ပင်း အရမ်းနာနေတယ်၊ အရည်မျိုရင်တောင် နာတယ်တဲ့"



"ဘာစားလဲ"

"မနက်စောစောက ဒီလောက်မဖြစ်သေးတော့ ကော်ဖီ သောက်တာပေါ့၊ ဖြစ်လာပြီးတော့ ဘာမှမသောက်ချင်တော့ဘူး၊ ဆန်ပြုတ်ကျဲကျဲကြေကြေလေး ကြက်သားနဲ့ ပြုတ်ထားတယ်၊ ညိုညက်ရေ ..."

တစ်ဆက်တည်း လှမ်းခေါ်တော့ ညိုညက် ဝင်လာ၏။

"အောက်မှာ ဒေါ်စိန့်ကိုမေး ဆန်ပြုတ်ကြေပြီလားလို့၊ ကြေရင်ယူလာခဲ့တော့လို့၊ ကြေမှယူလာနော်၊ မောင်နေမင်း အတွက်လည်း ကော်ဖီလို့"

နေမင်းစစ် ဘာပြောရမှန်း မသိတော့ဘဲ ငေးလို့သာ ကြည့်နေမိတော့သည်။ ညက တစ်ညလုံး မအိပ်နိုင်လို့ ကိုယ့်အခန်းထဲမှာ ကိုယ့်ဘာသာ ကော်ဖီတစ်အိုးထကျို့ပြီး တစ်ညလုံး ထိုင်သောက်နေခဲ့၏။ ရုံးသွားကာနီး ကော်ဖီ။ မစ္စတာဂစ်တာမှာ ဇင်က ချစ်တယ်ပြောပြီး ပြန်သွားတော့မှ ဝမ်းသာအားရမော့ချလိုက်သည့် ကော်ဖီတစ်ခွက်။ ခုလည်း လာပြန်ပြီ ကော်ဖီတဲ့။ ရင်ထဲမှာ ကော်ဖီတွေ သိပ်များနေလို့လားတော့မသိ။ ရင်တုန်ပန်းတုန် ဖြစ်လေ၏။

"ဇင်လေး အိပ်ပျော်နေလား"

နေမင်းစစ်က ထလာကာ ဇင်လေးနဖူးပေါ် လက်ဖဝါးတင်ကြည့်၏။ တော်တော်ပူပါသည်။ ဇင်လေးက မျက်တောင်လေးများလှုပ်၍ အိပ်မပျော်ကြောင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေသာဘူးလား၊ ဘာလုပ်ချင်လဲ၊ ကိုကို ဘာလုပ်ပေးရမလဲ"

ဇင်လေးကို ဒီပုံစံနှင့်တွေ့တော့လည်း မနေနိုင်ပါ။ ငယ်တုန်းကလို ကျောပိုးပါ၊ ကိုကို ထမ်းလျှောက်ပါဆိုလျှင်တောင် ထမ်းလျှောက် ချော့သိပ်ပေးချင်ပါသည်။

"ရပါတယ်"

"ခဏကြာရင်တော့ အဖျားကျသွားမှာပါပဲ၊ ဆေးရှိန်မပြေသေးဘူး"

"ချွေးတွေ ထွက်လာပြီ မေမေ"

"ကောင်းလိုက်တာ သမီးရယ်၊ ဒါဆို အဖျားကျတော့မှာ"

ဒေါ်ခင်ခင်လေးက ပွေ့ပိုက်၍ ချွေးတွေသုတ်ပေးစဉ်မှာလည်း ဇင်လေးက မျက်စိမှိတ်ထားတာပဲဖြစ်၏။

"မျက်စိမဖွင့်နိုင်ဘူးလား ဇင်လေး၊ ဘာဖြစ်လို့လဲဟင်၊ ကိုကို ဘာလုပ်ပေးရမလဲ"

"ခေါင်းကိုက်လို့ပါ၊ ဘာမှလုပ်ပေးဖို့ မလိုပါဘူး"

"ခေါင်းကိုက်လည်း ခဏနေရင်တော့ သက်သာမှာပါ သမီးရယ်၊ ဆေးရှိန်တက်ပြီး ဆေးစွမ်းပြတာနဲ့ သမီးလေး သက်သာမှာ"

ဒေါ်ခင်ခင်လေးက တယုတယ ပြုစုရှာ၏။ နေမင်းစစ်မှာတော့ ပွေ့ပိုက်ပြုစုဖို့လည်းခက်၊ ဘာလုပ်ရမှန်းမသိ။ တစ်ခုခုမှ လုပ်မပေးရလျှင် ကိုယ့်ဘက်က တာဝန်မကျေမှာလည်းစိုး၊ ဒီလိုအခြေအနေမျိုးမှာ ဤဘဝဤမျှသာဆိုသည့် စကားကို ဘယ်



သို့ပြောရပါ့မလဲ။ အခွင့်ချောင်းရသည်ကတစ်မျိုး။ ပြောလို့မဖြစ်တော့ပါဘူးဟူ၍ စိတ်ညစ်ရတာကရှိသေး။ ဘာပဲဖြစ်ဖြစ် ဇင်လေး ဒီလောက် နေမကောင်းဖြစ်နေရတာကျတောလည်း သနားပြန်။ အဖျားတစ်ရှာလေးသမားကို မစိုးရိမ်ရဘဲ၊ နေမင်းစစ်သာလျှင် ဒုန်းဗုန်းလဲ၍ သေပစ်လိုက်ချင်တော့သည်။

နေမင်းစစ်က ဆောက်တည်ရာမတိုင်၊ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်သည်။ အရေးထဲမှာ မမကို သတိရလိုက်သေး၏။ မမ အိမ်ပြန်ရောက်ပြီလား မေးရအခက်၊ တွေ့လည်းမတွေ့၊ တကယ်ဆို တစ်အိမ်တည်း တူတူနေသော ညီမ ဒီလောက်ဖြစ်နေတာ၊ မမသာ အိမ်မှာရှိလျှင် ဒီအခန်းထဲ ရောက်နေရမှာ။ မမ ပြန်မရောက်သေးဘူး ထင်ပါရဲ့။ ဘယ်တွေ လျှောက်သွားနေလဲ စိတ်ပူနေရတာကတစ်မျိုး။

ညိုညက်က ဗန်းရှည်လေးတစ်ချပ်ကိုင်၍ ဝင်လာ၏။ ဆန်ပြုတ်ပန်းကန်ပါသည်။ ကော်ဖီပန်းကန် ပါသည်။

"ကော်ဖီရပါပြီ ကိုကိုနေမင်း"

ညိုညက်တို့က အပြောအဆို ယဉ်ကျေးသည်။ ဆန်ပြုတ်ပန်းကန်ကိုလည်း ခုတင်နားရှိ စားပွဲပေါ်တင်သည်။ နေမင်းစစ်က ဘာလုပ်ရမှန်းမသိတိုင်း လုပ်မိလုပ်ရာ ကော်ဖီပန်းကန်ကြီး သွားကောက်သောက်၏။

"အား ... ဖရူး ... ဆောရီး"

ကော်ဖီတွေ ပြန်ထွက်ကျလာတာ၊ ခုန်ပြီးနောက်ဆုတ်လို့သာ အဝတ်အစားတွေ ပေမကုန်တာဖြစ်၏။ ကြမ်းပြင်ပေါ် ကော်ဖီတွေ ကျကုန်၏။ ညိုညက်က ပြေးသုတ်ရှာသည်။ အာခေါင်

www.burmeseclassic.com

www.burmeseclassic.com



အလွှားလိုက် ကွာကျမလောက် ပွခြစ်သွားရသည်မို့ သက်သာလို သက်သာငြား လျှာထိပ်နှင့် ထိုးတော့မှ ပိုစပ်တော့သည်။ လျှာတစ်ချောင်းလုံး ကျက်သွားရပြီး အာခေါင်ကျတော့ အပေါ်ရေခွံ ကွာကျတော့မှာ သေချာသလောက်ပါပဲ။

"ထမလား သမီး"

ဒေါ်ခင်ခင်လေးက မနိုင်မနင်း ပွေ့ထူနေသည်မို့ ကိုယ့်အာပူလျှာပူကို ခဏမေ့ကာ ဇင်လေးကို ဝိုင်းထူပေးလိုက်သည်။ နေမင်းစစ် အယောင်ယောင် အမှားမှားနှင့် ဂဏှာမငြိမ်၊ ဆောက်တည်ရာမရ ဖြစ်နေတာကို ဒေါ်ခင်ခင်လေးက ပီတိဖြစ်ရှာ၏။ သမက်လောင်းသည် သမီး အဖျားတစ်ရှာလေးဖြစ်ရုံနှင့် သူ့ကို အရင်ဆေးရုံတင်ရမလို ပျာယာခတ်လေ၏။ ကိုယ့်သမက်က ကိုယ့်သမီးကို ဒီလောက် သည်းသည်းလှုပ်တာ ဘယ်လိုယောက္ခမျိုးက မကြိုက်ဘဲ ရှိပါ့မလဲ။

"သမီး ကိုကို တိုက်ခိုင်းမလား"

ဒေါ်ခင်ခင်လေးက ပီတိနှင့်ခိုင်း၏။ ဇင်လေးကို နေမင်းစစ်က ပွေ့ထားဆဲ။ ဒေါ်ခင်ခင်လေးက စောင်နှင့် ခေါင်းအုံးတွေကိုစုပြီး ခုတင်ခေါင်းရင်းဘောင်မှာ ခုံပေးလိုက်သည်မို့ ဇင်လေးက မတ်မတ်ကလေး မှီပြီးသား ဖြစ်သွားရ၏။

"ကိုကိုတိုက်မယ် ... ဟုတ်လား ဇင်လေး"

"သောက်လိုက်နော် သမီး၊ ဆန်ပြုတ်ဝင်သွားပြီးရင် ဆေးတစ်မျိုး ထပ်သောက်ရဦးမယ်၊ အစာစားပြီးမှ သောက်ဆိုလို့၊ ဒါသောက်ပြီးရင်တော့ သမီး ပျောက်သလောက်ဖြစ်သွားမှာ၊ ခေါင်းကိုက်လည်း သက်သာမှာ"



ဒေါ်ခင်ခင်လေးက ပြောပြောဆိုဆို ခုတင်ပေါ်မှ ဆင်းသည်မို့ နေမင်းစစ်က အစားထိုးနေရာယူလိုက်ရ၏။ ဇင်လေး ခုတင်ပေါ် ဇင်လေးနားမှာ ကပ်ထိုင်နေရပေမယ့် နေမင်းစစ် ရင်ထဲမှာ ငြိမ်သက်လွန်း၏။ ကြင်နာခြင်းတွေသာ ဖိတ်စီးလျက် နည်းနည်းကလေးမှ ရင်မခုန်စွာ အလွန်ဖြူစင်နေကြောင်း ကိုယ့်ကိုယ်ကိုယ်ကို ပို၍ သိရတော့သည်။

"ကိုကို တိုက်မယ်နော်"

ဒေါ်ခင်ခင်လေးက အခန်းထဲမှ ထွက်သွားတာတော့ မဟုတ်ပါ။ ကုလားထိုင်မှာ သွားမှီထိုင်ခြင်းသာ ဖြစ်၏။ နေမင်းစစ်က ညိုညက် ယူပေးသည့် ဆန်ပြုတ်ပန်းကန်ကို လှမ်းယူ၏။ ဆန်ပြုတ်ထဲ တပ်ထားသည့်ဇွန်းကို မ,ကာ လျှာဖျားနှင့်တို့ကြည့်၏။

"အနေတော်ပဲ၊ သောက်လို့ဖြစ်ရုံ နွေးနွေးလေး လုပ်လာတာ မပူဘူး"

ညိုညက်က ပြော၏။ နေမင်းစစ်က သေလိုက်ပါသားဟု ပြောချင်သည်။ ဆန်ပြုတ်ကျတော့ သောက်လို့ကောင်းရှိတဲ့။ သူ့အတွက် ကော်ဖီကကျတော့ မီးခဲအလုံးလိုက် မျိုရလျှင်တောင် ဒီလောက်မပူနိုင်။ ညိုညက်ထံ မျက်စောင်းတစ်ချက်လောက် ပို့လိုက်ချင်ပေမယ့် မလုပ်ဖြစ်တော့ပါ။ လောကကြီးမှာ အရာရာ ဆောက်ထားရတာတွေရှိသည်။ တချို့က သူများအတွက် ထောက်ထားရတာ၊ တချို့က ကိုယ့်အတွက် ကိုယ်ထောက်ထားရတာ။ ဇင်လေး ဒီလိုဖြစ်နေချိန်မှာ ပြောဖြစ်အောင် ပြောမည်ဟု ဆောင်း ဆောင်လာခဲ့သည့် စကားတစ်ခွန်းက ပြောလို့မဖြစ်တော့ပါ။ အဲဒါ ဇင်လေးကို ညှာတာထောက်ထားလိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီကို ဒီလောက်ပူအောင် ဖျော်လာရသလား ဟူ၍ ညီညက်ကို မျက်စောင်းတစ်ချက် ထိုးချင်ပေမယ့် မထိုးဖြစ် ရတာကျတော့ ကိုယ့်ကိုယ့်ကိုယ် ထောက်ထားတာဖြစ်၏။ ကိုယ့် ဂုဏ် ကိုယ့်အဆင့်အတန်းနှင့်မို့ ကိုယ့်လက်အောက်ငယ်သားနှင့် ပြိုင်မဖြစ်လိုခြင်း၊ ကိုယ့်အပြုအမူက အောက်တန်းကျသွားမှာ စိုးရိမ်ရခြင်းတို့ကြောင့် ဆင်ခြင်ရတာ ဖြစ်ပါသည်။

"ဇင်လေး ... ဟာ ..."

ဇင်လေး မျက်နှာတစ်ချက် မဲ့သွားသည်။ နေ့မှိတ် ထားသော မျက်တောင်တွေကြားမှ မျက်ရည်စီးကြောင်းနှစ်ခု ဝေါခနဲ ပေါက်ကျလေ၏။

"ဟောဗျာ ... ငိုစရာလား ဇင်လေးရယ်၊ ဖျားလို့ငိုတယ် ဆိုတာ ကလေးပေါက်စတွေပါ"

ဒေါ်ခင်ခင်လေးက ရယ်လိုက်၏။

"သူ့ကိုကို့ကို သက်သက်ချွဲတာ နေမှာပေါ့၊ တိုက် တိုက် မောင်နေမင်းရေ၊ ဒီဆန်ပြုတ်ကုန်မှ ဆေးတစ်လုံး ထပ်သောက်ရင် ပိုသက်သာမှာ"

နေမင်းစစ်က မျက်ရည်စတွေ သုတ်ပေး၏။ မျက် ရည်လေးများက ပူနေ၏။ မမကို ဖျတ်ခနဲ သတိရလိုက်မိပြီ သည်။ မမကို ချစ်သည့်နေရာမှာ မမ နေထိုင်ခဲ့ဖူးသည့် လန်ဒန် မြို့ကိုတောင် စိတ်ဝင်စားသည်။ အစွဲအလမ်းက အဲသည်လောက် ဖြန့်ကျက်၏။ ဟိုတစ်နေ့က MRTV သတင်းမှာ နိုင်ငံတကာ သတင်းတွင် လန်ဒန်မြို့ ရေတွေခဲခြင်း၊ ကိုးနှစ် ဆယ်နှစ်အတွင်း



မှာ အထူးခြားဆုံးနှင့် အများပြားဆုံး စံချိန်တင် ဆီးနှင်းများကျ ခြင်း စသည့်အကြောင်းတွေပါ၏။ အဲသည်တုန်းက နေမင်းစစ် ခေါင်းထဲမှာ အတွေးစတစ်ခု ဝင်ခဲ့သည်။ ရေတွေတော့ခဲပြီ။ ပန်း ကန်ပြားထဲ ရေထည့်၍ အိမ်၏အပြင်ဘက် ပြတင်းဘောင်ပေါ် မှာ ပန်းကန်တင်လိုက်လျှင်တောင် ရေခဲသတဲ့။

ပါးပြင်ပေါ် မျက်ရည်တစ်စက်ကျခိုက်၊ ပြတင်း ပေါက်ဖွင့်၍ မျက်နှာကို အပြင်ထုတ်လိုက်လျှင် အဲသည်မျက်ရည် စက် ခဲမလား သိလိုက်ချင်၏။

အဲသည်လို အရူးတွေးလည်း တွေးခဲ့ဖူးပါသည်။ ဇင်လေးနှင့် အနီးကပ်ဆုံး ရှိနေချိန်မှာတောင် မမနှင့်တကွ၊ မမ နှင့်ပတ်သက်သည့် အကြောင်းအရာတွေကို သတိရနေသည်။

"ဇင်လေး ... မငိုနဲ့လေ၊ ဘာလို့ ငိုတာလဲ"

"ခေါင်းကိုက်လို့ပါ"

ဇင်လေး ပါးပြင်ပေါ်သို့ မျက်ရည်စီးကြောင်း အလျင် အပြတ်ကျ၏။ နေမင်းစစ် ခွံ့ရန်အတွက် နှုတ်ခမ်းကို ဟမပေးပါ။ အဲသည်အချိန်မှာ ဇင်လေးအတွက် သူနာပြုဆရာမ ရောက်လာခဲ့ တော့သည်။

"ဒေါက်တာခင်ဝင်းမွန် လွှတ်လိုက်တာပါ"

ဒေါ်စိန်နှင့်အတူ ဝင်လာ၏။

"လာပါ ... လာပါ ဆရာမ"

ဆရာမက ရောက်တာနှင့် အလုပ်ခွင်ထဲ ကန်းဝင် သည်။ နေမင်းစစ် လက်ထဲမှ ဆန်ပြုတ်ပန်းကန်ကိုယူ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ တိုက်မယ်၊ သောက်လိုက်ရအောင်နော်၊ အစာဝင်ပြီးမှ တိုက်ရမယ့်ဆေးကိုလည်း မှာလိုက်ပါတယ်၊ အစာမြန်မြန်ဝင်ပြီး ဆေးမြန်မြန် သောက်ရမှ မြန်မြန်ပျောက်မှာ"

နေမင်းစစ်က ခုတင်ပေါ်မှ ဆင်းပေးလိုက်၏။ ဆရာမက ဝင်ထိုင်သည်။

နေမင်းစစ် အရာရာကို ထောက်ထားလျက် ဆင်ခြင်ခဲ့ရပါ၏။

❖ ❋ ❖

ဇင်လေးတို့အိမ်သို့ ဖုန်းခဏခဏဆက်သည်။ လာကိုင်သူက ညိုညက်ချည်းမို့ ဘာမှမပြောတော့ဘဲ ဖုန်းကိုချချပ်ရသည်။

"ညိုညက်လား ... ငါ ကိုကိုနေမင်းပါ၊ မမကိုခေါ်ပေး"ဟု မပြောရဲပါ။ ကိုယ့်အပြစ်နှင့်ကိုယ် မလုံလဲစွာ ခံစားရ၏။ ညိုညက်ကတော့ ဖုန်းတွေကလည်း ခေါ်ခေါ်ပြီး ပြောလည်းမပြောဘူး။ ညည်းညူနေမှာ သေချာသည်။ ဖုန်းခေါ်ကြိမ်ပေါင်း များ... ပြီမို့ ယောင်ယမ်းကာ ဇင်လေးကို သတင်းမေးဖို့ကျတော့မေ့၏။ အဲသည်ညကတော့ အိပ်လို့မပျော်တစ်ချက် ပျော်တစ်ချက်ပါ... ပထမညက အိပ်ပျက်ထားသည်မို့သာ ဒီလောက် အိပ်ပျော်တာ။ ပထမညကသာ အိပ်ပျက်မထားလျှင် ခုညကမှ တကယ့်ကို အိပ်လို့မပျော်သောည ဖြစ်ရမှာ။



နောက်တစ်နေ့မနက်မှာ ခေါင်းသိပ်မကြည်ချင်။ သို့ပေမဲ့ ကုမ္ပဏီသို့သွားရမည်။ မနေ့က စောစောစီးစီး ပြန်ချသွားတာ ...

"ဇင်လေး ဖျားလိုက်တာ တစ်ရာ့လေးတောင်ကျော်လို့ ဒေါက်တာခင်ဝင်းမွန် လာကြည့်ရတယ်လေ၊ မျက်စိတောင် မဖွင့်နိုင်ဘူး၊ ကလေးကျနေတာပဲ ငိုလို့"

ဟု ပြောလိုက်ရုံနှင့် ဖေဖေက ခွင့်လွှတ်ပြီးသား အကြောင်းပြ နိုင်လုံပြီးသား ဖြစ်သွားရတော့၏။ ကုမ္ပဏီပြေးလျှင် ရုံးပြေး ကျောင်းပြေးတွေနှင့် မတူပါ။ ဒီနေ့ ဆက်ပြေးလျှင် ဆဖေက ချစ်လှစွာသော ချွေးမလောင်းလေး ဖျားနေလို့ဟူ၍ ဆက်လက်ခွင့်ပြုမှာ မဟုတ်တော့ပါ။ "ရုံးဆင်းမှသွား"ဟု ပြောမှာ။

"ဖေဖေတို့များ ပိုက်ဆံပေါတိုင်း ဘရန့်ချ် Branch တွေလျှောက်ခွဲထားတော့တာပဲ"

ပိုက်ဆံပေါတာ လူတိုင်းကြိုက်ပေမယ့် နေမင်းစစ်သည်း ကြိုက်ပေမယ့် ဒီနေ့တော့ ငါတို့မှာ အရင်းအနှီး ဒီလောက်ရှိလျှင် ဘယ်လောက်ကောင်းမလဲဟုတောင် မိုက်မိုက်မဲမဲ အတွေးဝင်ပါသည်။ အရင်းအနှီးများတော့ အလုပ်ပိုများသည်။ အလုပ်ရှုပ် ခေါင်းရှုပ်သည့်ကြားက "ဒီအချိန် မမ ဘယ်ရောက်နေမလဲ၊ ဘာလုပ်နေမလဲ"ဆိုတာကို တွေးနိုင်၏။ ဇင်လေး သက်သာ... သားဆိုသည့် အတွေးတစ်စလည်း ပါဝင်ပါသည်။ ဒီနေ့မှ ညည်သည်တွေကလည်း ရှုပ်,ရှုပ်လွန်း၊ အလုပ်တွေကလည်း များ,များလွန်း၊ မနက်စာတောင် နှစ်နာရီခွဲမှ စားဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



မနက်ရုံးရောက်ကတည်းက ဖေဖေနှင့်အတူတူ လုပ်ကြရ၊ ညှိသည်လက်ခံ တွေ့ဆုံရမို့ နေမင်းစစ် တစ်ယောက်တည်း အားနေတာမျိုး အချိန်တစ်စက်ကလေးမျှ မရခဲ့ပါ။ စိတ်ထဲမှာ စားလို့လည်းမဖြောင့်၊ အလုပ်လုပ်လို့လည်းမဖြောင့် ရှိလှသည်။

"သား ... ဒီနေ့ ဘာဖြစ်နေလဲ"

"မဖြစ်ပါဘူး ဖေဖေ၊ ဘာဖြစ်လို့လဲ"

"စိတ်တိုနေသလားလို့၊ ညှိသည်နဲ့ စကားပြောတာလည်း နည်းနည်းဆတ်နေတယ်"

"မဟုတ်ပါဘူး ဖေဖေ၊ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သတိတောင် မထားမိပါဘူး"

"ပြောတတ်ပါဘူးကွာ၊ ဇင်လေး နေမကောင်းတာနဲ့ မျှားဗျာများနေသလားလို့၊ သက်သာသွားပြီမှလား၊ သိပ်သွားချင်နေလား"

အထင်တော် လွဲလေခြင်း ဖေဖေဟု ပြောချင်၏။

"မဟုတ်ပါဘူး ဖေဖေရဲ့၊ သူ သက်သာသလား မသက်သာဘူးလားတောင် မသိပါဘူး၊ သက်သာမှာပါ ရောဂါကြီးမှ မဟုတ်တာ၊ အအေးမိပြီး ရေတောင်ဆယ်ယောင်တော့ အဖျားပြင်းတာပေါ့၊ အဖျားပြင်းတာကလွဲရင် စိတ်ပူစရာ မရှိပါဘူး၊ သွားဖို့လည်း စိတ်ကူးမရှိပါဘူး၊ ကျွန်တော် သွားရင် လူနာကို အနှောင့်အယှက်ပေးရာ ရောက်ဦးမယ် မသွားပါဘူး"

"အေး ... မဖြစ်ရင်တော့ ပြီးရော၊ ဖြစ်တယ်ဆိုရင် ဒီလောက် မမွန်နဲ့လို့ ပြောမလို့"



"ဟာ ... ဖေဖေကလည်း"

"တကယ် ပြောတာ၊ ဇင်လေးကို ဖေဖေ ချစ်ပါတယ်၊ ဒါပေမဲ့ ယောကျ်ားဆိုတာ ယောကျ်ားစိတ် ထားရတယ်၊ တစ်ခုခုဆိုရင် ဘယ်အတိုင်းအတာအထိ ခံစားမလဲ၊ ခံယူမလဲဆိုတာ အတိုင်းအဆရှိတယ်၊ ဘာကိုမှ မမွန်ရဘူး ...

"အရက်သမားဆိုပါတော့၊ သိပ်မမွန်တဲ့သူတွေက ရိုးရိုးသောက် အေးဆေးသောက် မသောက်လည်းရ၊ သောက်လည်းရ၊ သောက်လည်း ဣန္ဒြေရရ၊ အရက်မွန်မွန်ပြီဆိုရင် လူက အရက်ပြီးအရက်၊ အရက်ပထမ၊ အရက် ဒုတိယ၊ အရက် တတိယ ဖြစ်လာရော ...

"ကိုယ့်မိန်းမတို့ ကိုယ့်သားသမီး ငယ်ငယ်ရွယ်ရွယ်တို့ကို အရက်လွှတ်ဝယ်ခိုင်းလိုခိုင်း၊ မထော်မနန်းတွေဖြစ်ကုန်ရော၊ ဦးနှောက်မှာ အသိဉာဏ်မရှိတော့ဘူး၊ အရက်တစ်ခုတည်း မွန်နေတော့တာ၊ လောင်းကစားလည်း တူတူပဲ ...

"တချို့က အပျင်းပြေ ကစားတယ်၊ တချို့က စွဲစွဲမြဲမြဲ ကစားတယ်၊ စွဲစွဲမြဲမြဲ ကစားကတည်းက မကောင်းတော့ဘူး၊ အဲဒါထက်ပိုရင် မွန်တဲ့အဆင့်ရောက်ပြီး ကလေးလည်ပင်းက ခမဲပေးထားတဲ့ ရွှေဆွဲလေးတောင် ဖြုတ်ရောင်းရတဲ့ဆင့် ရောက်တာတို့ ...

"ကြွေးလည်ပင်းခိုက်တဲ့ထိ နစ်တာတို့၊ တခြားမကြည့်နဲ့ အရင်က ဖေဖေတို့ကားကိုမောင်းတဲ့ ဦးတိုးပဲကြည့်၊ သူက လက်ဖက်ရည်မွန်တာ၊ လက်ဖက်ရည်

www.burmeseclassic.com

www.burmeseclassic.com



မသောက်ရရင် ‌မနေနိုင်ဘူးတဲ့၊ သားရေ ... လောကမှာ ဘယ်ဟာမှ မရမဖြစ်၊ မရှိမဖြစ်ဆိုတာ မရှိဘူး ...

"မရှိရင် ဖြစ်တာချည်းပဲ၊ မရရင် ဖြစ်တာချည်းပဲ၊ ရှိသင့် ရသင့်တယ်ထင်ရင်သာ မရှိ့ရှိအောင် မရရအောင် ကြိုးစားရမှာ၊ ဦးတိုးအကြောင်း ပြောရဦးမယ်၊ လက်ဖက်ရည်သောက်စရာမရှိတော့ ဘာလုပ်တယ်မှတ်လဲ ...

"မိန်းမကို ရိုက်နှက်ပြီး ခြင်ထောင်သွားပေါင်နိုင်းတယ်၊ ခြင်ထောင်ပေါင်ပြီး လက်ဖက်ရည်သောက်တယ်၊ ညကျတော့ ကလေးတွေ တစ်ပြုံကြီး ခြင်တွေကိုက်လို့ တစ်ညလုံး မအိပ်ရဘူး၊ ဘာပဲဖြစ်ဖြစ် အစွန်းမရောက်ရဘူး၊ အစွန်းရောက်ခြင်းကို ခပ်လွယ်လွယ်စကားနဲ့ ပြောလိုက်တော့ မွန်နေထာပေါ့ကွာ၊ တချို့ကောင်တွေ ပျက်စီးနေတဲ့မိန်းမ သွားကြိုက်မိပြီး မရမက ခိုးပြေး ...

"ဟိုက နဂိုကတည်းက ပျက်စီးနေတော့ ကိုယ့်လက်ထဲက နောက်ထပ်တစ်ယောက်နောက် လိုက်နဲ့ကွာ၊ မကောင်းပါဘူး၊ ဖေဖေက ကြုံလို့ပြောတာပါ၊ သားကို မိုက်မဲနေတယ်လို့ ဆိုလိုတာ မဟုတ်ဘူးနော်"

"ဟုတ်ကဲ့ ... ကျွန်တော် နားလည်ပါတယ် ဖေဖေ"

ဖေဖေ ဘာကိုရည်ရွယ်ပြီး ပြောပါလိမ့်ဟု မတွေးဖြစ်ပါ။ ဖေဖေနှင့် ထမင်းလက်ဆုံစားဖြစ်တိုင်း ဖေဖေက ဆုံးမစကားပြောလေ့ရှိတာ ငယ်ငယ်ကတည်းက အလေ့အကျင့်ပါ။ မေမေက အိမ်ရှင်မမို့ ထမင်းဝိုင်းမှာ မြန်မြန်စားပြီး မြန်မြန်သိမ်းချင်သည်။ ဖေဖေက ထမင်းစားတာနှင့် စကားတွေ အများကြီးပြောတော့



သည်။ ပြောလိုက် စားလိုက်နှင့် ကြာ၏။ မေမေက အစောကြီးပြီးပြီး ထသွားခဲ့သည်ချည်း။ ခုနောက်ပိုင်းမှာ မနက်စာဆိုလျှင် ဖေဖေနှင့် အတူ မစားဖြစ်တာများ၏။ ညစာတောင် နပ်မမှန်ပါ။ စားဖြစ်လျှင်တော့ ဖေဖေ တစ်ခုခုပြောမြဲပါ။ ဖေဖေ အခုပြောသည့်စကားက ယခုလက်ရှိနှင့် တိုက်ဆိုင်သလို ဖြစ်နေ၏။ ခါတိုင်း ဖေဖေ ဆုံးမစကားပြောလျှင် နေမင်းစစ် အမြဲလက်ခံသည်။

"ဖေဖေ့လောက် အကြားအမြင် ဗဟုသုတ ကြွယ်ဝတဲ့လူက ရှားလိုက်တာ၊ ဖေဖေက သိပ်ပြောဆို ဆုံးမတတ်တာပဲ"ဟု အမြဲအားကျ အတုခိုးကာ နားဝင်ခဲ့သည်ချည်း။ ခုတစ်ကြိမ်မှာတော့ နေမင်းစစ် နားမဝင်ချင်ပြီ။

"မမအတွက်ဆိုရင် ကျွန်တော် တစ်ဖက်စွန်းပဲရောက်ချင်တယ်"ဟု ရင်ထဲမှ ကျိတ်ပြောလိုက်တော့သည်။

မမနှင့် ထပ်မံပြောဆို၊ ဆွေးနွေး၊ ညှိနှိုင်းစရာတွေ အများကြီးရှိသည်။ အဲသည်အတွက် ဇင်လေးနှင့် အရင်ဆုံပြီး ပြတ်မှဖြစ်မည်။ ဇင်လေး စိတ်ဆင်းရဲရှာမည်မှန်း သိပေမယ့် သနားပေမယ့် ဇင်လေး ခွင့်လွှတ်ပါဆိုတာကိုတော့ ဦးစွာ တောင်းခံချင်သည်။ ဇင်လေးကို အသိမပေးဘဲ ဖွတ်လုပ်သည်ထိတော့ ဇင်လေးကို မရက်စက်ချင်ပါ။ ဇင်လေးနှင့် မောင်နှမတွေလို ပြန်ဖြစ်ပြီးတာနှင့် ...

"မမရေ ... ကျွန်တော် လွတ်လပ်ပြီ"ဆိုတာ ကြွေးကြော်ရပါဦးမည်။ ပြီးတော့ ... မမ အချစ်ကိုရအောင်တောင်းမည်။ မမက "ချစ်မိသွားခဲ့တယ်"ဟု ပြောပြီးပြီပဲ။ ကိုယ်တို့ချစ်ပါလျက် အကြောင်းကြောင်းကြောင့် ငြင်းဆန်နေရတာဆိုမှ

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အကြောင်းကြောင်းတွေ မရှိတော့သည့်အခါမှာ ကိုယ်တို့ ပျော်ကြဖို့ပဲ မဟုတ်လား။

မမ ဖွဲ့တင်းပြီး ဖွတ်ငြင်းနေမှာ သေချာပါသည်။

ပထမအနေနှင့် မမ အထင်သေးသည့် ဒူးထောက်အညှဉ့်ခံသောနည်းကို သုံးပါမည်။ မမထပ်ပါးမှာ ဒူးထောက်လျက် ကျရှုံးခြင်းများစွာဖြင့် တောင်းခံပါမည်။ မမငြင်းဆန်လျှင် ဒုတိယနည်းကို သုံးပါမည်။ မမအထင်ကြီးသော ယောကျ်ားသတ္တိကိုသုံးပါမည်။ မမဟာ လန်ဒန်မှာ နှစ်ပေါင်းဘယ်လောက်ကြာအောင်နေခဲ့၊ နေခဲ့ မမဟာ မြန်မာမိန်းမသားပဲ။ မြန်မာနိုင်ငံသားဖြစ်နေဆဲပဲ မဟုတ်လား။ မြန်မာပြည်မှာ မြန်မာမကလေးကို မြန်မာကောင်လေးက ကားတင်ခိုးယူပြေးလို့ မြန်မာဥပဒေနှင့် ငြိစွန်းခဲ့လျှင်တောင် မြန်မာမကလေး မမက ...

"ကျွန်မ ချစ်ခဲ့မိပါတယ် ..."ဆိုပြီး ...

ဩော် ... မမရယ်၊ ပျော်လိုက်တာ။

✤ ✱ ✤

အိမ်ပြန်ရောက်ကတည်းက တယ်လီဖုန်းနား ခဏခဏ ရောက်နေသော သားကို မေမေကတော့ သတိထားမိပါသည်။ ဖေဖေကတော့ အိပ်ခန်းထဲမှာပဲ လှဲလျောင်းစာဖတ်တတ်သည့်မို့ ဧည့်ခန်းဖုန်းကို သုံးနေသည့် သားကို သတိမထားမိပါ။

ဖြစ်နိုင်လျှင် ဂျီအက်စ်အမ်ဖုန်းကို သိပ်မသုံးချင်ပါ။ နေမင်းစစ်တို့အိမ်က ခြံကျယ်ကြီးဆိုပေမယ့် သရက်ပင်၊ မရန်းပင်၊



သစ်တိုပင်၊ ပန့်ပင်၊ ဝိတောက်ပင် စသည် စသည် ရာမသစ်ပင်ကြီးတွေ အုံ့ဆိုင်းလွှမ်း၏။ ပြီးတော့ နေမင်းစစ် အခန်းက အောက်ခန်းမှာဖြစ်ရသည့်အထဲ အဲသည်အပင်ကြီးတွေက နေမင်းစစ်အခန်းနားမှာ ပိုများစွာ ပေါက်ရောက်လျက်ရှိ၏။ နွေရာသီမှာတော့ လေအေးပေးစက် မလိုဘဲ၊ အေးစိမ့်နေတတ်သည့် အခန်းပါ။ အသံလှိုင်းဖြတ်ရာတွင် အနှောင့်အယှက်တွေများပြီး ချောင်ကျနိမ့်လွန်းနေလို့လားမသိ။ တစ်ခါတစ်ခါ ဖုန်းအဆက်အသွယ်မရ။ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်ရသည်မို့ အဲသည်ဖုန်းနှင့် ပြောချင်လျှင် အိမ်ပြင်ထွက် အိမ်ရှေ့တံခါးမကြီးနား ကားဝင်လမ်းနားမှာပြောမှ ကြည်လင်ပြတ်သား၏။

"သား ... ဆက်လို့ မရဘူးလား"

"ဟုတ်ကဲ့ မေမေ၊ လိုင်း မအားဘူး"

အမှန်က ညိုညက် လာကိုင်လိုက်၊ ဒေါ်စိန် လာကိုင်လိုက်မို့ မမကို ခေါ်ပေးပါဟု မပြောချင်၍ ဘာမျှမပြောဘဲ ဖုန်းချပစ်လိုက်တာချည်းဖြစ်၏။ မမ လာကိုင်တာနှင့် တိုက်ဆိုင်စွာတိုးမှ ပြောမည်ဟု ဆုံးဖြတ်ကာ ခဏခဏ ကောက်ဆက်နေခြင်းဖြစ်၏။

"ဇင်လေးလား"

"ဒီနေ့ကို ဘယ်လိုဖြစ်နေတယ်မသိပါဘူး မေမေ၊ ဇင်လေး ဆီဆက်လည်း မအား၊ သူ့ငယ်ချင်းဆီ ဆက်လည်းမအား၊ ရှေ့နေဆီ ဆက်လည်းမအား၊ တယ်လီဖုန်းအသုံး တော်တော်များနေကြတယ် ထင်ပါရဲ့"

"မေမေ ခေါ်ပေးရမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... နေပါစေ၊ အဲဒါမျိုး သားအဖေ မေမေ့ခင်ပွန်းကြီးကိုပဲ လုပ်ပေးပါ"

ဒေါ်မြမြစိမ်းက တခစ်ခစ်ရယ်လေ၏။ ဦးစိုးပိုင်က တယ်လီဖုန်းဆက်ချင်လျှင် စိမ်းရေ ဖုန်းလှည့်စမ်းပါ။ ဘယ်သူ့ဆီ ဘယ်ဝါဆီ စသည် စသည် မိုင်းတတ်၏။ ဒေါ်မြမြစိမ်းက စိတ်လိုလျှင် လှည့်ပေးလိုက်၏။ စိတ်မလိုလျှင် ရန်လုပ်၏။

"ကုမ္ပဏီမှာတင် အတွင်းရေးမှူးထားသလားမှတ်တယ်၊ အိမ်မှာလည်း အတွင်းရေးမှူးနဲ့၊ ဒါ အိမ်ရှင်မပါနော်၊ အတွင်းရေးမှူးမလေး ထင်မနေနဲ့"ဟု ပြန်ပြောတတ်လို့ပါ။

နေမင်းစစ် ဖုန်းလှည့်ပြန်၏။ ညိုညက်ပဲ လာကိုင်သည်။ ဒီတစ်ခါတော့ ပြောလိုက်တော့မည်။

"ညိုညက်လား ... ငါ ..."

"ဟုတ်ကဲ့ ကိုကိုနေမင်း"

"ဇင်လေး ဘယ့်နှယ်နေလဲ၊ သက်သာလား"

"ပြောမလား၊ ခေါ်ပေးရမလား"

"နေပစေ မခေါ်ပေးနဲ့၊ အခန်းထဲမှာမှလား"

"ဟုတ်ကဲ့"

"ဘာလုပ်နေလဲ"

"အိပ်ရာထဲမှာပဲ လှဲနေတယ်"

"သက်သာလား"

"ဒီညနေ တော်တော်သက်သာသွားပါတယ်၊ မနက်က အထိ သိပ်မသက်သာသေးဘူးတဲ့"

"ဘာစားလဲ"



"ငါး‌ရံ့ဆန်ပြုတ်"

"များများသောက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ... လိမ္မော်သီးလည်း စားတယ်၊ အရည်စုပ်ပြီး အဖတ်ထွေးပစ်တယ်"

"ငါ မေးတယ်လို့ပြော"

"ဟုတ်ကဲ့"

"အိပ်ရာထဲက ထလာရရင် ပင်ပန်းမှာစိုးလို့ နင့်ကိုပဲ မေးတယ်လို့ပြော၊ ကြားလား"

"ဟုတ်ကဲ့"

"ငါ မေးတာတွေ နင် အကုန်လုံးပြန်ပြောတတ်ရဲ့လား"

"ပြောတတ်ပါတယ်"

"ဇင်လေးနားမှာ အန်တီရော ရှိလား"

"ဟုတ်ကဲ့ ရှိပါတယ်"

"မမရော ရှိလား"

"မမထက် မရှိဘူးရှင့်"

"ဘယ်သွားလို့လဲ"

"မနက်ကတည်းက ဘဘဦးတိုးလွင်ရဲ့သမီးနှစ်ယောက်နဲ့ ထွက်သွားတာ"

"ဟာ ... ခုထိ ပြန်မလာသေးဘူးလား၊ မိုးတောင်ချုပ်နေပြီ"

"ဒီည ဟိုမှာအိပ်မယ်လို့ ပြောသွားပါတယ်"

"ဘယ်တော့ ပြန်လာမလဲ"

"မသိဘူးရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... ဇင်လေးကို ဂရုစိုက်လိုက်နော်၊ နှင် ဇင်လေးကို ဂရုစိုက်ရင် နှင့်ကို ငါ မုန့်ဖိုးပေးမယ်၊ ဒီလို ပြောတာလည်း ဇင်လေးကို ပြန်ပြောပြ"

"ဟုတ်ကဲ့"

"ဒါပဲ"

ဟူး ...။ သက်ပြင်းမောကျလေသတည်း။

✤ ✱ ✤



## ၁၁

မမနှင့် မတွေ့ရတာ မနေ့က တစ်နေ့လုံးလုံး။ တစ်နေ့ကဖြစ်ရပ် မစွတာဂစ်တာလေးထဲမှ အခန်းကဏ္ဍလေးက တော့ နေမင်းစစ်ဘဝမှာ တကာယ့်ကို အမှတ်တရလေးပါပဲ။ မမ နှင့် မတွေ့ရတာလည်း ခပ်ကောင်းကောင်းပါ။ "ချစ်သွားမိခဲ့ တယ်"လို့ပြောသွားသော မမသည် အနည်းနှင့်အများတော့ ရက် ရှာပါမည်။ တစ်နေ့တာ အရှက်ပြေ လွတ်လပ်ခွင့်ပေးပြီးလျှင် ဒီနေ့တော့ မမ မျက်နှာတော်ကို ကွယ်ရာက ချောင်းလို့ပဲဖြစ်ဖြစ် ဖူးတွေ့ရပါမည်။

ဇင်လေးကတော့ မနေ့ညနေကတည်းက သက်သာ နေပြီဆိုတော့ ဒီကနေ့ ပြောစရာရှိတာလေးတွေကို ဇင်လေး နားခံသာသော စကားလုံးလှလှလေးများရွေး၍ ပြောရပါဦးမည်။

" နှင်မို့ဆိုလည်း ကိုကို ဒီလိုမပြောပါဘူး ဇင်လေးရယ်၊ မမကိုယ်တိုင်က ကိုကို့ကို ချစ်သွားမိတယ် ဆိုလို့ပါ၊ ဒါဝေမဲ့ ဒီကိစ္စထဲမှာ မမ ပါတယ်ဆိုတာတော့ မမက လူသိခံချင်မှာ မဟုတ်ဘူး ...

www.burmeseclassic.com



"တကယ်တမ်းမှာ မမ ခွင့်ပြုမပြုလဲည်း သိပ်မသေချာပါဘူး၊ မမက ချစ်ပေမယ့် လိုက်လျောချင်မှ လိုက်လျောမှာ၊ ကိုကိုက ခိုးသင့် ခိုးပြေးရမှာ ဇင်လေးရဲ့"

ဟု ပြောရပါမည်။ မမက "ချစ်တယ်"ဆိုတာလည်း ထည့်မပြောလို့မဖြစ်။ ဒါမှ ခိုင်လုံမှာ။ မမကို သိပ်ပြီးတော့ အလေးအနက်ထား ပြောလို့လည်းမဖြစ်။ မမမှာ အပြစ်ပေါ့စေချင်သည်။

"ဖေဖေရေ ... ဒီနေ့တော့ ကျွန်တော် ရုံးစောစောဆင်းပြီး ဇင်လေးဆီ သွားမယ်ဆိုရင် မွန်ရာမရောက်ဘူးမှလား ဖေဖေ"

ဦးစိုးပိုင်က ရယ်၏။ *

"မနေ့က တစ်ရက်ကြီးများတောင် မသွားဘဲ နေတာပဲ၊ ဒီနေ့တော့ သွားသင့်တာပေါ့၊ ငါ့သား တစ်ဖက်စွန်းမဟုတ်သေးပါဘူး ... သွား ... သွား"

"သိပ်စောစော မသွားပါဘူး ဖေဖေရဲ့၊ အစောဆုံး သုံးနာရီ သုံးနာရီခွဲပါ၊ စင်ကာပူကဝင်လာမယ့် ဖုန်းကို ကျွန်တော်စောင့်မှာပါ"

"အေးပါ ... အေးပါ"

ကားက အဖေတစ်စီး၊ သားတစ်စီးပါ။ ဦးစိုးပိုင်ကားမှာ ယဉ်မောင်းရှိသည်။ နေမင်းစစ်ကားမှာ ယာဉ်မောင်းမထား။ ကိုယ့်ဘာသာပဲ မောင်း၏။ သုံးနာရီခွဲလောက်မှ ဇင်လေးတို့အိမ်သွားမည်။ ဒါမှ မမနှင့်ပါတွေ့ဖို့ သေချာမည်။ မမကရန်ကုန်နှင့် ဝေးတာကြာပြီမို့ ရန်ကုန်သည် မမနှင့် စိမ်းသက်လှ



၏။ မမက ရန်ကုန်ရောက်ပြီးနောက် ချောင်းသာသွားသည်။ ပုဂံညောင်ဦး–ပုပ္ပား တစ်ခေါက်သွားသည်။ ရှမ်းပြည်နယ်ဘက်သို့လည်း တစ်ခေါက်သွားလိုက်သေးသည်။

"မြန်မာပြည်မှာ အသည်းအသန်သွားချင်တဲ့ နေရာကုန်ပြီ၊ ရန်ကုန်မှာပဲ အပ်ချစရာမကျန် ခြေလှမ်းစိပ်ပေးလိုက်တော့မယ်"

ဟု ပြောတာ မိုးလင်းတာနှင့် ထွက်တာများ၏။ ညီကိုမောင်နှမတွေကလည်း ပေါသည်မို့ ဟိုဝမ်းကွဲနှင့် ထွက်လိုက်၊ ဒီဝမ်းကွဲနှင့် သွားလိုက်၊ တစ်ပြုံကြီး သွားလိုက်၊ တစ်ဦးတည်း သတ္တိပြောင်စွာ ထွက်လိုက်နှင့် နေ့ရှိသရွေ့ အိမ်မကပ်သလောက်ဖြစ်၏။ မမ အိမ်ပြန်ရောက်ချိန်သည် သုံးနာရီခွဲနောက်ပိုင်းမှာဖြစ်၏။ မမ အဲသည်လောက် လည်ပတ်နေတာ ဘွား ဘာကြောင့်မတားမှန်း၊ လိုက်လျောခွင့်ပြုနေမှန်း မသိပါ။ ရန်ကုန် မြေးတွေသာ အဲဒီလို လည်ပတ်လျှင် ဘွား လုံးဝခွင့်ပြုမှာ မဟုတ်ပါ။ ဘွားက မိန်းကလေးလည်တာပတ်တာ သိပ်မကြိုက်ချေ။ မမကိုကျတော့ ရန်ကုန်နှင့် ရင်းနှီးစေချင်သောစိတ်ဖြင့် တမင်ခွင့်ပြုထားတာလည်း ဖြစ်နိုင်ပါသည်။

ဇင်လေးတို့အိမ်သို့ သုံးနာရီခွဲသွား။ ဇင်လေးအရိပ်ခြည်ကြည့်ပြီးပြော။ ဇင်လေးက (သနားတော့ သနားပါသည်)ငိုချင်ငိုမည်။ မငိုချင်ယောင်ဆောင်မှာတော့ သေချာသည်။ သူ့ခွင့်လွှတ်မှာလည်း သေချာ၏။ ပြီးလျှင် ... ဇင်လေး ကိုယ်တိုင် ကူညီ ချင်ကူညီဦးမှာ။ ဇင်လေးဟာ အဲသည်လောက်ထိ သဘောကောင်းလေး ဖြစ်ပါ၏။ မမကတော့ ရှက်ပြီး ရှောင်နေမှာများ၏။

www.burmeseclassic.com



မသိမသာ ချောင်းရုံ၊ မတော်တဆ ကြုံလျှင်တောင် နှုတ်ဆက်ရုံ လောက်နှင့်သာ တင်းတိမ်ထား။ လှေကားဆိုတာ တစ်ထစ်ပြီးမှ တစ်ထစ် တက်ရတာ မဟုတ်လား။

နေမင်းစစ် ... ဇင်လေး အိမ်ရောက်တော့ လေးနာရီတောင် ထိုးပြီးနေပြီ။ သုံးနာရီမခွဲခင် ထွက်ဖို့ပေမယ့် ထွက်ကာနီးမှာ နယ်ဖုန်းနှစ်ခု ဆက်တိုက်ဝင်သည်။ နေမင်းစစ် ဒီအတွက် စိတ်အနှောင့်အယှက် မဖြစ်လှပါ။ နောက်ကျလေ မမ ပြန်ရောက်နေဖို့ သေချာလေ။ မမနှင့်တွေ့ဖို့ နီးစပ်လေ။ ဇင်လေးကိုတော်မန်ဆွေးနွေးဖို့ အချိန်ယူချင်လို့သာ စောရောက်ရမှာ။

တံခါးလာဖွင့်ပေးသူက ထုံးစံအတိုင်း ညိုညက်။ ခါတိုင်းလည်း ညိုညက်ပဲ ဖွင့်ပေးနေကြ။ ဘွားတို့ အန်တီတို့တွေ ညှော်ခန်းမှာ တကူးတက ဆင်းထိုင်မနေလျှင် အောက်ထပ်မှာ အိမ်သားထဲက တွေ့ရသည်ဟူ၍ မရှိပါ။

"ဇင်လေး အပေါ်မှာလား"

နေမင်းစစ်က မေးလိုက်၏။

"ဟုတ်ကဲ့"

"အောက်မဆင်းနိုင်သေးဘူးလား"

"မဆင်းသေးဘူး"

"ဟော ... ပြီးရော"

အပေါ်ထပ်သို့ တက်ခဲ့၏။ ဇင်လေးနားမှာ တစ်ယောက်ယောက် ရှိမနေပါစေနှင့်ဟု ဆုတောင်း၏။ မမတောင် ရှိမနေစေချင်ပါ။ အလကားနေရင်း မျက်နှာကြီးတွေ ပူနေရဦးမည်။ နေမင်းစစ် ဆုတောင်းပြည့်၏။ ဇင်လေး အခန်းတံခါးဖွင့်ထား



ည်။ နေမင်းစစ်က ခေါင်းကလေးကဲ၍ကြည့်လိုက်၏။ ဇင်လေး ဒရင်းမ်ဘက်ဒ်မှာ ပြေပြေလျှော့လျှော့ ဆင်းထိုင်နေသည်။ င်လေး တစ်ယောက်တည်းပါပဲ။

"ကိုကို ဝင်ခဲ့ရမလား ဇင်လေး"

ဇင်လေး မော့ကြည့်သည်။ ဇင်လေးမျက်နှာက တောင်းသေးပါ။ ဇင်လေးသည် ဖျားရက်တစ်ရက်၊ မနေ့က စ်ရက်၊ ဒီနေ့တစ်ရက် သုံးရက်အတွင်းမှာ ယူပစ်လိုက်သလား င်ရအောင် ချုံးကျသွားရှာ၏။ ညဘက်အိပ်မပျော်ဘူးလားမသိ။ တ်တွင်းလေးဟောက်ကာ မျက်ကွင်းလေးတွေတောင် ညိုနေ ည်။

"တစ်ယောက်တည်းလား ဇင်လေး"

နေမင်းစစ် ထပ်မေး၏။ ဇင်လေးတစ်ယောက်တည်း လျှင် နေမင်းစစ်က အခန်းထဲမှာ နှစ်ယောက်တည်းရှိနေသည့် တွက် လိပ်ပြာသန့်ချင်၏။ ဇင်လေးတစ်ယောက်တည်း ရှိပါစေ ဆုတောင်းထားတာ ဆုတောင်းပြည့်ပေမယ့် ဇင်လေး ခွင့်ပြုလို့ ခန်းထဲသို့ ဝင်တာဖြစ်ချင်၏။ နေမင်းစစ် ဆိုတာ လူကောင်း ယောက်လေ။

"ဟုတ်ကဲ့ ... ကိုကိုလာလေ"

ဇင်လေးအသံက ဖျော့တော့တိုးတိမ်၏။

"နေမကောင်းသေးဘူးလား"

"အဖျားတော့ ကျပါပြီ"

"အားမရှိသေးဘူးထင်တယ်၊ ပိန်သွားတယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဇင်လေး နေသာရဲ့လား၊ ကိုကိုက ဇင်လေးကို ပြောစရာ ရှိလို့၊ ဇင်လေး တစ်ယောက်တည်း ရှိပါစေလို့ ဆုတောင်းလာတာ"

စကားဆိုတာ မစမချင်း အစခက်နေမှာမို့ ရောက် ရောက်ချင်း ဆောက်နဲ့ထွင်းရာ ရောက်လျှင်လည်း ရောက်စေတော့ အခန်းထဲသို့ဝင်ကာ ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်၏။ ဇင်လေး မှိုလဲ့နေသော ဒရင်းမ်ဘက်ဒ်နှင့်လည်းနီး၏။ ဇင်လေးက နေမင်းစ ကို မော့ကြည့်သည်။ "မျက်ဝန်းဆိုတာ လူတစ်ယောက်ရဲ့ ရင် ထဲကို ထွင်းဖောက်ကြည့်မြင်နိုင်တဲ့ ပြတင်းပေါက်တွေပဲ"ဟု ဇင်လေး ကြားဖူးပါသည်။ ဇင်လေးက နေမင်းစစ် မျက်ဝန်းတွေ မှတစ်ဆင့် ရင်ထဲသို့ ဝင်ကြည့်၏။

ဇင်လေးဟာ ကိုကို့ကို သိပ်ချစ်ခဲ့ရတာပါ။ ကိုကို သည်သာ ဇင်လေးရဲ့ဘဝ။ ဇင်လေးရဲ့ ရှင်သန်ရာ။ ကိုကိုမပါ သော ဘဝခရီးကို ဇင်လေး လျှောက်လှမ်းတတ်မှာ မဟုတ်ပါ။ ဇင်လေးဟာ ကိုကို့အရိပ်ဆိုလည်း မမှားပါ။ ကိုကို တိမ်းလျှင် တိမ်းခြင်း၊ ယိမ်းလျှင် ယိမ်းခြင်း၊ အရိပ်တစ်ခုနှယ် ထက်ကြပ် ပါခဲ့ရသူဖြစ်၏။ ပြီးတော့ ဇင်လေးကိုယ် ဇင်လေး ကိုကို့ကို စောင့်နတ်ကလေးဟုလည်း တင်စားချင်၏။ ကိုကိုဖြူလျှင် ဇင်လေး သိသည်။ ကိုကိုမည်းလျှင် ဇင်လေးသိသည်။ ကိုကို့အကြောင်း ကိုကိုကိုယ်တိုင်ထက် ဇင်လေးကတောင် ပိုသိနေပါသေးသည်ဟု ဆိုဝံ့၏။

ဇင်လေး နာကျင်ရပါသည်။



ဇင်လေးသည် ကိုကို့မျက်ဝန်းများမှတစ်ဆင့် ကိုကို့ ရင်တွင်းခံစားချက်တချို့ကို ရှာဖွေတွေ့ရှိသွားခဲ့ရသည်။ လောကမှာ ဇင်လေး မဖြစ်စေချင်ဆုံး အရာများ ရှင်သန်ဖြစ်ထွန်းခဲ့ပြီဆိုတာ ကိုကို ဖွင့်ပြောဖို့မလိုဘဲ ဇင်လေး ရိပ်မိသည်။ အကြောင်းအရာ အချက်အလက်များကို လုံးစေ့ပတ်စေ့ မဟုတ်ငြား၊ ခြုံငုံ၍နား လည်လိုက်သည်။ ဇင်လေး ရင်ဆိုင်ရတော့မည့် နာကြည်းကြေကွဲ ဖွယ်ဇာတ်လမ်းကို ဇင်လေး ကြိုတင်လက်ခံမိပါ၏။

ကိုကိုရယ် ... ဘာပြောမယ် ဆိုတာ ကြိုသိနေသလို ပဲ။

ရင်ထဲမှာ အသံတိတ်ညည်းရင်း ကိုကို့မျက်နှာကိုသာ ထပ်တလဲလဲ အလွတ်ကျက်ရတော့သည်။ ရင်ထဲမှာ အသည်းကြေ နေတာ ကိုကို မသိပါစေနှင့်တော့။

"ကိုကို ပြောစရာရှိတယ်ဆို"

"အင်း ... ပြောစရာရှိတယ်"

ပြောကို ပြောရမည့်စကားဆိုတာ မြန်မြန်ပြောချမှ ခရီးရောက်၏။ အထွက်နှေးလေ ကြာလေ ပြောရခက်လေမှန်း သိ၏။ ချက်ချင်းပြောဖို့ ကြံပါလျက် ပြောမထွက်ရက် ဖြစ်ရပြန် သည်။ နေထိုင်မကောင်း ဖြစ်နေသူကလေးကို နှိပ်စက်ရာရောက် တော့မည်။

"ပြောလေ ကိုကို"

ဇင်လေး ရင်ညွန့်ကိုဖိ၍ နားစွင့်၏။ မကြားနိုင်ပါ ဘူး၊ မကြားပါရစေနဲ့။ ပြောလေ ဆိုပေမယ့် မပြောပါနဲ့ ကိုကို။

www.burmeseclassic.com

www.burmeseclassic.com

မပြောလိုက်ပါနဲ့ဟု ရင်ထဲမှာပဲ အကျယ်ကြီး အော်ဟစ်တားဆီးပစ်လိုက်၏။ အသံထွက်မလာစေဖို့ ကြိုးစားရသည့်အတွက် နှလုံးသားနေရာဆီမှ ထိုးအောင့်နာကျင်ရပါသည်။

"အင်း ... ဟိုလေ ... ကိုကို ... အဲ ... မမ ..."

"နေဦး ... နေဦး ကိုကို ..."

ဇင်လေးက လန့်ဖျပ်တားဆီးလိုက်မိ၏။

"ဘာလဲ ... ဘာဖြစ်လဲ ဇင်လေး၊ ရင်ဘတ်အောင့်တာလား၊ မောလား"

ဇင်လေးက ရင်ကလေးဖိ၍ မဲ့တဲ့တဲ့လေး ဖြစ်နေရသည်မို့ ဒီလိုဆိုတော့လည်း နေမင်းစစ်က ကြင်နာရပြန်၏။

"ဟင့်အင်း ... မဖြစ်ပါဘူး၊ ဇင်လေးက ကိုကို့ကို ဗိုလ်ကျမလို့ပါ"

ကိုကို့စကားကို အတင်းဖြတ်ပစ်လိုက်သည့်အတွက် စိတ်မကောင်းပါ။ ဇင်လေး နားထောင်နိုင်စွမ်း မရှိလို့ပါ။ ဇင်လေးကိုယ့်ကိုယ်ကိုယ်လည်း မုန်းတီးရပါတယ် ကိုကိုရယ်။ ဇင်လေးဟာ ကိုကိုနဲ့ မမတို့နှစ်ယောက်ကြားမှာ ခလုတ်တစ်ခု၊ ဆူးတစ်ခက်လို ကျရောက် နှောင့်ယှက်နေမိပြီဆိုရင် ဇင်လေး ကိုယ့်ဘာသာ ဖယ်ရှားပစ်ချင်မိပါရဲ့ ကိုကိုရယ်။ ဆူးခက်ဆိုတာ ဖယ်ရှားအပ်တဲ့အရာပါ။ ဒါပေမဲ့ ဇင်လေး မလုပ်ပါရစေနဲ့။ ကိုကို့ကို ချစ်လို့ပါ။ ကိုကို့ကို ဇင်လေး အသက်နဲ့ထပ်တူ မြတ်နိုးလို့ပါ။ ဇင်လေးနဲ့ ကိုကိုတို့ လျှောက်ကြမယ့် လမ်းပေါ်ကနေ ဇင်လေးက စတင်ပြီး ဖယ်ခွာမသွားနိုင်ပါဘူး။



သေမင်းခွဲမှ ကွဲကြတော့မယ်လို့ ဇင်လေး ယုံကြည်ထားမိတဲ့ သံယောဇဉ်ကြိုးလေးကို ဇင်လေးဘက်ကစပြီး မဖြတ်တောက်နိုင်ပါလား ကိုကိုရယ်။ ကိုကိုက ရက်စက်စွာ ပြတ်တောက်စွာ၊ စိမ်းကားစွာ ချန်ရစ်ခဲ့မယ်ဆိုရင် ဇင်လေး ကျန်ရစ်ခဲ့ရမှာပါ။ ကိုကို အစိမ်းချိုးရင်တော့ ကျိုးရတော့မယ့် သစ်ကိုင်းလေးပါ ကိုကိုရယ်။

"ဟိုလေ ... ဇင်လေးက ကိုကို့ကို ဗိုလ်ကျမလို့ပါ၊ ငယ်ငယ်တုန်းကလိုလေ၊ ကိုကို တစ်ခုခုပြောမယ်ဆိုရင် ကိုကိုမပြောရဘူး၊ ဇင်လေး အရင်ပြောမယ်လို့"

"ပြောစမ်းပါ ... ပြောပါ၊ ဇင်လေးပြောတာ ကိုကို နားထောင်ပြီးရင် ကိုကိုပြောတာကိုလည်း ဇင်လေးက နားထောင်ပေးပါ၊ တော်ကြာ အန်တီခင်လေး တက်လာရင် မပြောဖြစ်မှာစိုးလို့"

"မေမေ တက်မလာပါဘူး ကိုကို့ရဲ့၊ မေမေမှ မရှိတာ"

"ဘွားရော"

"ဘွားလည်း မရှိဘူး"

"မမရော"

"အဲဒါ ပြောမလို့ပေါ့၊ ဇင်လေး အရင်ပြောပါ့မယ်ဆိုတာ ကိုကိုက မေးနေလို့"

နေမင်းစစ် ရင်ထဲ ထိတ်ခနဲပူ၏။

"မမထက် ပြန်သွားပြီ"

"ဘာ"

နားကြားများ လွဲလေသလား။

www.burmeseclassic.com

www.burmeseclassic.com



"မမထက်ကို ဒီအိမ်က ဘွားတို့ ဖေဖေတို့ မေမေတို့ အပါအဝင် တခြားဆွေမျိုးတွေပါ လေယာဉ်ပျံကွင်းကို လိုက်ပို့နေကြတယ်၊ အဲဒါ ကိုကို့ကို ပြောမယ်ဆိုတာလေ၊ မမထက် ပြန်သွားပြီ ကိုကို"

"ဘယ်တုန်းကလည်း လိုက်ပို့နေတယ်ဆိုတော့ ခုပေါ့ ... ဟုတ်လား"

"ပြန်တောင်ရောက်ကြတော့မယ် ထင်တယ်၊ လေယာဉ်က သုံးနာရီခွဲထွက်မှာ၊ အိမ်က တစ်နာရီကတည်းက ထွက်သွားကြတာ၊ လေဆိပ်ကို တစ်နာရီခွဲရောက်ပြီး ဘာညာဘာညာ အချိန် နှစ်နာရီယူရမှာပေါ့၊ ထွက်ချိန်ကတော့ တိကျပါတယ်၊ မမထက် ပြန်တာ ဘာရစ်တစ်ရှ်အဲဝေး British Airway "

"ထွက်မှာ သုံးနာရီခွဲ ဟုတ်လား"

နေမင်းစစ်က နာရီကို ကြည့်လိုက်၏။

"ဟုတ်တယ်"

"သေချာလား"

"သေချာတယ်"

သွားပြီဟု ဆုံးရှုံးလိုက်ရတော့သည်။

"ဇင်လေး ... British Airway က ရန်ကုန်လေဆိပ်ဝင်လို့လား"

"ရန်ကုန် ဗန်ကောက်က တီဂျီ TG နဲ့"

"ဘာဖြစ်လို့ ချက်ချင်းပြန်တာလဲ"



"ဟိုတစ်နေ့ည ဇင်လေးဖျားတဲ့နေ့က အန်တီကြော့ ဖုန်းဆက်တယ်၊ မမထက်ကပြောတော့ ပြန်လာတော့လို့ ပြန်ခေါ်တယ်တဲ့"

"သေချာလား"

"ကိုကိုကလည်း သေချာလားချည်း မေးနေတယ်"

ဇင်လေး ဖျားသည့်နေ့ဆိုတာ "မမ ချစ်သွားမိခဲ့တယ်"လို့ ပြောသည့်နေ့။ နေမင်းစစ် အပြေးရောက်လာသည့်အခါမှာ မမကိုလည်းမတွေ့၊ ဇင်လေးက ဖျားနေလို့ မပြောရ။ ဒီကြားထဲမှာ တစ်ရက်ပဲ ခြားသည်။ မနေ့က တစ်ရက်ပဲ ခြား၏။ နိုင်ငံခြားကြီးများထိအောင် လေယာဉ်လက်မှတ်က တစ်ရက်ထည်းနဲ့ အဆင်ပြေသတဲ့လား။ မဖြစ်နိုင်ဘူး ထင်သည်။

"နိုင်ငံခြားခရီးက ဒီလောက်လွယ်သလား"

"ဘာကိုပြောတာလဲ၊ လွယ်တာပေါ့၊ မမထက်က လေယာဉ် အသွားအပြန်လက်မှတ် ယူလာတယ်၊ အလုပ်က ခွင့်ယူလာတဲ့စာ ယူလာတယ်ဆိုတော့ Passport က လက်ထဲမှာ အချိန်မရွေး ပြန်လို့ရတာပေါ့"

"လက်မှတ်တွေ ဒိတ် Date ကြိုယူရတာ"

"ဇင်လေး ဖျားတဲ့နေ့က မမထက် တစ်ယောက်တည်း လျှောက်လည်တာလေ၊ ညမိုးတော်တော်ချုပ်မှ အန်တီမြင့်မြင့်ခင်တို့အိမ်က လာပို့ရတယ်၊ အဲဒီနေ့ နေ့ခင်းပဲ လေယာဉ်ရုံးကိုသွားပြီး ဒိတ်ညှိတော့ ကံကောင်းလိုက်တာတဲ့၊ ဒီနေ့ထွက်မယ့် လူတစ်ယောက် ဘာဖြစ်လို့မှန်း မသိဘူး cancel တဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



“လက်မှတ်တစ်စောင်တည်းပဲ၊ အဲဒါနဲ့ မမထက်က ယူလာလိုက်တယ်၊ ဒါတောင် အန်တီကြော့က ဖုန်းဆက်သေးတာ မဟုတ်ဘူး၊ အန်တီကြော့က ညကျမှ ဆက်တာ၊ ဆယ့်နှစ်နာရီတောင် နီးနေပြီ ...

“ဟိုမှာတော့ ညနေခြောက်နာရီတဲ့၊ မမထက်က တောင် ပြောနေသေးတယ်၊ မေမေက ပြန်လာစေချင်တာ စိတ်က အလိုလိုသိလို့လား မသိဘူးတဲ့၊ လေယာဉ် Date တစ်ခါတည်း ယူလာမိတာ မှန်သွားတယ်၊ တိုက်တိုက်ဆိုင်ဆိုင် ရတောင့်ရခဲ ရလိုက်တာပဲ၊ အံ့သြလို့တဲ့”

“ကိုကို့ကို ဘာလို့မပြောတာလဲ”

“တစ်နေ့က ညမိုးအရမ်းချုပ်မှ သိကြတာလေ၊ ကိုကိုက လည်း မနေ့က လာမှမလာတဲ့၊ မနေ့ကလာရင် သိမှာပေါ့”

“ကိုကို ဖုန်းဆက်သေးတယ်၊ ညိုညက် မပြောဘူးလား”

“ပြောပါတယ်၊ ဇင်လေးသာ နေကောင်းလို့ ဖုန်းပြောဖြစ်ရင် မနေ့ကတည်းက ကိုကို သိမှာပေါ့”

“ပြောရောပေါ့ ဇင်လေးရာ”

“ကိုကိုနဲ့ ဇင်လေးက လက်ထပ်ပြီးသား ဆိုရင်တော့ ကိုကို့ကိုပြောပြီး ဒီနေ့ လိုက်ပို့တဲ့အုပ်စုထဲမှာပါအောင် ဘွားက မဖြစ်ဖြစ်အောင် စီစဉ်မှာပေါ့ ကိုကိုရဲ့၊ လက်မထပ်ရသေးတော့လည်း ဆွေမျိုးစာရင်းဝင် မဟုတ်သေးတော့ အရေးမကြီးဘူးဆိုပြီး ...



“ဘွားက သတိရပါသေးတယ်၊ နောက်မှ အရေးမကြီးပါဘူးလေ၊ ပြောမနေတော့ပါဘူးတဲ့၊ လိုက်ပို့ဖို့မှလည်း မလိုတာတဲ့”

“ဪ”

နေမင်းစစ် နာရီကို ဒုတိယအကြိမ် ကြည့်မိစဉ်မှာပဲ အိမ်အောက်ထပ်မှ ကားသံများ ကြားရသည်။ လိုက်ပို့သည့်သူတွေတောင် ပြန်လာကြပြီပဲ။

“ကဲ ... ပြောတော့လေ၊ ကိုကို ပြောစရာရှိတယ်ဆို ဘာပြောမလို့လဲ”

“မပြောတော့ဘူး”

“ဟင် ... ဘာဖြစ်လို့လဲ”

“ကိုကိုပြောမယ့်စကားက ဘာမှအရေးမပါဘူး၊ ဇင်လေးကို စ,မလို့ ခုမှ တွေးမိသွားတာ ဖျားနာနေတုန်း မစ,တာ ကောင်းတယ်၊ မစ,တော့ဘူး”

“ကိုကို စ,သည်ဖြစ်စေ၊ အတည်ပြောသည်ဖြစ်စေ ကိုကိုက တစ်ခုခုပြောရင် ဇင်လေးက ခေါင်းညိတ်မှာပါ၊ ငြိမ်းချမ်းစွာ မျှဝေခံစားပေးမှာ၊ နားလည်ပေးမှာပါ ကိုကိုရယ်”

“ဇင်လေး”

မျက်နှာပိန်ပိန်လေးကို အရမ်းသနားသွားရတော့သည်။ ဇင်လေးစကားတွေက သွယ်ဝိုက်နေသလား၊ လိပ်ပြာမလုံသည့် သူကပဲ မလုံသည့်အိုးမို့ တုတ်မိုးရုံနှင့် အလေသလား။ ဇင်လေး စကားတွေက ဆန်းပြားသလောက် သနားစရာကောင်းလှပါတော့သည်။

www.burmeseclassic.com



မမ၏ ဆုံးဖြတ်ချက်ကိုလည်း နားလည်လိုက်ရသည်။

မမဟာ အဲဒီနေ့ကတည်းက မစွတာဂစ်တာမှ အပြန် လေယာဉ်ရုံးကို တန်းသွားခဲ့တာဖြစ်မည်။ မနေ့က အစောကြီးကတည်းက ဘဘဦးတိုးလွင် အိမ်က လာခေါ်သွားသည်။ ညမိုးချုပ်မှ ပြန်လာမည်ဆိုတာတွေဟာ မမ တမင်ပဲ ရှောင်တာဖြစ်ရမည်။ ဒီဆွေမျိုးအိမ်မှာ တောက်လျှောက်နေလာတာမို့ ပြန်ကာနီး ဟိုဆွေမျိုးအိမ်မှာ တစ်နေကုန် သွားနေတာကလည်း သဘာဝကျသည်။ ပစ္စည်းပစ္စယ ဆိုတာကလည်း ဘာမျှသိမ်းဆည်းနေစရာရှိတာ မဟုတ်ပါ။ မမ ခရီးသွားပုံက မမ၏ ဟန်ပန်အတိုင်း အလွန်လွတ်လပ်သည်။ မမမှာ ပခုံးတွင် လွယ်ထားသော စလင်းဘက်၊ လက်ကဆွဲလာသော ဘီးတပ်ကိုင်းတပ် အဝတ်အိတ်က သေးသည်ဟု မပြောနိုင်ရုံ အလတ်စားကလေး။

လာတုန်းကတည်းက ရန်ကုန်ဆွေမျိုးတွေအတွက် လက်ဆောင်ကို မမက စာတိုက်မှကြိုပို့ပြီးသား။ ကိုယ်နှင့်အတူ တစ်ခုမျှ သယ်မလာပါ။ လွတ်လပ်ပေါ့ပါးစွာ ခရီးထွက်တတ်တာ မမ အကျင့်ဆိုပဲ။ ဟိုတလောကတည်းက မမက လန်ဒန်မှအမျိုးနှင့် မိတ်ဆွေတွေအတွက် လက်ဆောင်တွေ၊ စာအုပ်တွေကို စာတိုက်မှ ပို့လိုက်ပြီးပြီ။

"ပြန်ရင် ဘာတစ်ခုမှ မသယ်ဘူး"ဟု ပြော၏။ ဒီတော့ ပြန်ချင်လျှင် လက်ဆွဲအိတ်ကလေး ကောက်တွန်းပြီး ပြန်ရုံ။ ဘာမျှ ထုပ်ပိုးသိမ်းဆည်းနေစရာမရှိ။ ဪ … မမ စိတ်သွားတိုင်း ကိုယ်ပါလိုက်တာ။

"ဘယ်တော့ ပြန်လာဦးမတဲ့လဲ"



"တော်တော်နဲ့ မလာသေးဘူးတဲ့"

မမ သစ်စိမ်းကိုင်းလို ချိုးသွားရက်ခဲ့တာပဲ။ ဆုံးဖြတ်ချက်တစ်ခုကို အမှန်ကန်ဆုံး ချမှတ်သွားနိုင်ခဲ့တာပဲ။ ချီးကျူးပါတယ် ဒေါ်မမထက်မြတ် ခင်ဗျား။

"ကိုကို"

"ပြောလေ ဇင်လေး"

"ကိုကို့ဘက်က အကြောင်းတစ်စုံတစ်ရာ မရှိရင် ဘွားက စေ့စပ်ပွဲ အမြန်လုပ်ပြီး တစ်လလောက်ခြားပြီး မင်္ဂလာဆောင်ပေးတော့မယ်တဲ့၊ အဲဒါ ဇင်လေး ဘာပြောရမလဲ ကိုကို"

"ကောင်းတာပေါ့ ဇင်လေးရယ်၊ ကိုကို ပျော်တာပေါ့"

ဇင်လေးရဲ့ လက်ဖျားလေးများကို လှမ်းဆုပ်ပေးလိုက်၏။

"အေးစက်နေတာပဲ"

နေမင်းစစ်က ခြေဖျားလေးကိုလည်း လှမ်းကိုင်၏။

"အို … ကိုကို ကန်တော့ …"

"ခြေထောက်တွေလည်း အေးနေတယ်၊ ချမ်းလို့လား"

"စောစောကတော့ မချမ်းဘူး၊ အခု ချမ်းလာသလိုပဲ"

နေမင်းစစ်က ခုတင်ပေါ်ရှိ စောင်ပါးတစ်ထည်ကို သွားယူ၍ ဇင်လေးကို ခြုံပေးနေစဉ်မှာ ဘွားနှင့် မေမေတို့ ဇင်လေး အခန်းထဲသို့ ဝင်လာ၏။ မြေးသမက်က ကိုယ့်မြေးကလေးကို ဂရုတစိုက်ရှိတာ မြင်ရတော့လည်း ဘွားက သူ့ဆုံးဖြတ်ချက်မှန်ကြောင်း ကျိတ်သဘောကျလိုက်ရ၏။ အချစ်ဆုံးမြေးမနှင့် နေချင်

www.burmeseclassic.com

www.burmeseclassic.com



သေးပေမယ့် လူဆိုတာ လုပ်ချင်တာထက် လုပ်သင့်တာကို ဦးစားပေးရမှာ မဟုတ်လား။

ဒီလို တွေးဆနိုင်ခဲ့လို့ တွေးဆတတ်လွန်းလို့လည်း ဒေါ်အိမ်စည်မျိုးဆက်မှာ သူများလက်ညှိုးထိုး ကဲ့ရဲ့စရာမရှိခဲ့တာလေ။

"ဇင်လေး ချမ်းလို့လား"

ဘွားက ပြုံး၍မေး၏။

"မောင်နေမင်း ... ဒီမှာ ထမင်းစားသွားနော်"

ဒေါ်ခင်ခင်လေးက ဝင်ပြော၏။

"ဘယ်တုန်းက ငြင်းဖူးလို့လဲ အန်တီ"

ပြဿနာဆိုတာက ရှင်းသေမယ့် ရှုပ်ချင်ရှုပ်နေတတ်တာ။ မရှင်းဘဲနဲ့လည်း သူ့ဘာသာ ပြေချင်ပြေလည်သွားတတ်တာမျိုး မဟုတ်လား။ လောကကြီးမှာ ဘယ်အရာမျှ ပုံသေနည်းမရှိပါတကား။

✤ ✵ ✤



## ၁၂

မမြဲခြင်းသည်သာလျှင် မြဲ၏တဲ့ ...။

ဘယ်အရာမျှ တည်မြဲနေသည်ဟူ၍မရှိ။ ထာဝရ ပြုပြင်ပြောင်းလဲနေတတ်သည့် သဘာဝတရားကြီးမှာ နေမင်းစစ်၏ဘဝသည်လည်း ပြောင်းလဲခဲ့ရပါပြီ။ နေမင်းစစ်သည် မမကို "လိုအပ်စွာ"မေ့ထားလိုက်ရပါပြီ။ "လိုအပ်စွာ"ဟု သုံးနှုန်းသည်မှာ မေ့လိုက်ဖို့ လိုအပ်သည်မို့ မေ့ထားရခြင်းကို ဆိုလိုပါသည်။ လိုအပ်စွာမေ့ထားရသည်မို့ တကယ်မေ့နိုင်ပါ့မလား။

ဇင်လေး၏ခင်ပွန်းဘဝမှာ ဇင့်လေးအပေါ် ကိုယ်၊ နှုတ်၊ စိတ် အားလုံးဖြင့် သစ္စာရှိချင်လှပါသည်။ သို့ပေမဲ့ စိတ်ဟူသည် ချုပ်နှောင်တဲရန် ခက်ခဲ၏။ ကိုယ်နှင့် နှုတ်ကိုတောင် ထိန်းသိမ်းရ ခက်ခဲလှပါပြီ။ တစ်ဖက်သားမြင်မှာ ကြားမှာ စိုးစွာ ထိန်းသိမ်းကြ၏။ စိတ်ဟူသည့်အရာကား ဘယ်အရပ်မှ ဘယ်သူ့ဆီသို့ရောက်ကာ ဘာပဲ(စိတ်ဖြင့်)ပြောဆို ပြုမူနေစေဦး၊ ဘယ်သူ သိတာလိုက်လို့။ ဘယ်သူ မြင်တာလိုက်လို့။ ဘယ်သူကြားတာလိုက်လို့။ အဲဒါကြောင့်မို့လည်း စိတ်ကို လူမသိသူမသိ စိတ်တိုင်းကျ လွှတ်ထားဖြစ်ကြသည်ချည်း။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းစစ် ကိုယ့်စိတ်ကိုယ် ထိန်းပါသည်။ ဇင်လေးက တော်လေးဝစာရင်းထဲ သွင်းရတော့မလောက် လိမ္မာရေးခြားရှိလှ၏။ အသက်ကလေးငယ်ပေမယ့် အပြစ်ကင်းလှ၏။ လိုလေသေးမရှိ ကောင်းရှာသော ဇနီးသူတော်ကောင်းလေးဖြစ်၏။ ဇင်လေး၏ ခင်ပွန်းဘဝမှာ လိုလေသေးမရှိလုနီးပါး အဘက်ဘက်က ပြည့်စုံရပါ၏။ ဇင်လေးမှာ အပြစ်ဆို၍ အပ်ဖျားနှင့်ထောက်ရှာ လျှင်တောင် မတွေ့နိုင်လောက်အောင် ကင်း၏။ ဇင်လေးကိုပိုင်ဆိုင်ရသည့် ခင်ပွန်းသည် အလွန်ဂုဏ်ယူစရာ ကောင်းပါ၏။ ဇင်လေးနှင့် တည်ဆောက်ရသည့် နှစ်ယောက်တစ်ကမ္ဘာဘဝလေးသည် အလွန်သာယာချမ်းမြေ့လှပါ၏။

မင်္ဂလာဆောင်သည့်နေ့က အပျော်လွန်နေသည့် ကလေးလေးလို၊ ဇင်လေး ပျော်နေရှာတာကိုကြည့်ပြီး ဇင်လေးနှင့်လက်ထပ်ဖြစ်သွားရတာကို လက်ထပ်ရကျိုးနပ်ပြီဟု ကြည်နူးပေးလိုက်မိပါသည်။ ဇင်လေးကို မမနှင့် ချစ်ကြပါပြီဟူ၍ ဖွင့်ပြောကာနီးဆဲဆဲကလေးမှာ ဇင်လေးက နေပါဦး၊ ကိုကို့ကို ဗိုလ်ကျပြီး ဇင်လေးက ပြောခွင့်အရင်ယူပါရစေဆိုတုန်းက ဇင်လေးကို အလိုလိုက်စွာ မပြောဘဲ နေပေးလိုက်ခြင်းက နေမင်းစစ် ဆိုသော ယောက်ျားတစ်ယောက်ကို နှောင်တန်းထဲမှ ကယ်တင်လိုက်ခြင်းတည်း။ ဖွင့်သာပြောဖြစ်သွားခဲ့သော် ပြန်သည့်သူကလည်း ပြန်ပြောစကားကြီးသာ အဖတ်တင်ကျန်၏။ ဘာအကျိုးမျှ မရှိလိုက်ရဘဲ တစ်သက်တာ နှောင်တန်းကြီးထဲမှာ နစ်လိုက်ရမည့်ဖြစ်ခြင်း။ အဲသည်တုန်းက ဗိုလ်ကျနိုင်ယူကာ စကားပြောခွင့် အရင်ယူသွားသော ဇင်လေးကို ယခုတိုင် တွေးမိတိုင်း ကျေးဇူးတင်ရပါသည်။



အဲသည်တုန်းက ဇင်လေးက စကားပြောခွင့်ကို အရင်ယူခဲ့ခြင်းမှာ ငယ်ဘဝတုန်းကလို ကလေးစိတ်နှင့် ဗိုလ်ကျခြင်းသက်သက်မှ ဟုတ်ရဲ့လား။ ဇင်လေး တစ်ခုခုကို ကြိုသိပြီးတော့များ မဖြစ်သင့်တာ မဖြစ်ရတော့အောင်၊ မကြားသင့်သည့်စကား မကြားဖြစ်တော့ရအောင်များ ကြိုတင်ကာကွယ်လိုက်လေသလားဆိုတာ ယနေ့တိုင် နေမင်းစစ် မသေချာပါ။ သံသယဝင်ဆဲဖြစ်၏။ ဇင်လေးခမျာ နေမင်းစစ်ကိုဆိုလျှင် "ကိုယ်စောင့်နတ်မ,လေး"ဟု တင်စားရအောင် ကိုယ်ရော၊ စိတ်ပါ အရိပ်ပမာ ထက်ကြပ်ပါလွန်း၏။ ဇင်လေး ကြိုသိနေစိတ်ဖြင့် ကြိုတင်ပိတ်ပင်လိုက်ခြင်းသာဟု ထင်သောစိတ်က ရာခိုင်နှုန်းပိုခဲ့ပါသည်။

သို့ပေမဲ့ ...

ဒီကိစ္စကို ဇင်လေးနှင့် နေမင်းစစ်တို့ တစ်ကြိမ်တစ်ခါမျှ မဆွေးနွေးခဲ့ကြဘူးပါ။ နေမင်းစစ် ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးပါသည်။ မုန်းတီးပါသည်။ စက်ဆုပ်ပါသည်။ ကိုယ်ဖြစ်နေ ခံစားနေသော စိတ်တို့ကို ကိုယ့်ဘာသာ ဒေါသဖြစ်ပါသည်။ ယောက်ျားတစ်ယောက်ဟာ လက်ထပ်ဇနီးကို မြတ်နိုးစွာ ချစ်နေပါလျက် သူစိမ်းမိန်းမတစ်ယောက်ထံ စိတ်ရောက်၍ လွှိုက်ဆူစွာ တမ်းတနေမိခြင်းဟာ ဘယ်လောက်များ သစ္စာဖောက်ရာ ရောက်လိုက်ပါသလဲ။ ကာယကံ၊ ဝစီကံတို့ဖြင့် ဇင်လေးမှတစ်ပါး မည်သည့်တခြားမိန်းမသားအပေါ်မှာမျှ မဖောက်ပြားဘူးသော နေမင်းစစ်၏စိတ်တို့သည် မမရှိရာ လန်ဒန်မြို့သို့ ပြေးလွှားလျက် အကြိမ်ကြိမ် သစ္စာဖောက်နေသည့်အဖြစ်ကို ဒေါသတို့ဖြင့် မခံမရပ်နိုင်ဖြစ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်ရပ်ကို မခံနိုင်လွန်းသည့်အခါမှာ မုန်းတီးဒေါသတို့ တရှောင်းရှောင်း ထွက်ရတော့သည်။ ဒေါသထွက်မုန်းတီးရာ၌ ကိုယ့်ကိုယ်ကိုယ် ပြန်မုန်း ပြန်စိတ်ဆိုးဖို့ ခက်ခဲတိုင်း၊ ထိုဒေါသနှင့် အမုန်းအငြိုးတို့ကို တစ်ဖက်သားအပေါ်သို့သာ ပုံချလွှဲချမိပြန်တော့သည်။ သည်လိုဖြစ်သည့်အတွက် နေမင်းစစ်ကို ယောက်ျားညံ့ဟု စွပ်စွဲခဲ့သော် နေမင်းစစ် ခေါင်းငုံ့၍ခံယူပါမည်။ နေမင်းစစ်၏ နှုတ်ထွက်စကားတို့မှာ မမထက်မြက်သည် အထင်သေးဖွယ် အပြောအဆို အနေအထိုင် အမူအကျင့်တို့ဖြင့် ပြွမ်းသော မိန်းမသား ဖြစ်လာခဲ့ရပြန်တော့၏။ နေမင်းစစ်က မမထက်မြက် အကြောင်းကို စတင်ပြောကြားတာမျိုး ရှားပါသည်။

ဇင်လေးက သူ့အစ်မမို့ စကားထဲမှာ ပါပါလာတတ်တိုင်း၊ နေမင်းစစ်၏ ဝေဖန်စကားတွေက ပြင်းရှ၏။ ကိုယ့်ကိုယ်ကိုယ် မုန်းရလေ၊ မမထက်မြက် မကောင်းကြောင်းတွေ ပြောရလေ၊ အဲသည်လို ဖိပြောလျက် ကိုယ့်ကိုယ်ကိုယ် အမုန်းကိုဖြေစေပြီး မမထက်မြက်ကိုသာလျှင် မုန်း ... မုန်း ... ဟု မုန်းတီးနိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် ပြန်လည်တာဝန်ပေးရာလည်း ရောက်ပါသည်။

"မမထက်တို့ စေ့စပ်ပွဲကို တည်တံ့ဖို့ လူကြီးတွေက စိတ်မပျက်ဘဲ ကြိုးစားဆဲပဲ သိလား ကိုကို"

ဇင်လေးက မမအကြောင်း တစ်ခါတစ်ခါ ပြောပြောလာတတ်ခြင်းမှာ ပြောရိုးပြောစဉ် သမရိုးကျပဲလား၊ နေမင်းစစ်စိတ်ကို စမ်းချင်လို့ပဲလားဆိုတာ မသေချာပါ။ ဇင်လေးနှင့် နေမင်းစစ်တို့ နှစ်ယောက်မှာ မမက နေမင်းစစ်ကို ချစ်သွားမိခဲ့တာကျတော့ (ဝန်ခံသွားခဲ့ခြင်းကို) ဇင်လေး သိမသိ မပြောတတ်ပါ။ မသိဖို့ များပါသည်။ နေမင်းစစ်က ဣန္ဒြေပျက်လောက်အောင် ချစ်သွားရတာကိုတော့ ဇင်လေး သိကိုသိမှာဟု နေမင်းစစ်တို့ကြားမှာ ပြောဆိုခြင်း၊ မေးမြန်းခြင်း၊ စွပ်စွဲခြင်း၊ ရန်လိုဝန်တိုခြင်း အကြောင်းကိစ္စများ တစ်ခါမျှ မဖြစ်ဖူးစေလျက် ဖုံးဖိထားခဲ့ကြပါသည်။



"ကိုသန့်ဇင်မျိုး မိဘတွေကတော့ စိတ်ထဲက ချဉ်ချင်ချဉ်မှာပေါ့"

"ချဉ်ချင်ချဉ်မှာပေါ့ မဟုတ်ပါဘူးကွာ၊ ချဉ်ကိုချဉ်မှာပါ"

"သူတို့သားက မပြတ်နိုင်တော့ ခုချိန်ထိ ဘွားဆီချဉ်းကပ်ဆဲပဲ သိလား"

ဇင်လေးနှင့် လက်ထပ်ပြီးသည့်အခါမှာ ဇင်လေးက ကိုကို့အိမ်သို့ ပြောင်းနေပါသည်။ ကိုကိုလည်း တစ်ဦးတည်းသော သား၊ ဇင်လေးလည်း တစ်ဦးတည်းသော သမီးတွေပေမယ့် ကိုကိုက သူ့အိမ်မှဆင်းလျှင် ဦးစိုးပိုင်နှင့် ဒေါ်မြမြစိမ်းတို့ နှစ်ယောက်တည်းကျန်မည်။ ကိုကို့စီးပွားရေးကလည်း ကိုကို့ဖေဖေနှင့် တစ်ဆက်တည်းပဲမို့ အလုပ်အကိုင်ကလည်း တူနေသေးလေတော့သားနှင့် ချွေးမကို အိမ်မှာပဲ ထားလို၏။ ဒါကို ဒေါ်အိမ်စည်က ကြည်ဖြူပေးခဲ့ပါ၏။

"ဒီအိမ်မှာက ဇင်လေး မရှိရင်တောင် လူကြီးက သုံးယောက်၊ ပြီးတော့ ဘွားရှိနေတော့ သမီးအငယ်နဲ့ သားအကြီးတို့ မိသားစုတွေကလည်း နေ့ရှိသရွေ့ဆိုသလို ခြားလှ ဖေစ်ရက် နှစ်ရက်နဲ့၊ ညသာမအိပ်တာ လူဝင်လူထွက်က အမြဲရှုပ်နေတာ၊ လူနည်းတယ်လို့ မခေါ်နိုင်တော့ဘူး ..."

www.burmeseclassic.com

www.burmeseclassic.com



"ဇင်လေး လိုက်သွားတာက ပိုအဆင်ပြေပါတယ် သားဇင်နဲ့ သမီးခင်လေးတို့က ခွင့်ပြုလိုက်ကြပေါ့"တဲ့။

ခုတော့ ဇင်လေးသည် ယောက္ခမအိမ်မှာ ယောက္ခ မိခင်ကြီး လွန်စွာချစ်အားကိုးရသည့် ချွေးမအလိမ္မာလေး ဖြစ်နေ ရပါပြီ။

"ဘွားဆီရောက်တိုင်း မမထက် သတင်းကြားရတာ စိတ် မကောင်းဘူး"

"နားမထောင်နဲ့ပေါ့"

"ကိုကိုကလည်း ကိုယ့်အစ်မအကြောင်း ဆိုတော့လည်း နားထောင်ဖြစ်တာပေါ့၊ ဘွားကလည်း အမြဲပြောနေတာ"

"ဇင်လေးတို့ကသာ တဖွဖွ ပြောမဆုံး ဖြစ်နေကြတာမှလား ဟိုကကျတော့ ဖုတ်လေသည့်ငါးပိ မဟုတ်ဘူးလား"

"မဟုတ်ရှာပါဘူး ကိုကိုရဲ့၊ တစ်ပတ်တစ်ခါ ဖုန်းဆက်ပါ တယ်၊ စာသာ မရေးတာ မမထက်က စာရေးတော့ပျင်း တယ်၊ မမထက်က ကိုသန့်စင်မျိုးနဲ့ ဇေ့စပ်ကြောင်းလမ်း ခဲ့တာကို ဘာဖြစ်လို့ ဖျက်ပစ်တယ်လို့ ကိုကိုထင်လဲဟင် ကိုကိုတို့ ယောက်ျားတွေဘက်က အမြင်ကိုသိချင်လို့ပါ"

"ဒါ သူ့အကျင့် ဖြစ်သွားပြီလေ ဇင်လေးရဲ့၊ ပထမအကြိမ် ရော်ဘီဆိုတဲ့ လူနဲ့လည်း အေးဆေးစွာ လမ်းခွဲခဲ့ပြီးပြီ စကားပုံကတော့ ခပ်ရိုင်းရိုင်းပဲ၊ ခြံခုန်ဖူးသွားတဲ့ နွား ခြံစော်ထားလို့ ဘယ်ရတော့မှာလဲ၊ ခုန်မြဲ ခုန်ထွက်ဦး တော့မှာချည်းပဲပေါ့၊ ရော်ဘီနဲ့ဖြစ်ပြီးမှ ဖျက်တယ်၊ ကိုသန့် စင်မျိုးနဲ့ဖြစ်ပြီးမှ ဖျက်တယ် ...



"ကြားသိရသလောက် သတင်းတွေမှာ ရော်ဘီရော၊ ကိုသန့်စင်မျိုးရော လူကောင်းတွေချည်းပဲ၊ နောက်ထပ် လူကောင်းတစ်ယောက် ထပ်တွေ့ကြည့်ပါဦးလား၊ သူဖြစ် ပြီးရင် ဖျက်ဦးမှာပဲ၊ ဇင်လေးအစ်မက အကျင့်ကိုက မကောင်းတော့တာ"

"ကိုကိုကလည်းကွာ၊ အကျင့်မကောင်းဘူးဆိုတော့ စာရိတ္တ ပျက်စီးတာကျနေတာပဲ၊ ဒီလောက်မပြောပါနဲ့"

"ဇင်လေးက ဘယ်လိုဟာမျိုးကိုမှ စာရိတ္တပျက်စီးတယ်လို့ ပြောချင်တာလဲ၊ ကိုယ်ကာယပျက်စီးမှ မဟုတ်ဘူး ဇင်လေး ရဲ့၊ အပြောအဆို အပြုအမူ လုပ်ပုံကိုင်ပုံတွေ မှုမမှန်ရင် ဒါဟာ ပျက်စီးတာပဲ၊ အဲဒီမိန်းမအကျင့်ကို မကောင်းတာ။ ကိုသန့်စင်မျိုးကို သူ ဘယ်ပြန်လက်ခံလိမ့်မလဲ"

"ကိုကို့ကို မေးမိမှပဲ မမထက်လည်း ရစရာမရှိတော့ဘူး"

"ဘွားဒေါ်အိမ်စည်ရဲ့မျိုးဆက်မှာတော့ ဇင်လေးအစ်မက စုန်းပြူးပဲ"

"ကိုကိုကလည်းပြောလေဆိုးလေ၊ စုန်းပြူးအထိ မပြောပါနဲ့"

နေမင်းစစ် ပြောပြီးမှ စိတ်မကောင်း ဖြစ်သွားရ သည်။ မုန်းစကား အကြိမ်ကြိမ် ဆိုဖြစ်ပေမယ့် ထိုမိန်းမက ကိုယ့်ရင်ထဲမှာ ရှိဆဲဖြစ်၏။ ဒေါ်အိမ်စည်မျိုးဆက်မှာ ညီမရဲ့ခင် ပွန်းလောင်းကို လုယူသွားမှ စုန်းပြူးဖြစ်မှာ။ စုန်းပြူးမဖြစ်ခင် လို့ ရှောင်လွှဲသွားသူကိုမှ စုန်းပြူးလို့ ပြောမိလေခြင်း။ နေမင်းစစ် စိတ်ကိုဖြေလိုက်၏။ ဇင်လေးမျက်နှာကို ကြည့်လိုက်တော့ စိတ် ထင်ပဲမလားမသိ။ ခပ်ပျက်ပျက်ဟု ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး နေကောင်းရဲ့လား"

ဒီဇနီးလေးမျက်နှာ ညှိုးတာကျတော့ မဖြစ်စေချင်ပြန်။ နေမင်းစစ် ရင်မှာ ဆန့်ကျင်ဘက်တွေ အားပြိုင်လျက် ပေါက်ကွဲလွင့်စဉ်ခါလည်း နီးလှပါပြီလေ။

"ကောင်းပါတယ် ကိုကိုရဲ့၊ တွေးလိုက်လို့ပါ"

"ဘာတွေးတာလဲ"

"ကိုကို့ကို ပဟေဠိဖွက်မလို့"

"ကလေးပေါက်စလား ပဟေဠိဖွက်ရအောင်၊ မိန်းမတစ်ယောက်က ကြာဖူး ခြောက်ဖူးဝယ်ပြီး ဘုရားသုံးဆူမှာ တစ်ဆူကို နှစ်ဖူးကျစီ ကပ်လှူတယ်၊ ပြီးတော့ အိမ်ပြန်လာတယ်၊ အဲဒီအခါမှာ နှစ်ဖူးပြန်ပါလာတယ်၊ အဲဒါ ဘာကြောင့်လဲ ဆိုတာမျိုးတွေတော့ ရိုးနေပြီနော်"

"မဟုတ်ပါဘူး ကိုကိုရဲ့၊ ခင်လေး ရီးဒါးစ်ဒိုင်းဂျက်စ် Readers' Digest ထဲမှာ ဖတ်လိုက်ရတာ တစ်ခုရှိလို့ပါ၊ ကိုကို့ကို မေးမလို့"

"မေးစမ်းပါ"

"ပစ္စည်းတစ်ခုတဲ့၊ အဲဒီပစ္စည်းကို လုပ်တဲ့သူက ယူမထားချင်ဘူးတဲ့၊ ဝယ်တဲ့သူကလည်း မသုံးဘူးတဲ့၊ သုံးတဲ့သူက အဲဒီပစ္စည်းကို မမြင်ဖူးဘူးတဲ့၊ အဲဒါ ဘာလဲ၊ ကဲ ..."

"အဲ ... ပစ္စည်းဆိုတော့ ပစ္စည်းပေါ့ကွာ၊ အဲဒါကို ဖြစ်အောင်ထုတ်လုပ်တဲ့သူက ဘယ်ယူထားချင်ပါ့မလဲ၊ သူ့ပစ္စည်း သူလုပ်ပြီး ရောင်းချင်မှာပေါ့၊ ရောင်းလိုက်ရော ဝယ်သွားတဲ့သူက တခြားတစ်ယောက်ကို လက်ဆောင်ပေး



လိုက်တယ်၊ လက်ဆောင်ရတဲ့သူက သုံးတယ်၊ ဒါပေမဲ့ သူက မျက်မမြင်ဖြစ်နေတယ်၊ ဒီတော့ အဲဒီပစ္စည်းဟာ ဘာလဲဆိုတော့ ဘာပစ္စည်းမဆို ဖြစ်နိုင်တယ်၊ ရေမွှေးပုလင်းလည်းဖြစ်နိုင်တယ်၊ ခုံဖိနပ်လည်း ဖြစ်နိုင်တယ်၊ ကဲလေ"

ခင်လေးက တခိခိရယ်ကာ နေမင်းစစ် လက်မောင်းတွေကို ရိုက်ပုတ်လေ၏။ နေမင်းစစ်က ထုရိုက်လက်လေးတွေကို လိုက်ဖမ်းကာ ရယ်၏။ အဲသည်လိုကျတော့လည်း ချစ်ဇနီးနှင့် ကြည်နူးရတာပင်။ ဒီအိမ်ထောင်ရေးမှာ စိတ်ညစ် စိတ်ပျက် စိတ်ကုန်နေတာမဟုတ်ပါ။ အိမ်ထောင်ရေးမသာယာမှုမျိုးလည်း မရှိပါ။ သာယာချမ်းမြေ့သော အိမ်ထောင်ရေးတစ်ခုကို ဖန်တီးတည်ဆောက်ထားနိုင်ခဲ့ပါသည်။ မမေ့နိုင်တာကတော့ မမေ့နိုင်တာတစ်မျိုးသီးသန့်ပေါ့လေ။

"ကိုကိုဖြီး"

"ဘယ်ကဖြီးရမှာလဲ၊ ကိုကိုပြောတာ မှန်တယ်"

"အားလုံး ဖြစ်နိုင်ချေရှိတဲ့ပစ္စည်းကို ပြောတာမဟုတ်ဘူး ကိုကိုရဲ့၊ ပစ္စည်းက ဒီပစ္စည်းအမျိုးအစား၊ သတ်မှတ်ပြီးသား၊ အဲဒီပစ္စည်းကိုလုပ်တဲ့သူက ယူမထားချင်ဘူး၊ ဝယ်တဲ့သူက မသုံးဘူး၊ သုံးတဲ့သူက မမြင်ဖူးဘူး၊ အဲဒါ ဘာလဲ သေချာစဉ်းစားပါ"

"မသိဘူးကွာ၊ ကိုကို့ခေါင်းက အရေးတကြီးကိစ္စတွေ စဉ်းစားဖို့ သီးသန့်ထားတော့ ဉာဏ်လေးသွားစမ်းလို့ ပေါက်တတ်ကရတွေ မစဉ်းစားဘူး"

"သွား ... သူညံ့လို့ မဖြေနိုင်တာများ"

www.burmeseclassic.com

www.burmeseclassic.com



“ညံ့မိပါတယ်ဗျာ၊ မှားပါပြီ ပြောပါတော့”

“ခေါင်း”

“ဘာရယ်”

“လူသေကောင်ထည့်တဲ့ခေါင်း”

“အာ ...”

“ကိုကို စဉ်းစားကြည့်လေ၊ အဲဒီခေါင်းကို လုပ်တဲ့သူက ဘယ်ယူထားချင်မှာလဲ၊ လာဝယ်တဲ့သူကလည်း သူ သုံးဖို့ ဝယ်တာမဟုတ်ဘူး၊ အဲဒီခေါင်းထဲဝင်ပြီး အိပ်ရတဲ့ အသုဘ အမှန်တကယ် သုံးစွဲတဲ့လူကျတော့လည်း သေဆုံးပြီးမှ အဲဒီထဲရောက်တော့ သူ ဘယ်မြင်ဖူးတော့မလဲ”

“အမယ်လေး ... တော်လိုက်တာ၊ Readers' Digest ထဲက နေ အဖြေပါ ကျက်ထားတာ မဟုတ်လား”

“ဒါပေါ့”

နေမင်းစစ်က ဇင်လေး ငယ်ထိပ်ကို ဖွခနဲထုပြီး

“နောက်တစ်ခု ဇင်လေး စဉ်းစားမိတာ ရှိသေးတယ်”

“ဘယ်ထဲကဖတ်ထားတာလဲ၊ ဖတ်ပြီးသားဆိုရင် အဖြေပါ တစ်ခါတည်းပြော”

“မဟုတ်ဘူး၊ ဇင်လေးဘာသာ စဉ်းစားတာပါ”

“ပြော”

“လူတစ်ယောက်က ပစ္စည်းတစ်ခုကို ရထားတယ်၊ အဲဒီ ပစ္စည်းကို သူ မနှစ်သက်ဘူး၊ သူစွဲလမ်းနေတာက တခြား ပစ္စည်း၊ ဒါပေမဲ့ အလွယ်တကူပြောရရင် အဲဒီပစ္စည်းနှစ်ခု ဟာ အမျိုးအစားချင်းတူတယ်၊ အဲဒါ ဘာလဲ”



“ဘယ်သိမလဲကွာ”

“ဇင်လေး တွေးကြည့်တာပါ၊ အချစ်လားလို့”

နေမင်းစစ် ရင်ထဲမှာ ဒိုင်းခနဲ ဆောင့်ခုန်သွားရတော့သည်။ မျက်နှာမပျက်အောင် ကြိုးစား၍ ထိန်းလိုက်ရ၏။ ဇင်လေး ဒီစကားကို ဘာအဓိပ္ပာယ်နှင့် ပြောပါလိမ့်။

“ဇင်လေး ပုစ္ဆာကြီးက မှားနေတယ်၊ အချစ်မဟုတ်ဘူး၊ အချစ်ဆိုရင် လူတိုင်းမက်မောကြတာပဲ၊ အချစ်ကိုရတဲ့သူက မနှစ်သက်ဘူးဆိုတာ လုံးဝမရှိဘူး”

“ရထားတဲ့အချစ်ကို မမြတ်နိုးဘဲ မရနိုင်တဲ့အချစ်ကို တမ်းတစွဲလမ်းနေတဲ့လူမျိုး ဒီလောကမှာ မရှိနိုင်ဘူးလား ကိုကို ရယ်”

“ရှိချင်လည်း ရှိမှာပေါ့၊ ကမ္ဘာပေါ်မှာ လူတွေ သန်းပေါင်း ခြောက်ထောင်တောင်ရှိတယ်၊ ဇင်လေးပြောတာမျိုး ပါချင် လည်းပါမှာပေါ့”

“ဇင်လေး မြန်မာစကားပုံတစ်ခု ကြားဖူးတာရှိတယ် ကိုကိုရဲ့၊ ချစ်တိုင်းမညား၊ ညားတိုင်းမချစ်တဲ့၊ အဲဒါလည်း ဒီလူဦး ရေသန်းပေါင်း ခြောက်ထောင်ထဲမှာ အများကြီးရှိမှာပဲနော်”

“ရှိချင်လည်းရှိမှာပေါ့ ဇင်လေးရယ်၊ ချစ်တိုင်းမညားဆိုပေ မယ့် ညားရင်တော့ ချစ်သွားတတ်ကြတာပါပဲလို့ပြောတဲ့ သူလည်းရှိပါတယ်၊ တောင်တောင်အီအီတွေ လျှောက်တွေး မနေနဲ့၊ ကိုကိုနဲ့ဇင်လေးတို့က ချစ်လည်းချစ်တယ် ညား လည်းညားတယ်၊ ကိုကိုတို့လောက် ကံကောင်းကြတဲ့သူ တွေတော့ လောကမှာရှားလိမ့်မယ်”

www.burmeseclassic.com

www.burmeseclassic.com



ဇင်လေးပခုံးကို ဖက်ကာ ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်ပါသည်။ ရင်ချင်းအပ်အနေအထားမို့ ဇင်လေးနှင့် မျက်နှာချင်းဆိုင် မဖြစ်တော့ပါ။ ဇင်လေးက နေမင်းစစ် ပခုံးပေါ်မေးငုံ၍ ခေါင်းတင်၏။ ဇင်လေးမျက်နှာကို မမြင်ရပါ။ ဇင်လေးမျက်ရည်ဝဲချင်နေပါလိမ့်မည်။ လောလောဆယ်မှာတော့ ဇင်လေးစိတ်ချမ်းသာဖို့ ဦးစားပေးရပါမည်။

ခွင့်လွှတ်တော့ မမရေ။

✤ ❋ ✤

'မမထက်မြက်' ရန်ကုန်သို့ တစ်ခေါက်လာလိမ့်ဦးမည်။ ထိုသတင်းက နေမင်းစစ်ရင်ကို လှိုင်းခတ်၏။ ဇင်လေးမည်သို့ရှိရှာမည်နည်းဟု တွေးမိ၏။

"ကိုကို မမထက် ရန်ကုန်ကိုလာဦးမယ်"

"ဇင်လေးက ပျော်နေလား"

"ပျော်တာပေါ့ ကိုကိုရယ်၊ တစ်ဝမ်းကွဲတွေ အကုန်လုံးက ရန်ကုန်မှာ၊ ကိုကိုနဲ့ မမထက်နှစ်ယောက်ပဲ ဝေးနေတာလွမ်းတာပေါ့"

"ဇင်လေး အစ်မက ထင်ရာစိုင်းတတ်လွန်းတော့ သူရောက်လာမှာ ဇင်လေး စိတ်မညစ်ဘူးလား"

"မမထက်က ဘယ်လိုထင်ရာစိုင်းတာမျိုးလဲဟင်"

"ဪ ... ဇင်လေးရဲ့၊ ဇင်လေးတို့ဆို ဘယ်တုန်းကမှ တစ်ယောက်တည်း ကားမောင်းပြီး ဟိုဟိုဒီဒီသွားခွင့်ရသလဲ



ဘွားက အုပ်ချုပ်ထားတာ၊ ဘယ်သွားသွား၊ သွားချင်ရင် အိမ်ကကားနဲ့ အိမ်ကယာဉ်မောင်းနဲ့သွား ...

"ဘယ်သွားမယ်၊ ဘယ်လာမယ်ဆိုတာ ပြောသွားရတယ်၊ ဒီအချိန် ဘယ်မှာရှိနေမယ်ဆိုတာ အိမ်ကသိနေရတယ်၊ ပြန်ရောက်မယ်ဆိုတဲ့အချိန်မှာ တိတိကျကျ ရောက်ရတယ်၊ စည်းနဲ့ကမ်းနဲ့နေရတာ၊ ဇင်လေး အစ်မလည်း ရောက်လာရော ...

"ကားတစ်စီးနဲ့ တစ်ယောက်တည်း မောင်းထွက်တာ မပြောနဲ့၊ တက္ကစီနဲ့လည်း တစ်နေကုန်သွား"

"တစ်ရက်တည်းများ ကိုကိုက လိုက်သိနေရလား"

ဇင်လေးစကားကို နေမင်းစစ်က မကြားချင်ယောင်ဆောင်လိုက်သည်။

"ဘယ်သွားလို့ ဘယ်လာမှန်း အိမ်ကမပြောနိုင်၊ ပြန်ရောက်ချင်တဲ့အချိန်မှရောက်၊ ဘွားက နိုင်မှမနိုင်ဘဲ၊ မနိုင်တာလား၊ မပြောတာလားတော့ မသိဘူးပေါ့၊ ဇင်လေးတို့ စည်းကမ်းနဲ့ ဘယ်မှာတူလို့လဲ"

"ဘွားကမပြောတာပါ၊ ခွင့်ပြုပေးထားတာပါ၊ မိုင်ထောင်ပေါင်းများစွာ ဝေးကွာတဲ့အရပ်ကတောင် တစ်ယောက်တည်း လာခဲ့ရပြီးပြီပဲ၊ ပြီးတော့ ဟိုနိုင်ငံမှာ ရန်ကုန်လိုလိုက်လုပ်လို့ မရတာတွေလည်း ရှိတယ်လေ ကိုကိုရဲ့၊ ခွင့်ပြုပေးရတာတွေရှိတယ်၊ ဟိုမှာအနေကြာခဲ့တဲ့ မမထက်ကို ဘွားက ဇင်လေးတို့နဲ့တန်းတူ တင်းကျပ်လို့တော့ ဘယ်ရပါမလဲ ...

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ မမထက်ကို ယုံကြည်စိတ်ချတာလည်း ပါပါတယ်၊ မမထက်က နာမည်နဲ့လိုက်အောင် ထက်မြက်တော့ သူ့ကိုယ်သူ ထိန်းနိုင်တယ်၊ သူ့ဆုံးဖြတ်ချက်တွေဟာ ခုချိန်ထိ မမှားသေးဘူးတဲ့၊ ကိုသန့်စင်မျိုးနဲ့ ဓေစပ်ပွဲဖျက်လာတာကို မကြိုက်ပေမယ့် ပြန်ပြီးတည်မြဲစေချင်ပေမယ့်_

"ဘွားက မမထက်ကို သိပ်တော့ အပြစ်မတင်ဘူး၊ အကြောင်းရှိမှာပေါ့တဲ့၊ သူ့အကြောင်း သူအသိဆုံးတဲ့၊ ဘွားက မမထက်ကို ယုံတယ်၊ စိတ်လည်းချတယ်၊ အဲဒါကြောင့် စည်းကမ်းဘောင်ထဲ ပိတ်မထားတာ"

"ဪ ... ဒီလိုဆိုတော့ ဇင်လေးတို့ကျတော့ မယုံလို့ စိတ်မချလို့ စည်းကမ်းဘောင်းထဲ ပိတ်ထားတာပေါ့ ဟုတ်လား၊ ဒါကို ဇင်လေးက မခံချင်မဖြစ်ဘူးလား"

"မဖြစ်ပါဘူး၊ ဇင်လေးက ယုံကြည်စရာမှ မကောင်းဘဲ စိတ်မှမချရဘဲ"

"ဟောဗျာ ... ဇင်လေးက လူမိုက်မလေးလား၊ ပြောပါဦး ဘာတွေဆိုးလဲ"

"မကောင်းတိုင်း ဆိုးတာမှ မဟုတ်တာ၊ ဇင်လေးက မိုက်တော့ မမိုက်ပါဘူး၊ လိမ္မာပေမယ့် ညံ့တယ်"

"ညံ့တယ်"

"ဟုတ်တယ် ... ဇင်လေးက ညံ့တယ်၊ ကိုယ့်ကိုယ်ကိုယ် ဘယ်သူကချစ်လို့ ဘယ်သူက မုန်းနေမုန်းလဲ မသိဘူး ဘယ်သူက မိတ်ဆွေစစ်၊ ဘယ်သူက ဟန်ဆောင်ပေါင်းနေ မုန်းလဲ မသိဘူး၊ တစ်ဖက်သား ရင်ထဲလည်း ဝင်မကြည့်တတ်ဘူး ...



"ဇင်လေး ညံ့တာတွေ အများကြီးပါ၊ မမထက်ဆိုရင် သိပ်တော်တာ၊ မမထက်က တော်ကိုတော်ပါတယ်၊ ဇင်လေးလိုလူမျိုးက ဘွားရဲ့အကူအညီကို အမြဲလိုအပ်နေမှာပါ၊ မိဘလက်ထက်မှာ မိဘကိုးဘွား အကူအညီနဲ့ ရှင်သန် ...

"အိမ်ထောင်ကျတော့လည်း ခင်ပွန်းအကူအညီနဲ့ ရှင်သန်၊ ဇင်လေးလိုလူမျိုးက တစ်ဖက်သား အကူအညီ လိုကိုလိုအပ်နေတာပါ၊ မမထက်တို့လို လူမျိုးက ဘယ်သူ့အကူအညီမှ မလိုအပ်ဘူး"

"ဇင်လေးက ကိုယ့်ကိုယ်ကိုယ် လျှော့တွေးနေတာပါ၊ ဇင်လေးဟာ သဇင်ပန်းလေးလိုပဲ ပိုးတောင့်တဲလေးလိုပဲ အရမ်းချစ်စရာကောင်းတဲ့ ကလေးအလိမ္မာစားလေးလိုပဲ၊ စိတ်ကောင်း နှလုံးကောင်းလည်း အရမ်းရှိပါတယ်၊ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူပါ ဇင်လေးရဲ့"

"သဇင်ပန်းဟာ တော်ဝင်ပါတယ် ကိုကိုရယ်၊ ပွဲလမ်းသဘင် အခမ်းအနားတွေကျရင် သဇင်ပန်းကို တမြတ်တနိုးနဲ့ ပန်ဆင်ကြပါပြီ၊ နေ့ရှိသရွေ့ ပန်ချင်စိတ် ဖြစ်လွန်းနေတာကျတော့ နှင်းဆီပန်းဖြစ်ချင် ဖြစ်မှာပေါ့ ကိုကိုရဲ့"

"ဘယ်သူတွေ ဘာပန်းပန်ပန်၊ ကိုကိုက ခင်သဇင်လေးဆိုတဲ့ ဖန်းပဲပန်မယ်၊ တော်တော့ မပြောနဲ့၊ ဇင်လေးစကားတွေက ခုတလော ဆုတ်နစ်တယ်၊ မပြောကောင်းဘူး၊ ဇင်လေးက လိမ္မာတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့စွာ မျှော်လင့်ခဲ့သည့်အချိန်က ရောက်ရှိလို့ လာခဲ့၏။ မမထက်မြက်ကို ဆွေမျိုးအုပ်ကြီး သွားကြိုကြသည့်အထဲမှာ နေမင်းစစ်နှင့် ဇင်လေးတို့က တစ်ကားပါ၏။ အဲသည်ကားကို ဘွားစီးသည်မို့ ဟိုတစ်ခါတုန်းနှင့် တိုက်ဆိုင်စွာ တူပဲတူနိုင်လွန်းတော့သည်။

နေမင်းစစ်က ထွက်လာမည့်လူတွေကို မကြည့်ဖြစ်အောင် ကျောခိုင်းထားလိုက်၏။ စင်စစ် သူက "မတ်"မို့ သိပ်လည်းအရေးမပါလှချေ။ လူက ကျောခိုင်းငြိမ်သက်နေသလောက် ရင်ထဲမှာ မုန်တိုင်းကျနေ၏။ နှလုံးခုန်သံက ဘောက်ဘက်ဘောက်ဘက်နှင့် ကျယ်လွန်း၏။

"မမထက် လာပြီ"

ဇင်လေးအသံကို ကြား၏။ လှည့်မကြည့်ဘဲ နေလိုက်သည်။ ဆွေမျိုးထဲမှ သူ့လိုမတ်တွေ ခဲအိုတွေ ရှိရာသို့ ထလာခဲ့၏။ အစ်မတွေ ညီမတွေ၏ နှုတ်ဆက်သံတွေက ညံ၏။ ခဲအိုတွေ မတ်တွေက အေးဆေး။ နေမင်းစစ် အေးဆေးအုပ်စုထဲဝင်ပြီး အေးဆေးနိုင်အောင် ရှိလှသည်။ လှည့်မကြည့်မိအောင် ထိန်းနိုင်သည့် ကိုယ့်ကိုယ်ကိုယ် ချီးကျူးလိုက်၏။ ခက်တာက ဘွားစီးသောကားမှာ မမထက်မြက် ပါလာခြင်းတည်း။ အဲသည်ကားကို နေမင်းစစ် မောင်းသည်လေ။

"ဟော့ ... နေမင်း၊ ကျုပ် ခဲအိုတွေ မတ်တွေဖို့ လက်ဆောင်ကို တစ်ပုံစံတည်း တစ်ရောင်တည်း ဒါဇင်လိုက်ဝယ်ခဲ့တယ် သိလား၊ ပို့စ် post နဲ့ပဲ ပို့လိုက်တယ်၊ ရောက်လာလိမ့်မယ်၊ ကျုပ်တော့ သယ်မလာဘူး၊ မြင်ယောင်သေးတယ်၊ ရှင်တို့တွေ ယူနီဖောင်းကြီးလို ဖြစ်နေမှာ"



မမက ပြောပြီးရယ်တော့ ဘွားနှင့် ဇင်လေးက လိုက်ရယ်သည်။ နေမင်းက ရှေ့သို့ဂရုစိုက်၍ ကားမောင်းသည့်ထဲမှာ စိတ်နှစ်ထားလိုက်သည်။

"Size ဆိုက်စ်လည်း တူတူပဲလား"

စကားမပြန်လျှင် မဖြစ်သည်မို့ နောက်လှည့်မကြည့်ဘဲ မေးလိုက်၏။

"မတူဘူး ... ဆိုက်စုံ၊ ကိုယ်နဲ့တော်တာကို ရွေးနိုင်မှရမယ်၊ ရွေးကျဆိုရင် ပွချင်ပွနေမယ်၊ ကျပ်ချင်ကျပ်နေမယ်၊ အာမ,မခံဘူး"

"မြေးက မောင်သန့်စင်မျိုးနဲ့ ခုထိ အဆင်မပြေသေးဘူးလား"

နေမင်းစစ်က ကားမောင်းသည်။ သေးမှာ ဘွားက ထိုင်စီးပြီး နောက်ခန်းမှ ဇင်လေးနှင့် မမထက်မြက်မို့ ဘွားက နောက်သို့လှည့်၍ မေး၏။

"မပြေတော့ပါဘူး ဘွားရယ်"

"နို့ ... ဝယ်ထားတဲ့အိမ်တွေ ဘာတွေရော"

"အဲဒါတွေကိုမက်ပြီး လုနေကြတယ်လို့ ဘွားတို့က ထင်နေတာလား"

"မဟုတ်ဘူးလား"

"ပေးနေကြတာ၊ ကိုယ့်ပိုင်ဆိုင်ခွင့်ကို စွန့်လွှတ်နေကြတာ၊ ပိုင်ဆိုင်ခွင့်နာမည်ထဲကနေ ကိုယ့်နာမည်ကို ဖြုတ်ပစ်ဖို့ ရှေ့နေနဲ့ ကြိုးစားနေကြတာ"

www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်မှ ဖြစ်ရလေ၊ မသိပေါင်တော်”

“ဒါဆိုလည်း ဘယ်သူမှ ပြန်မကြည့်ဘဲ ပစ်ထားလိုက်ကြပေါ့”

ခင်လေးက ဝင်ပြောသည်။

“ဒီလိုတော့လည်း မရဘူး၊ ကောင်စီက သိမ်းသွားလိမ့်မယ်၊ ဟိုမှာ ကောင်စီလို့ခေါ်တာ၊ ရန်ကုန်မှာ မြို့တော်စည်ပင်လို ဌာနမျိုး”

“သိမ်းပစေလေ”

“ခင်လေးရေ ... ဟိုနိုင်ငံမှာ ပိုင်ဆိုင်ချင်လည်း မလွယ်ဘူး၊ စွန့်ပစ်ချင်လည်း မလွယ်ဘူး၊ အိမ်မှာ ကွန်ပျူတာကြီး ပျက်သွားတာလေ ဘာဖြစ်မှန်း မသိပါဘူး၊ အထဲက တစ်ခုခု လောင်သွားမှာပေါ့၊ ကွန်ပျူတာကြီးက မည်းသွားတယ်၊ အဲဒါကြီး လွှင့်ပစ်ဖို့တောင် ဘယ်လိုလုပ်ရတယ် မှတ်လဲ”

“ပြန်မပြင်ဘူးလား၊ လွှင့်ပစ်ရမှာလား၊ နမြောစရာကြီး”

“ဘယ်သူမှ မပြင်ဘူး၊ ပြန်ပြင်ရင် ပြင်ဆင်ခက အသစ်ဈေးနဲ့ တန်းတူကျပြီး ကိုယ်က အသစ်မရ၊ အဟောင်းကြီး ဆက်ကိုင်နေရမှာ ဘယ်သူပြင်မလဲ”

“ဖြစ်မှ ဖြစ်ရလေ”

“ပစ်ပုံပစ်နည်းအမှန်က ကောင်စီကို အကြောင်းကြားရမယ်၊ ကွန်ပျူတာကြီး စွန့်ပစ်ချင်ပါတယ်ပေါ့၊ အဲဒီအခါကျရင် ကောင်စီက လာသယ်မယ်၊ လာသယ်ခ စွန့်ပစ်ခကို နင့်နေအောင် ပေးရတယ်”



“ဟင် ... မကြားဖူးပါဘူး”

“ကြားဖူးလိုက်တော့၊ ဟိုမှာ အမှိုက်ကို ပစ်ချင်တိုင်းပစ်လို့ရတာ မဟုတ်ဘူး၊ အဲဒီ ကွန်ပျူတာကြီးကို အမှိုက်ပုံးထဲ သွားထည့်ထားလိုက်ပြီ ဆိုပါတော့၊ ဘယ်သူလာပစ်သလဲသိရင် လာပစ်တဲ့လူ ဒဏ်ရိုက်ခံရတယ်၊ ကွန်ပျူတာကို အမှိုက်ပုံးထဲ စွန့်ပစ်ခွင့် မရှိဘူး”

“ဒါဆို ဘယ်လိုပစ်မလဲ”

ခင်လေးက စိတ်ဝင်စားစွာ ဆွေးနွေး၏။ ဘွားက လှည့်နားထောင်သည်။ နေမင်းစစ်က နားကိုတော့ အသံချိုရှိရာသို့ ရှည်မထွက်ရုံတမယ် စွင့်ထားပြီး၊ လူကတော့ အသံတိတ်လျက် ကားကိုသာ သည်းမည်းမောင်းနေတော့သည်။

“တရားဝင်ပစ်ချင်ရင်တော့ စောစောက ပြောသလိုပေါ့၊ ကောင်စီကို အကြောင်းကြား”

“မမထက်က ဘယ်လိုပစ်ခဲ့လဲ”

“ဟိုမှာ အမှိုက်အိတ် အမည်းကြီးတွေရှိတယ်၊ အကြီးကြီးတွေ၊ အဲဒါကြီး နှစ်ထပ်ထပ် ကွန်ပျူတာကြီးထည့်၊ အပေါ်က ကြိုးနဲ့စည်း၊ ညဆယ့်နှစ်နာရီကျမှ ဘယ်သူမှ မမြင်အောင် ချမ်းချမ်းစီးစီးမှာ အမှိုက်ပုံးထဲ သွားခိုးထည့်ရတာ”

“အမှိုက်လာသိမ်းတော့ မတွေ့ဘူးလား၊ ဒါကြီးကို”

“တွေ့မှာပေါ့၊ ဒါပေမဲ့ ဘယ်သူလာပစ်ထားမှန်းမှ မသိတာ၊ ဘယ်သူ့ကို အရေးယူရမလဲ၊ ကောင်စီလည်း ရှုံ့မဲ့ ရှုံ့မဲ့နဲ့ နေလိုက်ရမှာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားတွေမှာ အဲဒါတွေ စွန့်ပစ်တယ်ဆိုတာ ကြားသာ ကြားဖူးတာ၊ ခုမှ တကယ်မှန်း သိတော့တယ်"

"မမလည်း စဉ်းစားနေတာလေ၊ ခုထိ ခွာချလို့မရတဲ့ ကိုသန့်စင်မျိုးကိုလည်း အမှိုက်အိတ်ထဲထည့်ပြီး သန်းခေါင် ကျော်မှာ ဘယ်အမှိုက်ပုံးထဲ သွားထည့်ထားရကောင်းမယ် လို့"

ဘွားနှင့် ဇင်လေးတို့ ရယ်၏။

"မြေးက ဘာဖြစ်လို့ ဒီလောက် ခါးခါးသီးသီး ဖြစ်နေတာ လဲ"

"ဘွားရယ် ... မမကို အလျှော့ပေးလွန်းလို့ပါ"

"ဖြစ်မှဖြစ်ရလေ"

"မမက ခေါင်းမာတယ်၊ ထင်ရာလုပ်တယ်၊ မမ ဘာလုပ် လုပ် လက်ညှိုးထောင် ခေါင်းညိတ်နေမယ့်သူနဲ့ဆိုရင် မမ ထင်ရာစိုင်းပုံမျိုးနဲ့၊ မမ ဘယ်တော့ အမှားတွင်းကြီးထဲ နစ်မလဲဘဲ၊ မမက မမမှားရင်ပြင်ပေး၊ ဝေဖန်၊ နားချ တကယ်တမ်းမှာလည်း မှားတယ်၊ နားချလို့လည်း မရဘူး ဆိုရင် ဖွတ်လုပ်၊ မမကို အခွင့်အရေးမပေးနဲ့၊ လိုအပ်ရင် ရိုက်ပစ်"

"အဲဒီအခါကျ မမထက်က ငြိမ်ခံမှာမို့လား"

"ဓားနဲ့ ပြန်ထိုးမှာပေါ့"

သုံ့တို့သုံးယောက်လုံး ရယ်ကြသည့်အထဲမှာ နေမင်း စစ် မပါဝင်ပါ။



"ကြေးများနေတာပါအေ"

"ဘွားရယ် ... သူ လူကောင်းဆိုတာတော့ ယုံကြည်ပါ တယ်၊ လူကောင်း သူကောင်းမှန်း သိလို့လည်း စေ့စပ်ခဲ့ တာပါ၊ မမဟာ တစ်နေ့တော့ လက်ထပ်မှာပဲ၊ အဲဒီအခါ ကျရင် လူကောင်းသူကောင်း တစ်ယောက်နဲ့ အိမ်ထောင်ပြု ဖြစ်ချင်တယ်၊ သူက ကောင်းတယ် ဘွားရဲ့၊ ဒါတော့ မမ ဝန်ခံပါတယ်"

"ဒါနဲ့များအေ"

"ကောင်းလို့လည်း စေ့စပ်ခဲ့တာပါ၊ ဒါပေမဲ့ ဘွားရယ် ... တကယ်တမ်း လက်ထပ်ရတော့မယ်လည်းဆိုရော ကိုယ့် ဘဝလေးကို သူစိမ်းယောကျ်ားတစ်ယောက်လက်ထဲ ထိုး အပ်လိုက်ရမှာ၊ သူစိမ်းယောကျ်ားတစ်ယောက်ကို ကိုယ့် ဘဝထဲ ဆွဲသွင်းလိုက်ရမှာ ဝန်လေးလိုက်တာ ဘွားရယ်၊ စိတ်မပါလိုက်တာ၊ ဒီကြားထဲ ပြောသမျှနားထောင်၊ စိတ် ပြန်မဆိုး၊ ဒေါသမရှိနဲ့၊ သူ့ကို အရေခွံခွာနေရင်တောင် ငြိမ်ခံနေမယ့် ရေမြွေလိုမျိုး ဖြစ်နေတော့ မမ ဘယ်လိုမှ စိတ်မဝင်စားနိုင်တော့ဘူး ဖြစ်သွားတယ်"

"ရေမြွေမှ မြေးစိတ်တိုင်းကျ ခွေနေမှာပေါ့၊ ကျားဆိုးဆိုရင် မြေးကို ကိုက်ချီဖွဲ့စားပစ်လိုက်မှာပေါ့"

"ထားလိုက်ပါတော့၊ သူ့အကြောင်းပြောရတာ မောတယ်"

"ယောကျ်ားထဲမှာ အဲဒီလိုလူမျိုး တကယ်ပဲရှိလား မမ"

နေမင်းစစ်က ဝင်မေးလိုက်သည်။

"ရှိလို့ပဲ လက်တွေ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ယောကျ်ားဆိုတာ ဘယ်ယောကျ်ားမှ အဲဒီလောက် မတုံးပါဘူး၊ ဒီလူ ဒီလောက်တုံးပြနေတာ အကြောင်းရှိပါလိမ့်မယ်"

"ပြောတတ်ဘူး"

စကားဝိုင်း လက်စပြတ်သွားတော့၏။ ဇင်လေးနှင့်တော့ နောက်ခန်းမှာ ကျိတ်ကျိတ် ကျိတ်ကျိတ် တွတ်ထိုးနေတော့သည်။ သူတို့မှာ ညီအစ်မတစ်ဝမ်းတည်း ကွဲသေးတော့လည်း ချစ်ကြရှာသည်လေ။

✤ ✱ ✤



## ၁၃

ဇင်လေး ဘွားအိမ်သို့သွားတိုင်း နေမင်းစစ်က အကြောင်းအမျိုးမျိုးပြ၍ ရှောင်၏။

"ဇင်လေးတို့က ခွေမျိုးတွေ ဆုံကြ၊ တွတ်ထိုးကြ၊ ကိုကိုက တစ်ယောက်တည်းကြောင်လို့၊ ကြောင်တာက အရေးမကြီးပါဘူး စာအုပ်တွေ ဘာတွေ ဆွဲလှဲဖတ်၊ ယူဘီစီ စလောင်းကြည့် လုပ်လို့ရပါတယ်၊ ပျင်းတာက ခက်တယ်၊ ကြာတော့ ပျင်းပြီးငိုက်လာရော ဇင်လေးရဲ့ ..."

"တစ်ခါတလေကျ ကိုကိုက နောက်တစ်နေ့ အလုပ်ကိစ္စအတွက် စာဖတ်စရာရှိနေတာမျိုးလည်း ဖြစ်တတ်တယ်၊ ဒီတော့ ဇင်လေးကို ကိုကိုလိုက်ပို့မယ်၊ ပြန်ချင်ကာနီးမှ ဖုန်းဆက်၊ ကိုကို လာကြိုမယ် မကောင်းဘူးလား၊ ကိုကို မဆင်းတော့ဘူးလေ"

"ကောင်းတော့ ကောင်းပါတယ်၊ ကိုကိုက လိုက်ပို့လိုက် ပြန်လိုက်၊ လာကြိုလိုက် ပြန်လိုက်ဆိုတော့ လေးခေါက်ကြီးတောင်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မိန်းမအတွက် ပင်ပန်းတာပဲ၊ အခေါက်လေးဆယ်လည်း ဘာဖြစ်လဲ"

"ကိုပို ... သူ့ဖြင့် ကားမောင်းရတာ ငြီးငွေ့လာပြီလေး ဘာလေး၊ နေ့တိုင်း ညည်းညူနေတာ မသိတာကျလို့"

"အဲ ... ကားမမောင်းချင်တော့တာတော့ မှန်တယ် ဇင်လေးရဲ့၊ ဖေဖေ ကားမမောင်းတော့တာလည်း သိပ်မှန်တာပဲ၊ ခုဆို ရန်ကုန်မှာ ကားပိုင်ရှင်တွေကလည်းများ၊ ကားတွေကလည်းများ၊ ရှောင်ရတိမ်းရ မလွယ်ဘူး၊ အာရုံအရမ်းစူးစိုက်ရတယ်၊ အလုပ်ကိစ္စတစ်ခုခုများ ခေါင်းထဲဝင်လာလို့ တွေးလိုက်မိရင် သွားရော ...

"ဖြစ်နိုင်ရင် မမောင်းချင်တော့ဘူး၊ ကိုကို ဒီလိုဖြစ်စေ့ စောတော့စောပါသေးတယ်၊ ဒါမျိုးက အနည်းဆုံး လေးဆယ်ကျော် ငါးဆယ်တွေဖြစ်တာ၊ ကိုကိုကတော့ မမောင်းချင်ဘူး၊ ကိုကို့အတွက် ယာဉ်မောင်းရှာရကောင်းမလား စဉ်းစားနေတာ ...

"အသက်ဖြင့် သုံးဆယ်မပြည့်သေးဘူး၊ ယာဉ်မောင်းထားပြီး စတိုင်ကြီးနဲ့ စီးရမှာကျတော့လည်း ရှက်ပြန်ရော"

"ဒါတောင် ကိုကိုက ကားမောင်းရတာကို သိပ်ကြိုက်ခဲ့တာနော်"

"ခု မမောင်းချင်တော့ဘူး၊ ဒီလိုပဲပေါ့ ... လူ့စိတ်ဆိုတာ ပြောင်းလဲတတ်တဲ့သဘော ရှိတာပဲ"

"ဒီလိုဆိုလည်း ကိုကို လိုက်မောင်းပြီး ကြုံမနေပါနဲ့တော့ ဖေဖေ့ယာဉ်မောင်းနဲ့ သွားမယ်"



ဇင်လေးက ဦးစိုးပိုင်နှင့် ဒေါ်မြမြစိမ်းတို့ကို ဖေဖေ မေမေပဲ ခေါ်ပါသည်။

"တစ်ခေါက် ကိုကိုပို့ရင် ယာဉ်မောင်း တစ်ခေါက်ကြိုပေါ့၊ ယာဉ်မောင်းနဲ့သွားရင် ကိုကိုကြိုပေါ့၊ နှစ်ခေါက်လုံး ယာဉ်မောင်းနဲ့ချည်း လွှတ်တော့လည်း မိန်းမကို ဂရုမစိုက်ဘူးဖြစ်ဦးမယ်"

"အမယ် ... ဇင်လေးက ဒါမျိုး ဘယ်တုန်းက ပြောဖူးလို့လဲ"

"အေးပါ ... ကိုကို့မိန်းမ လိမ္မာတယ်"

"ကိုကိုလည်း လိမ္မာနော်"

"ဘယ်တုန်းက မိုက်ဖူးလို့လဲ"

"ဟိုတုန်းက ကားမောင်းရတာ သိပ်ကြိုက်ခဲ့တဲ့လူက ခု ကားမမောင်းချင်တော့ဘူးတဲ့၊ လူ့စိတ်ဆိုတာ ပြောင်းလဲတတ်တဲ့သဘော ရှိတယ်တဲ့၊ ဟိုတုန်းက မမိုက်ခဲ့ဘူးတဲ့၊ ကိုကိုက အခု မိုက်ချင်စိတ် ပေါက်သွားမှာစိုးလို့ပေါ့၊ ကိုကို့စိတ်မှာ အပြောင်းအလဲဖြစ်မှာ စိုးလို့ပေါ့"

"လိမ္မာပါ့မယ် ဇင်လေးရယ်၊ ကိုကို မမိုက်ပါဘူး"

"ဇင်လေးက ကတိတောင်းချင်တာ သိလား၊ ဒါပေမဲ့ မတောင်းတော့ပါဘူး၊ တော်ကြာ ကတိမတည်ရင် ကိုကို ကတိဖျက်မှာစိုးလို့"

"သစ္စာဖူးတယ်ပဲ ကြားဖူးပါတယ် ဇင်လေးရယ်၊ ကတိဖူးတယ်ရယ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ကတိလည်း စူးတာပဲ၊ ကျိန်တာလည်း စူးတာပဲ။ ဟိုး အရင်တုန်းကလေ တစ်ခါ ကိုကိုက ဇင်လေးကို သိပ်ချစ်လို့ ကျိန်မယ်ဆိုတုန်းကလေ ကိုကို မှတ်မိလား"

"မှတ်မိပါတယ်၊ ဇင်လေးက မကျိန်နဲ့ဆိုလို့ ကိုကို မကျိန်လိုက်ရဘူး"

"ခုလည်း တူတူပေါ့ ကိုကို၊ ကျိန်ပြီးမှ မမှန်မကန်ဖြစ်ရင် ကျိန်စာစူးမယ်၊ ကတိပေးပြီးမှ ကတိမတည်ရင် ကတိစူးမယ်၊ အဲဒါကြောင့် ကိုကို လိမ္မာမယ်ဆိုတဲ့ ကတိကို ဇင်လေး မတောင်းတော့ပါဘူး၊ ဒါဆို ဇင်လေး ယာဉ်မောင်း ဦးလေးကြီးနဲ့ပဲ သွားလိုက်မယ်"

"ပြန်ချင်တဲ့အချိန် ဖုန်းဆက်"

"ဟုတ်ကဲ့ ကိုကို၊ မေမေ့ကို သွားပြောလိုက်ဦးမယ်"

ဇင်လေးက ဘယ်သွားသွား၊ ဘာလုပ်လုပ် ယောက်ျားကို အသိပေးသည်။ ခွင့်တောင်းသည်။ ဒါ ငယ်ငယ်ကတည်းက ဘွား ဒေါ်အိမ်စည် ချမှတ်ပေးထားခဲ့သည့် စည်းကမ်းပါ။

✤ ✻ ✤

နေမင်းစစ် ရင်ထဲမှာ တစ်စစီ ကြွေနေပါသည်။

ဘာတွေပါလိမ့်။ ရင်ထဲမှာ တဖြုတ်ဖြုတ် ပဲ့ရွဲ့ကြွေကျနေသလို ခံစားပေမယ့် အသက်ရှင်လျက်မို့ အသည်းတွေ နှလုံးတွေဆိုတာ တကယ်မကြွေတတ်ဘူးလို့ပဲ သတ်မှတ်ရပါမည်။ ခံစားရသည့် ဝေဒနာကတော့ အသည်းကြွေနာ ရင်ကွဲနာပါပဲ



ပြန်ရောက်လာသည့် မမကို နေ့ရှိသရွေ့ ဖူးတွေ့ချင်၏။ မသွားရဲပါ။ မမကိုမြင်ခွင့် ကြိမ်ဖန်များသည်နှင့် ကိုယ့်စိတ်ကိုယ် မထိန်းနိုင်မှာစိုးသည်။ မမအပေါ် ချစ်ခြင်းသည် ယနေ့တိုင် ရှင်သန်ဆဲဖြစ်၏။ မဆိတ်သုဉ်းနိုင်သေးသော အဖြစ်ကို စိတ်ပျက်မိ၏။ သူ့အလိုအလျှောက် မေ့ပျောက်သွားနိုင်တာမျိုးဆိုလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ မမ ပြန်ရောက်ကတည်းက အလုပ်ထဲမှာလည်း စိတ်မပါ။ လူက နွမ်းခွေကြီးဖြစ်လျက် ခပ်နုံးနုံးပုံစံ ဝင်နေသည်။ အဝတ်အစားကစလို့ ဇင်လေးသာ ထုတ်မပေးလျှင် တွေ့ရာဆွဲဝတ်မိမှာ သေချာ၏။ ရုံးခန်းအလာတွင် ခေါင်းဖြီးခဲ့သော်ငြား စိတ်ရှုပ်ရှုပ်ဖြင့် ခဏခဏဆွဲဆွဲဖွသောကြောင့် ဆံပင်က ဘုတ်သိုက်သာသာတည်း။

အိပ်ရေးကလည်း ပျက်ချင်ချင်မို့ လူက ညင်းသိုးသိုး ဖြစ်နေသည်။ စိတ်လက်မရွှင်လန်း မတက်ကြွတာကို ငြင်းမရပါ။ ဖေဖေကတောင် ...

"ဟေ့ကောင် ... သား ဘာဖြစ်နေလဲ" မေးယူရပြီ။

"ဘာမှမဖြစ်ပါဘူး ဖေဖေ၊ အအေးနည်းနည်းပါးပါးမိလား မသိဘူး၊ လူက ထိုင်းထိုင်းမှိုင်းမှိုင်းနဲ့"

"ကိုယ်လက်လှုပ်ရှားလေး တစ်ခုခုလုပ်ဖို့ လိုတယ် ထင်တယ်၊ သားတို့ ကလပ်မသွားတာတောင် ကြာပြီ၊ ဟိုညီအစ်ကိုတွေနဲ့ ပြိုင်ချေဦးလေ၊ ရေပြိုင်ကူးမလား၊ ဘက်တမင်တန် ပြိုင်မလား၊ ဘိလိယက်ပြိုင်မလား သွားချပါလား"

"မသွားချင်သေးပါဘူး ဖေဖေရာ"

www.burmeseclassic.com

www.burmeseclassic.com



"ထွန်းစိန်ချစ်တို့ သုတတို့နဲ့လည်း မတွေ့ဖြစ်တာ ကြာပြီနော်"

"ထွန်းစိန်ချစ်က နိုင်ငံခြားသွားနေတယ်၊ သုတက မိန်းမရသွားပြီလေ ဖေဖေရဲ့၊ မင်္ဂလာဆောင်တောင် သွားသေးတာကို"

"အေး ... ဟုတ်သားပဲ"

"ကျွန်တော် နေကောင်းပါတယ်၊ ဘာမှသိပ်မဖြစ်ပါဘူး"

"မဖြစ်ရင်လည်း ပြီးရောကွာ၊ မင်းကြည့်ရတာ အသက်သုံးဆယ်နဲ့ မတူဘဲ ခြောက်ဆယ်နဲ့ တူနေလို့"

နေမင်းစစ် ရယ်ပစ်လိုက်၏။ "ခြောက်ဆယ်နဲ့တူရင် တော်သေးတာပေါ့ ဖေဖေ၊ တစ်ရာ့နှစ်ဆယ်နဲ့ တူနေပြီမှတ်တာ"ဟု မပြောဖြစ်တော့ပါ။ လူ့ဘဝကြီးမှာ ဘာတွေကို စိတ်ကုန်မှန်းမသိကုန်ပြီး မပျော်မရွှင် ဖြစ်နေသည်။ အထူးသဖြင့် ဒါကို ဇင်လေး မသိအောင် ဖုံးဖိရခြင်းက နေမင်းစစ်အတွက် အပင်ပန်းဆုံး ဖြစ်တော့သည်။ ရုံးရောက်တော့မှ စိတ်လွတ်ကိုယ်လွတ် ချုံးချုံးကျပစ်လိုက်ကာမှ ဖေဖေက သတိထားမိသွားရပြီး သတိပေးခြင်း ခံရသည့်အဖြစ်ကို ရောက်သတဲ့။ နေမင်းစစ်မှာ အိမ်နေ အမေရိက်၊ ကျောင်းနေ ဆရာရိုက်၊ လမ်းနေ ပုဆွက်ဆိတ်ကိုက် ဆိုသကဲ့သို့ နေစရာမရှိ ဖြစ်ရတော့သည်။

ကိုယ့်ဘဝကြီးကို ကိုယ်မကျေနပ်။ ဘာတွေမှားယွင်းနေမှန်း မသိ။ ဘဝနဲ့လူသား သဟဇာတမဖြစ်ဘဲ အံချော်နေသလိုလို။ ဘဝကြီးကို ပြောင်းပြန်လှည့်ပစ်လိုက်ချင်၏။ တစ်ထနေ ပြန်စချင်သည်။ ပင်ပန်းချင်လည်း ပင်ပန်းပါစေတော့။



ကျောင်းတက်ခဲ့ရသည့်ကာလကို ပြန်ရင်ဆိုင်ချင်ရင် ဆိုင်ရပစေ။ ဆယ်တန်းပြန်ဖြေရင်လည်း ဖြေရစေတော့။ ဘွဲ့ရဖို့ တက္ကသိုလ်ပြန်တက်ချင်လည်း တက်ရစေတော့။ မိခင်ဝမ်းမှ ကျွတ်သည့်အချိန်ကလေးသို့ ပြန်ရောက်ရှိချင်သည်။ ကိုယ့်ဘဝကိုယ် စိတ်တိုင်းကျ ဖန်တီးလိုက်ချင်သည်။ ခပ်စိမ်းစိမ်းနေမှ ဖြစ်မည့်သူတွေနှင့် ကင်းကင်းစိမ်းစိမ်း၊ နီးလိုသူတွေနှင့်ကျမှ ရင်းရင်းနှီးနှီး၊ လူပေါင်း သူပေါင်း အပေါင်းအသင်းမှစလို့ ပြန်လည်ရွေးချယ်ပေါင်းသင်းချင်တော့သည်။

ဒါတွေ လုပ်ချင်တိုင်း လုပ်ပစ်လိုက်ဖို့ကျတော့ လူကောင်းတစ်ယောက်အနေနှင့် ကိုယ့်ကိုယ်ကိုယ် ခွင့်မပြုပါ။ မည်သူကမျှ လာရောက်တားဆီးစရာ မလိုပါ။ ကိုယ့်ဘာသာကိုယ်တားဆီးပြီး လူကောင်းလုပ်ပြရတော့ ပင်ပန်းဆင်းရဲဒဏ်ကို ပိုလို့ခံစားရပါ၏။ တစ်စစနှင့် လူက သက်မဲ့လာသလို၊ ဆိတ်ငြိမ်တိုးတိတ်ခြင်းက ကြီးစိုးလာတော့၏။

"ကိုကို နေကောင်းရဲ့လား"

အနိုင်နိုင် ဟန်ဆောင်သည့်ကြားမှ လွတ်ထွက်ချိန်တစ်စတစ်စများလျက် အသံတိတ်ဆန္ဒပြသလို ငြိမ်ကျနေသည့် နေမင်းစစ်ကို ဇင်လေး သတိထားမိရပါပြီ။

"သိပ်မကောင်းဘူး ဇင်လေးရဲ့၊ ခေါင်းထဲက အမြဲနောက်နေတယ်"

အဲဒါ မှန်သောစကားဖြစ်သည်။ ခေါင်းထဲမှာ အမြဲနောက်နေသည်။ မမနှင့် တွေ့ချင်သည်။ ဆုံချင်သည်။ ပြောချင်သည်။ မတွေ့ရ၊ မဆုံရ၊ မပြောရဟု ကိုယ့်ဘာသာ တင်းကျပ်

www.burmeseclassic.com

www.burmeseclassic.com



လျက် ရှောင်ရှားရလေ မွန်းကျပ်ပိတ်လှောင်လေနှင့် ခံစားချက်မှ ထွက်ပေါက်မရှိဖြစ်ကာ တစ်နေ့မှ ခေါင်းကြည်သည်ဟူ၍ မရှိတော့ပါ။

"ဦးနှောက်နဲ့ အာရုံကြော ပြကြည့်မလား ကိုကို"

"ကိုကိုက စိတ္တဇကုဆရာဝန်နဲ့ပဲ ပြလိုက်ချင်တော့တယ်"

မှန်သောစကားကို ဆိုမိပြန်ပါပြီ။ လူက ရူးချင်နေသာအမှန်မို့ အရူးကုဆရာဝန်နှင့်ပြမှသာ ဝေဒနာနှင့် ဆရာဝန် သင့်မြတ်တော့မည် မဟုတ်လား။

"ကိုကို ခုတလော မှိုင်တယ်"

"ခေါင်းမကြည်တော့လည်း မရွှင်လန်းဘူးပေါ့ ဇင်လေးရယ်"

ကိုယ့်ပုံစံ ပျက်ယွင်းမှု အနေအထားက ကိုကို နေကောင်းပါတယ် ဇင်လေးရဲ့ဟု လိမ်ညာဖုံးဖိလို့တောင် မရနိုင်သည့် အခြေအနေမို့ ဖုံးတစ်ဝက်၊ ဖိတစ်ဝက်၊ ဖော်တစ်ဝက်နှင့် ပြောရတော့သည်။

"အဲဒါကို ပြောတာပေါ့၊ ကိုကို့မှာ မကျေနပ်စရာ တစ်ခုခု များ ရှိလားဟင်၊ ဥပမာ အလုပ်ထဲမှာဖြစ်ဖြစ်"

"မရှိပါဘူး ... ဘာလို့ရှိရမှာလဲ၊ ကုမ္ပဏီက ကိုကိုတို့ မိသားစုတစ်ဦးတည်းပိုင်ပဲ၊ ရှယ်ယာတောင်မှ မပါတာ၊ အလုပ် လုပ်နေကြရတာက အဖေနဲ့သား၊ ဘာဖြစ်စရာရှိမလဲ"

"ဖေဖေ ဆူသေးလားလို့"

"မဆူပါဘူး၊ ဆူစရာလည်း ကိုကို ဘာမှမလုပ်ဘူး"



"ဒါဖြင့် ဇင်လေး ဝတ္တရားမကျေတာများ ရှိလား ကိုကို ရယ်၊ ဇင်လေးအပေါ် မကျေနပ်တာများရှိရင် ကိုကို ဖွင့် ပြောပါ"

"မရှိပါဘူး ဇင်လေးရယ်၊ ဇင်လေးကိုမှ မကျေနပ်ရရင် အဲဒီကောင် ရူးလို့ပဲ၊ ဝတ္တရားလည်း အားလုံးကျေတယ်၊ တွေ့ကရာတွေ လျှောက်တွေးနေနဲ့၊ ကိုကို ဖြေရှင်းနေရတာ ကို ပင်ပန်းတယ်"

နေမင်းစစ် စိတ်တိုစပြုလာ၏။ ကိုယ့်မှာ ဖြေစရာ အဖြေမရှိတာကိုပဲ လာပြီး ပုစ္ဆာတွေ ပေးနေကြသည်။ ကိုယ်ဘာ ဖြစ်နေလဲဆိုတာ တကယ်တမ်းဆို ကိုယ့်ဘာသာတောင် သိပ်မ ပြောတတ်ပါ။ မမ ပြန်ရောက်လာတာနှင့် ကိုယ် ဒီလိုဖြစ်တာနှင့် ဘာမျှမဆိုင်။ ဖြစ်စရာအကြောင်း ဘာမျှမရှိ။ မရှိလျှင် မဖြစ်ပါနဲ့ တော့လား ဆိုတော့လည်း မဟုတ်။ ဖြစ်နေ၏။ ဖြစ်နေတာကို စိတ်တိုသည်။ ဘာဖြစ်နေလဲ လာမေးသူတွေကို စိတ်တိုသည်။ တစ်လောကလုံးမှာ စိတ်တိုစရာတွေချည်းမို့ လောကကြီးနှင့်တကွ သက်ရှိလူသားအားလုံး တစ်ယောက်မကျန် ကိုယ်တိုင်အပါအဝင် ကို စိတ်တို၊ စိတ်ဆိုး၊ ဒေါသထွက်၊ ကြည့်မရဖြစ်နေရကြောင်းပါ ဟုသာ ပြောလိုက်ချင်တော့သည်။

"ဘဘဦးတင်မောင်ထွန်းက မမထက်ကို ပြောနေတယ် သိလား"

ဇင်လေးက မမအကြောင်း စလာ၏။ ဘဘဦးတင် မောင်ထွန်းဆိုတာ ဘွားသမီးအငယ်၏ ခင်ပွန်းဖြစ်၏။ အဲသည် ဦးတင်မောင်ထွန်းက အရမ်းအေးဆေးသည်။ ဘယ်သူ့ကိစ္စထဲမှာ

www.burmeseclassic.com



မှ ဘာမှဝင်မပါတတ်သူ ဖြစ်၏။ ဒီလိုလူမျိုးက မမကို ပြောနေသည်ဆိုတော့ ဘာပြောနေပါလိမ့် ... ဟု သိချင်စိတ်ဖြစ်တော့၏။

"ဘာပြောနေလို့လဲ"

"ကိုသန့်စင်မျိုးနဲ့ ပြန်ပြီး အဆင်မပြေမှာ သေချာသွားရင်တဲ့ ရန်ကုန်မှာ ကြာကြာထားပြီး သင့်တော်တဲ့လူတစ်ယောက်နဲ့ လက်ထပ်ပေးလိုက်ဖို့ သင့်တယ်တဲ့၊ ဘဘဦးထက်မြက်နဲ့ အန်တီကြော့တို့ကို လှမ်းမှာပေါ့တဲ့၊ ပြီးမှ လန်ဒန်ပြန်ချင် ပြန်ကြပစေတဲ့၊ ဒီတိုင်းဆိုရင် မမထက် စိတ်လေပြီး မသင့်တော်တာတွေ ဖြစ်ကုန်မှာ စိုးရတယ်တဲ့"

ဟုတ်ပါ့ ... ဟုသာ ကျူးအော်ပေးလိုက်ချင်သည်။ ရော်ဘီတုန်းက ဖြတ်ခဲ့တာ ထားပါတော့။ ကိုသန့်စင်မျိုးနှင့် ပထမအကြိမ် စိတ်ဆိုးပြီး စေ့စပ်ပွဲဖျက်၊ ရန်ကုန်ပြန်လာတာလည်း ထားပါတော့။ ယခုအကြိမ် လန်ဒန်ပြန်ရောက်၊ ကိုသန့်စင်မျိုးက မေတ္တာမပျက် ဆက်လက်ကြိုးစား။ ဒီလူ လူကောင်းလူတော် အားကိုးထိုက်သည့် ပုဂ္ဂိုလ်မှန်းလည်း သိပြီဆိုလျှင် ဒီလူနှင့်ဖျက်ခဲ့သည့် စေ့စပ်ပွဲကို ပြန်အကောင်အထည်ဖော်ပြီး အမြန်ဆုံးလက်ထပ်ဖို့သင့်တာ အမှန်အကန်ပဲပေါ့။

အဲ ... လက်မထပ်ဖြစ်ခဲ့ပြန်ဘူး။ ရန်ကုန်ရောက်လာပြန်ပြီဆိုတော့ ဘဘဦးတင်မောင်ထွန်း ပြောသလို အလုပ်သင့်ဆုံးပါပဲ။ ဒီအတိုင်း ဆက်လွှတ်ထားလျှင် မမ စိတ်လေဝါလိမ့်မည်။ ကိုယ်တောင် ဘယ်လောက် စိတ်လေနေသလဲ။ ယောကျ်ားစိတ်လေတာထက် မိန်းမစိတ်လေတာက ပိုဆိုးသည်။ ပျက်စီးရာ ပျက်စီးကြောင်းလမ်းပေါ် ရောက်သွားနိုင်သည်။ ဒါဟာ အေးရှ



အနေနှင့် ပြောတာပါ။ ကိုယ့်အနေနှင့်ကျတော့ နေမင်းစစ်အနေနှင့်ကျတော့ ဤစကားကို မပြောချင်ပါ။ ကိုယ်မှာ မမကို ပိုင်ဆိုင်နိုင်ခွင့် မရှိတော့ပြီဆိုလျှင်တောင် မမကို မည်သူမျှ မပိုင်ဆိုင်စေဘဲ ပိုင်ရှင်မဲ့အဖြစ် အလှကြည့်ချင်ပါသေးသည်။ ကိုယ်ဟာ အတ္တတွေများ သိပ်များနေပလား။ ဖင်လေးအပေါ် သစ္စာဖောက်ရာ ရောက်ပြီလား။

တစ်ခု ဝမ်းနည်းစရာ ကောင်းတာက မမအတွက် ဘဘဦးတင်မောင်ထွန်းတို့က သင့်တင့်သူ ရှာဖွေသည့်အခါမှာ ကိုယ်က ပြိုင်ပွဲမဝင်နိုင်တော့တာပါဘဲ။

ကိုယ်နဲ့ ဖင်လေးတို့က ငယ်စဉ်ကတည်းက မောင်နှမအရင်းလို ချစ်ခဲ့ကြတာ ဆက်ချစ်နေ။ ဖင်လေးက သင့်တင့်လျောက်ပတ်သူနှင့် အိမ်ထောင်ကျချင်ကျ။ မကျချင်လည်း အပျိုဘဝမှာပဲထား။ ကိုယ်ကလည်း လူပျိုကိုယ်လွတ်ပါဆိုတော့ မမကို ဘွားထံမှာ ကိုယ်တိုင်လည်း သွားတောင်းဝံ့သည်။ ဘွားနှင့်ကိုယ်က အဲသည်လောက်ထိ ရင်းနှီးသည်။ ဖေဖေ မေမေ လွှတ်ပြီးတော့လည်း တောင်းနိုင်နိုင်သေးသည်။ ဒုတိယအချစ်ဆုံးမြေးနှင့် သဘောတူခဲ့သော ဘွားသည် ကိုယ့်ကို သူ့ရဲ့အချစ်ဆုံးမြေးနှင့်လည်း သဘောမတူစရာ ဘာအကြောင်းမျှ မရှိပါ။

ခုတော့ အတွေ့နောက်ကျ၏။ ကိုယ်ပြိုင်ပွဲဝင်စာရင်း သွင်းနိုင်ပြီ။

"ခု ... ကြည့်ကြပြီလား ဘွားတို့က"

"ကြည့်ပြီ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မမ ဒီတစ်ခေါက် ပြန်လာတာကိုက ဘွား အတင်းခေါ်လို့ ပြန်လာတာ"

"အိမ်ထောင်ချဖို့လား"

"အဲဒါလည်း ပါတာပေါ့၊ ကိုသန့်စင်မျိုးကို လုံးဝစိတ်မဝင်စားတော့ဘူး ဆိုရင်ပေါ့၊ နောက်တစ်ခုက အမွေကိစ္စပါ"

"ဘွားက မမကို အမွေခေါ်ပေးတာလား"

"မမထက် တစ်ယောက်တည်းကို မဟုတ်ပါဘူး၊ မြေးအားလုံးကိုပါ၊ ကိုကိုဦးက မလာနိုင်လို့ ကိုကိုဦး အတွက် မမထက်က လက်ခံသွားရမှာ"

"အမွေက ခွဲပြီးပြီပဲ"

ဟုတ်ပါသည်။ ဘွားက သူပိုင်အိမ်များကို သားသမီးတွေအတွက် တစ်ယောက်တစ်လုံး ခွဲဝေရာတွင် အကောင်းဆုံးနှင့် အကြီးဆုံးခြံနှင့် တိုက်ကြီး။ ယခု ဘွားကိုယ်တိုင်နှင့် ဦးမျိုးဇင်၊ ဒေါ်ခင်ခင်လေးတို့နေသော ခြံကို ဦးမျိုးဇင်တို့က ရသည်။ ဘွားက ဒီအိမ်မှာပဲ တစ်သက်လုံးနေမည်။ ဦးမျိုးဇင်နှင့် ဒေါ်ခင်ခင်လေးတို့က ဘွားကို တစ်သက်လုံး စောင့်ရှောက်ရမည်။ နောက်ထပ် နှစ်ခြံက ဇင်လေးနေခဲ့သော ဖေဖေဦးမျိုးဇင် အမွေရသည့် ခြံလောက် မကျယ်ပါ။ အိမ်လည်းသေးသည်။ အဲဒါတွေကို ဦးတိုးလွင်နှင့် ဒေါ်မြင့်မြင့်ခင်က ရသည်။ ဘွားမှာ ခြံဆိုလို့ သုံးခြံပဲရှိပြီး နောက်တစ်ခုက ကွန်ဒိုမီနီယံ တိုက်ခန်းကျယ်ကြီး ဖြစ်၏။

အန်တီကြော့က (မမထက်မြက်အမေ) သမီးအကြီးဆုံး ဖြစ်တာရယ်၊ ရန်ကုန်မှာ ပြန်နေဖြစ် မနေဖြစ် မသေချာ



(မနေဖြစ်ဖို့က ပိုများသည်)တာရယ်၊ ပြီးတော့ နိုင်ငံခြားသို့ ထွက်သွားခဲ့သည်မို့ မိဘကို ပြုစုခွင့်မရတာရယ်တို့ကြောင့် ကွန်ဒိုတိုက်ခန်းကိုပဲ ယူပါမည်ဟု သဘောတူ ကျေနပ်ခဲ့သည်။ ထိုကွန်ဒိုကို အိမ်ငှားတင်ထား၏။

"ခြံတွေ၊ တိုက်တွေတော့ ကုန်ပြီပေါ့၊ လုပ်ငန်းတွေအားလုံးလည်း ခွဲပြီးသားပါ၊ ဘွားက အခုဝေမှာ ဘွားရဲ့ရတနာတွေ ..."

"ဪ"

"မြေးတွေကိုပေးမယ်၊ တချို့ကျတော့ ရောင်းပြီးလှူမှာ၊ လှူချင်လို့ ရောင်းမှာ၊ လှူဖို့ရောင်းမှာ ဆိုပါတော့၊ အဲဒီအခါမှာ သားသမီးမြေးမြစ်ထဲက ဝယ်နိုင်ရင် ဝင်ဝယ်ထားနိုင်တယ်၊ ဘွားက အညာဘက်က ရွာလေးငါးရွာမှာ စက်ရေတွင်းတွေ တူးပေးခဲ့မယ်တဲ့ ...

"ဘုန်းတော်ကြီးကျောင်းတွေမှာပေါ့၊ ပြီးတော့ ဆေးရုံတွေမှာ ဆေးရုံသုံးပစ္စည်းတွေ လှူမယ်၊ နောက်တစ်ခု မမထက်ကို အဓိကထားပြီး ခိုင်းချင်တာကတော့ အင်္ဂလန်မှာ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွေရှိတယ်၊ ဓမ္မရိပ်သာတွေ ရှိတယ်၊ တရားစခန်းတွေ ရှိတယ်၊ တချို့ဆရာတော်တွေ ဆိုရင် သာသနာပြုရင်း ...

"ကျောင်းလည်းတက်ရင်းနဲ့ သိပ်တော်တာပဲတဲ့၊ ဦးပဥ္စင်း ဦးဓမ္မသာမိ ဆိုရင် အောက်စ်ဖို့ဒ်ယူနီဗာစတီမှာ Ph.D တက်နေတယ်၊ မြန်မာစကား သိပ်မတတ်တော့တဲ့ မြန်မာတွေကို အင်္ဂလိပ်လိုတရားဟောတယ်၊ ဗုဒ္ဓဘာသာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်ပြီး မသိတာတွေရှိရင် လျှောက်ထားမေးမြန်းနိုင်တယ် ...

"သာသနာ့ အာဇာနည်တွေလို့ ပြောရင်တောင်ရတယ်၊ သာသနာပြုပုဂ္ဂိုလ်တွေပေါ့၊ အဲဒါတွေကို လှူချင်တယ်၊ လူမျိုးခြားတွေထဲမှာ ဗုဒ္ဓသာသနာ ပြန့်ပွားရေးဆောင်ရွက်နေတာကို ဂုဏ်ပြုချီးကျူးလွန်းလို့တဲ့ ...

"အဲဒါတွေကို လှူချင်တာပေါ့လေ၊ အဲဒါတွေလုပ်မှာအဲဒီအတွက်လည်း မမထက်ကို မှာတာ၊ လုပ်စရာတွေကတော့ အများကြီးပေါ့ ကိုကိုရယ်"

နေမင်းစစ်က နားပဲထောင်နေလိုက်တော့သည်။

"ကိုကိုက မမထက်ကို အစက မျက်စိနောက်နေတာနော်"

"မနောက်ပါဘူး၊ ဘာဖြစ်လို့လဲ"

"အကောင်းမှ မပြောတာ၊ အပြစ်တင်ပြီး ဝေဖန်နေတာများတယ်၊ ခုတလောတော့ မျက်စိပဲ မနောက်တော့လို့လား၊ ဝေဖန်ရတာ မောသွားလို့လား မသိဘူး၊ မမထက်နဲ့ ပတ်သက်ပြီး အသံတိတ်နေတယ်၊ မတွေ့ရအောင်လည်း ရှောင်နေသလားလို့"

"မရှောင်ပါဘူး ဇင်လေးရဲ့၊ ရှောင်နေရအောင် သူနဲ့ကိုယ်နဲ့ ရန်လည်း မဖြစ်ဖူးဘူး၊ တကူးတက သွားတွေ့ဖို့ကျတော့လည်း ကိုယ့်ဆွေမျိုး မဟုတ်တော့ အကြောင်းကြီးငယ်မရှိဘူး၊ ဒီလိုပဲ နေလိုက်တာပါ၊ မဝေဖန်တော့တာကတော့ဝေဖန်နေလည်း အကြောင်းမထူးလို့ ...



"မဝေဖန်လည်း ဒါပဲ၊ ဝေဖန်လည်း ဒါပဲ၊ ဝေဖန်မနေတော့ပါဘူး ဇင်လေးရယ်၊ အပြီးသတ်ကျတော့လည်း မမရဲ့ကောင်းခြင်း ဆိုးခြင်းတွေကို ကိုကိုက ဘာတတ်နိုင်တာမှတ်လို့၊ ဆိုင်လည်း မဆိုင်ဘူးလေ၊ အဲဒါကြောင့်ပါ"

ဇင်လေးနှင့် စကားဝိုင်းက အဲဒီလောက်နှင့် ပြီးပြတ်သွားလို့ တော်ပါသေးရဲ့။

လောကမှာ ဖြူစင်ခြင်း၊ ရိုးသားခြင်းဟာ အကောင်းဆုံးပါပဲ။ ဖြူစင်ရိုးသားစွာ နေထိုင်ပြောဆိုကြသူများ၊ လောကကြီးမှာ နေပျော်သည်။ မရိုးမသားသူများကျတော့ ကိုယ့်မရိုးသားမှုကို ဖုံးရင်း ဖိရင်း မုသားစကားတွေလည်း ပြောရ၊ နည်းပညာမျိုးစုံဖြင့် နေရသည်။ ကိုယ့်ကိုယ်ကိုယ်လည်း တယ်ပြီး မသတိချင်တော့ပါဘူး။

✤ ❋ ✤

အဲဒီသတင်းကို ဇင်လေး ယူလာခဲ့သည်။

"ဦးမင်းခနဲ့ ဒေါ်သက်ထားဇင်တို့ ဘွားဆီ လာကြတယ် ကိုကို"

နေမင်းစစ် ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်သွားရပြန်ပါသည်။ ဇင်လေးက ဘွားဆီ နေ့တိုင်းလို သွားပေမယ့် အသွားမှာ အိမ်မှယာဉ်မောင်းက ပို့တာများသည်။ နေမင်းစစ် လိုက်ပို့လျှင်လည်း အိမ်ပေါက်ဝမှာ ချထားခဲ့ပြီးတာနှင့် ကားကွေ့၍ ပြန်၏။ အပြန်တွေမှာကတော့ မကြိုရသလောက်ပါ။ ဘွားအိမ်မှာ လူစုကြ

www.burmeseclassic.com



သည်မို့ လာသည့်ကားတွေထဲမှ တစ်ဦးဦးက လှည့်ပို့သွားသည်ချည်း။ မမ ဒီတစ်ခေါက်ရောက်လာကတည်းက လေဆိပ်မှာကြိုဆိုစဉ်ကတစ်ကြိမ်၊ နောက်ပိုင်း ဖေဖေလေးကိုပို့ရင်း ဘွားအိမ်မှာ တစ်ကြိမ် နှစ်ကြိမ် ကြုံပြီးကတည်းက မတွေ့တော့တာပါ။

ဦးမင်းခနဲ့ ဒေါ်သက်ထားခင်တို့ လာသည်ဆိုတာ အဓိပ္ပာယ်မဲ့တော့ ဘယ်ဟုတ်ပါ့မလဲ။

"မြေးတောင်းလား"

"အစစ်ပဲ ... မမထက်တို့များ ဘယ်တော့မဆို ထိပ်ဆုံးက ပဲ၊ အဲဒီညီအစ်ကိုတွေအကြောင်း ကိုကိုလည်း သိသားပဲ၊ သမီးရှင်တွေက သူတို့မှာ သမီးတွေရှိရင် ကြိုက်တဲ့သားက ကြိုက်တဲ့သမီးကို ကောက်ယူပါဆိုပြီး ပြတာမျိုး ပြကြ တာ"

"အဲဒီလောက် လုပ်စရာ ဘာမှမလိုဘူး"

"လုပ်နေကြတာပဲ"

"အဲဒါကြောင့်ပေါ့၊ ကြည့်မယ်ဆိုပြီး အစမ်းတွဲသတဲ့ ခဏကြာတော့ သဘောချင်းမတိုက်ဆိုင်လို့ ဘယ်သူနဲ့မှ ဘာမှမဖြစ်နိုင်ပါဘူးဆိုပြီး ပြောရော၊ ယုတ်ကိုယုတ်မာ ကောင်တွေ၊ အဲဒီအကျင့်ကပါပြီး အပြင်မှာလည်း မိန်းမ ရှုပ်သေး"

"ကိုကိုက အဲဒီညီအစ်ကိုတွေကို မုန်းနေတာလား"

"နာမည်တူတောင် မခေါ်ချင်ဘူး"

"ဒီတစ်ကြိမ်မှာတော့ သူတို့ဘက်က အောက်ကျနောက်ကျ နဲ့လာတာပါ ကိုကိုရဲ့၊ ဒါကြောင့် ပြောတာ၊ မမထက်



များ ဘယ်တော့မဆို ထိပ်ဆုံးကပဲဆိုတာ အန်တီ ဒေါ်သက်ထားခင်က ပြောတယ်တဲ့ ...

"သမီးလေး မမထက်မြက်ကို အလွန်ပဲ တန်ဖိုးထားပြီး မြတ်နိုးပါတယ်တဲ့၊ သမီးချွေးမတော်ချင်ပါတယ်တဲ့၊ အဲဒါ ဘွားက စိတ်ဝင်စားတယ်ဆိုရင် သူ့သားသုံးယောက် ထဲက ကြိုက်တဲ့သားကို ရွေးချယ်ပါတဲ့ ...

"သူ့သားတွေ တစ်သက်မှာ ဒီလိုတောင်းရမ်းတာမျိုး ဒီတစ်ကြိမ်ပဲ လုပ်ခဲ့ဖူးပါသေးတယ်တဲ့၊ ဒါလည်း မှန်တာပဲ၊ သူတို့က ရွေးချယ်ခွင့် အကြိမ်ကြိမ်ရခဲ့ပြီး မရွေးချယ်ခဲ့ တာပါတဲ့၊ ခုတော့ ဘွားက ရွေးချယ်မယ်ဆိုရင် ကျေးဇူးတင် ဝမ်းမြောက်ရမယ်ဖြစ်ကြောင်းပါတဲ့"

"အမယ်လေး ... ရှင်ဘုရင်ကို လျှောက်ထားတာ ကျနေ တာပဲ"

"အဲဒီလို ပြောတာပဲ"

"သူ့သားတွေကို ဟင်းရွက် ကန်စွန်းရောင်းသို ဗန်းထဲ ထည့်ချပြလိုက်တာပေါ့"

"အဲဒီအတိုင်းပဲ၊ ခါတိုင်း သမီးရှင်တွေက လိုလိုလားလား ရှိခဲ့ကြတာ၊ သားတွေက မရွေးချယ်တော့ မျက်နှာပူ အားနာခဲ့ရတာတွေ ဝဋ်လည်သလိုပဲ ဘွားရယ်တဲ့၊ ဘယ်သား ကိုဖြစ်ဖြစ် ရွေးချယ်နိုင်ပါတယ်တဲ့၊ မမထက်ဟာ သူတို့ မိသားစုထဲမှာ အရေးပါဆုံး သတို့သမီးလောင်း ဖြစ်နေပါ ပြီတဲ့"

"အဲဒါ ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ မမထက်ကို သားသုံးယောက်လုံးက ဝိုင်းကြိုက်မိကြလို့လည်း ဖြစ်ရင်ဖြစ်မှာပေါ့၊ မမထက်ကို မြင်ဖူးတဲ့ လူပျိုတိုင်းဟာ မကြိုက်ဘဲ ဘယ်သူနေနိုင်လို့လဲ"

ဇင်လေးက မခို့တရို့ပုံစံလေးနှင့် ရိုးရိုးသားသား ပြောတာ ဖြစ်မှာပါ။ သို့ပေမဲ့ ... နေမင်းစစ် ရင်ထဲမှာကျတော့ မလုံမလဲ ဖြစ်ရပါသည်။

"ကိုကိုရော လူပျိုတုန်းက ချစ်ခဲ့သေးတာပဲ မဟုတ်လား"

ဟု မေးနေသယောင်ယောင်ပါ။

"ခုထိလည်း စွဲလမ်းတုန်းမို့ ကြောက်ပြီး ထွက်ပြေးနေတာ မဟုတ်လား"

ဟု ပြောနေသယောင်ယောင်ပါ။

ဇင်လေးနှင့် နေမင်းစစ်တို့ မမအကြောင်းကို ပွင့်ပွင့်လင်းလင်း တစ်ခါမျှ မဆွေးနွေးခဲ့ကြဘူးပါ။ ကိုကိုက ဒီလိုမဟုတ်လားဆိုတာမျိုးလည်း ဇင်လေးက တစ်ခါမျှ ဖွင့်မမေးခဲ့ပါ။ သို့ပေမဲ့ ဇင်လေး သိမည်ဟု နေမင်းစစ် ထင်ပါသည်။ ဒီကြောင်းတွေကို ဇင်လေးက ရိပ်ဖမ်းသံဖမ်းနှင့် စောင်းမြောင်းပြောတာမျိုးလေးတွေ ရှိသလို နေမင်းစစ်ကလည်း တစောင်းရန်းထွက်ခဲ့ရှူတာတွေ ရှိပါသည်။ နှစ်ယောက်သားမှာ ခံစားချက်ကိုယ်စီနှင့် ဖြစ်ပါမည်။ ပွင့်လင်းစွာ မဖွင့်ဟကြား ဇင်လေးလည်း ရင်ထဲမှာတော့ ကောင်းရှာမည် မထင်ပါ။ နေမင်းစစ် ကျတော့ရော ကောင်းနိုင်လို့လား။ မမနှင့် ပတ်သက်လာလျှင် ရင်ထဲကိုယ်စီ ခံစားချက်တွေနှင့် မဟုတ်လား။

"ဘွားက ဘာပြန်ပြောလိုက်လဲ"



"လူငယ်ချင်း စကားပြောကြည့်ကြပေါ့၊ ဒါပဲပေါ့"

"ဒီကောင်တွေ မိန်းမရှုပ်တာ ဘွား မသိဘူးလား"

"ဘယ်သူ့ကိုမှ မရွေးသေးတာကို ပြောတာလား"

"မရွေးရင် စောစောစီးစီး မရွေးနဲ့၊ ခုတော့ လူငယ်ချင်း စကားပြောမယ် ညှိမယ်ဆိုပြီး ဟိုလူနဲ့ ဒီလူနဲ့တွဲ၊ ဒီလူနဲ့ ဟိုလူနဲ့တွဲ သက်သက်အသားယူတာ မဟုတ်ဘူးလား"

"ကိုကိုကသာ စိတ်ဆိုးနေတယ်၊ သမီးရှင်တွေဘက်က လူငယ်ချင်း အဆင်မပြေလို့ စိတ်မကောင်းတာသာ ရှိချင်ရှိမယ်၊ ဒီညီအစ်ကိုတွေ အသားယူတယ်လို့ စိတ်ဆိုးသံလည်း ထွက်မလာပါဘူး"

"ဒါတော့ ကိုယ်ညှဲ့လို့ ခံလိုက်ရတာ ဘယ်သူက ရှာရိုးကိုးပေါက် ရှောက်ပြောပါ့မလဲ၊ လူကြားကောင်းတဲ့ စကားပဲ ပြောမှာပေါ့"

"ကိုကိုက အဲ့ဒီလူတွေကို မုန်းနေတာလား"

"ကြည့်လို့ကို မရတာ၊ ကြည့်ကို မကြည့်ချင်တာ"

"အဲဒါကြောင့် သူတို့ ဘွားဆီ နည်းနည်းအဝင်အထွက်ကလေး စလုပ်တာနဲ့ ကိုကိုက လက်ဦးအောင် ဇင်လေးကို တောင်းလိုက်တာလား၊ ဒါဆိုရင် ကိုကိုက ဟိုညီအစ်ကိုတွေကို နိုင်ချင် ကြောချင်တာနဲ့ ဇင်လေးကို တောင်းတာလို့ ယူဆရင် ရတာပေါ့နော်"

ဒီစကားတွေကို ဇင်လေးက ရန်လိုမောင်းမဲပြောရှာတာ မဟုတ်ပါ။ တကယ့်ကို သိချင်နေသည့် ကလေးငယ်တစ်ယောက်က ဖြူစင်စွာ မေးခွန်းထုတ်နေသည့် ပုံစံလေးနှင့် ပြောနေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်၏။ နေမင်းစစ်က ဇင်လေးကို ကြည့်သည်။ သက်ပြင်းမော ကိုချ၏။ ပြဿနာတစ်ခုခုနှင့် ထိပ်တိုက်တွေ့ရမှာ နေမင်းစစ် ကြောက်ပါသည်။ သို့ပေမဲ့ ခုတွေ့ရသည့် ပြဿနာက နေမင်းစစ် ကြောက်နေသည့် ပြဿနာလောက်မပြင်းထန်လို့ တော်သေးသည်။

"ဘာဆိုင်လဲ ဇင်လေးရာ၊ ဇင်လေးနဲ့ ကိုကိုက ခုမှထချစ် ကြတဲ့သူတွေလား၊ ငယ်ငယ်ကတည်းက ချစ်ခဲ့ကြတာ၊ ဇင်လေးဟာ ကိုကို ကုန်းပိုးထမ်းခဲ့ဖူးတဲ့ ကလေးပါ"

ဇင်လေးက ရယ်လိုက်၏။

"ခုရော ကိုကို ကုန်းပိုးဦးမလား၊ နိုင်သေးရဲ့လား၊ ဇင်လေး က နည်းနည်းဝလာတယ်နော်"

"မဝပါဘူး၊ နည်းနည်းကလေး ပိုပြည့်လာတာ၊ ဘာလို့ မထမ်းနိုင်ရမှာလဲ၊ ထမ်းပြရမလား"

"ဟင့်အင်း ... မလုပ်နဲ့၊ လိမ့်ကျမှာ ကြောက်တယ်၊ ငယ် ငယ်တုန်းကသာ ကြောက်ရမှန်းမသိလို့ စီးတာ"

"ကုန်းပိုးတယ်ဆိုတာ အလွယ်ဆုံး၊ လက်နှစ်ဖက်နဲ့ပွေ့ရ တာသာ မနိုင်ဘူး ဘာညာရှိတယ်၊ ကုန်းပိုးရလို့များ မနိုင်ဘူး လို့ လုံးဝမရှိဘူး"

"ဟင့်အင်း ... တော်ပြီ"

ဇင်လေးက တခိခိရယ်၍ ရုန်းသည်မို့ နေမင်းစစ် က ကုန်းပိုးမည့် အစီအစဉ်ကို လက်လျှော့သည်။ ဇင်လေးက တော့ ကြည်လင်သွားပါပြီ။ မကြည်မလင်နှင့် စိတ်ဆင်းရဲကျန်ရစ် ခဲ့ရသူက နေမင်းစစ်တည်း။

✤ ❋ ✤



## ၁၄

ဘွားက လူငယ်ချင်း စကားပြောကြည့် ... တဲ့။

ဘွားက ဤမြေးမကို အတည်တကျ ဖြစ်စေချင်ပြီ။ သုံးဆယ်ကစွန်းပြီမို့ အိမ်ထောင်ရက်သားကျဖို့ အချိန်တန်ပြီဟု ထင်၏။ သူ့ထက်ငယ်သော ဇင်လေးတောင် ကျပြီလေ။

"ဘွားက လူပျိုကြီး အပျိုကြီးလုပ်တာကို မှုအားဖြင့် မကြိုက်ဘူး၊ ဒါပေမဲ့ အပျိုကြီးဖြစ်မှာကြောက်လို့၊ လူပျို ကြီးဖြစ်မှာကြောက်လို့ ဆိုပြီးတော့ တွေ့ကရာဆွဲလွဲယူဖို့ ပြောတာ မဟုတ်ဘူးနော်၊ မကောင်းတဲ့သူနဲ့ ရမှာနဲ့စာရင် တော့ အပျိုကြီး လူပျိုကြီး ဖြစ်ရတာကမှ တော်သေးတယ်"

"မမက ယောကျ်ားတစ်ယောက်ကို ခေါင်းပေါ်တင်ပြီး သခင်လုပ်ရမှာကို မလုပ်ချင်တာ ဘွားရဲ့"

"အဲဒါတော့ မပူနဲ့၊ အိမ်ထောင်ကျပြီဟော့ ဆိုတာနဲ့ ယောကျ်ားဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ကတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ သူတို့ကိုယ်တိုင်က ကိုယ့်ခေါင်းပေါ်ခုန် တက်ပီး သခင်ကြီးလုပ်တော့တာပဲ၊ လုပ်ကိုလုပ်မှာ စိတ်ချ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း အိမ်ထောင်ပြုရတာ ဘာကောင်းလဲ ဘွား ရဲ့"

"အဖော်ရာကြတာပေါ့အေ၊ ကိုယ်လျှောက်မယ့် ဘဝခရီးမှာ အဖော်သဟဲပေါ့"

"အဲဒီအဖော်က ကိုယ့်ခေါင်းပေါ်မှာ စီးပြီးလိုက်လာတော့ ကိုယ်က သူ့ကိုရွက်ပြီး လျှောက်ရမှာ မလိုချင်ပါဘူး အဲဒီအဖော်ကို ..."

"ဒါ မြေးကချစ်တဲ့သူ မတွေ့သေးလို့ပြောတာ၊ နေမင်းတို့ ဇင်လေးတို့လို ချစ်ကြတော့လည်း တစ်ယောက်ဒုက္ခကို တစ်ယောက်က မျှဝေခံစားရတာကိုပဲ ကျေနပ်ကြည်နူးကြ တာ၊ ဒါကြောင့် ဘွားက အိမ်ထောင်ရေးမှာ အချစ်ပါစေ ချင်တာ ...

"ဒီလိုပြောတော့ ရှစ်ဆယ်ကျော်အဘွားကြီး ကဗျာ ဆန်တယ်မထင်နဲ့၊ အချစ်တစ်ခုတည်းနဲ့တော့လည်း မပြီး ဘူး၊ လူကောင်းသူကောင်း ဖြစ်ဖို့ကလည်း အရေးကြီးသေး တယ်၊ ကိုယ့်မျက်နှာထိုင်ကြည့်ပြီး တစ်ချစ်တည်း ချစ်နေ ဖို့ကလွဲရင် ...

"ဘာမှအသုံးမကျတဲ့ ယောကျ်ားမျိုးကျတော့လည်း ဘာလုပ်မလဲ၊ တကယ်တော့ မြေးရယ်၊ အိမ်ထောင်ရေးဆို တာ မလွယ်ပါဘူး၊ မလွယ်လို့ ရှောင်ကွင်းပါမယ်ဆိုတော့ လည်း မဖြစ်သေးဘူး၊ မရှောင်ကွင်းသင့်ဘူးဆိုရင် လာမယ့် ဘေး ပြေးတွေ့ဆိုသလို တွေ့ကရာလူ ကောက်ယူလိုက် လို့လည်း မဖြစ်သေးဘူး ...



"ဒါကြောင့် ဘွားက တိုက်တွန်းခြင်း၊ ကန့်ကွက် ခြင်း မလုပ်ဘူး၊ ကြည့် ... ချွေးနွေး၊ ညှိနှိုင်း၊ ကိုယ့် ဘာသာဆုံးဖြတ်၊ ဘွားက ပွဲကြည့်ပရိသတ်ပဲ၊ အမှားတွေ့ ရင်တားမယ်၊ ချောက်ထဲခုန်ချဖို့လုပ်ရင် ကုပ်ဆွဲပြီး ဖယ်ပစ် မယ်၊ ဒါပဲ"

ဘွားက အိမ်ထောင်ရေးမှာ အချစ်ပါစေချင်သည် ဆိုပဲ။ နေမင်းနဲ့ ဇင်လေးတဲ့။ အချစ်ပါသတဲ့။ ကြားရတာ နားချမ်းသာပေးလိုက်ပါ၏။ ကံကောင်းသူများ ကောင်းကြပါ စေ။

"ဘွားရေ ကိုယ်ချစ်မရဘဲ သူချစ်ဆိုရင်ရော"လို့ မမေးဖြစ်လိုက်ပါ။ "သူချစ်ဆိုလည်း ရတယ်"ဆိုရင်တော့ မမ အတွက် ကိုသန့်စင်မျိုးလောက် "သူချစ်"စစ်တာ မရှိတော့ပါ။

မမက ညီအစ်ကိုသုံးယောက်လုံးကို သူမလက်ရာ စပါဂတီနှင့် ဘွားအိမ်မှာပဲ ဧည့်ခံ၏။

"မမက ဒါတွေလည်း ရတယ်"

"အထင်ကြီးလိုက်တော့ ကိုခတို့ရေ ... မမက မိန်းမတွေ တတ်အပ်တဲ့ ပညာအကုန်ပေါင်း၊ ပလပ်စ် Plus ယောကျ်ား တို့တတ်အပ်တဲ့ ပညာတချို့ပါ တတ်တယ်"

"တယ်ဟုတ်ပါလား"

"အထင်ကြီးပါ"

"ကြီးပြီးသားပါဗျာ၊ ကျွန်တော်တို့ တွေ့ဆုံရတဲ့ကိုက မမ က အမြင့်စီးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အမြင့်စီးတွေ အနိမ့်စီးတွေ မဟုတ်ပါဘူး ကိုဇတို့ရဲ့၊ ဒီပွဲမှာ အမျိုးသားက သုံးယောက်ဖြစ်ပြီး အမျိုးသမီးက တစ်ယောက်တည်းဆိုတော့ မမကို အမြင့်စီးလို့ ရှင်တို့က ပြောတာ၊ မိန်းမသုံးယောက်နဲ့ ယောကျ်ားတစ်ယောက်ဆိုရင်လည်း ယောကျ်ားက အမြင့်စီးဖြစ်မှာပါပဲ ...

"ဒါ အရေးမပါပါဘူး၊ မမလက်ရာ စားကောင်းလား၊ ကြိုက်ရဲ့လားတော့ မသိဘူး"

"ကြိုက်ပါတယ်၊ ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်လုံး ဂျူးသိပ်ကြိုက်ကြတာ၊ ဂျူးနဲ့လုပ်တာမှန်သမျှ အကုန်ကြိုက်တယ်၊ စပါဂတီက ဂျူးအခြေခံခေါက်ဆွဲရင်မကြီး ပါမှတော့ ကြိုက်ပြီပေါ့"

"ရှင်တို့သုံးယောက်ကလည်း အမြွှာတွေလိုပဲ"

"အဲဒီလိုပဲ ပြောကြတယ်"

တကယ်ပဲ သူတို့ မြိန်ရည်ရှက်ရည် စား၏။

"မမက ရှင်တို့ကို ဖိတ်ကြားတာ မမအကြောင်း ပြောပြချင်လို့၊ မမက ပြောမပြလည်း ရှင်တို့ တခြားမှာ စုံစမ်းမှာပဲ၊ တခြားကဆိုတော့ သတင်းမှားကြီးတွေ ပါနိုင်တယ်လေ"

"မမကတော့ ပွင့်လင်းတယ်ဗျာ"

"ပွင့်ပွင့်လင်းလင်းပဲ၊ မမကိုလည်း ပြန်ပွင့်လင်းမှ ကြိုက်တယ်၊ မမက တော်ရုံနဲ့တော့ စိတ်မဆိုးတတ်ဘူး၊ အဲဒါကို သဘောကောင်းတယ်လို့ အသိအမှတ်ပြုပေးပေါ့"

"ပြုထားပြီးသားပါဗျာ"



"မမပြောမယ်၊ မမ ဆယ်ကျော်သက်က ချစ်သူတစ်ယောက် ရှိဖူးတယ်"

"မမမိဘတွေက သဘောမတူဘူးလား"

"မတူဘူး ... အဓိကက မေမေ ငိုလို့ပါ၊ မေမေမျက်ရည်နဲ့လဲပြီးရမယ့် ချစ်သူကို မယူချင်လို့၊ သိပ်မချစ်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့လေ"

"ဖြစ်နိုင်ပါတယ်"

"အဲဒီတစ်ယောက်နဲ့ ပြတ်သွားရော ဆိုပါတော့"

"ဟုတ်ပါတယ်၊ မမဘက်က တောင်းပန်ပြီး ဖြတ်တောက်ခဲ့တာပါ၊ အဲဒါပြီးတော့ နောက်တစ်ယောက်နဲ့ ဆုံပါတယ်၊ သူက မြန်မာလူမျိုးပါ"

ညီအစ်ကိုသုံးယောက်က ငြိမ်သက်စွာ နားထောင်ကြလေ၏။

"ကိုသန့်ဇင်မျိုးတဲ့ ... နာမည်ပါ ပြောရတာက ကိုဇတို့ စုံစမ်းလိုစိတ်ရှိရင် စုံစမ်းနိုင်အောင်လို့ပါ၊ သူက လူကောင်းလူတော်တစ်ယောက်ပါ၊ ကြိုးစားပါတယ်၊ ဖြူစင်ပါတယ်၊ စိတ်ကောင်းစေတနာ ရှိပါတယ် ...

"သူက မမကို သဘောကျပါတယ်၊ မမက သူ့ကို အစစအရာရာ သင့်တော်သူအဖြစ်နဲ့ လက်ခံခဲ့ပါတယ်"

"အဲဒီ သူ ..."

"ပြောပါမယ် ကိုဇွေ၊ မမတို့ စေ့စပ်ကြောင်းလမ်းပြီးတောင် လုပ်ပြီးခဲ့ပါပြီ၊ သူ့မိဘတွေ ရန်ကုန်ကလိုက်လာပြီး ဟိုမှာ ဖေဖေနဲ့မေမေဆီမှာ တောင်းရမ်းတာပေါ့လေ၊

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့အတွက် အိမ်ဝယ် ကားဝယ်ပေါ့လေ၊ နှစ်ယောက်တူတူ ဆောင်ရွက်ကြပါတယ် ...

"ဟိုမှာတော့ ဒီလိုပဲ၊ ယောက်ျားရော မိန်းမပါ အကုန်အကျခံတဲ့ ဓလေ့အကျင့် ဖြစ်နေပြီလေ၊ တကယ်တမ်း လက်ထပ်ခါလည်းနီးရော မမ အဲဒီလူကို စိတ်ပျက်လာမိတယ်"

"ဘာဖြစ်လို့လဲ"

"ပျော့ညံ့တယ်ထင်လို့၊ မမကို ဦးဆောင်သွားနိုင်မယ့်သူလို့ မထင်တော့ဘူး၊ နောက်ပြီး မမက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတာ၊ မာနလည်း ကြီးပါတယ်၊ ကြီးနိုင်တဲ့ အဆင့်ကို ရောက်အောင်လည်း ကိုယ်ကိုယ်ကိုယ် မြှင့်တင်ခဲ့ပါတယ် ...

"အဲဒီလို ကြိုးစားထားရတဲ့ ဘဝလေးကို ကိုယ့်သိပ်အထင်မကြီးတဲ့သူရဲ့လက်ထဲ ထိုးအပ်လိုက်ရမှာ ကိုယ့်ကိုယ်ကိုယ် နှမြောလာခဲ့တယ်၊ သူ့ကို ကိုယ့်ဘဝထဲဆွဲသွင်းဖို့လည်း ဝန်လေးလာတယ်၊ အဲဒီမှာ ...

"သူ့ကိုလည်း ရန်မဖြစ်ဘဲ မမက စေ့စပ်ပွဲဖျက်ဖို့ ပြောခဲ့တာပါပဲ၊ မမအကြောင်း စဉ်းစားတဲ့ အခါမှာ ဒီအကြောင်းတွေ ထည့်စဉ်းစားပါ၊ မမက နိုင်ငံခြား အနောက်တိုင်းယဉ်ကျေးမှုထဲမှာ နှစ်ပေါင်းများစွာ နေထိုင်ခဲ့သူလည်း ဖြစ်ပါတယ်"

စေ့စပ်ပွဲဖျက်သိမ်းပြီး ရန်ကုန်ကို ထွက်လာတဲ့အခါကျမှ ရင်ထဲအနက်ရှိုင်းဆုံးနေရာကနေ နှစ်နှစ်ကာကာ ချစ်ရတဲ့



အချစ်စစ်စစ်ကို တွေ့ကြုံခဲ့ရတော့တာပါပဲ ဆိုသည့်အကြောင်းကိုတော့ မမ ထည့်မပြောဘဲ ချန်လှပ်ခဲ့ပါသည်။ အမှန်က မမ မချန်ရစ်ခဲ့လိုပါ။ မမက ပွင့်ပွင့်လင်းလင်း ပြောရတာ ကြိုက်သည်။ မမနှင့် ပတ်သက်သမျှ အကြောင်းအရာများကို ကုန်စင်မကျန် သိထားပြီးမှ စဉ်းစားခြင်းက ရေရှည်အတွက် ပိုကောင်းသည်ဟု ထင်၏။

သို့ပေမဲ့ ... မမ ဖွင့်မပြောသာပြီ။

နာမည်မထည့်ဘဲ ပြောခဲ့လျှင်လည်း "သူ"ဘယ်သူ ဘယ်ဝါလဲ သိချင်ကြမှာ။ မပြောပါဘူးဆိုလျှင် ပို၍စိတ်ဝင်စားကြပါလိမ့်မည်။ စုံစမ်းရင်းက "နေမင်းစစ်"မှန်း သိသွားခဲ့သော် အားလုံးအတွက် အကြောင်းကြောင်းတွေ ထောက်ထားပြီး ရင်ကွဲ ဆေမယ့် မကွဲသည့်ဟန် သရုပ်ဆောင်ရကျိုး ဘယ်နပ်တော့မှာလဲ။ ကိုယ့်အချစ်ကိုယ် ကျိတ်ချေလျက် နလုံးသားမွမွကြေခဲ့ရကျိုး ဘယ်နပ်ပါတော့မလဲ။

"မမဟာ ဘယ်တိုင်းပြည်မှာပဲနေနေ မြန်မာအမျိုးသမီးပါပဲ၊ မမရဲ့ အပြုအမူ အပြောအဆိုနဲ့ အတွေးအခေါ်တွေဟာ မြန်မာဆန်မှု လျော့နည်းချင် လျော့နည်းနေနိုင်ပါတယ်၊ ဒါပေမဲ့ ကိုယ်ကျင့်တရားနဲ့ မိန်းမသားသိက္ခာကိုတော့ လုံခြုံအောင် စောင့်ထိန်းခဲ့ပါတယ် ...

"ဟိုနိုင်ငံမှာကျတော့ မိန်းမသားတစ်ဦး၊ သူ့ဘဝမှာ သူ့ရဲ့အမွန်မြတ်ဆုံးသော သိက္ခာပေါ့လေ၊ မမ ပွင့်ပွင့်လင်းလင်း ပြောရရင် အပျိုရည် အပျိုဂုဏ်ပေါ့၊ အဲဒါကို အဲဒီနိုင်ငံကလူမျိုး ယောက်ျားတွေက အရေးမထားကြပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com


"အဲဒီလူမျိုး မိန်းမတွေကိုယ်တိုင်ကလည်း တူတူပဲ၊ အသက်နဲ့လဲပြီး စောင့်ရှောက်ကာကွယ်ဖို့ စိတ်ကူးမရှိပါဘူး၊ ဒါပေမဲ့ မြန်မာမိန်းမသားကတော့ အသက်နဲ့လူလုပ်တာ မဟုတ်ပါဘူး၊ အရှက်နဲ့လူလုပ်တာလို့တောင် ဆိုရိုးရှိပါတယ် ...

"စောင့်ထိန်းအပ်သမျှသော ဂုဏ်ရည်တိုင်းကို မမ မှန်မြတ်ဆုံး တန်ဖိုးထားပြီး စောင့်ထိန်းခဲ့ပါတယ်၊ မမတို့ မြန်မာယောကျ်ားတွေကျတော့ ဒီလိုသိက္ခာပိုင်းဆိုင်ရာဟာ အရေးကြီးပြန်ရော မဟုတ်လား"

ညီအစ်ကိုသုံးယောက်စလုံး ငြိမ်၍ နားထောင်နေကြပါသည်။

"မမအပေါ်မှာ သံသယကင်းကင်းနဲ့ အမြင်ကြည်လင်မှုလည်း ရှေ့ဆက်ဖို့ သင့်ပါတယ်၊ မမဟာ မြန်မာအမျိုးသမီးတွေ အသက်နဲ့လဲပြီး ကာကွယ်အပ်သော သိက္ခာနဲ့ ကိုယ်ကျင့်တရားကို တကယ်တမ်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း၊ ကိုယ့်သိက္ခာပဲ သက်သေပြနိုင်ပါတယ်၊ တကယ်လို့များ မမမှာ မဲ့စွန်းထင်ခဲ့တယ်ဆိုရင် ...

"မမက သတ္တိရှိစွာ ဝန်ခံမှာပါ၊ ဒါကို ထိမ်ချန်မထားပါဘူး၊ မမနဲ့ ပတ်သက်တဲ့ အပိုင်းကတော့ ဒီလောက်ပါပဲ၊ မမရဲ့ပညာအရည်အချင်းနဲ့ တစ်နှစ်ဝင်ငွေတွေ ဘာတွေကျတော့ ကိုခတို့ စိတ်မဝင်စားဘူးမှလား"

"ဟာ ... မဝင်စားပါဘူး"

နွေမခက မြန်မြန်ငြင်း၏။

"တစ်ခုပြောနိုင်ပါသေးတယ်၊ လက်ထပ်ဖြစ်ခဲ့ရင် မမက မြန်မာပြည်ကိုလည်း လာပြန်နေနိုင်တယ်၊ လန်ဒန်ကိုလိုက်နေမယ်ဆိုလည်း ရတယ်၊ ငယ်တုန်းရွယ်တုန်းမှာ ရှာမယ်ဖွေမယ်ပေါ့၊ မမ ခေါင်းချရင်တော့ ကိုယ့်တိုင်းပြည်ကို ပြန်ခေါင်းချမှာပဲ၊ မမအကြောင်း ကုန်ပါပြီ"

နွေမခက ...

"ခုပြောသွားတဲ့ မမရဲ့စကားတွေ အကုန်လုံး ကျွန်တော်ယုံပါတယ်၊ ကျွန်တော် ယုံရင် သူတို့အားလုံးလည်း ယုံကြမှာပါပဲ"

"ကျွန်တော်တို့ကလည်း တစ်ယောက်စီရဲ့ အကြောင်းတွေ မမကို ပြောပြဖို့လိုမှာပေါ့"

"မလိုပါဘူး၊ တစ်ယောက်အကြောင်းသိရင် သုံးယောက်လုံးအကြောင်း သိသလိုပေါ့"

"အဲဒီတစ်ယောက်အကြောင်းရော သိရဲ့လား"

"သိတာ များပါတယ်၊ သိသလောက်နဲ့ လုံလောက်ပါပြီ၊ ဘယ်လိုသိသလဲဆိုတော့ မမနည်း မမဟန်နဲ့ သိပါတယ်၊ မကျေနပ်စရာ သိပ်မရှိပါဘူး၊ မိန်းကလေးတွေကို ညှိမယ်ဆိုပြီး ခဏတဖြုတ် တွဲလိုက်ပြီးတဲ့နောက်မှာ ...

"အဆင်မပြေဘူးဆိုပြီး လက်တွဲဖြုတ်လိုက်ကြတဲ့ အကြိမ် နည်းနည်းများတာကိုတော့ မကြိုက်ဘူး"

"ပွင့်လင်းတယ်ဗျာ"

"ပွင့်ပွင့်လင်းလင်းပါပဲ၊ အခု ကိုခတို့အုပ်စုနဲ့ မမရယ် ညှိကြတယ်ပေါ့နော်၊ ကိုယ့်အကြောင်း ကိုယ်ပြောပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဟာ ရင်ထဲမှာလည်း ရှင်သွားပါတယ်၊ မမနဲ့ညှိနှိုင်းခြင်းကတော့ ဒီမှာပြီးဆုံးပါပြီ ...

"စားသောက်ဆိုင်တွေ ထွက်စားဖို့ ရုပ်ရှင်အတူကြည့်ဖို့၊ ရှော့ပင်အတူတူထွက်ဖို့၊ နေ့ချင်းပြန် အပျော်ခရီးလေးတွေ ထွက်ဖို့ဆိုတာတွေ မလိုအပ်ပါဘူး၊ မမအတွက်တော့ ပြည့်စုံသွားပါပြီ"

"ပြတ်တယ်ဗျာ၊ မမ ... ကျွန်တော် ချီးကျူးပါတယ်"

"မမ စိတ်ဝင်စားကြည့်ပါ့မယ်၊ ရ,မရကို အဖြေပေးပါ့မယ်"

"မမ အပွဲပွဲနွှဲခဲ့သမျှ မမနဲ့ပွဲမှာ ကျွန်တော်တို့ ကျွတ်တာပဲ"

"ဟာ ... မမက တမင်ရှုံးတာ မဟုတ်ဘူးနော်"

"သိပါတယ်၊ စဉ်းစားချိန်ဆိုပြီး တစ်ရက် နှစ်ရက် ယူပြီးတဲ့အခါမှာ မမ ဘာပြောမလဲဆိုတာလည်း သိလိုက်ပြီးပါပြီ"

"ဘာပြောမယ် ထင်ထားလို့လဲ"ဟု မမေးတော့ပါ။

မမက ပြုံးနေလိုက်၏။ ဘွား ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်လိုက်ပြီဆိုလျှင် ပွဲပြီးပြီပေါ့။

"မမကို လက်ထပ်ခွင့်တောင်းဖို့ထက် ကျွန်တော်က ဘာလုပ်စေချင်လဲ သိလား"

"ပြောပါဦး"

"ကျွန်တော်တို့ သားအဖလေးယောက်က ကုမ္ပဏီတစ်ခုတည်းပါပဲ၊ ဒါပေမဲ့ Branch အနေနဲ့ပေါ့၊ တစ်ယောက်ကို သုံးလေးခုစီကိုင်တော့ အလုပ်အလွန်ရှုပ်ပါတယ်ဗျာ၊ ကျွန်တော်က မမကို ကျွန်တော်တို့ရဲ့ ဒါရိုက်တာအဖွဲ့မှာ ဥက္ကဋ္ဌခန့်လိုက်ချင်တော့တာပါပဲ"



မမ ရယ်လေသတည်း။

"ကျွန်တော်တို့ အကြောင်းကို မမ သိထားတာတွေထဲက နည်းနည်းတော့ လျှော့ပေါ့ယုံကြည်ပါ၊ လူတွေက ကျွန်တော်တို့ ညီအစ်ကိုသုံးယောက်ကို မိန်းမရှုပ်တယ်၊ အမျိုးကောင်းသမီးလေးတွေကို အသားယူတယ်ပေါ့ဗျာ၊ ပြောကြတယ် ...

"အဲဒီ ကောလဟာလတွေကို သုံးနဲ့စားပါ၊ အကြွင်းကိုလွှင့်ပစ်ပြီး ရလဒ်ကို ဆယ်ပုံပုံပါ၊ အဲဒီထဲက တစ်ပုံကိုတောင် ချင့်ပြီးမှ ယုံပါလို့ ပြောချင်တော့တာပါပဲ"

မမ ဒုတိယအကြိမ် ရယ်၏။

"မမ ရှင်တို့ကို ခင်သွားပြီ"

"ကျွန်တော်တို့လည်း ခင်သွားပြီ"

"ခက်တာပဲ၊ သူငယ်ချင်း မောင်နှမတွေလို ဖြစ်သွားရင် ဘွားတို့ စီစဉ်ချင်တာ ဘယ်ဖြစ်တော့မလဲ"

"ကိုမိုးမခက ဝမ်းနည်းလိုက်တာလို့ ညာချင်လို့လား"

"ချစ်သူတစ်ယောက် ရတာထက် မိတ်ဆွေကောင်းတစ်ယောက်ရလိုက်တာက ပိုပြီး တန်ဖိုးရှိပါတယ်"

"ရှင်တို့ လူပျိုကြီးတွေ ဖြစ်ကုန်ကြရင် မမကြောင့်၊ မမ တရားဟောကောင်းလို့တော့ မဟုတ်ဘူးနော်"

"မဟုတ်ပါဘူး မမ၊ ကျွန်တော် ပြောရင် မမလည်း ကြိုက်ချင်မှကြိုက်မယ်၊ မိန်းမသားထုကြီး တစ်ရပ်လုံးကြားရင်တော့ ချီတက်လာပြီ ဖိသတ်တာနဲ့ ညီအစ်ကိုသုံးယောက်လုံးသေနိုင်တယ်"

ဆောင်းမခက ဝင်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

"ရှင်က ဘာပြောမလို့လဲ"

"မမလို့ပဲပေါ့၊ ကျွန်တော်တို့လည်း ဒီအခြေအနေရောက်အောင် မနည်းကြိုးစားလာခဲ့ရတာ၊ ကျွန်တော်တို့က ဘွားဒေါ်အိမ်စည်လို ဆွေစဉ်မျိုးဆက် ချမ်းသာလာတာ မဟုတ်ဘူး၊ တော်ရုံတန်ရုံ လူလတ်တန်းစားမျိုးရိုး"

"ကိုဆောင်းမခ ... ရှင်တို့ ဒီလိုစကားမျိုး ပြောဝံ့လိမ့်မယ်လို့ ထင်မထားဘူး၊ သိပ်ကို လေးစားသွားပြီ၊ ဆက်ပြောပါဦး"

"ခုချိန်ကျမှ ဒေါ်အိမ်စည်လို အမျိုးသမီးကြီးမျိုးနဲ့ ရင်ဘောင်တန်း ဆက်ဆံနိုင်တာ"

"နေမင်းကပြောတော့ ရှင်တို့က သာတယ်ဆို"

"သူ ဒီလိုပြောရင် ကျေးဇူးတင်ပါတယ်"

"စန်းပွင့်တဲ့နေရာမှာလည်း အလွန်ပဲတဲ့"

"ဒါတော့ သူ မနာလိုတာဖြစ်မယ်"

"အင်း ... ဆက်ပြောပါဦး"

"ကျွန်တော်တို့ ညီအစ်ကိုသုံးယောက် တစိတ်ဝမ်း တစ်လက်ညီနဲ့ အမွှာတွေလို ဖြစ်နေရတာလည်း အကြောင်းရှိတယ်၊ ဒီညီအစ်ကိုသုံးယောက် လက်တွဲပြီး နေ့မအိပ် ညမအိပ် ရုန်းကန်ကြိုးစားခဲ့ရတာ ...

"သမာအာဇီဝနဲ့ရမယ့် ပိုက်ဆံဆိုရင် နည်းတယ် များတယ် မဟုတ်ဘူး၊ ရအောင် ကြိုးစားကြတာပဲ၊ မှုနေပဲစုဆိုတာ ကျွန်တော်တို့မှာအစစ်"

"တိုးတိုးပြော ... သူများကြားရင် သနားစရာဖြစ်နေပြီ"



ညီအစ်ကိုတွေ ရယ်ကြ၏။

"ခုတော့လည်း ဟန်ပြီ၊ ဟုတ်ပြီ၊ သူများမျက်စုံးမွေးပေါ်တောင် စကြီလျှောက်လို့ ရပြီပေါ့ဗျာ၊ အဲဒီလို ကြိုးစားခဲ့ရတဲ့ဘဝလေးပေါ့၊ ဒီလောက် ရုန်းကန်ပြီး ဒီအခြေအနေရောက်မှ ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို ...

"စည်းစိမ်ပုံပေါ် အမြှင့်သား ဆွဲတင်လိုက်ရမှာ မကြည်ဖြူဘူးဗျာ၊ ဒါ ကျွန်တော် အရိုးသားဆုံးပြောလိုက်တာ၊ ဒါကြောင့် စကားခံခဲ့တာ၊ မိန်းမထုကြီးတစ်ရပ်လုံးကြားရင် ဝိုင်းဖိတာနဲ့ ကျွန်တော်တို့ ကြေပြီး သေလိမ့်မယ်"

"နောက်ပြီး ... မိန်းမဖက်လာရင် ညီအစ်ကိုချင်း စိတ်ဝမ်းကွဲရမှာလည်း သိပ်ကြောက်တာပဲ၊ လက်တွဲရတာမှ သူများတွေလို ခပ်လျော့လျော့ မဟုတ်ဘူး၊ တင်းကျပ်နေအောင် ဆုပ်ပြီး အဖေက ရှေ့ကဆွဲ၊ ကိုနွေက နောက်ဆုံးကတွန်း၊ အလတ်နဲ့အငယ်ကို အလယ်မှာထားပြီး တအားရုန်းခဲ့ရတာ"

"မမ ... ဒီစကားကို ကျွန်တော်တို့ လူတွေ့တိုင်း လျှောက်ပြောနေတာ မဟုတ်ဘူး၊ မမကိုကျမှ ပြောပြချင်တာ"

"မမတို့တစ်တွေ သွေးသောက်မောင်နှမတွေ ဖြစ်သွားပြီ"

"မမက ဒီစကားလည်း တတ်တာပဲလား"

"ဟိုတစ်ခေါက် လာကတည်းက MRTV တို့ မြဝတီတို့က လာသမျှ တရုတ်ကားတွေ ကြည့်သွားတာပဲ"

"မမ ... ဘွား ရည်ရွယ်ချက်တော့ မအောင်မြင်ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ရှာတော့ ရှာရမယ်၊ ရှင်တို့ရဲ့ အိမ်ထောင်ဖက်တွေဟာ အလွန်သဘောကောင်းရင်လည်းကောင်း၊ ဒါမှမဟုတ် ဘာမှန်းမှ နားမလည်တဲ့ ထုံထိုင်းကြီးတွေ ဖြစ်ချင်ဖြစ်"

"အိမ်ကျ ဖေဖေတို့ မေမေတို့ ရည်းစားချက် မအောင်မြင်တာ မပြောသေးဘဲ မျှောထားလိုက်ဦးမယ်၊ လူကြီးဆိုတာ ဒီလိုစ,ပေးမှ နည်းနည်းပါးပါး လှုပ်လှုပ်ရှားရှားကလေး ဖြစ်တာပေါ့"

"မမလည်း မပြောသေးဘူး"

"ဖေဖေ့ကိုတော့ ပြောရမယ်၊ မမကို ဒါရိုက်တာအဖွဲ့ဥက္ကဌ ခန့်ဖို့"

"မမ ... ကြားစကားတိုင်း မမှန်ဘူးဆိုတာ သိပြီလား"

"သိပြီ"

"ကျွန်တော်တို့ လူပွေတွေလားဗျ"

"မဟုတ်ပါဘူး ရှင်၊ အမြွာတွေပါ"

အဲသည်နေ့က ညီအစ်ကိုတစ်တွေ တော်တော်ကြီး နောက်ကျမှ အိမ်ပြန်ကြကြောင်း ဇင်လေး သိပြီး နေမင်းစစ်ပါ သိရလေတော့သည်။

✤ ❋ ✤

နေမင်းစစ် ဆွေ့ဆွေ့ခုန်၏။

ဒီညီအစ်ကိုသုံးယောက်ဟာ ကိုယ့်ဘဝထဲကို ... ခဏ မီးပွားလာချတတ်၏။ ဇင်လေးတုန်းက ဆိုလျှင်လည်း ...



တို့တွေ ဦးမှာစီးလို့ဆိုပြီး ထစီစဉ်လိုက်ကြတာ။ ခုလည်း မမနှင့် ပတ်သက်၍ သူတို့ဦးမှာ စီးရပြန်ပါပြီ။ နေမင်းစစ် စိတ်ဆိုးဖြစ်သည်။ ရုံးမှာ အလုပ်လုပ်ရတာ စိတ်မပါသည့်တူတူ လိုက်သွားတော့မည်။

"ကိုနေမစ ... ခင်ဗျားတို့ ညီအစ်ကိုသုံးယောက်လုံးနဲ့ တွေ့ချင်တယ်"

"အချိန်လုပ်ပေးရမှာလား"

"မဟုတ်ဘူး၊ အခု လာခဲ့မလို့"

"ကျွန်တော်တို့ အစည်းအဝေး ..."

"လုပ်မနေနဲ့ဗျာ၊ ဖုန်းချပြီးတာနဲ့ လာပြီ"

နေမင်းစစ် ကားမောင်း၍ ထွက်ခဲ့၏။ ငါဘာလုပ်တာလဲဟု မတွေးမိ။ ညီအစ်ကိုတွေနှင့် တွေ့ဖို့သာ စိတ်စောသည်။ နေမင်းစစ် စကားသံက မာကျော ဘုဆတ်သည်မို့ ညီအစ်ကိုသုံးယောက်လုံးက ရှိသမျှအလုပ်တွေချပြီး စိတ်ဝင်စားစွာ ဆီးကြို၏။

"ခင်ဗျားတို့ မနေ့က ဘာလုပ်ကြတာလဲ"

"ဘာလုပ်လို့လဲ"

"မညာနဲ့၊ မမထက်မြက်နဲ့ ပတ်သက်ပြီး ..."

"ဟာ ... ကျွတ် ..."

မြွေမြွေချင်း ခြေမြင်လိုက်ကြ၏။ သို့ပေမဲ့ နေမင်းစစ် ဖြစ်နေတာ အံ့သြသည်။

"ခင်ဗျားတို့ မမထက်မြက်နဲ့ လုံးဝမပတ်သက်ဖို့ ကျွန်တော် လာပြီး အသိပေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"အသိပေးတာ"

"ဟုတ်တယ်"

"မေတ္တာရပ်ခံတာတောင် မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"အဲဒီလို တားဆီးပိုင်ခွင့်ရှိရအောင် ခင်ဗျားက ဘာလဲ၊ မမထက်မြက်နဲ့ ဘယ်လိုပတ်သက်သလဲ"

"ကျွန်တော့် မရီး ..."

"ဟုတ်ပြီ ... ခင်ဗျားမရီး ... ခင်ဗျားမရီးလည်း အပျို၊ ကျွန်တော်တို့လည်း လူပျိုတွေ၊ ခင်ဗျား မရီးက ကျွန်တော်တို့ထဲက တစ်ယောက်ယောက်နဲ့ အဆင်ပြေသွားတော့ရော ဘာဖြစ်သွားမှာမို့လို့လဲ"

"ခင်ဗျားတို့မို့လို့ တားတာ"

"ကျွန်တော်တို့က ဘာဖြစ်နေလို့လဲ"

"ဒါတော့ ကိုယ့်အကြောင်း ကိုယ်အသိဆုံးနေမှာပေါ့၊ လေ့လာတယ်၊ ညှိနှိုင်းတယ်နဲ့ မိန်းကလေး ဘယ်နှယောက် ဖျက်ဆီးပြီးပြီလဲ"

"ကိုနေမင်းစစ် လူကြီးလူကောင်း စကားပြောပါ"

"ခင်ဗျားတို့မှာ နာမည်ပျက် မရှိပါဘူးလို့ ငြင်းရဲလား"

"ဘာလို့ ငြင်းရမှာလဲ၊ နာမည်ဆိုတာ ပျက်ချင်ပျက်မယ်၊ ကောင်းချင်ကောင်းမယ်၊ ပျက်တာလည်း သူများဖျက်လို့ပဲ၊ ကောင်းတာလည်း သူများတွေ မွှန်းကြလို့ပဲ၊ ကျွန်တော်တို့က ဒီတိုင်း ဒီတိုင်းပဲ"



"ခင်ဗျားတို့ဗျာ၊ ကိုယ့်အကြောင်းကိုယ်သိရင် ကျွန်တော့် မရီးကိုတော့ ဒုက္ခပေးဖို့ မကောင်းပါဘူး"

နေမင်းစစ် လေသံနည်းနည်း ပျော့လေ၏။ ကိုယ့်လုပ်ရပ်တွေ မှန်ရဲ့လားဆိုတာ အတွေးက လျှပ်တစ်ပြက် ဝင်၏။ ဖေဖေပြောသလို မှန်ပြီး လုပ်ချင်ရာ ထလုပ်လိုက်သည့်အဖြစ်မျိုး ထဲမှာ အကျုံးဝင်ပြီ။ ပြီးတော့ ... သူတို့၊ ကိုယ်တို့လို အဆင့်အတန်းမှာ ဂုဏ်ရှိ၊ သရေရှိ။ လူရှိသေ ရှင်ရိုသေအလွှာမှ လူသားတွေမှာ၊ မိန်းမတစ်ယောက်အတွက် လူပျိုချင်းချင်း ပြဿနာဖြစ်ကြရသည်ဆိုလျှင်တော် ဆိုးလှပြီ။ ခုဆို ... သူတို့ကမှ လူပျို။ ကိုယ်က လူအို။ ဘယ်လိုမတ်တစ်ယောက်ကမှ ကိုယ့်မရီးအတွက် သူစိမ်းညီအစ်ကိုသုံးယောက်နှင့် ပြဿနာတက်စေမှာတဲ့လဲ။

စိတ်လိုက်မာန်ပါ အမှားတစ်ခုကို ကျူးလွန်မိပြီမှန်း သိလိုက်ပါ၏။ အရှက်သည်း၏။ ရှက်လွန်လွန်း၏။ လူအိုမို့ ပိုရှက်ရတာ ဖြစ်သည်ဟု ထွက်ပေါက်ကို အခြားတစ်ဖက်သို့ ပို့ဖြစ်၏။

လူအို ... လူအို ... ဆိုသော အတွေးက ဖိစီးသည်။ ခင်သဇင်လေးဆိုသော မိန်းမနှင့်သာ လက်ထပ်မထားလျှင် ဤနေရာမှာ ပွဲကြီးပွဲကောင်းပေါ့ ... ဟူသော စိတ်မိုက်ရိုင်းက ဝင်ပြန်၏။ ပွဲကြီးပွဲကောင်းတစ်ခုကို ပွင့်လင်းစွာ မဆင်နွှဲလိုက်ရခြင်းမှာ ဘယ်သူ့ပေါ်တွင် တာဝန်ရှိပါသနည်း။ ခင်သဇင်လေး။

"ခင်ဗျားမရီးကို ဘာမှဒုက္ခမပေးဘူး၊ ခင်ဗျား ဘာလာဖြစ်တာလဲဆိုတာ ကျွန်တော်တို့ ဉာဏ်မမီဘူး"

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုတွေက ရှိ၏။ နေမင်းစစ် စိတ်ကိုချုပ်၍ သက်ပြင်းမောကို ချသည်။ နေမင်းစစ် ... မိန်းမတစ်ယောက် အတွက် ဘာကိုမှမမြင်နိုင်လောက်အောင် မှုန်နေ၏။ ထွက်ပေါက် ကို ဘေးလွဲချကာ ခင်သဇင်လေးသည် ကိုယ့်ကို ဒုက္ခပေးသူအဖြစ် မြင်၏။ သို့ပေမဲ့ ရန်ဖြစ်ဖို့ ရက်ရကောင်းမှန်း အသိဉာဏ်ကလေး လင်းခနဲလက်၍ ကျန်ရှာ၏။

"ခင်ဗျားတို့မှာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ မိန်းမကိစ္စနဲ့ က နာမည်ပျက် ထွက်တယ်ဗျာ၊ အဲဒါကြောင့် ကျွန်တော့် မရီးနဲ့ကိစ္စမှာ ကျွန်တော်က သဘောမတူနိုင် ဖြစ်ရတာ၊ ကျွန်တော် မေတ္တာရပ်ခံတယ်၊ ကျွန်တော့်မရီးကိုတော့ ဒုက္ခမပေးပါနဲ့"

ညီအစ်ကိုသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဝါးခနဲ ရယ်လိုက်ကြ၏။ ပွပွပင်ပင် မနေနိုင် မထိုင်နိုင် ရောက်လာသူ၏ ရင်ထဲသို့မြင်၏။ မြွေမြွေချင်းမို့လည်း ခြေမြင်၏။ အမြွှာတွေလိုမို့ တစ်စိတ်တစ်ဝမ်း တစ်လက်ညီတွေ ဖြစ်၏။ ညီအစ်ကိုချင်းမှာ တစ်ယောက်နှင့်တစ်ယောက် ဖွင့်ပြော တိုင်ပင်စရာ မလိုပါ။ မျက်ဝန်းအကြည့်တွေနှင့်ပင် တစ်ယောက် အထာကို တစ်ယောက်က သဘောပေါက်သည်။

စင်စစ်မှာ မမနှင့် သူတို့သုံးယောက်၊ တစ်ယောက် အကြောင်းတစ်ယောက် အစင်းသိတွေလို ဖြစ်သွားရပြီး တစ်ထိုင် တည်းမှာပင် အပြန်အလှန် သဘောကျ၊ လေးစား၊ အလွန်အမင်း ခင်မင်သွားရပြီ။ သွေးသောက်မောင်နှမတွေလို ဖြစ်သွားခဲ့ရပြီမို့ မမနှင့် လက်ထပ်ဖို့ကိစ္စက လုံးဝမဖြစ်နိုင်တော့ပါ။ မမသည် ထို



ညီအစ်ကိုသုံးယောက်၏ အကြီးဆုံး အစ်မတစ်ယောက်နေရာမှာ ရှိသည်။ အငယ်ဆုံး ညီမလေးနေရာမှာ ရှိသည်။ ဖြူစင်လွန်းစွာ တွယ်တာသွားခဲ့ကြပြီဖြစ်၏။

သို့ပေမဲ့ ... နေမင်းစစ်ကို နှိပ်စက်ရန် ဒီကိစ္စကိုဖွင့် မပြောဘဲ မြှုနေဖို့ ဖွင့်ဟတိုင်ပင်စရာမလိုဘဲ ညီအစ်ကိုတွေသဘော ညီလေ၏။

"ဒီမှာ ကိုနေမင်းစစ် ... ကျွန်တော်တို့ ကိုယ့်ဘာသာ အေးဆေးနေတယ်၊ လူကြီးတွေက စီစဉ်တယ်၊ ကြည့်ကြတဲ့၊ ညှိကြတဲ့၊ အဲဒီလိုကြည့်ဖို့၊ ညှိဖို့ မမက ကျွန်တော်တို့ကို အိမ်ခေါ်ပြီး မုန့်ကျွေးတယ်၊ သွားစားတယ်၊ ကြည့်တယ်၊ ညှိတယ်၊ ဒီအဆင့်လောက်ကို ခင်ဗျား ဆတ်ဆတ်ခါနာရင် ခင်ဗျားရဲ့ဘွားအေယောက္ခမကြီးဆီမှာ သွားတားပါ၊ သူ့အစီ အစဉ်ထဲမှာ ကျွန်တော်တို့ လှုပ်ရှားတာ"

နေမင်းစစ် နှုတ်ခမ်းကို ကော်နှင့်ကပ်သည်ထက် ပို၍ပိတ်ကျသွားရတော့သည်။

"ကျွန်တော် တကယ် နားမလည်တာပါ၊ လူခင်တွေပဲဗျာ၊ အေးဆေးပြောလည်း ရပါတယ်၊ ခင်ဗျားက ဝုန်းဒိုင်းလာကျဲ နေတယ်၊ ကျွန်တော်တော့ ဒီကိစ္စတွေထဲမှာ ခင်ဗျားရဲ့ အခန်းကဏ္ဍ မရှိဘူး ထင်တာပဲ"

"မြွေမြွေချင်း ခြေမြင်ရရင်တော့ မကောင်းဘူးပေါ့ဗျာ၊ အကောင်းဆုံးကတော့ ခင်ဗျားပြန်ပါတော့၊ ခင်ဗျားဒီမှာ ဆက်ရှိနေတဲ့ အချိန်ကြာလေ ခင်ဗျားမျက်နှာငြိုး အရှက် ရလေပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပါးချိတ်ကို ချွပ်ခနဲနေအောင် အထိုးခံလိုက်ရတာ ထက်နာ၏။ ရင်ဘတ်ကြီးတစ်ခုလုံး ချွပ်ခနဲ မြည်သွားသလား ထင်လိုက်သည်။ နေမင်းစစ် အရှုံးကြီးရှုံး၏။ ဒေါသတွေ ဝုန်းခနဲ ကြွ၏။ နှုတ်တောင် မဆက်ခဲ့ဘဲ ချာခနဲ လှည့်ပြန်၏။ ဖြစ်လိုက်ရသည့်ကိစ္စက အရှက်တကွဲ အကျိုးနည်းကြီးလေ။

✤ ✱ ✤



## ၁၅

ဒေါ်အိမ်စည် အိမ်သို့ တန်းမောင်းချလာခဲ့၏။

ဒေါ်အိမ်စည်နှင့် တွေ့လည်း ဂရုမစိုက်တော့။ ဒေါသတွေ မိုးမွှန်နေသည်။ အရှက်တွေ မိုးမွှန်နေသည်။ အဆိုးဆုံးဖြစ်ရပ်တွေ ဖြစ်ထွန်းခဲ့ပြီဟု သဘောပေါက်၏။ ဒီလောက် ဆိုးဆိုးဝါးဝါး ဖြစ်ခဲ့ရပြီးမှတော့ ကိုယ်လိုရာကို အရယူတော့မည်။ ကိုယ်ဖြစ်ချင်တာကို ဖွတ်လုပ်တော့မည်။ ခိုးပဲပြေးရ ပြေးရ၊ ကားပဲ တင်ရ တင်ရ၊ သူကလည်း ကိုယ့်ကို မုန်းနေတာမှ မဟုတ်တာ၊ သူရော ကိုယ်ပါ ကိုယ်စီချစ်ကြပါလျက် ကြားထဲမှ အဟန့်အတားတွေကြောင့် တူနှစ်ကိုယ် နီးခွင့်မရပါဘူးဆိုလျှင် ရှိသမျှ အတားအဆီးမှန်သမျှ ဖျက်ပစ်မည်။ မီးပဲတင်ရှို့ရ ရှို့ရ၊

နေမင်းစစ် ဆိုသော ပညာတတ်။ အထက်လွှာ လူတန်းစားတစ်ယောက် မ,စိတ်မွှန်လျက် ဆင်ခြင်တုံခဲ့လေ၏။

"မမ ..."

ညှိခန်းတံခါးကို လာဖွင့်ပေးသူက မမ ကိုယ်တိုင်ပဲဖြစ်၏။ မမက ညှိခန်းထဲမှာ အလှထားသည့်ပန်းအိုးကို ပန်းထိုးနေတုန်း ရောက်လာတာမို့ မမပဲ တံခါးကို ထဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘယ်လိုဖြစ်တာလဲ နေမင်း"

ဒီဆံပင်တွေကို ဘယ်သူမှ ဆွဲမဖွဲဘဲ ဘာကြောင့် ဘုတ်သိုက်ဖြစ်သွားသလဲ မသိပါ။ လူက တစ်ညလုံး မိုးအလင်း နီးပါး အိပ်မပျော်ခဲ့သဖြင့် မျက်တွင်းတွေဟောက်ပက်၊ မျက်နှာက ကျချင်တိုင်းကျ၊ ပျက်ချင်တိုင်းပျက်လျက်။ ဒေါသနိုးတလူလူကြောင့် မျက်နှာပြင်ရဲရဲက "လူချောတစ်ယောက်"ဖြစ်ခဲ့ဖူးပါသည်ဆိုတာ ကိုတောင် ကျိန်ပြောရမလောက် ရုပ်ပျက်လေ၏။

နေမင်းစစ်က ဘယ်မှာမှ ဝင်မထိုင်ဘဲ မတ်တတ်ရပ် လျက်သား မမနှင့်ယှဉ်၏။

"ကျွန်တော် မမနဲ့လက်ထပ်မယ်"

"ရူးနေသလား"

မမဆိုတာ အဲဒီလိုမိန်းမမျိုးဖြစ်၏။ "ဘာ"ဆိုတာမျိုး အာမေဋိတ်သံပြုလျက် သူ့ဝါကျဆိုးကို နှစ်ခေါက်နားမထောင်ပါ။ လိုရင်းကို တန်းပြောလိုက်သည်။

"ခင်သဇင်လေးနဲ့ ကွာမယ်"

"မင်း ... အရူး ... ထွက်သွား"

"မမရဲ့ညီမကို ကျွန်တော် မြတ်နိုးပါတယ်၊ လေးစားပါ တယ်၊ တန်ဖိုးထားပါတယ်၊ ဒါပေမဲ့ အဲဒါတွေဟာ အချစ်မဟုတ်ဘူး၊ ကျုပ်အချစ်က ခင်ဗျားဆီမှာ"

"နေမင်း ... ပြန်တော့"

"ကျုပ်ဘဝကို ကျုပ်အချစ်နဲ့ပဲ တည်ဆောက်မယ်၊ အချစ် မပါတဲ့ အိမ်ထောင်ရေး ဝန်ကြီးကို ကျုပ် ဆက်ထမ်းမ ထားနိုင်တော့ဘူးဗျ၊ ခင်ဗျားနဲ့ လက်ထပ်မယ်"



မမက သက်ပြင်းမောကို စိတ်ပျက်လက်ပျက် ချ လေ၏။ ဤလူရိုင်းသည် မုန်းယိုနေ၏။

"ကဲ ... ဝင်၊ အထဲမှာထိုင်၊ စကားကို တိုးတိုးပြော၊ အပေါ်ထပ်မှာ ဘွား တရားထိုင်နေတယ်၊ တရားထိုင်တာ ပြီးလို့ ဆင်းလာရင် မျက်နှာရော စကားတွေပါ ပြင်ရမယ်၊ ဘွား လုံးဝသိလို့မဖြစ်ဘူး၊ ကျေနပ်လား"

နေမင်းစစ် ခေါင်းညိတ်လိုက်လေ၏။

"နေမင်း ... ရှင်တို့ မမတို့အရွယ်တွေဟာ ဆင်ကန်းတော တိုး မိုက်ရူးရဲလုပ်ရမယ့် အရွယ်တွေ မဟုတ်တော့ဘူး၊ အထူးသဖြင့် ရှင့်အခြေအနေ၊ ရှင်ဟာ အလွန်လိမ္မာရေးခြား ရှိတဲ့ လက်ထပ်ဇနီး ရှိနေတယ်၊ ဘာလုပ်လို့ ရှုးတော့မှာ လဲ"

"မမ လိမ္မာရေးခြားရှိတာ အချစ်နဲ့ မဆိုင်ဘူး၊ ကျွန်တော် အချစ်ကိုပဲ လိုချင်တယ်၊ အချစ်မပါဘဲ ဝန့်ပိနေတဲ့ ဒီအိမ် ထောင်ရေးကြီးကို ကျွန်တော် ဖျက်မယ်"

"အိမ်ထောင်တစ်ခုမှာ အချစ်တွေချည်း ပြည့်သိပ်လျှံထွက် နေပြီး မိုက်မဲရူးသွမ်းနေတဲ့ အိမ်ထောင်ဖက်ကို ရထားတော့ ရော အဆင်ပြေမယ် ထင်လို့လား၊ အချစ်ဆိုတာ သမီး ရည်းစားဘဝမှာ အတုမရှိ မွှန်တတ်ကြတာ၊ အိမ်ထောင် ရေးကျတော့ အချစ်ဟာ ရာခိုင်နှုန်းတော်တော် နည်းသွား ပြီ၊ နောက်ဆုတ်သွားပြီ၊ သူ့ကဏ္ဍက တော်တော်မှိန်ဖျော့ သွားပြီ ...

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့တန်းရောက်လာတာတွေ အများကြီး၊ စားဝတ်နေရေးတို့ လိမ္မာရေးခြားရှိမှုတို့၊ ပြောရရင် အများကြီးပဲ၊ ရှင် ဒါတွေကို နားမလည်နိုင်တဲ့အရွယ်ကိုလွန်ခဲ့ပြီ၊ နားမလည်နိုင်တဲ့အရွယ်တုန်းကတောင် ရှင်နားလည်ခဲ့တယ် ...

"နားလည်ရမယ့်အရွယ်သို့ ရောက်မှ ရှင် နားမလည်တော့ဘူး၊ ဘယ်လိုဖြစ်တာလဲ"

"မမ ... လောကမှာ အချစ်ပဲလိုတယ်၊ အချစ်က အရာအားလုံးကို သယ်ဆောင်လာလိမ့်မယ်၊ မမပြောတဲ့ စားဝတ်နေရေးလည်း ကိုယ့်ချစ်သူ ထမင်းဝေမှာစိုးတော့ အလုပ်ထလုပ်ရမှာပဲ၊ မမပြောတဲ့ လိမ္မာရေးခြားရှိမှု ...

"ကိုယ့်ချစ်သူ စိတ်ညစ်မှာစိုးတော့ ကောင်းကောင်းမွန်မွန် နေမှာပဲ၊ မမ ဘာလိုချင်လဲ၊ လေးစားခြင်း၊ မြတ်နိုးခြင်းတွေ တခြားအရာခပ်သိမ်း အားလုံးကိုအချစ်က သယ်ဆောင်လာနိုင်တယ်၊ အဲဒီခပ်သိမ်းသော အရာကိစ္စတွေအားလုံးဟာလည်း အချစ်ရဲ့နောက်မှာ ...

"ကိုယ်ရံတော်တွေလို ရံရွေခံ့စားပြီး လိုက်လာကြမှာပဲ၊ ကျွန်တော့်အတွက် အချစ်ပဲလိုတယ်၊ ဘာမှမလိုဘူး၊ ကျွန်တော် ခင်သဲဇင်လေးကို ကွာမယ်၊ မမနဲ့ လက်ထပ်မယ်"

"မထပ်ဘူး"

မမအသံ နည်းနည်းကျယ်ကျယ်ဖြင့် အော်၏။

"ခင်ဗျား ကျွန်တော့်ကို မချစ်ဘူးလို့ ငြင်းရဲလို့လား"



"မငြင်းပါဘူး ... မငြင်းပါဘူးဆိုတာ မငြင်းရဲလို့ မငြင်းတာ မဟုတ်ဘူး၊ အမှန်တရားကို ရင်ဆိုင်တာ၊ နေမင်းကို ဒုတိယအကြိမ် ထပ်ပြောမယ်၊ ချစ်မိသွားတယ်၊ ဟုတ်တယ်၊ ဒါကို မသိမ်းလိုက်နိုင်ဘူး၊ ဒါပေမဲ့ ဆက်လက်စီးမျောပစေတော့လို့ ...

"ခွင့်မပြုနိုင်ဘူး၊ ရောက်ရာအရပ်မှာ တန့်ထားလိုက်မယ်၊ နေမင်းတို့ မမတို့က လူတွေ ခေါင်းရှိတယ်၊ ဦးနှောက် ထပ်ရှိတယ်၊ အဲဒီ ဦးနှောက်က အသိဉာဏ်ထွက်တယ်၊ တိရစ္ဆာန်တွေ မဟုတ်ဘူး ...

"ချစ်မိသွားခဲ့တယ်ဆိုတဲ့ စကားကို နေမင်းအတွက် မမတစ်ဘဝလုံးစာအတွက် နှစ်ကြိမ်ပြောတယ်၊ ဒီတစ်ခါ နောက်ဆုံးပြောခြင်းပဲ၊ နောက်တစ်ကြိမ် ထပ်မမေးနဲ့၊ ဘူဒိုဇာနဲ့ ကော်ထုတ်ရင်တောင် အသံမထွက်စေရဘူး ...

"နေမင်းကို မမ လက်မထပ်ဘူး၊ ဘယ်တော့မှ လက်မထပ်ဘူး၊ ဒါ တစ်သက်လုံးအတွက်ပြောတာ၊ နေမင်းက ဇင်လေးနဲ့ကွာရှင်းလိုက်လည်း လက်မထပ်ဘူး၊ ဇင်လေး သေသွားရင်လည်း လက်မထပ်ဘူး၊ ဒီကမ္ဘာမှာ ယောကျာ်းဆိုလို့ နေမင်းတစ်ယောက်တည်း ရှိနေရင်တောင် ...

"နေမင်းကို မမ လက်မထပ်ဘူး၊ ဒါ မမရဲ့ဘယ်တော့မှ မပြောင်းလဲမယ့် ပြင်းထန်သော ဆုံးဖြတ်ချက်ပဲ"

"မမ အဲဒီလို မပြောနဲ့ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... မမဟာ ဗုဒ္ဓဘာသာ မြန်မာမိန်းကလေး၊ ပြီးတော့ ဇင်လေးဟာ မမ ညီမ၊ အေးဆေးငြိမ်သက်သလောက် လိမ္မာရေးခြားရှိတဲ့ ဇင်လေးကို နေမင်းက တော်းတိုင်း မလေးမထင်နဲ့၊ ဇင်လေး ဦးနှောက်ခြောက်တယ် ...

"ဇင်လေးကို လျှော့မတွက်နဲ့၊ ခုချိန်မှာ နေမင်း မမဆီကို ရောက်နေတာတောင် ဇင်လေး သိချင်သိနေနိုင်လောက်တယ်၊ မမနဲ့လည်း နောက်ထပ် လာမတွေ့နဲ့၊ တွေ့စရာမလိုဘူး၊ မမနဲ့ နေမင်းက ညီကိုမောင်နှမတွေ လည်း မဟုတ်ဘူး ...

"ဘာမှမဟုတ်ဘူး၊ မတွေ့ဘဲနေလို့ရတဲ့သူတွေ၊ တွေ့စရာအကြောင်း ဘာမှမရှိဘူး၊ ဒီကိစ္စတွေ ဇင်လေး သိလို့လည်း နည်းနည်းမှ မကောင်းဘူး"

"သိပစေ ... သိမှဖြစ်မယ့်ကိစ္စ၊ သူ့ကို ပြောကိုပြောပြဦးမယ့်ဟာ၊ သူ မသိဘဲ ထွက်ပြေးတော့ ပိုမဆိုးဘူးလား"

မမက ဝုန်းခနဲ ထရပ်၏။ နေမင်းကလည်း မတ်တတ်ရပ်သည်။ မျက်နှာချင်းဆိုင်လျက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်၏။

"အရူး"

ဖြန်းခနဲသံနှင့်အတူ ပါးမှာ ပူခနဲ နာကျင်လျက် မျက်နှာတစ်ခြမ်း လည်ထွက်သွား၏။ မမက အားကိုသုံး၍ရိုက်ချလိုက်တာဖြစ်သည်။

"ဦးနှောက်မရှိတဲ့ယောကျ်ား၊ ဒါမျိုး ငါ အထင်သေးဆုံးပဲ ခု ထွက်သွား"



မမက တံခါးဝကို လက်ဆန့်၍ လက်ညှိုးညွှန်၏။ နေမင်းက မမလက်ညှိုးကို ဖမ်းဆုပ်သည်။ မမက ဆွဲရုန်း၏။ လွတ်ထွက်သွားသော သူ့လက်ညှိုးကို ပြန်တောင်မပိုင်ချင်တော့သလို ခါချ၏။

"ခင်ဗျား ယောကျ်ားမာနကို လာဆွတယ်၊ သိမယ်"

နေမင်း ကားမောင်းထွက်သွားလေတော့သည်။

✤ ❋ ✤

ကားဝင်လာသံ ဝုန်းဒိုင်းအုန်းခွမ်းကို ဇင်လေးကြား၏။ မေမေတောင် လန့်ဖျပ်ကာ ဘယ်သူလဲဟု ထမေးလို့ "ကိုကိုပါ မေမေ"ဟု ပြောလိုက်ရသေးသည်။ သိလို့မဟုတ်ပါ။ ဒီလို ဝုန်းဒိုင်းကြဲဝင်လာမည့်သူမှာ သူတစ်ယောက်တည်းသာ ဖြစ်နိုင်ချေရှိလို့ပါ။ မေမေက အိမ်ရှေ့မှာပဲမို့ ဇင်လေးက အခန်းထဲသို့ ပြေးဝင်၏။ ခုတင်ပေါ် တက်သည်။ တုံးလုံးကလေးလှဲ၏။ ချည်စောင်ပါးလေးကို ဆွဲခြုံလိုက်ပါသေးသည်။

အခန်းထဲသို့ ရောက်သည်နှင့် လူမမာပုံစံနှင့် တန်းတွေ့လိုက်ရသော ဇနီးသည်ကို နေမင်း စိတ်အပျက်ကြီး ပျက်တော့သည်။ ခါတိုင်းဆို ဇင်လေး နေထိုင်မကောင်းလျှင် နေမင်းက အရမ်းဂရုစိုက်၏။ ပွေ့ပွေ့ပိုက်ပိုက် ရှိ၏။ ယုယ၏။ ဒီတစ်ခါတော့ စိတ်ပျက်သည်မို့ ခပ်လှမ်းလှမ်းမှာပဲ ရပ်လိုက်တော့သည်။

"ဘာဖြစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လေသံချိုမည် မဟုတ်ကြောင်း သိလိုက်သည်နှင့် ကိုယ့်ပုံစံကိုယ် ပြင်ရပါသည်။ ဖင်လေး မျက်နှာက အပြစ်ကင်းသည့် ကလေးပေါက်စလိုမို့ အပြစ်ရှာပြီး ထုထောင်းကွဲကွာစရာ နည်းလမ်းမရှိ။

မျက်နှာမြင်လိုက်တော့လည်း သနားသွား၏။

“ခင်သဖင်လေး”လို့တောင် နာမည်အတိုင်း ခေါ်ချပစ်ခဲ့တာ။ ဖင်လေးသိလျှင် ငိုချင်ရှာမည်။ ငယ်ငယ်ကတည်းက ချစ်ခဲ့သော ညီမလေး။ ဘယ်သူ့ကိုမျှ မပေးရက်သည်မို့ ကိုယ်ပဲ သိမ်းပိုက်ဖြစ်လိုက်သော ချစ်သူ။ တော်လေးဝစာရင်းထဲ ဝင်တော့ မလောက် လိမ္မာရေးခြား ရှိရှာသည့် ဇနီးသည်။ ဒီလိုမိန်းမသား မျိုးကို ရက်စက်သူသည် ကိုယ်မဟုတ်ဘဲ တခြားသူဆိုလျှင်တောင် ဒီကလေးမကို အလွန်အမင်း သနားမိရမည်။

ခုတော့ ရက်စက်ရမည့်သူက “ကိုယ်တိုင်”။ စိတ်တွေကို လျှော့ချပေမယ့် မမမှ မမ။ အချစ်မှ အချစ်ဆိုသည့် ရှေ့တန်းတင် ခံစားမှုတွေက လျော့မသွားချေ။

“သရီးသရီပါ”

နေမင်းစစ်က အဝတ်အစားလဲလိုက်၏။ ခါတိုင်းဆို နေမင်းစစ် အဝတ်အစားလဲလျှင် ဖင်လေးက လာဝိုင်းကူနေကြ။ ရှပ်အင်္ကျီကြယ်သီးတွေ ဖြုတ်ပေးသည်။ လဲဖို့ ပုဆိုးယူပေးသည်။ အနီးကပ်ပြုစုမြဲဖြစ်၏။ ဒီတစ်ခါတော့ ခုတင်ပေါ်မှ ဆင်းမလာ။ တော်တော်များ ဖြစ်နေသလား မသိ။ သူ့ရင်ကို ကွဲစေမည့်စကား အတွက် ခံနိုင်ရည်မှ ရှိပါ့မလား။ ဒီကိစ္စ ရင်မဆိုင်လို့တော့ မဖြစ်ပါ။ ရင်ဆိုင်ဖို့လည်း ဆုံးဖြတ်ခဲ့ပြီးပြီ။ စောစောတုန်းက



လောက် နေမင်း သွေးမဆူတော့ပါ။ ဒါပေမဲ့ သူ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်မည်။ ဖင်လေးနားသို့ အနုနည်းနှင့်ချဉ်းကပ် ရပါမည်။

“ဖင်လေး”

နဖူးပေါ် စမ်းကြည့်ပြီးမှ ခုတင်ပေါ်မှာ တင်ပါးလွှဲ ဝင်ထိုင်၏။

“ကိုကို့မှာ သူငယ်ချင်းဆရာဝန်တစ်ယောက် ရှိတယ်၊ သူ တစ်ခါပြောဖူးတယ် သိလား၊ သူ့ဆီလာတဲ့ လူနာတွေကို သူက ဘာဖြစ်လဲလို့ မေးတဲ့အခါ လူနာတွေက ခုန ဖင်လေး ပြောသလိုပေါ့ ...

“သရီးသရီ ဖြစ်နေလို့ဆိုတဲ့ လူကတစ်မျိုး၊ တချို့ ကကျတော့ ဘာဖြစ်မှန်း မသိပါဘူး ဆရာရယ်၊ လူက ညောင်နာနာနဲ့တဲ့၊ သူတို့ သင်ကြားခဲ့ရတဲ့ ဆရာဝန်စာ တွေထဲမှာ ရောဂါမျိုးစုံပါပေမယ့် ...

“သရီးသရီးနဲ့ ညောင်နာနာရောဂါဆိုတာ မပါဘူး တဲ့၊ ရယ်စရာပြောလို့ ကိုကို ရယ်ရသေးတယ်”

ရယ်ရသေးတယ် ဆိုပေမယ့် နေမင်းက သူကိုယ်တိုင် မရယ်ပါ။ သူ မဖြစ်မနေ ဖွင့်ထုတ်ရမည့် ရောဂါကြီးတစ်ခုက ရင်ထဲမှာ ပြည့်ကျပ်မွန်းသိပ် လျှံထွက်နေသလို ခံစားရ၏။ အသက် ရှူတောင် ခက်ပါသည်။ ဖြစ်နိုင်လျှင် ရင်ဘတ်ကို ဓားထက်ထက် နှင့်ခွဲချပြီး ဗွမ်းခနဲ ထုတ်ပစ်လိုက်သလိုမျိုး လုပ်ချင်၏။ သို့ပေမဲ့ ညာသုံးရပါမည်။ ဖင်လေး အသည်းကွဲမည် ဆိုလျှင်တောင် တဖြည်းဖြည်း တစိမ့်စိမ့် ကွဲပါစေတော့။ သွေးသံရဲရဲဖြင့် အနာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို မေ့ဆေးထုံဆေးမပါဘဲ ခါးနှင့်လှီးချလိုက်တာမျိုးထိ တော့ မရက်စက်ချင်ပါ။ ထုံဆေးကလေး ပေးပါမည်။ လိုအပ်လျှင် မေ့ဆေးကလေး ကူပါမည်။ ပြီးတော့မှ စိတ်တိုင်းကျ လှီးဖြတ်ပါတော့မည်။

"တကယ်တော့ သရိုးသရီတို့ ညှောင်နာနာတို့ဆိုတာ ဘာမှမဟုတ်ဘူး၊ နည်းနည်းပါးပါး ကိုယ်လက်မအီမသာဖြစ်တာပါ၊ ဟုတ်တယ် မဟုတ်လား၊ များမှမများဘဲ"

"ဟုတ်ကဲ့"

ဇင်လေးရင်တွေ တဒိတ်ဒိတ် ခုန်နေပါသည်။ ကိုကို့အမူအရာတွေ ပြင်မရအောင် ပျက်နေတာ ကိုကို့ကို သိပ်ချစ်သည့် ကိုကို့"အရိပ်မလေး"က မသိဘဲ နေပါ့မလား။ ကိုကို ဘယ်သွား၊ ဘာဖြစ်၊ ဘာလုပ်၊ ဘာပြောခဲ့မှန်း အတိအကျ မသိပေမယ့် ခြုံငုံပြီး နားလည်ထားနိုင်ပါသည်။

ရင်ထဲမှ ငိုချင်၏။

" ဇင်လေးကို ပြောစရာရှိတယ်၊ ကိုကို့ကို ပြောခွင့်ပေးနော်"

ဇင်လေး ခေါင်းညိတ်၏။ မျက်စိမျက်နှာ ပျက်နေတာကို နေမင်းစစ် သတိထားမိသလိုလိုပေမယ့် ရင်ထဲ အရေးမပါလှသလို ခံစားရ၏။

"ပြောပါ ကိုကို၊ ဒါပေမဲ့ ဇင်လေးကို အခွင့်အရေးပေးပါ၊ ဇင်လေးမှာလည်း ကိုကို့ပြောဖို့ စကားတစ်ခွန်း ရှိနေလို့ ဇင်လေးကို အရင်ပြောခွင့်ပြုပါ၊ ဝါကျတစ်ကြောင်းတည်းပါ"



နေမင်းစစ် ငိုင်ကျသွားရ၏။ ' ဟိုတစ်ခါလည်း အဲဒီလို နေမင်းစစ်က ပြောမယ်ကြံကာရှိသေး၊ ဇင်လေးက"စကားဖြတ် ပြောရဦးမယ်၊ မမ ပြန်သွားပြီ"ဟု လုပြောခဲ့၏။ အဲသည်စကားလုလေးက နေမင်းစစ်ကို ကယ်တင်လိုက်သည်။ နေမင်းစစ်၊ ဇင်လေးနှင့် လက်ထပ်ဖြစ်ခဲ့သည်။ အဲသည်တုန်းကတော့ "စကားလု"ကလေးသည် ကယ်တင်ရှင်။ ခုတော့ တစ်မျိုးဖြစ်ပြီ။ အဲဒီစကားလုကလေးကို ကယ်တင်ရှင်အဖြစ် သတ်မှတ်ပြီး ဇင်လေးနှင့် လက်ထပ်ဖြစ်ခဲ့တာကြောင့် ယခု မမ တစ်ခေါက် (လွတ်လပ်ဆဲ)ပြန်ရောက်လာသည့်အခါမှာ ကိုယ်က မလွတ်မလပ်နှင့် ရင်ဆိုင်ရပြီး ပြဿနာတွေ ကြီးထွားခဲ့သည်။

ဇင်လေးကို အရင်ပြောခွင့် မပေးချင်ပါ။

ဇင်လေးကို အရင်ပြောခွင့်ပေးလိုက်ခြင်းအားဖြင့် ကိုယ့်အတွက် တစ်ခုခု ဆုံးရှုံးသွားမှာ ကြောက်၏။ ဆုံးရှုံးခဲ့မှုးပြီ ဟုထင်၏။ ကိုယ်ပဲ အရင်ပြောချင်ပါသည်။ သို့ပေမဲ့ ကိုယ်ပြောရမယ့်စကားတွေကများ၏။ ဇင်လေး နားဝင်အောင်၊ နောက်ဆုံးမှာ ဖေဖေမေမေတို့က ဇင်လေးဘက်က ပါလျှင်တောင် ပါမှာမှုချမလွဲ။ ဇင်လေးက ကိုယ့်ခံစားမှုကို စာနာပြီး ဝိုင်းကူဖြေလျှော့ပေးနိုင်အောင် ဇင်လေးကို အရင်ဆုံး နားသွင်းရပါမည်။

"ဝါကျလေး တစ်ကြောင်းတည်း ကိုကိုရဲ့"

"ကဲ ... ပြောကွာ"

"ဇင်လေးမှာ ကိုယ်ဝန်ရှိနေပြီ၊ ကိုကို ကလေးအမေဖြစ်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီးဟာ ၂၃ ၁/၂ ကနေ ၄၇ တိမ်းစောင်းပြီး၊ နှစ်ဆယ့်လေးနာရီမှာ နှစ်ဆယ့်လေးပတ်ထိများ ချာလပတ်ယမ်းအောင် လည်ပတ်သွားပြီလား။ ခေါင်းထဲတောင် မိုက်ခနဲ ဖြစ်သွားရသလို။ လှိုက်ခနဲ ဝမ်းသာလုံးဆို့သွားတာလား။ စိတ်ပျက်စက်ဆုပ်သွားတာလား ဆိုတာတောင် ချက်ချင်း မဝေခွဲနိုင်ခဲ့။ ကိုယ်မျှော်လင့်ထားသမျှတွေ ပြိုပျက်ပြီဆိုသော ဆုံးရှုံးခြင်း၊ ဝေဒနာအပေါ်မှာ "ဘားသမီး"ဆိုသော အလင်းရောင်ကတော့ ဝင်းခနဲ ဆန်းချလိုက်ပါသည်။ ခံစားမှုနှစ်ခုက အစွန်းနှစ်ဖက်တွေဖြစ်၏။ လူက အလယ်မှာအနေခက်ကာ ငုတ်တုတ်ကြီးများ အသက်ပျောက်ပြီလား ထင်လိုက်သေးသည်။

ခံစားချက်တွေ၊ အတွေးတွေ ဆုံးဖြတ်ချက်တွေ၊ ဦးနှောက်ထဲမှာ ရှုပ်ရှက်ခပ်ကုန်၏။ ပြိုင်ဆိုင်၏။ တိုက်ခိုက်၏။ နောက်ဆုံးမှာ သက်ပြင်းမောတစ်ခုကို လေးပင်စွာ ချလိုက်မိတော့၏။

"ဝမ်းသာလိုက်တာ ဇင်လေးရယ်"

ရင်ထဲ တကယ်ဝမ်းသာသွားမိမှ ဝမ်းသာကြောင်းကို ပြောဖြစ်တာမို့ စောစောက ညိုညစ်မှုန်မှိုင်းနေသည့် မျက်နှာပြင်သည် ကြည်စင်ဝင်းပ၍ သွားပါလိမ့်မည်။

"ဘွားတို့ ကိုကို့မိဘ ဇင်လေးမိဘတွေဟာ ကိုကိုတို့ ဇင်လေးတို့ကို လူတကာ ချီးမွမ်းခံရတဲ့ လူတော်လူကောင်းလေးတွေဖြစ်အောင် ဆုံးမသွန်သင်ခဲ့ကြတယ်၊ ပုံသွင်းခဲ့ကြတယ်၊ အဲဒီလို ပုံဖော်ဖို့အတွက် သူတို့ကိုယ်တိုင် နမူနာကောင်းနဲ့ စံပြမိဘတွေအဖြစ် နေပြခဲ့ကြတယ် ...

BURMESE CLASSIC



"ဇင်လေးတို့လည်း အဲဒီလို ပုံသွင်းနိုင်အောင် ကြိုးစားရမယ်၊ ကိုကိုရော ဇင်လေးပါ နမူနာကောင်းနဲ့ စံပြမိဘတွေအဖြစ်နဲ့ နေပြကြရတော့မယ်နော် ကိုကို၊ ဇင်လေးပြောချင်တာ ပြီးပါပြီ၊ ကိုကို ပြောမယ်ဆိုတာ ပြောတော့လေ"

နေမင်းစစ်၏ နှုတ်ခမ်းနှစ်လွှာကို ကော်ကပ်၍ ပိတ်လျှင်တောင် ဒီထက်ပို၍ မစေ့ပိနိုင်ပြီ။

"ဇင်လေး ... ဒါ ကိုကို့ကို အရင်ဆုံးပြောတာ ဟုတ်ရဲ့လား၊ ကိုကိုတော့ မဟုတ်ဘူးထင်တယ်၊ ဇင်လေး မျက်နှာကြည့်ရတာ တစ်ယောက်ယောက်ကို အရင်ပြောခဲ့ပုံပဲ"

ဇင်လေး ခေါင်းညိတ်သည်။

ဇင်လေးဟာ မမကို ရှေးဦးစွာ ပြောပြလိမ့်မည်ဟု နေမင်းစစ် ယုံလိုက်၏။

"မမမေလား"

နေမင်းစစ် မေးတော့ ဇင်လေးက ခေါင်းခါသည်။ မမကိုလား ... ဟု မမေးတော့ပါ။ ဒီလို တဲ့တိုးကြီးမေးလို့ မဖြစ်ဘူးဆိုတာကို စဉ်းစားနိုင်လောက်သည်အထိ နေမင်းစစ် ဦးနှောက်တွေ အဆူအဝေလျှော့လာပြီဖြစ်၏။

အစွန်းတစ်ဖက်သို့ပြေးလွှား၍ အရာခပ်သိမ်း မျက်နှာလွှဲနိုင်သော သတ္တိ သို့မဟုတ် မိုက်မဲခြင်းတွေ အရှိန်လျှော့လေ၏။

"မမထက်"

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဟု ရင်ထဲမှာပဲ ဩော်လိုက်တော့သည်။ သူ့အမေ သူ့ယောက္ခမတောင်မှ သိသေးရဲ့လား။ သူ့ခင်ပွန်းစစ်စစ်၊ ကလေးရဲ့အဖေရင်းတောင်မှ ဒုတိယ သိရသူဖြစ်၏။ ဇင်လေးဟာ မမကို ဘာဖြစ်လို့ အရင်ဆုံးသွားပြောခဲ့လေသလဲ။

သနားလိုက်ပါပြီ ဇင်လေးရယ်။

နေမင်းစစ်ရင်ထဲမှာ မုန်တိုင်းတွေ ထန်နေသည်။ မိုးတွေ သည်းနေသည်။ မိုးကြိုးတွေ ပစ်နေသည်၊ လျှပ်စီးတစ်လက်လက် မိုးတခြိမ်းခြိမ်းနှင့် သက်ရှိသက်မဲ့အားလုံး လန့်ပြန့်စုတ်ထွက်လွင့်မျောသည်ထိ တိုက်ခတ်နေသော မုန်တိုင်းတွေသည် နေမင်းစစ်အပေါ်မှာသာ ကျရောက်ခြင်း ဖြစ်ပေမယ့် နေမင်းစစ်၏ "အရိပ်မလေး" ကိုယ်စောင့်နတ် ဇင်လေးကပါ ဒီဒုက္ခတွေထဲ မျောပါမျှဝေခံစားရရှာတာလေ။ နှစ်ယောက်တစ်ကမ္ဘာ ဘဝလေးမို့ နေမင်းစစ်၏ ဒုက္ခသုက္ခတွေထဲမှ ဇင်လေးက ဖယ်ခွာကျန်ရစ်၍ ရနိုင်သည်မှ မဟုတ်ဘဲ။ မုန်တိုင်းက အဖျားခတ်တာ မဟုတ်ပါ။ ဇင်လေးက ကိုကိုနှင့် ထပ်တူခံစားရတာပါ။

မိုးကြိုးပစ်ရာမှာ ဇင်လေးက ထန်းလက်နှင့်ကာရှာ၏။ ဇင်လေးမှာ ကိုယ်ဝန်ရှိနေပါပြီဆိုတာ ဇင်လေးက မမကို အရင်ဆုံးပြောခဲ့ခြင်းဟာ သူ့ဉာဏ်ကလေး တစ်ထွာတစ်မိုက်နှင့် စစ်အေးတိုက်နိုက်ခြင်းပဲ မဟုတ်ပါလား။ သနားလိုက်မိပြီ ဇင်လေးရယ်။ မင်းဟာ ကိုကို့ဇနီး၊ ကိုကို့သွေးသားရဲ့မိခင်လောင်း။ ကိုကိုဟာ ဖခင်ပီသစွာ စံပြအဖြစ် နမူနာကောင်းနဲ့ နေပြပြီး ဇင်လေးဗိုက်ထဲက ထွက်လာမယ့် ကိုကို့သွေးကို အကောင်းဆုံးဖြစ်အောင် ဆုံးမပဲ့ပြင်၊ ပုံသွင်းရတော့မယ်လေ။ ဒါကို တာဝန်တစ်ခုအနေနဲ့



ဝတ္တရားကျေ ထမ်းဆောင်ဖြစ်မှာမျိုး မဟုတ်ဘဲ၊ ကိုကို လိုလိုချင်ချင် ဝမ်းပမ်းတသာ ထမ်းဆောင်တော့မယ့် တာဝန်တစ်ခုပါ ဇင်လေးရယ်။

"ကိုကို ပြောမယ်ဆိုတာ ပြောတော့လေ"

"မပြောတော့ဘူး ဇင်လေးရယ်၊ ကိုကိုက ဇင်လေးကို နောက်မလို့ပါ၊ ဇင်လေးက ကိုယ်ဝန်နဲ့ဆိုတော့ မနောက်တော့ပါဘူး"

ဩော် ... ကိုကို၊ ပထမအကြိမ်တုန်းကနှင့် ထပ်တူညီသော စကားကိုပဲ သုံးစွဲရှာ၏။ တခြားစကား လွှဲသုံးဖို့များ မရှိတော့ဘူးလား ကိုကိုရေ။

"ကိုကို ဇင်လေးကို နောက်မလို့ဆိုပြီး မနောက်ဖြစ်တာ နှစ်ခါရှိပြီနော်"

နေမင်းစစ် ရင်ထဲ ဒိုင်းခနဲ ဆောင့်ခုန်၏။

"ဘယ်တုန်းကလဲ ... ကိုကို မမှတ်မိပါဘူး"

တစ်ခါတစ်ရံမှာ "မုသား"သည် တစ်ဖက်သား စိတ်ချမ်းသာဖို့ဆိုလျှင် သုံးသင့်သည်ဟု ထင်၏။

"ကိုကိုနဲ့ လက်မထပ်ခင်ကလေ အဲဒီတုန်းက ဇင်လေး ဖျားနေတယ်၊ ကိုကိုက စကားတစ်ခု ပြောမယ်လို့ ပါးစပ်အဟာမှာ ဇင်လေးက ပြောချင်ရာလုပြီး ပြောလိုက်တာ၊ ကိုကိုက နောက်မယ့်စကားကို မေ့သွားတာလား မသိဘူး၊ မနောက်တော့ဘူး၊ ဇင်လေး ဖျားနေလို့တဲ့"

ဘယ်မေ့ပါ့မလဲ ဇင်လေးရယ်။ နိုင်ငံခြားထိ ထွက်သွားပြီဖြစ်တဲ့ မမရဲ့ဆုံးဖြတ်ချက်ကို သိလိုက်ရလို့ မပြောဖြစ်တာပါ။

www.burmeseclassic.com



"ခုတစ်ခါလည်း ဇင်လေးက ကိုယ်ဝန်နဲ့မို့ မနောက်တော့ဘူးတဲ့"

"အင်းလေ"

"ကိုကို ဇင်လေးကို နောက်မယ်ရည်ရွယ်ပြီး မနောက်ဖြစ်တာ နှစ်ခါတောင် ရှိသွားပြီ၊ တတိယအကြိမ်ကို ဇင်လေး ရင်မဆိုင်ပါရစေနဲ့ ကိုကို"

"စိတ်ချ၊ ကိုကို ကတိပေးတယ်၊ ဇင်လေးကို နောက်မယ့်စကား ကိုကို ဘယ်တော့မှ မပြောတော့ဘူး၊ ရယ်စရာပဲ ပြောတော့မယ် သိလား၊ တစ်ခုမေးပရစေ ဇင်လေးရဲ့၊ ဇင်လေး ကိုယ်ဝန်ရှိတာ မေမေ သိပြီလား"

"ဟင့်အင်း"

"ဇင်လေး မေမေရော"

"ဟင့်အင်း"

"ကိုကိုက ဒုတိယ သိရသူ၊ မမကို ဘာဖြစ်လို့ ဇင်လေး အရင်ဆုံး သွားပြောလိုက်တာလဲ၊ ဘယ်တုန်းကလည်း"

"မနေ့ကပါ"

"မနေ့က ကိုကို့ကို မပြောဘူး"

"ဇင်လေး ရှက်လို့ ရွယ်တူတန်းတူ မတိမ်းမယိမ်းထဲက စဉ်းစားတော့ အိမ်ထောင်သည် ညီအစ်မဝမ်းကွဲတွေလည်း ရှိတော့ ရှိပါတယ်၊ မမထက်က အရာရာမှာ ထက်မြက်ပြီး သိလွန်းတတ်လွန်းတော့ အရာရာမှာ သူ့ကိုအရင်ဆုံးတိုင်ပင်လိုက်တာ မမှားဘူးလို့ ပြောကြည့်တော့ ..."



"သူလည်း အရမ်းဝမ်းသာတယ်၊ ကိုကို့ကို ပြောလေတဲ့၊ ဇင်လေးက ပြောဖို့ အားခဲတာ၊ ရှက်နေလို့ ဒီနေ့မှ ပြောဖြစ်တယ်၊ ကိုကို့ကို အရင်မပြောဘဲ မမထက်ကို အရင်ဆုံး သွားပြောတာ၊ ဇင်လေး မှားလို့လား ကိုကို"

နေမင်းစစ် ခေါင်းခါပြလိုက်ပါသည်။ ပြီးတော့ ... ဇင်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ဖြစ်၏။

ဇင်လေး မမှားပါဘူး ဇင်လေးရယ်။ နောက်ကို ဘယ်သူမှလဲ မှားဖြစ်တော့မယ် မထင်ပါဘူး။ တကယ်တော့ အမှားဆိုတာ ရှင်သန်ခွင့်မပေးသင့်တဲ့အရာ။ ကိုကို့ရင်ထဲက အချစ်ဟာလည်း တကယ်ဆိုတော့ "အမှား"တစ်ခုပါပဲ။ ဘယ်တော့မှ ရှင်သန်ခွင့်မပေးရတော့မယ့် သစ်ခြောက်ပင်လို၊ တစ်သက်တာ ညှိုးနွမ်းရိုကြွေသွားပါစေတော့။

ကုန်လွန်ခဲ့တဲ့ ဖြစ်ရပ်တွေဟာ ချစ်ဖူးသူ အမိုက်အမဲတစ်ယောက်ရဲ့ ဆောင်းတွင်းအိပ်မက်တွေဆိုရင် ကိုကိုဟာ အဲဒီအိပ်မက်တွေ ရောက်မလာနိုင်အောင် အိပ်ပျော်ခွင့်ကိုတောင် ဆန့်ကျင်ငြင်းဆိုနေလိုက်ပါတော့မယ် ဇင်လေးရယ်။

✤ ✱ ✤

www.burmeseclassic.com

www.burmeseclassic.com



## ၁၆

သားလေး။ နေမင်းစစ်ရဲ့သား။ ဗုဒ္ဓဟူးသားလေးမို့ "လမင်းစစ်"ဟု နာမည်ပေးလိုက်၏။

သားလေးက ချစ်ရောကောင်းလှပါသည်။ ဖခင်၏ ရင်ထဲသို့ ကြည်လင်လန်းဆန်းခြင်းများ၊ ချမ်းမြေ့ခြင်း ပီတိများနှင့် စွမ်းအားများ၊ သတ္တိများစွာကို သယ်ဆောင်လျက်၊ ဒီသားလေးက လူ့လောကထဲသို့ မဝင်ရောက်မီ မိခင်ဝမ်းထဲမှာကတည်းက ဖခင်ကို လမ်းမှန်ပေါ်သို့ တွန်းတင်ပေးခဲ့သော သားလေး။ အနှိုင်းမဲ့အောင် ချစ်ရလွန်း၏။ အဲသည် သားလေးကို မွေးထုတ်ပေးခဲ့သည့် သားလေးရဲ့မိခင်ကို ကျေးဇူးတင်ခြင်းများနှင့်အတူ ပို၍ပို၍ ချစ်ရ၏။

ခုတော့... အချစ်ဆိုတာ ဘာလဲဟု နေမင်းစစ် သိပါပြီ။ "သားလေးနှင့် ဇင်လေး" ဒီသားအမိအပေါ် ချစ်ရသည့် အချစ်တွေက စိမ့်ဆင်းစီးကျလာသည့် ကြည်နူးပီတိကို ပြောမပြတတ်နိုင်ပါ။ ဒီသားလေးရဲ့ ဖခင်ဖြစ်ရတာ၊ ဒီဇနီးရဲ့ခင်ပွန်းဖြစ်ရတာ၊ ကိုယ်ဟာ ဘယ်လောက် ဂုဏ်ယူစရာကောင်းလိုက်ပါသလဲ။



ဒီဇနီး ဒီသား ရှိနေရုံဖြင့် ကိုယ့်ဘဝလောက် ပြီးပြည့်စုံတာ ရှိနိုင်ပါဦးမလား။ ဒီဇနီးနှင့် ဒီသားဟာ ကိုယ့်ဘဝအတွက် ဘယ်နေရာမှာမှ လစ်ဟာခြင်းမရှိစေရအောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

နိုင်မြဲသည့် အချစ်စစ်၊ အချစ်မှန် ဆိုသည်မှာ တစ်ရှိန်ရှိန် တောက်လောင်နေသည့် မီးမဟုတ်ပါ။ မြတ်နိုးခြင်း၊ တန်ဖိုးထားခြင်း၊ သူ့အတွက် ကိုယ်က အနစ်နာခံပေးလိုခြင်း၊ သူ၏ကောင်းမြိုးများကိုသာ ထာဝရ လိုလားခြင်းတို့နှင့် အေးမြချမ်းငြိမ်းလှသည့် အချစ်သည်သာ အချစ်စစ်စစ်တည်း။

မမထက်မြက်ဆီမှ စာတစ်စောင် ရောက်လာခဲ့ပါသည်။

ဇင်လေး... တဲ့။ ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ရဲ့ထံပါးမှာ အကြိမ်ကြိမ်ကျရှုံးပြီး လက်ညှိုးထောင်ခေါင်းညိတ် လုပ်နေတိုင်းလည်း အရည်အချင်းမဲ့တယ်လို့ သတ်မှတ်လို့ မရဘူး ... တဲ့။

ဒါဟာ သူချစ်လွန်းအားကြီးလို့ အလိုလိုက်သည်းခံနေခြင်းလည်း ဖြစ်နိုင်တာပဲတဲ့။

လူကောင်းသူကောင်းပါဆိုတဲ့ ကိုဆန့်စင်မျိုးဟာ နှစ်ယောက်တစ်ဘဝခရီးမှာ ဦးဆောင်ခေါင်းရွက်ပြုနိုင်တဲ့ အရည်အချင်းတွေနဲ့ပါပဲ။ ယောကျ်ားတို့မည်သည် ဇွဲ လုံ့လဝီရိယထုတ်ပြီး ဘယ်တော့မှ ဘယ်သူ့ကိုမှ အညံ့ခံ အရှုံးပေးတတ်တဲ့ အမျိုးအစား မဟုတ်ဘူးတဲ့။

အချစ်ကြောင့်သာ အချစ်ရဲ့ထံပါးမှာ ဝပ်စင်းခစားကြတာမို့ အချစ်ရဲ့နက်ရှိုင်းမှုကို ခံစားနိုင်လာတဲ့အခါမှာ စိတ်လိုက်

www.burmeseclassic.com



မာန်ပါ စေ့စပ်ပွဲဖျက်ခဲ့သူကို အထင်ကြီး လေးစားရကောင်းမှန်း သိပါပြီ ... တဲ့။

ပမ ... လက်ထပ်လိုက်ပြီတဲ့။

ဘွားကိုပြောပေးပါတဲ့။ ဘွားလည်း မလာနိုင်တဲ့တူတူ ဘွား ကြည်ဖြူပြီးသားလည်း ဖြစ်လို့မို့ ဘွားဆန္ဒနဲ့လည်း ကိုက် ညီတာမို့၊ အကြောင်းကြားမနေတော့တာ၊ ခွင့်လွှတ်ပေးဖို့ ဘွားကို ပြောပေးပါတဲ့။

ဒီစာကို မမတို့ရဲ့ ဟန်းနီးမွန်းခရီးက ရေးလိုက်ပါ တယ်တဲ့။

ဪ ... မမထက်။ လုပ်ချလိုက်ပြန်ပြီ။ ဘွားဆီ တောင် အကြောင်းမကြား။ မမထက်မြက်တို့ကတော့လေ။

ဇင်လေးက မမထက် စာကိုဖတ်မပြတော့ပါ။ စာပါ အကြောင်းအရာတွေကိုပဲ ကိုကို့ကို ပြောပြလိုက်သည်။

"ဇင်လေးအစ်မရဲ့ သည်းညည်းကို ဒီကမ္ဘာပေါ်မှာ ကိုသန့်စင် မျိုးကလွဲပြီး ဘယ်သူမှ ခံနိုင်မှာ မဟုတ်ဘူး"

ဝေဖန်ချက်ကလေး တစ်ခုသာ ပေးလိုက်သည်။ ခုချိန်မှာ မမ လက်ထပ်ခြင်း၊ လက်မထပ်ခြင်းဟာ နေမင်းစစ် အဖို့ အရေးမပါတော့ပြီ။ နေမင်းစစ် ဘေးမှာ ဇင်လေး ရှိသည်။ လမင်းစစ်ကလေးလည်း ရှိနေပြီလေ။

**စာချစ်သူတိုင်းကိုချစ်တဲ့**

**နေနွယ်ဇင်မြင့်**

BURMESE CLASSIC
www.burmeseclassic.com